www.burmeseclassic.com





# လောကီပညာ

ဆွန့်ပေါင်း



တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ကြိုတင်ခွင့်ပြုချက်အမှတ်-၄၃၆/၉၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၂၁/၉၃ (၁၀)

တတိယအကြိမ်
၁၉၉၃ ခု၊ နိုဝင်ဘာလ
အဖုံးရိုက်-အတွင်း
အောင်ဝင်းသိန်း ပုံနှိပ်တိုက်
အုပ်ရေ-၁၀၀၀
တန်ဖိုး ( 1950 )ကျပ်

ပုံနှိပ်သူ
ဦးလှသောင်း (၀၄၃၁၆)၊ အောင်ဝင်းသိန်းပုံနှိပ်တိုက်
အမှတ် ၂၃၊ မြရာကုန်းလမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့မှ ရိုက်နှိပ်၍

ထုတ်ဝေသူ
ဦးရဲမြင့် (မြဲ-၁၁၀၄၉) တက်လမ်းစာပေ
အမှတ်-၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊
ရန်ကုန်မြို့မှ ထုတ်ဝေပါသည်။

BURMESE CLASSIC .com

## ရှေးပညာရှိကြီးများစီမံရေးသားအပ်သော

# လောကီပညာညွန့်ပေါင်းကျမ်း

မဟာဘုတ်တိုင်ထူနည်း၊ အလှူမင်္ဂလာရက်ရွေးနည်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ယတြာပြုနည်းကျမ်း၊ ဂြိုဟ်နှင့်နက္ခတ်ကျမ်း၊ မြေခံရွေးနည်းကျမ်း၊ အချိန်အခါနှင့်ရက်ကောင်းရက်မြတ်ရွေးနည်းများ၊ လက်သမားကျမ်း၊ လယ်သမားကျမ်း၊ လောကျမ်း၊ အနှိပ်ကျမ်း၊ တိရစ္ဆာန်မွေးနည်း၊ တိရစ္ဆာန်ဆေးကုနည်း၊ ပုရိသလက္ခဏာကျမ်း၊ ဣတ္ထိသျှတ္တရကျမ်း၊ သုငယ်နာ မာကြာကုထုံးကျမ်း၊ အိပ်မက်တိတ္ထုံကျမ်း၊ အသားလှုပ်ကျမ်း၊ အမျိုးသားမှ့အဟောကျမ်း၊ အမျိုးသမီးမှ့အဟောကျမ်း။

**ရှေးမြန်မာ့ရိုးရာဓလေ့**

**သိမှတ်ဖွယ်ရာအဖုံဖုံတို့ ပါဝင်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကြိုးဟပ်တို့၏ အမည် | ၁ |
| ၂။ | ကြိုးဟပ်တို့၏ သဏ္ဍာ | ၁ |
| ၃။ | ကြိုးဟပ်တို့၏ အသက် | ၂ |
| ၄။ | ကြိုးဟပ်တို့၏ အကွာရာ | ၂ |
| ၅။ | ကြိုးဟပ်တို့၏ အမျိုး | ၃ |
| ၆။ | ကြိုးဟပ်တို့၏ အရပ်မျက်နှာ | ၃ |
| ၇။ | ကြိုးဟပ်တို့၏ မူလ(အစိုးရသော)အရပ် | ၄ |
| ၈။ | ကြိုးဟပ်တို့၏ အဆင်း | ၄ |
| ၉။ | ကြိုးဟပ်တို့၏ အစိုးရသောနတ် | ၄ |
| ၁၀။ | ကြိုးဟပ်တို့၏ အဓိပတိ | ၅ |
| ၁၁။ | ကြိုးဟပ်တို့၏ ဂုဏ်သုံးပါး | ၅ |
| ၁၂။ | လက်ဝဲ, လက်ယာကြိုးဟပ် | ၅ |
| ၁၃။ | ကျွန်ကြိုးဟပ်, အရှင်ကြိုးဟပ် | ၆ |
| ၁၄။ | ယောကျ်ားကြိုးဟပ်, မိန်းမကြိုးဟပ် | ၆ |
| ၁၅။ | နဂိုနှင့် ယာယီ | ၆ |
| ၁၆။ | ရက်၏ စင်ကြယ်မှုရွေးနည်း | ၆ |
| | (က) ပြဿဒါးရက် | ၆ |
| | (ခ) သမားညိုရက် | ၇ |
| | (ဂ) သမားဖြူရက် | ၈ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဃ) | ရက်ယုတ်မာ | ၈ |
| (င) | ရှမ်းရက် | ၉ |
| (စ) | မဟာရက်ကြမ်း | ၉ |
| (ဆ) | ဝါရမိတ္တုငယ် | ၁၀ |
| (ဇ) | ဝါရမိတ္တုကြီး | ၁၀ |
| (ဈ) | ရက်ပုပ်များ | ၁၁ |
| (ည) | နဂါးပေါ်ရက် | ၁၁ |
| (ဋ) | လဆန်း ဖြေခံရက်များ | ၁၂ |
| (ဌ) | လဆုတ်ဖြေခံ | ၁၂ |
| ၁၇။ | မိတ်, ရန်, ဥဒါသိန် ရွေးနည်း | ၁၃ |
| ၁၈။ | တစ်နည်း - မိတ်, ရန်, ဥဒါသိန် ရွေးနည်း | ၁၅ |
| ၁၉။ | မဟာဘုတ်တိုင် ထူနည်း | ၁၇ |
| ၂၀။ | မဟာဘုတ် အဟော | ၁၈ |
| ၂၁။ | ဗြိုဟ်စား တွက်နည်း | ၁၉ |
| ၂၂။ | ဗြိုဟ်စား အဟောအလင်္ကာ | ၁၉ |
| ၂၃။ | ဗြိုဟ်ပျက် တွက်နည်း | ၂၀ |
| ၂၄။ | ဗြိုဟ်ပျက် အဟောအလင်္ကာ | ၂၀ |
| ၂၅။ | သက်ရောက် တွက်နည်း | ၂၂ |
| ၂၆။ | သက်ရောက် ဟောနည်း | ၂၂ |


## မာတိကာ




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | တနင်္ဂနွေဗြိုဟ် သက်ရောက်အဟော | ၂၂ |
| ၂၈။ | တနင်္လာဗြိုဟ် သက်ရောက်အဟော | ၂၂ |
| ၂၉။ | အင်္ဂါဗြိုဟ် သက်ရောက်အဟော | ၂၃ |
| ၃၀။ | ဗုဒ္ဓဟူးဗြိုဟ် သက်ရောက်အဟော | ၂၃ |
| ၃၁။ | စနေဗြိုဟ် သက်ရောက်အဟော | ၂၄ |
| ၃၂။ | ကြာသပတေးဗြိုဟ် သက်ရောက်အဟော | ၂၄ |
| ၃၃။ | ရာဟုဗြိုဟ် သက်ရောက်အဟော | ၂၅ |
| ၃၄။ | သောကြာဗြိုဟ် သက်ရောက်အဟော | ၂၅ |
| ၃၅။ | စကားလုံးရေ (၈)ခုစား အဟော | ၂၅ |
| ၃၆။ | စကာလုံးရေ (၇)ခုစား အဟော | ၂၆ |
| ၃၇။ | နဂို, ယာယီတွက်နည်း | ၂၇ |
| ၃၈။ | အနိစ္စတ္တန တွက်ကိန်း | ၂၇ |
| ၃၉။ | စန်း, လွန်း, လဂ်, တြင်း, နဝင်းဖြတ်တွက်နည်း | ၂၇ |
| ၄၀။ | ခေတ်သုဉ်း-ဆေးသုဉ်း တွက်နည်း | ၂၈ |
| ၄၁။ | ပုည, ဇီဝ, ကမ္မတွက်နည်း | ၂၈ |
| ၄၂။ | ကမ္မယက္ခ စသည်တွက်နည်း | ၂၉ |
| ၄၃။ | ခုနစ်နေ့ ဖဝါးယူနည်း | ၂၉ |
| ၄၄။ | လူ, နတ်, ဘီလူး နက္ခတ်ရွေးနည်း | ၂၉ |
| ၄၅။ | (၁၂)လ သန်းခေါင် နက္ခတ်ရွေးနည်း | ၃၀ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | မြေခွဲကျမ်း | ၃၀ |
| ၄၇။ | မြေပုန်းစွဲ အဟော | ၃၁ |
| ၄၈။ | ဗျား, နက္ခယ်စွဲ အဟော | ၃၁ |
| ၄၉။ | လင်းတနား အဟော | ၃၄ |
| ၅၀။ | နိမိတ် အဟော | ၃၅ |
| ၅၁။ | လစွဲမြေလှုပ် အဟော | ၃၆ |
| ၅၂။ | အခါစွဲမြေလှုပ် အဟော | ၃၇ |
| ၅၃။ | နေ့စွဲမြေလှုပ် အဟော | ၃၇ |
| ၅၄။ | လ,အိမ်ဖွဲ့ အဟော | ၃၈ |
| ၅၅။ | နေအိမ်ဖွဲ့ အဟော | ၃၉ |
| ၅၆။ | နက္ခတ်နိမိတ် အဟော | ၄၀ |
| ၅၇။ | တိမ်တံခွန်ထွက် အဟော | ၄၁ |
| ၅၈။ | နက္ခတ်နိမိတ် အဟော | ၄၂ |
| ၅၉။ | ကြယ်တံခွန် အဟော | ၄၂ |
| ၆၀။ | အိမ်တွင်မှိုပေါက်အဟော | ၄၃ |
| ၆၁။ | ဘူမိနက်သန်ကျမ်း | ၄၃ |
| ၆၂။ | လက်သမားကျမ်း အကျဉ်းလက်ာ | ၄၆ |
| ၆၃။ | ခုနစ်ရက်သားသမီး ပန္နက်ရိုက်ပန်းဆွဲ | ၄၇ |
| ၆၄။ | အိမ်ဆောက်ရာ၌ ပန်းဆွဲလင်္ကာ | ၄၉ |




## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၅။ | အိမ်ဆောက်လ,စွဲ အဟောလင်္ကာ | ၄၉ |
| ၆၆။ | အိမ်ဆောက်နေ့စွဲအဟော | ၅၀ |
| ၆၇။ | အိမ်သစ်ပူဇော်ရန် ဆေး | ၅၀ |
| ၆၈။ | အိမ်ဆောက်ရန် သစ်တို့ကိုပြခြင်း | ၅၁ |
| ၆၉။ | တိုင်လဲလှယ်ရန်ကို ပြခြင်း | ၅၃ |
| ၇၀။ | ကြိုးကိုင် ပန္နက်ရိုက် | ၅၅ |
| ၇၁။ | အိမ်တက်မင်္ဂလာ အန္တရာယ်ကင်း မန္တာန် | ၅၇ |
| ၇၂။ | သစ်ခုတ်ရာတွင် တောရွေးချယ်ရန် | ၅၉ |
| ၇၃။ | တံခါးထားရာအရပ် | ၅၉ |
| ၇၄။ | တံခါးမြည်သံ နိမိတ်အဟော | ၆၀ |
| ၇၅။ | အခန်းဖွဲ့တိုင်တို့၏အမည် | ၆၁ |
| ၇၆။ | အိမ်သစ်ဆောက်ရာ၌ နိမိတ်တို့ကို ဟောခြင်း | ၆၁ |
| ၇၇။ | အိမ်၏အကျိုးအပြစ် | ၆၂ |
| ၇၈။ | အိမ်သစ်တက်ရာ ယတြာအစီအရင် | ၆၇ |
| ၇၉။ | အိမ်ဆောက် ကျောင်းဆောက်ရာ၌ တိုထိမြေခံ | ၆၈ |
| ၈၀။ | အိမ်ဆောက်ရာ လ,နှင့် အကျိုးအပြစ် | ၆၈ |
| ၈၁။ | ဝိသုကာ လက်သမားကျမ်း | ၇၇ |
| ၈၂။ | ရေလုကား အမျက်အဟော | ၇၇ |
| ၈၃။ | အရာရာတို့၌ အခါရွေးနည်း | ၇၇ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | တိထိအခါ ပေးနည်း | ၇၉ |
| ၈၅။ | တိထိငါးရက် ဇယားပုံပြဆိုချက် | ၇၉ |
| ၈၆။ | ကိတ္တဝူရက် အဟော | ၈၀ |
| ၈၇။ | ဘုမ္မိသင်္ချိုင်းရပ် အဟော | ၈၂ |
| ၈၈။ | သုမ္မိရပ်နိုက် အဟော | ၈၃ |
| ၈၉။ | ဆောင်ရန် အခါရွေးနည်း | ၈၃ |
| ၉၀။ | ခရီးရှောင်ရန် ရက်ဖီလာ | ၈၅ |
| ၉၁။ | ရှောင်ရန် ရက်အခါ ကရိုဏ်း ရွေးနည်း | ၈၆ |
| ၉၂။ | ဂြိုဟ်ဇာအရပ် ရွေးနည်း | ၈၇ |
| ၉၃။ | ပရိဝါရ အာယုစသော အရပ်ရွေးနည်း | ၈၇ |
| ၉၄။ | ရက်ရာဇာရွေးနည်း လင်္ကာ | ၈၉ |
| ၉၅။ | အိမ်ထောင်ဘက် အဟော-ဇေးထပ် | ၉၀ |
| ၉၆။ | အိမ်ထောင်ဘက်ရွေးနည်း အလင်္ကာ | ၉၁ |
| ၉၇။ | မထိမ်းမြားရာသောလ | ၉၁ |
| ၉၈။ | ထိမ်းမြားရာသောလ | ၉၂ |
| ၉၉။ | အဆင့်ဒသင့်နိုင်သောနံ | ၉၃ |
| ၁၀၀။ | နားထွင်းနေ့ ရွေးနည်း | ၉၃ |
| ၁၀၁။ | အလိုရှိရာ ဝင်လာရန် ဓာတ်ရိုက်နည်း | ၉၃ |
| ၁၀၂။ | ရှောင်းဝယ်နေ့ ရွေးနည်း | ၉၄ |


## မာတိကာ




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၃။ | ခုနစ်ရက်သားသမီး အလှူဦး ရွေးနည်း | ၉၄ |
| ၁၀၄။ | ကြွေးချေးရာ-မချေးရာသောနေ့ ရွေးနည်း | ၉၅ |
| ၁၀၅။ | ရေချိုး, ခေါင်းရိတ်, ခေါင်းလျှော်စသည့် ရွေးရန် | ၉၅ |
| ၁၀၆။ | နတ်နဂါးလှည့် ရွေးနည်း | ၉၆ |
| ၁၀၇။ | ခေါင်းရိတ် ရေချိုးရက် စသည့် ရွေးနည်း | ၉၆ |
| ၁၀၈။ | နေ့စွဲရှောင်ကြဉ်နည်း | ၉၇ |
| ၁၀၉။ | မမွေးအပ် နွား | ၉၈ |
| ၁၀၀။ | မွေးအပ်သော နွား | ၉၈ |
| ၁၁၁။ | ခုနစ်နေ့သား နွားမွေးနည်း | ၉၉ |
| ၁၁၂။ | နံသင့်နွားမွေးနည်း | ၉၉ |
| ၁၁၃။ | ဆင်, မြင်း, ကျွဲ, နွား ဆေး | ၁၀၀ |
| ၁၁၄။ | နွား, ကျွဲ, ပိုးထိ ဆေး | ၁၀၀ |
| ၁၁၅။ | လယ်ထွန်နည်း | ၁၀၁ |
| ၁၁၆။ | ထွန်သွားတပ်နည်း | ၁၀၁ |
| ၁၁၇။ | မျိုးကြဲရက် - ပြဆိုခြင်း | ၁၀၂ |
| ၁၁၈။ | နေ့စွဲဥစ္စာပျောက်ဟောရန် | ၁၀၂ |
| ၁၁၉။ | ကျီးသာ နိမိတ်အဟော | ၁၀၄ |
| ၁၂၀။ | မူလသက်ပိုင်းအဟော တနင်္ဂနွေ | ၁၀၄ |
| ၁၂၀။ | မူလသက်ပိုင်းအဟော တနင်္လာ | ၁၀၅ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၂။ | မူလသက်ပိုင်းအဟော အင်္ဂါ | ၁၀၆ |
| ၁၂၃။ | မူလသက်ပိုင်းအဟော ဗုဒ္ဓဟူး | ၁၀၆ |
| ၁၂၄။ | မူလသက်ပိုင်းအဟော ကြာသပတေး | ၁၀၇ |
| ၁၂၅။ | မူလသက်ပိုင်းအဟော သောကြာ | ၁၀၈ |
| ၁၂၆။ | မူလသက်ပိုင်းအဟော စနေ | ၁၀၈ |
| ၁၂၇။ | မူလသက်ပိုင်းအဟော ရာဟု | ၁၀၉ |
| ၁၂၈။ | ပုရိသလက္ခဏာ (ယောကျ်ားတို့သိစရာ) | ၁၁၀ |
| ၁၂၉။ | ကုက္ကုဋ်သျှတ္တကျမ်း | ၁၁၃ |
| ၁၃၀။ | မိန်းမမြွတ်တို့၏လက္ခဏာ | ၁၁၆ |
| ၁၃၁။ | လောကျမ်း | ၁၁၉ |
| ၁၃၂။ | အနှိပ်ကျမ်း | ၁၂၃ |
| ၁၃၃။ | ရောယှက်၍မစားကောင်းသောအရာများ | ၁၂၈ |
| ၁၃၄။ | အနာပေါက်မြစ်ခြင်းပြီးဆေးနည်း | ၁၂၉ |
| ၁၃၅။ | အဆိပ်ဖြေနည်း | ၁၃၀ |
| ၁၃၆။ | အမှောင့်ကွယ်ကာ အစွဲချွတ်နည်း | ၁၃၀ |
| ၁၃၇။ | အပင်းကျဆေးနည်း | ၁၃၀ |
| ၁၃၈။ | သူငယ်နာ မာတြာကုထုံး | ၁၃၁ |
| ၁၃၉။ | သူငယ်နာ မာတြာဖမ်းနတ်ရုပ်များ | ၁၄၃ |
| ၁၄၀။ | သူငယ်နာ ဆေးပေးပုံ | ၁၅၅ |





| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၁။ | ရှေးဆေးသမားကြီးတို့ သူငယ်နာကုထုံး | ၁၆၇ |
| ၁၄၂။ | တစ်နည်း သူငယ်နာအစွဲကျမ်း | ၁၇၇ |
| ၁၄၃။ | သားသမီးဖွားခြင်း၌ အကျိုးအမြစ်အဟော | ၁၈၂ |
| ၁၄၄။ | သားသမီးအမည်မှည့်နည်း | ၁၈၄ |
| ၁၄၅။ | လအလိုက် အချင်းမြှုပ်နည်း | ၁၈၄ |
| ၁၄၆။ | သူငယ် ထမင်းစ၍ခွံ့ရန်ရက် | ၁၈၅ |
| ၁၄၇။ | သူငယ်ကို မြေနင်းစေသောရက် | ၁၈၅ |
| ၁၄၈။ | မဖွားနိုင်သောသားကို ဖွားအောင်ပြုနည်း | ၁၈၅ |
| ၁၄၉။ | သေ၍ မဖွားနိုင်သောသားကို ဖွားနည်း | ၁၈၆ |
| ၁၅၀။ | အိပ်မက်တိုက္ကံပြဆိုချက် | ၁၈၇ |
| ၁၅၁။ | အိပ်မက်အကျိုးပေး | ၁၈၇ |
| ၁၅၂။ | စားသည်ကိုစွဲ၍မက်ခြင်း အဟော | ၁၈၇ |
| ၁၅၃။ | သောက်သည်ကိုစွဲ၍မက်ခြင်း အဟော | ၁၈၈ |
| ၁၅၄။ | စီးသည်ကိုစွဲ၍မက်ခြင်း အဟော | ၁၈၉ |
| ၁၅၅။ | မြင်ခြင်း စသည်ကိုစွဲ၍မက်ခြင်း အဟော | ၁၉၀ |
| ၁၅၆။ | အသားလှုပ်ကျမ်း | ၂၀၃ |
| ၁၅၇။ | လူတို့ဦးခေါင်းထား အိပ်ရာ, စားရာအရပ်ပြခြင်း | ၂၀၈ |
| ၁၅၈။ | နေ့စွဲယတြာပြုနည်း | ၂၀၈ |
| ၁၅၉။ | ဂြိုဟ်ဒသာညံ့သူ ယတြာပြုနည်း | ၂၁၁ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၀။ | အသက်ရှည်ရန် ယတြာဘုရားထု၍ ကိုးကွယ်နည်း | ၂၀၁ |
| ၁၆၁။ | စီးပွားများရန်ယတြာဘုရားတု၍ကိုးကွယ်နည်း | ၂၀၂ |
| ၁၆၂။ | မြဲမြံတည်တံ့အောင် ယတြာဘုရားထု၍ ကိုးကွယ်နည်း | ၂၀၃ |
| ၁၆၃။ | လင်းတ, ဗျိုင်းနား ယတြာပြုနည်း | ၂၀၃ |
| ၁၆၄။ | ငှက်နားခြင်းနှင့်ပြုရသော ယတြာများ | ၂၀၄ |
| ၁၆၅။ | တောဝ်ပို့ပေါက်ခြင်းနှင့်ပြုရာသော ယတြာများ | ၂၀၅ |
| ၁၆၆။ | အိပ်မက်၌ ယတြာပြုနည်း | ၂၀၅ |
| ၁၆၇။ | ငှက်နားယတြာပြုနည်း သံပေါက် | ၂၀၆ |
| ၁၆၈။ | ကျက်သရေတိုးတက်အောင် ယတြာပြုနည်း | ၂၀၆ |
| ၁၆၉။ | သက်ရောက်ဂြိုဟ်စား ယတြာပြုနည်း | ၂၀၇ |
| ၁၇၀။ | တနင်္ဂနွေသက်ရောက် ယတြာအဟော | ၂၀၇ |
| ၁၇၁။ | တနင်္လာသက်ရောက် ယတြာအဟော | ၂၀၈ |
| ၁၇၂။ | အင်္ဂါသက်ရောက် ယတြာအဟော | ၂၀၉ |
| ၁၇၃။ | ဗုဒ္ဓဟူးသက်ရောက် ယတြာအဟော | ၂၀၉ |
| ၁၇၄။ | စနေသက်ရောက် ယတြာအဟော | ၂၂၀ |
| ၁၇၅။ | ကြာသပတေးသက်ရောက် ယတြာအဟော | ၂၂၁ |
| ၁၇၆။ | ရာဟုသက်ရောက် ယတြာအဟော | ၂၂၂ |


## မာတိကာ




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၇။ | သောကြာသက်ရောက် ယတြာအဟော | ၂၂၃ |
| ၁၇၈။ | တံခွန်လုပ်နည်း အဟော လက်ာ | ၂၂၃ |
| ၁၇၉။ | ဂြိုဟ်စာခွက် လုပ်နည်း လင်္ကာ | ၂၂၄ |
| ၁၈၀။ | ဂြိုဟ်ပင့်ရမည့် အချိန်အခါ | ၂၂၄ |
| ၁၈၁။ | ဂြိုဟ်ခေါ်ဂြိုဟ်ပင့် အလင်္ကာ | ၂၂၅ |
| ၁၈၂။ | တနင်္ဂနွေဂြိုဟ် ဆုတောင်း | ၂၂၅ |
| ၁၈၃။ | အင်္ဂါဂြိုဟ် ဆုတောင်း | ၂၂၆ |
| ၁၈၄။ | စနေဂြိုဟ် ဆုတောင်း | ၂၂၇ |
| ၁၈၅။ | ရာဟုဂြိုဟ် ဆုတောင်း | ၂၂၇ |
| ၁၈၆။ | တနင်္လာဂြိုဟ် ဆုတောင်း | ၂၂၇ |
| ၁၈၇။ | ဗုဒ္ဓဟူးဂြိုဟ် ဆုတောင်း | ၂၂၈ |
| ၁၈၈။ | ကြာသပတေးဂြိုဟ် ဆုတောင်း | ၂၂၈ |
| ၁၈၉။ | သောကြာဂြိုဟ် ဆုတောင်း | ၂၂၉ |
| ၁၉၀။ | သစ်လဲကြွန် လင်္ကာရကန် | ၂၂၉ |
| ၁၉၁။ | မြေခံ လင်္ကာရကန် | ၂၃၃ |
| ၁၉၂။ | နဂါးလှည့်အဟော လင်္ကာရကန် | ၂၃၄ |
| ၁၉၃။ | အဋ္ဌလက်အဟော လင်္ကာရကန် | ၂၃၆ |
| ၁၉၄။ | ဖက်နိမိတ် အဟော | ၂၄၀ |
| ၁၉၅။ | အိမ်ခေါင်မိုးခွေးတက် အဟော | ၂၄၂ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၆။ | အိမ်မြှောင်စုတ်ထိုး နိမိတ်အဟော | ၂၄၂ |
| ၁၉၇။ | ကြွက်မြည် နိမိတ်အဟော | ၂၄၃ |
| ၁၉၈။ | တောင်ပို့ပေါက် နိမိတ်အဟော | ၂၄၅ |
| ၁၉၉။ | မစိုက်ရာသော သစ်ပင်များ | ၂၄၆ |
| ၂၀၀။ | စိုက်ရာသော သစ်ပင်များ | ၂၄၆ |
| ၂၀၁။ | လှေအမျက် ရွေးနည်း | ၂၄၇ |
| ၂၀၂။ | မောင်းဆင်နည်းကို ပြဆိုချက် | ၂၄၈ |
| ၂၀၃။ | မောင်းဆင်နည်း လက်ာသံပေါက် | ၂၄၉ |
| ၂၀၄။ | ကုန်အပေါ် အရှား တွက်နည်း | ၂၄၉ |
| ၂၀၅။ | ရောင်းဝယ်ရေး သင့် မသင့်တွက်နည်း | ၂၅၀ |
| ၂၀၆။ | အဝတ် ပုဆိုး ချုပ်ရာနေ့ | ၂၅၁ |
| ၂၀၇။ | မဝယ်အပ်သည့် အခါ | ၂၅၃ |
| ၂၀၈။ | အတတ်ပညာ သင်ရာသည့်နေ့ | ၂၅၃ |
| ၂၀၉။ | ထီပေါက်, မပေါက် တွက်နည်း | ၂၅၄ |
| ၂၁၀။ | အမျိုးသားမှဲ့အဟောကျမ်း | ၂၅၅ |
| ၂၁၁။ | အမျိုးသမီးမှဲ့အဟောကျမ်း | ၂၅၆ |


# လောကီပညာညွှန့်ပေါင်းကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

## ဂြိုဟ်တို့၏အမည်

| | | |
|---|---|---|
| တနင်္ဂနွေဂြိုဟ် | ၁ နွေဂြိုဟ် | ဂဠုန် |
| တနင်္လာဂြိုဟ် | ၂ လာဂြိုဟ် | ကျား |
| အင်္ဂါဂြိုဟ် | ၃ ဂါဂြိုဟ် | ခြင်္သေ့ |
| ဗုဒ္ဓဟူးဂြိုဟ် | ၄ ဟူးဂြိုဟ် | ဆင် |
| စနေဂြိုဟ် | ၇ နေဂြိုဟ် | နဂါး |
| ကြာသပတေးဂြိုဟ် | ၅ တေးဂြိုဟ် | ကြွက် |
| ရာဟုဂြိုဟ် | ၈ ဂြိုဟ် | ဟိုင်း |
| သောကြာဂြိုဟ် | ၆ ကြာဂြိုဟ် | ပူး |
| ကိတ်ဂြိုဟ် | ၉ ဂြိုဟ် | |

## ဂြိုဟ်တို့၏သင်္ချာ

| | | | |
|---|---|---|---|
| တနင်္ဂနွေ | (၁) | ခု | သင်္ချာ |
| တနင်္လာ | (၂) | ခု | သင်္ချာ |
| အင်္ဂါ | (၃) | ခု | သင်္ချာ |
| ဗုဒ္ဓဟူး | (၄) | ခု | သင်္ချာ |
| စနေ (၀) | (၇) | ခု | သင်္ချာ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ကြာသပတေး | (၅) | ခု | သင်္ချာ |
| ရာဟု | (၈) | ခု | သင်္ချာ |
| သောကြာ | (၆) | ခု | သင်္ချာ |
| ကိတ် | (၉) | ခု | သင်္ချာ |

## ဂြိုဟ်တို့၏အသက်

| | | |
|---|---|---|
| တနင်္ဂနွေဂြိုဟ် | အသက် | ၆ နှစ် |
| တနင်္လာ | ။ | ၁၅ နှစ် |
| အင်္ဂါ | ။ | ၈ နှစ် |
| ဗုဒ္ဓဟူး | ။ | ၁၇ နှစ် |
| စနေ | ။ | ၁၀ နှစ် |
| ကြာသပတေး | ။ | ၁၉ နှစ် |
| ရာဟု | ။ | ၁၂ နှစ် |
| သောကြာ | ။ | ၂၀ နှစ် |

ဂြိုဟ်သက်အားလုံးပေါင်းလျှင် ဂြိုဟ်သက် ၁၀၈နှစ်ရှိသည်။

## ဂြိုဟ်တို့၏အက္ခရာ

| | |
|---|---|
| တနင်္ဂနွေဂြိုဟ် | အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား (အက္ခရာ ၁၂ လုံး) |
| တနင်္လာဂြိုဟ် | က၊ ခ၊ ဂ၊ ဃ၊ င (အက္ခရာ ၅ လုံး) |
| အင်္ဂါဂြိုဟ် | စ၊ ဆ၊ ဇ၊ ဈ၊ ည (အက္ခရာ ၅ လုံး) |
| ဗုဒ္ဓဟူးဂြိုဟ် | ယ၊ လ၊ ဝ (အက္ခရာ ၃ လုံး) |



| | |
|---|---|
| စနေဂြိုဟ် | တ၊ ထ၊ ဒ၊ ဓ၊ န (တစ်နည်း) ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ (အက္ခရာ ၁၀ လုံး) |
| ကြာသပတေးဂြိုဟ် | ပ၊ ဖ၊ ဗ၊ ဘ၊ မ (အက္ခရာ ၅ လုံး) |
| ရာဟုဂြိုဟ် | ရ၊ ဠ၊ (အက္ခရာ ၂ လုံး) |
| သောကြာဂြိုဟ် | သ၊ ဟ (အက္ခရာ ၂ လုံး) |

## ဂြိုဟ်တို့၏အမျိုး

| | |
|---|---|
| တနင်္ဂနွေ | ဂျွမ်း (ယိုးဒယား) |
| တနင်္လာ | ရှမ်း |
| အင်္ဂါ | တလိုင်း |
| ဗုဒ္ဓဟူး | ကဒူး |
| စနေ | ကုလား |
| ကြာသပတေး | မြန်မာ |
| ရာဟု | တရုတ် |
| သောကြာ | သက် |

## ဂြိုဟ်တို့၏အရပ်မျက်နှာ

| | |
|---|---|
| တနင်္ဂနွေ | အရှေ့မြောက်ထောင့်။ |
| တနင်္လာ | အရှေ့။ |
| အင်္ဂါ | အရှေ့တောင်ထောင့်။ |
| ဗုဒ္ဓဟူး | တောင်။ |
| စနေ | အနောက်တောင်ထောင့်။ |
| ကြာသပတေး | အနောက်။ |
| ရာဟု | အနောက်မြောက်ထောင့်။ |
| သောကြာ | မြောက်။ |

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုဟ်တို့၏မူလ (အစိုးရသော) အရပ်

| | |
|---|---|
| တနင်္ဂနွေ | အရှေ့။ |
| တနင်္လာ | အနောက်မြောက်ထောင့်။ |
| အင်္ဂါ | တောင်။ |
| ဗုဒ္ဓဟူး | မြောက်။ |
| စနေ | အနောက်။ |
| ကြာသပတေး | အရှေ့မြောက်ထောင့်။ |
| ရာဟု | အနောက်တောင်ထောင့်။ |
| သောကြာ | အရှေ့တောင်ထောင့်။ |

## ဂြိုဟ်တို့၏အဆင်း

| | |
|---|---|
| တနင်္ဂနွေ | အနီ။ |
| တနင်္လာ | အဖြူ။ |
| အင်္ဂါ | အနီ။ |
| ဗုဒ္ဓဟူး | အစိမ်း။ |
| စနေ | အနက်။ |
| ကြာသပတေး | အဝါ။ |
| ရာဟု | အကြောင်။ |
| သောကြာ | အပြောက်အကျား။ |

## ဂြိုဟ်တို့၏အစိုးရသောနတ်

| | |
|---|---|
| တနင်္ဂနွေ | မီးနတ်။ |
| တနင်္လာ | ရေနတ်။ |



| | |
|---|---|
| အင်္ဂါ | ကတ္တိကေယျနတ်။ |
| ဗုဒ္ဓဟူး | ဗိဿနိုးနတ်။ |
| စနေ | ဗြဟ္မာနတ်။ |
| ကြာသပတေး | သိကြားနတ်။ |
| ရာဟု | မြေနတ်။ |
| သောကြာ | သူဇာနတ်။ |

## ဂြိုဟ်တို့၏အဓိပတိ

| | | | |
|---|---|---|---|
| တနင်္ဂနွေ | နှင့် | အင်္ဂါ | မင်း။ |
| တနင်္လာ | နှင့် | ဗုဒ္ဓဟူး | ကုန်သည်။ |
| ကြာသပတေး | နှင့် | သောကြာ | ပုဏ္ဏား။ |
| စနေ | နှင့် | ရာဟု | ဆင်းရဲသား။ |

## ဂြိုဟ်တို့၏ဂုဏ်သုံးပါး

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေးတို့သည် သတ္တဂုဏ်။
အင်္ဂါနှင့် စနေတို့သည် တမဂုဏ်။
ဗုဒ္ဓဟူးနှင့် သောကြာတို့သည် ရာဇဂုဏ်။

## ဂြိုဟ်တို့၏ လက်ယာ၊ လက်ဝဲ

၁-နွေ၊ စနေ၊ ၃-အင်္ဂါ၊ ရာဟုတို့သည် လက်ယာဂြိုလ်။
၂-လာ၊ ၄-ဟူး၊ ၅-တေး၊ ၆-ကြာဂြိုဟ်တို့သည် လက်ဝဲဂြိုလ်။

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ဂြိုဟ်–အရှင်ဂြိုဟ်

၂-လာ၊ ၄-ဟူး၊ ၅-တေး၊ သောကြာဂြိုဟ်တို့သည် အရှင်ဂြိုဟ်။

၁-နွေ၊ ၃-ဂါ၊ ရာဟု၊ စနေဂြိုဟ်တို့သည် ကျွန်ဂြိုဟ်။

## ယောကျ်ား၊ မိန်းမဂြိုဟ်

၁-နွေ၊ ၃-ဂါ၊ ၄-ဟူး၊ ၅-တေး ဂြိုဟ်တို့သည် ယောကျ်ားဂြိုဟ်။

၂-လာ၊ ရာဟု၊ ၆-ကြာ၊ စနေဂြိုဟ်တို့သည် မိန်းမဂြိုဟ်။

## နဂိုနှင့်ယာယီ

၁ နွေ၊ ၇ စနေ၊ ၄ ဟူး၊ ၅ တေး ဂြိုဟ်တို့သည် နဂိုဂြိုဟ်။

၂ လာ၊ ၃ ဂါ၊ ရာဟု၊ ၆ ကြာ ဂြိုဟ်တို့သည် ယာယီဂြိုဟ်။

(အထက်ဖော်ပြခဲ့သောသဘောများကို လောကီဗေဒင်ပညာ ဝါသနာပါသူများအဖို့ အထူးဂရုပြု၍ လေ့ကျင့်မှတ်သားရာ၏။)

## ရက်၏စင်ကြယ်မှုရွေးရန်

### ပြဿဒါးရက်

တန်ခူး၊ ဝါခေါင်၊ ထို့နောင် နတ်တော် သုံးလသော်လျှင် မလျော် ကြွက်-မြွေ။

ကဆုန်နွေနှင့် တထွေတော်သလင်း ပြာသိုတွင်းမူ၊ ဆင်မင်း တသုန်၊ ပူးနေကြုံရှင့်။



နယုန်မလွတ် သီတင်းကျွတ်နှင့် နှင်းစွတ်စို၍ တပို့တွဲ၊ မလွဲ မှတ်သား၊ ဂဠုန် ကျားတည်း။

တိမ်သား မှိုင်းညို မိုးမင်းစိုသည် ဝါဆိုခေါင်းတုံး၊ တန်ဆောင်မုန်းနှင့် ချမ်းတုန်း ပူပြောင်း၊ လတပေါင်းကား မတောင်းနေ့ရှိုင်း၊ ခြသေ့်တိုင်းရှင့် ဆိုတိုင်းရှောင်ရှား ပြဿဒါးသည် မှတ်သားလနှင့် နေ့စဉ်တည်း။

အဓိပ္ပာယ်အားဖြင့် တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လ၌ စနေ၊ ၅ တေး ပြဿဒါး။

နယုန်လ၊ သီတင်းကျွတ်လ၊ တပို့တွဲလ၌ ၁ နွေ၊ ၂ လာ ပြဿဒါး။

ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ၌ ၃ ဂါနှင့် ရာဟု ပြဿဒါးနေ့ဖြစ်၏။

(ဤ၌ ဝေါဟာရ တန်ခူး၊ ကဆုန်စသည် မယူဘဲ သူရိယမာသ ၁ နွေဂြိုလ် ရပ်တည်ရာ မိဿ, ပြိဿစသည် ၁၂ ရာသီစက်အရ ယူမှမှန်သည်။)

### သမားညီးရက်

တန်ခူးလမှ တပေါင်းလအထိ (တစ်နည်း မိဿရာသီ ၁ နွေ ရောက်သည်လမှ မိန်ရာသီအထိ) အစဉ်အတိုင်း ၁ နွေ။ စနေ။ ၂ လာ။ ၃ ဂါ။ ၄ ဟူး။ ၅ တေး။ ၆ ကြာ။ ၁ နွေ။ ၁ နွေ။ ၂ လာ။ ၃ ဂါ။ ၄ ဟူး။ ၆ ကြာ။ ၅ တေး။ ၁ နွေ၊ စနေ။ ၁ နွေ။

www.burmeseclassic.com

www.burmeseclassic.com



စနေ။ ၁ နွေး။ ၂ လာ။ ၃ ဂီ။ ရာဟု။ ၅ တေး။ ၆ ကြာနေ့များသည် သမားညိုနေ့များဖြစ်သည်။

ဦးနှဲ့၊ ခူး၏ လက်ဖန်၊ သီတင်း၊ အင်ကြွင်း၊ ဆူးလေ၊ သပြေ၊ အနှမ်း၊ အုန်းထန်း၊ အကုန်၊ စုရုံး၊ ပုံသည် ရှောင်တုံ သမားညို နေ့များတည်း။

**သမားဖြူရက်**

လဆန်းရက်ဖြစ်စေ၊ လဆုတ်ရက်ဖြစ်စေ-

၁ ရက်နေ့၌ စနေ၊ ၁ နွေး။

၂ ရက်နေ့၌ ၁ နွေး။

၃ ရက်နေ့၌ ၆ ကြာ၊ ၅ တေး။

၄ ရက်နေ့၌ ၅ တေး။

၅ ရက်နေ့၌ ဗုဒ္ဓဟူး။

၆ ရက်နေ့၌ ၂ လာ၊ ၃ ဂီ၊ ၅ တေး၊ စနေ။

၇ ရက်နေ့၌ ၆ ကြာ နေ့ကြုံလျှင် သမားဖြူရက်ဖြစ်၍ ရှောင်လေ။

**ရက်ယုတ်မာ**

- တန်ခူးလ၊ ဝါဆိုလ၌ ၆ ရက်။
- ကဆုန်လ၊ တပို့တွဲလ၌ ၄ ရက်။
- နယုန်လ၊ တော်သလင်းလ ၈ ရက်။
- ဝါဆိုလ၊ ဝါခေါင်လ၊ တန်ဆောင်မုန်းလ ၁၀ ရက်။



သီတင်းကျွတ်လ၊ ပြာသိုလ ၁၂ ရက်။

နတ်တော်လ၊ တပေါင်းလ ၂ ရက်။

ဤနေ့တို့သည် လဆန်း၊ လဆုတ် မည်သည့်နေ့မဆို ရက်ယုတ်မာသဖြင့် ရှောင်ရာ၏။

**ရှမ်းရက်**

တန်ခူးလ၊ ကဆုန်လ ၈ ရက်။

နယုန်လ၊ ဝါဆိုလ ၂ ရက်။

ဝါခေါင်လ ၉ ရက်။

တော်သလင်းလ၊ သီတင်းကျွတ်လ ၃ ရက်။

တန်ဆောင်မုန်းလ ၅ ရက်။

နတ်တော်လ ၃ ရက်။

ပြာသိုလ၊ တပေါင်းလ ၄ ရက်။

တပို့တွဲလ ၇ ရက်။

ဤနေ့တို့သည် လဆန်း၊ လဆုတ် မည်သည့်နေ့မဆို ရှမ်းရက်ဖြစ်သဖြင့် ရှောင်လေ။

**မဟာရက်ကြမ်း**

တန်ခူးလ ၅ ရက်

ကဆုန်လ၊ နယုန်လ ၆ ရက်။

ဝါဆိုလ၊ ဝါခေါင်လ ၁ ရက်။

တော်သလင်း၊ သီတင်းကျွတ်လ ၇ ရက်။

တန်ဆောင်မုန်း၊ နတ်တော်လ ၃ ရက်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ပြာသို၊ တပို့တွဲလ | ၄ ရက်။ | |
| တပေါင်းလ | ၅ ရက်။ | |

ဧင်းနေ့တို့သည် မဟာရက်ကြမ်းဖြစ်၍ မကောင်း၊ ရှောင်လေ။

**ဝါရမိတ္တုငယ်**

| | | |
|---|---|---|
| မည်သည့်လ,မဆို | ၆ ရက် | စနေ။ |
| ။ | ၇ ရက် | ၆ ကြာ။ |
| ။ | ၈ ရက် | ၅ တေး။ |
| ။ | ၉ ရက် | ၄ ဟူး။ |
| ။ | ၁၀ ရက် | ၃ ဂါ။ |
| ။ | ၁၁ ရက် | ၂ လာ။ |
| ။ | ၁၂ ရက် | ၁ နွေ။ |

နေ့ကြုံမူ ဝါရမိတ္တုငယ်ဖြစ်၍ မကောင်း။

**ဝါရမိတ္တုကြီး**

| | | |
|---|---|---|
| လဆန်း, လဆုတ် | ၁ ရက် | ၁ နွေ။ |
| ။ | ၄ ရက် | ၂ လာ။ |
| ။ | ၈ ရက် | ၃ ဂါ။ |
| ။ | ၉ ရက် | ၄ ဟူး။ |
| ။ | ၆ ရက် | ၅ တေး။ |
| ။ | ၇ ရက် | စနေ။ |
| ။ | ၃ ရက် | ၆ ကြာ။ |

နေ့ကြုံမူ ဝါရမိတ္တုကြီးဖြစ်၍ မကောင်း။



**ရက်ပုပ်များ**

| | | |
|---|---|---|
| လဆန်း, လဆုတ် | ၁ ရက် | ၁ နွေ။ |
| ။ | ၄ ရက် | ၂ လာ။ |
| ။ | ၆ ရက် | ၃ ဂါ။ |
| ။ | ၉ ရက် | ၄ ဟူး။ |
| ။ | ၈ ရက် | ၅ တေး။ |
| ။ | ၇ ရက် | ၆ ကြာ။ |
| လဆန်း, လဆုတ် | ၈ ရက် | စနေ။ |

နေ့ကြုံမူ ရက်ပုပ်ဖြစ်၍ မကောင်း။

**နဂါးပေါ်ရက်**

၁ နွေ ဆန်းသောလ၌ လဆန်း ၂ ရက်၊ ၁၀ ရက် လဆုတ် ၃-ရက်နေ့။

၂ လာ ဆန်းသောလ၌ လဆန်း ၁ ရက်၊ လဆုတ် ၆ ရက်။

၃ ဂါဆန်းသောလ၌ လဆန်း ၉ ရက်၊ လဆုတ် ၁၁ ရက်။

၄ ဟူး ဆန်းမူ လဆန်း ၂ ရက်၊ လဆုတ် ၄ ရက်။

၅ တေး ဆန်းမူ လဆန်း ၁၂ ရက်၊ လဆုတ် ၂ ရက်။

၆ ကြာ ဆန်းမူ လဆန်း ၄ ရက်၊ လဆုတ် ၃ ရက်။

စနေဆန်းမူ လဆန်း ၂ ရက်၊ လဆုတ် ၆ ရက်နေ့သည် နဂါးပေါ်နေ့ဖြစ်၍ ရှောင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



**မြေခံရက်များ**

| | | | |
|---|---|---|---|
| လဆန်း | ၁ ရက် | နတ် | သေတတ်သည်။ |
| ။ | ၂ ရက် | ကညာ | ကောင်းသည်။ |
| ။ | ၃ ရက် | နွား | လာဘ်ရအံ့။ |
| ။ | ၄ ရက် | ဆင် | ပျက်စီးရအံ့။ |
| ။ | ၅ ရက် | ဂဠုန် | ချမ်းသာအံ့။ |
| လဆန်း | ၆ ရက် | ဆင် | သေအံ့။ |
| ။ | ၇ ရက် | သိန္ဓော | အောင်မြင်အံ့။ |
| ။ | ၈ ရက် | ဒွန်းစဏ္ဍား | ဆင်းရဲအံ့။ |
| ။ | ၉ ရက် | ဘီလူး | သေအံ့။ |
| ။ | ၁၀ ရက် | ပြဟ္မာ | ပူဇော်ခံရအံ့။ |
| ။ | ၁၁ ရက် | သိကြားခံ | ချမ်းသာအံ့။ |
| ။ | ၁၂ ရက် | ခွေး | ပြုန်းတီးအံ့။ |
| ။ | ၁၃ ရက် | ပြဟ္မာ | ကောင်းအံ့။ |
| ။ | ၁၄ ရက် | ဂဠုန် | ချမ်းသာအံ့။ |
| ။ | ၁၅ ရက် | သိကြား | ချမ်းသာအံ့။ |
| လဆုတ် | ၁ ရက် | ကညာ | အောင်အံ့။ |
| ။ | ၂ ရက် | ကျား | ဆင်းရဲအံ့။ |
| ။ | ၃ ရက် | နတ် | သောကရောက်အံ့။ |
| ။ | ၄ ရက် | နွား | လာဘ်ရအံ့။ |
| ။ | ၅ ရက် | ဆင် | ပြုန်းတီးအံ့။ |
| ။ | ၆ ရက် | ဂဠုန် | အောင်မြင်အံ့။ |
| ။ | ၇ ရက် | ဒွန်းစဏ္ဍား | ပျက်စီးအံ့။ |



| | | | |
|---|---|---|---|
| လဆုတ် | ၈ ရက် | မြင်း | အောင်အံ့။ |
| ။ | ၉ ရက် | ပြဟ္မာ | ဥစ္စာရအံ့။ |
| ။ | ၁၀ ရက် | ဘီလူး | သေအံ့။ |
| ။ | ၁၁ ရက် | ခွေး | သေအံ့။ |
| ။ | ၁၂ ရက် | သိကြား | လာဘ်ရအံ့။ |
| ။ | ၁၃ ရက် | ဝက် | ပြုန်းတီးအံ့။ |
| ။ | ၁၄ ရက် | ပြဟ္မာ | လာဘ်ရအံ့။ |
| ။ | ၁၅ ရက် | ဂဠုန် | ချမ်းသာအံ့။ |

(ဤမြေခံကား လက်သမားမြေခံဟုခေါ်သည်။ အိမ်, ကျောင်း, ဇရပ်, မဏ္ဍပ်နှင့်တကွ ကောင်းမှုပြုရာ ရွေးချယ်ခြင်း အထူးပြုကြ လေသည်။)

(ဤတွင် ရက်၏စင်ကြယ်မှုရွေးချယ်နည်း ညွှန်ပြခြင်းပြီး၏)

## မိတ်, ရန်, ဥဒါန်သိန် ရွေးချယ်ရန်

အပြင်ရန်ငြိုဟ်

တနင်္ဂနွေနှင့်အင်္ဂါ။
တနင်္လာနှင့် ကြာသပတေး။
သောကြာနှင့်စနေ။
ဗုဒ္ဓဟူးနှင့် ရာဟုတို့သည် "ဦးညို၊ ခေ-မာ၊ သု-တာ၊ ဝေ-ရီ" အပြင်ရန်ငြိုဟ်ကြိုသဖြင့် မသင့်။

www.burmeseclassic.com

www.burmeseclassic.com



**အတွင်းရန်ဂြိုဟ်** တနင်္ဂနွေနှင့် ဗုဒ္ဓဟူး။
တနင်္လာနှင့် သောကြာ။
စနေနှင့် ကြာသပတေး။
အင်္ဂါနှင့်ရာဟုတို့သည် အိမ်ထောင်ဘက် အတွင်းရန်ကြုံသဖြင့် အိမ်ထောင်ဘက် မသင့်။

**အပြင်မိတ်ဂြိုဟ်** တနင်္ဂနွေနှင့် ကြာသပတေး။
တနင်္လာနှင့် ဗုဒ္ဓဟူး။
အင်္ဂါနှင့် သောကြာ။
စနေနှင့် ရာဟုတို့သည် အပြင်မိတ်ဂြိုဟ် ဖြစ်၍ သင့်ကြ၏။

**အတွင်းမိတ်ဂြိုဟ်** တနင်္ဂနွေနှင့် သောကြာ။
တနင်္လာနှင့် ရာဟု။
အင်္ဂါနှင့် ကြာသပတေး။
စနေနှင့် ဗုဒ္ဓဟူးတို့သည် အကွင်း အိမ်ထောင်ဘက်ဂြိုဟ်ဖြစ်၍ သင့်၏။

**အတွင်းဓာတ်ဘက်ဂြိုဟ်** တနင်္ဂနွေနှင့် စနေ။
တနင်္လာနှင့် ကြာသပတေး။
အင်္ဂါနှင့် ရာဟု။
ဗုဒ္ဓဟူးနှင့် သောကြာတို့သည် အတွင်း ဓာတ်ဘက်ဂြိုဟ်ဖြစ်၍ သင့်၏။



**အတွင်းဓာတ်ရန်ဂြိုဟ်** ၁ နွေနှင့် ဗုဒ္ဓဟူး။
၂ လာနှင့် ၃ ဂါ။
ရာဟုနှင့် ၅ တေး။
စနေနှင့် ၆ ကြာတို့သည် အတွင်း ဓာတ်ရန် ကြုံသဖြင့် မသင့်။

## တစ်နည်း၊ မိတ်, ရန်, ဥဒါန်သိန်ရွေးရန်

**တနင်္ဂနွေ၏** မိတ် ၂ လာ၊ ၃ ဂါ၊ ၅ တေး။
ရန် သောကြာ၊ စနေ။
ဥဒါန်သိန် ဗုဒ္ဓဟူး။

**တနင်္လာ၏** မိတ် ၁ နွေ နှင့် ဗုဒ္ဓဟူး။
ရန်မရှိ။
ဥဒါန်သိန် ၃ ဂါ၊ ၅ တေး၊ ၆ ကြာ၊ စနေ။

**အင်္ဂါ၏** မိတ် ၁ နွေ၊ ၂ လာ၊ ၅ တေး။
ရန် ၄ ဟူး။
ဥဒါန်သိန် ၆ ကြာ၊ စနေ။

**ဗုဒ္ဓဟူး၏** မိတ် ၁ နွေ၊ ၆ ကြာ။
ရန် ၄ ဟူး၊ ၆ ကြာ။
ဥဒါန်သိန် ၃ ဂါ၊ ၄ ဟူး၊ စနေ။

**ကြာသပတေး၏** မိတ် ၁ နွေ၊ ၂ လာ၊ ၃ ဂါ။
ရန် ၄ ဟူး၊ ၆ ကြာ။
ဥဒါန်သိန် စနေ။

www.burmeseclassic.com

www.burmeseclassic.com



သောကြာ၏ မိတ် ၄ ဟူး၊ စနေ။
ရန် ၁ နွေ၊ ၂ လာ။
ဥဒါန်သိန် ၃ ဂါ၊ ၅ တေး။
စနေ၏ မိတ် ၄ ဟူး၊ ၆ ကြာ။
ရန် ၁ နွေ၊ ၂ လာ၊ ၃ ဂါ။
ဥဒါန်သိန် ၅ တေး။

## နှုတ်ငုံဆောင်ရန် မိတ်, ရန်, ဥဒါန်သိန်, လင်္ကာ

အောင် . . . ကျော်-စံ-မွေး။
ငါး . . . အိမ် . . . ဝေး။
ငြိမ်း . . . အေးခါ-ပင်။
လ . . . အသွင်။
ဘုန်း . . . အင်-ကြီး-စွ။
သိ . . . လ-နှင့်။
နတ် . . . ပင် သား၊ မမှားမိတ်ဖြိုဟ်မှတ်။
အ . . . သေ . . . နံ။
စံ . . . လှ။
ဝက် . . . ကို။
မ . . . သတ်-လို။
သူ . . . အို-ကောင်း။
ထိန်း . . . ကျောင်း-အုပ်စု-ရန်ဂြိုဟ်ရှု။
အ . . . လောင်း။
င . . . ဆန်-မြင့်-သိန်း-တန်။



စွန် . . . သိမ်း . . . ထိပ်။
ရိပ် . . . ဆံ-ပယ်-ထ။
ပု . . . ဒွေ။
သ-စွာ-ပွင့်။
ထွန်း . . . မြင့်-ဥဒါန်သိန်ဂြိုဟ်။

## မဟာဘုတ်တိုင်ထူနည်း

| | | |
|---|---|---|
| | ၅ အဓိပတိ | |
| ဝ အထွန်း | ၃ သိုက် | ၆ ရာဇ |
| ၄ မရဏ | ၁ ဘင်္ဂ | ၂ ပုတိ |

မွေးသက္ကရာဇ်ကိုတည် ၇-ခုစား၊ အကြွင်းအရ ဘင်္ဂ-မရဏ-အထွန်း-သိုက်-ရာဇ-ပုတိ-အဓိပတိ ၇ ဌာနတွင် ၁-ကြွင်းမှ အောင်-လံ-ထူ-စစ်-သူ-ကြီး-ပွဲဟု ချလေ။ ၂-ခု၊ ၃-ခု၊ ၄-ခု၊ ၅-ခု၊ ၆-ခု၊ သုညကြွင်းတို့ရှာ အက္ခရာနံအရ ရေး၍ထူ။

www.burmeseclassic.com

www.burmeseclassic.com



## မဟာဘုတ်အဟော

(၁) ပုတိဖွားမှာ၊ ဖြိုဖြင်စွာ၊ မွေးကာ ဖွားလတ်မည်။ ဝေးရပ်ခြားရွာ၊ အိမ်ထောင်မှာ၊ ပြုကာနေရမည်။ နှမြောတွန့်တို၊ ဝန်လည်းတို၊ စိတ်တို ဆတ်လိမ့်မည်။

(၂) ဘင်္ဂဖွားမှာ၊ ပျက်ပြားစွာ၊ မွေးကာ လာရမည်။ ကြံစည်ပြုကာ၊ ပျက်တတ်တာ၊ သေချာမှတ်ရမည်။

(၃) မရဏဖွားမှာ၊ ဝေဒနာ၊ မွေးကာ များလတ်မည်။ မလေကြေလတ်၊ မင်းဖြစ်တတ်၊ မုချမှတ်ရမည်။

(၄) အထွန်းဖွားမှာ၊ ထင်ရှားစွာ၊ မွေးကာ လာတတ်သည်။ နာမည် သတင်း၊ ထင်ရှားခြင်း၊ မယွင်းဖြစ်လတ်မည်။

(၅) သိုက်ဖွားသူမှာ၊ ကုသလာ၊ ပြုကာ ဖွားလတ်မည်။ ရောင်းဝယ် ဖောက်ကား၊ ကုန်သွယ်စား၊ မမှားဖြစ်ရမည်။

(၆) ရာဇဖွားမှာ၊ ထက်မြက်စွာ၊ စိတ်မှာ လျှင်ရမည်။ ပန်းချီ၊ ပန်းပု၊ နှုတ်-လက်မှု၊ တတ်မှုစုံလိမ့်မည်။

(၇) မိပတိဖွား၊ လူအများ၊ မမှား အုပ်စိုးမည်။ ရဟန်း, ရှင်လူ၊ အများလူ၊ ကြည်ဖြူ ညွှတ်ခမည်။



## ဂြိုဟ်စားတွက်နည်း

အသက်ကိုတည်၊ မွေးနံဂြိုဟ်သက်မှစ၍ အစဉ်အတိုင်း လက်ယာရစ်နုတ်၊ မနုတ်လောက်သော် ဂြိုဟ်စားသည်။

## ဂြိုဟ်စားလက္ခဏာရွှစ်ပုဒ်

**တနင်္ဂနွေဂြိုဟ်စားလေမူ** - ရွှေ, ငွေ, ဥစ္စာ၊ ကုန်တတ်စွာ၏။ ရောဂါလည်းရောက်၊ သောကလည်းနှောက်၊ တမှောင့်မှောင့်နှင့်၊ ကျွန့်ကြောင့် မငြိမ်၊ အိမ်ထောင်မီးတောက်၊ အရှေ့မြောက်က၊ မွေနှောက်ခိုးသူ၊ ဖျက်ဆီးယူလိမ့်။

**ရောင်ဖြူကြွားကြွား စန်းဂြိုဟ်စားမူ** - ပယ်မှား ဥပဒ် ရှေ့မတ်မတ်က၊ အဝတ်ကစ၊ လာဘ်လာဘ၊ ဒေါသကျွန်ကျေး ရွှေငွေနားတောင်း၊ ဦးခေါင်းဆင်ရန်၊ ပန်းမန်စုံပ၊ တန်ဆာရအံ့။

**ဘောမတမူ** - ချစ်သောသူနှင့်၊ အတူမနေ၊ ကင်းကွေခံ့ငြင်း၊ နှောင်ဖွဲ့ခြင်းနှင့်၊ ရန်းရင်းဖြစ်ပွား၊ လုံ့စားလည်းသင့်၊ မပွင့်မျက်နှာ၊ ဗျာပါဆင့်လောင်း၊ ဆွေ့ဟောင်းမျိုးခြား၊ မုန်းထားရန်စ၊ အရှုက်ရအံ့။

**ဗုဒ္ဓထင်ရှားဂြိုဟ်လျှင်စားမူ** - မယားကညာ၊ ဝတ်ဖြူစွာနှင့်၊ ပါဒါ-စတု၊ လာဘ်တစ်စုလည်း၊ ရမူမှန်စွာ တောင်ကလာအံ့။

**စနေဂြိုဟ်မှာ** - ဘုတ်, ပြိတ္တာနှင့်၊ ဒေဝါရက္ခာ၊ မိန်းမစုန်းတော်၊ တာရွှေနတ်တို့၊ ဖမ်းတတ်လေဘိ၊ နရတီက၊ ငြိတတ်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးပြော့မြတ်ဗီဝါ စားသောခါမူ - ရာဇ, ပူဇော်၊ ထင်ပေါ်သတင်း၊ လယ်ခင်းချောင်းတာ၊ မြို့ကျေးရွာနှင့်၊ ဖြူစွာဝတ်စား၊ လာဘ်များဖြိုးထူ၊ ခြေလေးခုလည်း၊ လုလုမကြာ၊ နောက်ကလာအံ့။

ရာဟုခန္ဓာ - ဥစ္စာပျက်ပြုန်း၊ နှလုံးမသာ၊ ဝမ်းအနာလည်း ရပ်ပါယပ်က ပေးတတ်လှ၏။ ဆွေစမျိုးတော် တို့နှင့်သော်လည်း၊ သေရော်သလောက်၊ လက်ရောက်ပုတ်ခတ်၊ ရန်ဖြစ်တတ်၏။

သောကြာထင်ရှား ဂြိုဟ်လျှင်စားမူ - မြင်း နွား ကျွန်ကျေး၊ ဖြူဖွေးဝတ်စား၊ မြောက်တစ်လွှားက၊ ပုဏ္ဏားသူတော်၊ သူမြတ်ကျော်တို့၊ ပူဇော်သက္ကာ၊ ခံဖို့ရာလိမ့်။

## ဂြိုဟ်ပျက်တွက်နည်း

စားသောဂြိုဟ်၏ နှစ်, လ, ရက်ကိုတည်၍ စားသောဂြိုဟ်က စ၍ ကိန်းစိတ်အတိုင်းနုတ်၊ မနုတ်လောက်သောဂြိုဟ်သည် ဂြိုဟ်ပျက်ဖြစ်၏။

## ဂြိုဟ်ပျက်ဟောနည်း လင်္ကာရှစ်ပုဒ်

(၁) ရဝိဂြိုဟ်၊ ပျက်သောခါတွင်၊ ရှေ့ညာ မြောက်ဆန်၊ ရပ်သောန်က၊ ရန်သတ္တရု၊ ဖျက်ဆီးပြုလိမ့်၊ အမှုမဖြောင့်၊ ကျေးကျွန်ကြောင့်လည်း၊ မှောင့်မှောင့်ပူပြင်း၊ ချစ်သူကင်းလိမ့်။



(၂) တနင်္လာထက်၊ ဂြိုဟ်လျှင်ပျက်မူ၊ ရှေ့မျက်နှာက၊ မိတ်ဆွေရလျက်၊ ဒါသဒါသီ၊ ဖြူနီမကျီ၊ ရှိရှိသမျှ၊ ဥစ္စာရအံ့။

(၃) ဘောမသညာ၊ ဂြိုဟ်ပျက်မှာမူ၊ တောင်ညာရှေ့စပ်၊ အဂ္ဂိရပ်က၊ ရန်ခပ်သိမ်းနှင့်၊ ကြုံသဖြင့်လည်း၊ ပျောက်လင့်ဥစ္စာ၊ ကျေးရွာကျွန်ရင်း၊ ဆင်, မြင်း, ကျွဲ, နွား ပြေးသွားတတ်၏။

(၄) ဂြိုဟ်ဗုဒ္ဓ မူ တောင်ကတူရှု ဥစ္စာဖြူနှင့်၊ စိတ်တူကညာ၊ လိုရာကြံနိုင်၊ ပြီးစီးတိုင်အံ့။

(၅) စနေသောရီ၊ ပျက်သည်ရှိက၊ နရတီက၊ ဣတ္ထိယကြောင့်၊ ဒေါသပြစ်မှား၊ ကျွဲ, နွား, ကျွန်, ကျေး၊ ထွက်ပြေးပုန်းလျှိုး၊ သူခိုး-ခိုးသူ၊ ချစ်သူကွေကွင်း၊ နိုင်ရင်းရန်ဘက်၊ အမျက်ပွားများ၊ မျိုးဆွေသားနှင့်၊ တရားခိုက်စစ်၊ တပေါင်ဖြစ်လိမ့်။

(၆) တလစ်ဇီဝါ၊ ဂြိုဟ်ပျက်လာမူ၊ ပစ္ဆာနောက်ရပ်၊ ဖြူသောလာဘ်နှင့်၊ ကွမ်းချပ် ထီးစည်၊ ရည်ရည်နေရာ၊ မြို့ ကျေးရွာလည်း၊ ရာဇပူဇ၊ ခံတို့ရလိမ့်။

(၇) ရာဟုမှာမူ၊ ထောင်ပါယပ်ပေ၊ မိန်းမလေကြောင့်၊ ဆူဝေပြင်းပြ၊ ခိုက်ရန်စနှင့်၊ ဒေါသမူပြစ်၊ ကိုယ်မှာဖြစ်လိမ့်၊ စိတ်ညစ်သောအား၊ တစ်ရွာသွားအံ့။

(၈) ဘရဂုကား၊ တူရှုမြောက်က၊ ကျွန်ကောင်းရလျက်၊ မင်းမှာဆုလာဘ်၊ ကျေးရွာထပ်၍၊ နှင်းအပ်ဝန်စု၊ ကြီးထုပ်ညာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္ဘာနှင့် ကာယသုခ၊ စိတ္တသုခ၊ ငြိမ်းချမ်းသာ၍၊ ရောဂါခပင်း၊ စင်လွတ်ရှင်းအံ့။

## သက်ရောက်တွက်နည်း

မိမိရောက်သော အသက်ကိုတည်၊ ၈-ခုစား၍ အကြွင်းအရ၊ မွေးနံဂြိုဟ်ရှိရာက လက်ယာရစ် ရစ်လေ၊ ရောက်ဂြိုဟ်သည် သက်ရောက်ဂြိုဟ်ဖြစ်၏။

## သက်ရောက်ဟောနည်း

### တနင်္ဂနွေဂြိုဟ် သက်ရောက်ဟော တေးထပ်

ဥက္ကာဂူဖလ် ပြာသာဒ်၊ ဂြိုဟ်မြတ်တဲ့သက်ဆုံ၊ စာပေါင်း
သိုက်ရပ်မြို့ကို၊ မျောက်သူပုန် မွှေနှောက်။ ။မကောင်းပ
ကြမ္မာဖန်၊ မတော်မှုန် သည်ကိန်းသို့ရောက်။ ။ တန်ခူးနှင့် ကဆုန်၊
နှင်းငွေမှုန်မြူသောက်၊ လပြာသိုချိန် အရောက်တွင်မှ၊ အမှုပေါက်
ပွေရှာ။ ။ သား-မြေး-ဆွေ-ကျွန် ခပင်းရယ်ကြောင့်၊ မှုအခင်း
ဖြစ်တတ်လှပါ။ ။ သူခိုးနှင့်မီးဆိုတာမှာ၊ သတိသာဆောင်ငြားလို့
ရှေ့မြောက်ပါး နောက်တောင်စွယ်၊ ရှောင်ရှားပါ့ကွယ်၊ ချစ်သူနှင့်
စပ်သွယ်လျှင်၊ ခင်ပျိုမယ် မိန်းမနှင့်လေး။

### တနင်္လာဂြိုဟ်သက်ရောက်ဟောတေးထပ်

သီတာဂူငွေပွင့်၊ စန်းယုန်မင့်ဗိမာန်၊ သက်ရောက်လို့ဝင်
ပြန်လျှင်၊ ဟောရန် ဆိုတဝ။ ။ မောင်ကောက်ရ သူဌေးကျော်



သင့်တော်လျော် သည်ကိန်းသို့ကျ။ မွေနှစ်ကယ်ဥစ္စာ။ ။
လိုရာရာ ကိစ္စ၊ ရှေ့နောက်ယံဒေသက၊ ရတော့မည်မှန်စွာ။
ခါကဆုန် ဝါဆောင်တုန်း၊ တန်ဆောင်မုန်းလရောက်သောခါ။ ။
ကြွက်မင်းနှင့် တနင်္လာ။ ချမ်းသာရာ ခိုကပ်လို့၊ ဂြိုဟ်ရပ်က
လာဘ်ဖြူစင်၊ ရငြားလိမ့်ထင်၊ ဟောလိုက်တဲ့ ဇာတာရှင်ကို၊
နတ်ဗေဒင် ဆိုလိုက်ကဲ့လေ။

### အင်္ဂါဂြိုဟ် သက်ရောက်ဟောတေးထပ်

ကေသရာရန်ဝေ့၊ နံခြသေ့ရောက်လာ၊ ခေါင်းဆယ်လုံး
ကံကြမ္မာငယ်၊ မင်းသီတာယဉ်နွဲ့။ ။ သူ့တွက်ကြောင့်
ခန္ဓာကုန်သည်၊ သည်ထုံးပုံ ကိန်းရောက်ပြန်ခဲ့၊ ကဆုန်နှင့်ဝါခေါင်၊
ပြာသိုနောင်တစ်လှည့်၊ မိန်ရာသီ မကုန်ခင်က၊ ကြောက်မက်ဖွယ်
လမ်းတာ။ ရှောင်တိမ်းပါ မိန်းမခင်း၊ ယိမ်းမယွင်း ဖြစ်မြဲမှန်စွာ။
ရှေ့တောင်ထောင့်ရပ်ဆီမှာ၊ အသားနီလူတစ်ယောက်ကယ်ကြောင့်၊
စိတ်နောက်လို့ပူဗျာပါ၊ ငြိုးရန်စရှာ။ ။ ချစ်သူနှင့် ကွင်းကွေ
ကွာသည် ချစ်ဒဏ်ရာ ထိဦးမည်ပလေး။

### ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်အဟော တေးထပ်

မျိုးမာကင်မုန်ဦး၊ ဗုဒ္ဓဟူးဂြိုဟ်ဝင်၊ လောင်းဆဒ္ဒန်ပျော်ရှင်၊
ငြိုးမာန်ဝင်စိတ်ထား။ ။ သောနုတ္တိုရ်မြားဒဏ်မှာ စူးရှမှန်
သည်ကိန်းနှင့်ငြား။ ။ တပို့တွဲခေါ် ဆို၊ လပြာသိုတစ်ခြား၊ မနာလို
ရန်ပွားလို့၊ စကားကပြစ်တင်၊ ဝမ်းရောဂါအနာအမှတ်၊ စွဲကပ်လိမ့်

www.burmeseclassic.com

www.burmeseclassic.com



ငါဆရာထင်။ ။ ခြေနှစ်ချောင်း စုတ်ကြီးဝင်။ ရှေ့တောင်ခွင် ဒေသက၊ လာဘ်လာဘ ဥဒဟို၊ ရမြဲပကို။ ။ နတ်မျက်စိ နှိုင်းဆိုသည်၊ တက္ကသိုလ်ဉာဏ်ကြီးဖို့လေး။

## စနေဂြိုဟ်သက်ရောက်အဟော တေးထပ်

မျက်စောင်းရှိန်ထိန်လျှပ်၊ မျိုးရေနတ် ရောက်လာ ဇနက္ကလောင်းရာဇာ၊ လေ့နာဝါပျက်ပြုန်း။ ။ သည်ကိန်း ခုကြုံပြန်လျှင်၊ မူတန်တန်ပွားနေကြထုံ။ ။ အရောင်းနှင့် အဝယ်မှာ ကြောက်မက်ဖွယ်ရှောင်ဦး။ မီး, ခိုးသူ, ပျက်ဖြန်းလို့ ဆုံးတတ်လှအနေ၊ လကဆုန် ဝါခေါင်တွင်း၊ မိန်းမခင်းဖြစ်မြဲမသွေ။ သူ့အရပ် ဂြိုဟ်အနေကို ရှောင်ခါသွေ ယာယီပျက်ကယ်ကြောင့်၊ ခြေလက်စ အနာတစ်သွယ်၊ ပေးတတ်လှတယ်။ ။ ဂြိုဟ်ပါပ အမူကြွယ်ငယ်၊ အန္တရာယ်များနိုင်မျှလေး။

## ကြာသပတေးဂြိုဟ် သက်ရောက်အဟော

ဆယ်ရပ်ခွင် ရောင်ခြည်စုံ၊ ဂြိုဟ်ဂုရုရောက်သော်၊ မင်းကုသ အလောင်းတော်၊ ဆွေကြင်ဖော် ယှဉ်နွဲ့။ ။ မယ်ပပဝတီကို၊ ရမြန်သည် ကိန်းသို့ကြုံဆဲ၊ တပေါင်းတဲ့ ရက်ကြွေ၊ ကဆုန်နွေ ရောက်ပြန်မြဲ၊ နေ့မကြာပြတ်မစဲ၊ လာဘ်ခပဲဥသုံ၊ လှကညာ အပျိုပေါက်၊ နောက်ရပ်က တွင်းစုတ်နှင့်ကြုံ။ ။ စနေထောင့်ရပ် ဘုံမှာ၊ အချစ်ယုံ မဝင်လွန်းနှင့်၊ နှုတ်ခွန်းမျှမသာကြာ၊ မိန်းမ ဖျက်မည်။ သတိကို ဆောက်တည် စိတ်ကြံစည် ရိုင်းစေနှင့်လေး။



## ရာဟုဂြိုဟ် သက်ရောက်ဟောတေးထပ်

ဟိုင်းဆင်ပြောင် မုန်သောက်၊ ဂြိုဟ်သက်ရောက်အခါ၊ သေနင်္ဂသူရာကို၊ နတ်က္ကန္ဒာလျှင်ဖျက်။ ဤကိန်းနှင့် ကြုံပြန်လာ၊ စည်းစိမ်ကွာ ဆုံးတတ် အသက်။ ကံပိန်လှ သည်အခါ၊ ပျောက်ဥစ္စာ ဝင်ထွက်၊ ရပ်ဌာနီ ဟိုအကွက်က၊ မာန်အမျက်ထွေးအုံ။ ။ ကြီးမြတ်သူသင်္ဂဟ၊ မိန်းမက ငြိုးစစ်နှင့်ကြုံ။ ။ အကြောင်းမဲ့ ဖြစ်စုံကို၊ ရာသီကုန်ချိန်လုမှ၊ တရားမှုချစ်ဆွေလင်၊ ကွာကိန်းရမြင်။ လာဘ်စုတ်ရောက်မဝင်သည်၊ ဉာဏ်ဆင်ခြင် ဟောလေကွယ့်လေး။

## သောကြာဂြိုဟ် သက်ရောက်ဟောတေးထပ်

မှူန်မြူရလွန်သင်း၊ ဂြိုဟ်ပုံးမင်းဌာနီ၊ မယ်ဒွေးလှကြည်ညီ သက်ဆံလည်ပျော်ပိုက်။ ။ သုခနေ့ဘုန်းလှိုင်မှာ၊ ကြင်တူပြိုင်သည် ကိန်းနှင့်ဆိုက်။ ။ ကွမ်းခွက်နှင့် ထီးစည်၊ ကြီးအမည်သမိုက်၊ မိန်ရာသီ အခါကြုံကြိုက်တွင်မှ၊ သိုက်မြိုက်သည့်ကညာ။ ။ မြောက်ဒိသာ ရပ်ခြားက၊ လာဘ်စီးပွားရတော့မည်သာ။ ဆန်စပါး ရတနာမှာ၊ အခါခါရမြဲပ၊ မှန်မလွဲဧကန်သာ။ ဟောသင့်လှပါ။ ရဟန်းမြတ်ဖြစ်လာလျှင်၊ ရရန်သာ ရွှေကျောင်းပလေး။

## မေးလာသော စကားလုံးရေကို (၈)ခုစား၍ ဟောရန်

(ကျော်-ခန်း-စက်-ဝင်-နက်-မှင်-ရိပ်-သန်း)

www.burmeseclassic.com

www.burmeseclassic.com



ဣ-ဌကင်းကွာ၊ အသူရာ၊ အောက်မှာ ဇောက်ထိုးကျ။
ခန်း-ကြီးလှစွာ၊ ယောသကာ၊ အရာ သူဌေးရ။
စက်-စက်ယိုပြီး၊ သွေးသံစီး၊ ငြိုးကြီးစုန်းတွေက။
ဝင်-လာအလွယ်၊ ပပမယ်၊ ရတယ်မင်းကုသ။
နက်-လှပင်လယ်၊ ပြင်အကျယ်၊ တကယ်ပျက်ကျိန်းကျ။
မှင်-သကံမြေ၊ ဘုံနန်းရွှေ၊ အမွေသိမ်းပိုက်ရ။
ရိပ်-ညောင်ပင်ရင်း၊ ဆဒ္ဒန်စင်း ထန်ပြင်းမြားစူးရှ။
သန်း-ရံရွှေလယ်၊ လွန်တင့်တယ်၊ မြင့်ကြွယ်ဘုန်းသစ်တ။

## မေးလာသောစကားလုံးရေကို(၇) ခုစားပေါ

(မိုး-သန်-ကံ-လုံး-ထစ်-ညံ-အုန်း)

မိုး-မှ လူရွှာ၊ စုံတေလာ၊ လောင်းလျှာသန္ဓေခ။
သန်-နွေရင့်မှာ၊ ဗောဓိလျှာ၊ ဖွားကာထူးကဲစွ။
ကံ-အကြောင်းပါ၊ နန်းရိပ်ခွာ၊ တောမှာကျင့်ကြံရ။
လုံး-စုံတရား၊ သိမြင်ငြား၊ ဘုရားဖြစ်သည်ပ။
ထစ်-ကျူးကြေညာ၊ မိဂဒါ၊ စကြာတရားပြ။
ညံ-ဆူလိုက်ခုံ၊ ငိုပွဲကြုံ၊ ရွှေဘုံနိဗ္ဗာန်ကြွ။
အုန်း-မြိမ့်ကျော်ပြီး၊ ရှိန်ပြောင်းညီး၊ ဓာတ်မီးတေဇောတ။



## နဂိုး, ယာယီတွက်နည်း

အသက်တည်ထား၊ လေးခုစား ကြွင်းညားဇေက၊ သုံးခုကျ၊ နေရနဂို၊ မသွားလို။

ခွေးနှင့်သုည ကြွင်းတုံက၊ သွားကြစေလို၊ ယာယီဂြိုဟ်။

ဖွားသက္ကရာဇ်ဝယ်၊ ရောက်သက်ပယ်၊ တသွယ်မွေးနံ၊ မြောက်ပွားပြန်၊ စားရန်သက်နှင့်ခွင်း၊ ကြွင်းငြားပါပ ယာယီကျသောမကြွင်းမူ၊ နဂိုယူ၊ ဗိုလ်ယူနှလုံးသွင်း။

## အနိဝဋ္ဋနဲ့တွက်ကိန်း

ခရီးသွားသူ၊ သက်တည်ထူ၊ ခြောက်မူနုတ်ပြီးမှ။
ရှစ်ခုကြွင်းသော်၊ ကြွင်းနံပေါ်၊ ရှောင်နော်ထိုဒေသ။
အသက်တည်လတ်၊ ရှစ်ခွင်းဖြတ်၊ နံရပ်ရှောင်သင့်လှ။
သက်တည်ခွေးပွား၊ ရှစ်ခုစား၊ နံကားမြင်ရပ် မသွားအပ်။

## စန်း, လွန်း, လင်္ဂ, တြင်း, နဝင်းပြတ်တွက်နည်း

အသက်တည်ထား၊ နှောဆယ့်ငါး၊ စားငြားရှစ်ခုသာ။
သုဉ်းမူစန်းပြတ်၊ မှတ်လေအပ်၊ ဆုံးတတ်ထိုလူနာ။
ဆယ့်ခွန်နှောထား၊ ထိုနည်းစား၊ သုဉ်းငြားလွန်းပြတ်ပါ။
ဆယ့်နှစ်နှောလေ၊ ရှစ်စားပေ၊ သုံးချေလင်္ဂပြတ်သွား။
ကိုးခုမြှောက်ထား၊ သုံးခုစား၊ သုဉ်းငြားတြင်းမှာ။
သုံးမြှောက်ကိုးစား၊ သုဉ်းလေငြား၊ မှတ်သားနဝင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်သုဉ်း, ဆေးသုဉ်းတွက်နည်း

သက်တည်သုံးစား၊ သုဉ်းလေငြား၊ မစားဆေးရှောင်ရာ။
အသက်တည်ပါ၊ နှစ်ဆယ်သာ၊ နှောကာလေးခုစား။
သုဉ်းလျှင်မြေဓာတ်၊ ပျက်စီးလတ်၊ နာတတ်ဦးခေါင်းများ။
ဆယ့်နှစ်နှောကာ၊ လေးခုသာ၊ စားပါမှန်မမှာ။
သုဉ်းလျှင်ကာရေ၊ ပျက်စီးလေ၊ နားထွေ လည်ချောင်းယား။
လေးနှောလေစား၊ သုဉ်းလေငြား၊ ပျက်ပြားတေဇောဓာတ်။
ဘယ်ရောဂါ၊ ဖြစ်တတ်စွာ၊ ရင်မှာနာမည်မှတ်။
နှောခြောက်ခုပင်၊ လေးစားချင်၊ သုဉ်းလျှင်လေပျက်ဓာတ်။
ဝမ်းပြည့်ဝမ်းနာ၊ ဖြစ်ပြီးကာ၊ ရောဂါစွဲလို့ကပ်။
ထိုဓာတ်လေးပါး၊ ပျက်ပြိုငြား၊ ပြုငြားယတြာ။
သက်ရောက်နံ့တင်၊ ဘုရားတွင်၊ ဖူးမြင်လှူဒါန်းရာ။
လ, ရေ, မီး, ယပ်၊ ထိုသည်ဓာတ်၊ ယူမှတ်စဉ်တိုင်းသာ။
ကန်လေလှူလေ၊ ပူဇော်လေ ဒုက္ခဓားကင်းကွာ။

## ပုညာ, ဇီဝ ကမ္မတွက်နည်း

အသက်တည်ငြား၊ သုံးသော်ထား၊ ထက်ကာသုံးသော်။
လယ်မျှော်ပဥ္စ၊ အောက်နဝ၊ မြှောက်တစ်ဆယ့်နှစ်စား။'
ထက်သုံးပုညာ၊ လယ်ဇီဝ၊ အောက်မှ ကမ္မထား။
ပုညသုဉ်းထ၊ ရပ်တေဇ၊ ထောက်မ ညောင်ပင်အား။
ဇီဝသုဉ်းလတ်၊ အာယုရပ်၊ လွတ်အပ် ပုစွန်ငါး။
ကမ္မသုဉ်းလာ၊ ပရိဝါ၊ လှူပါကိုယ်ချိန်ထား။



## ကာယကွယ စသည်တွက်နည်း

ကောဇာတည်ထား၊ အသက်စား၊ ရငြားလဒ်မှာ သက်မြှောက်ပါ။
ထပ်ကာဆယ့်နှစ် စားလေကြ။
တစ်, နှစ်ကြွင်းမူ၊ ထိုသည့်သူ၊ မှတ်ယူကမ္မကွယ။
သုံး, လေး, ငါးတန်၊ အကြွင်းကျန်၊ ခေါ်ရန်ပဠေဒက။
ခြောက်, ခွန်, ရှစ်ခု၊ အကြွင်းမူ၊ ဥပဝိဋ္ဌက။
ကိုးနှင့်တစ်ဆယ်၊ ဆယ့်ကစ်ဝယ်၊ မှတ်ဖွယ်အာယုကွယ။
ဝိဋ္ဌကမှာ၊ မထောင်းတာ၊ သုံးဖြာအကျ၊ စိုးရိမ်ရ။

## ခုနစ်နေ့ ဖဝါးယူနည်း

တနင်္ဂနွေ၊ ဆယ်ဖဝါးရေ၊ ဆောင်လေမှုကိစ္စ။
ငါးစီဝါး တနင်္လာ၊ ရှစ်ဖဝါးမှာ အင်္ဂါနေ့ဘောမ။
ဗုဒ္ဓလေးဖဝါး၊ သုံးဖဝါး၊ နေ့ကြာသပတေးမှ။
ဆယ့်နှစ်သောကြာ၊ စနေမှာ ကိုးဖြာဖဝါးပြ။
ထိုခဲ့ချိန်တွင် ပြုဆောင်လျှင်၊ အောင်မြင်မှုကိစ္စ။

## လူ, နတ်, ဘီလူး နက္ခတ်ရွေးနည်း

ဖွားကာမတ်မတ်၊ တည့်နက္ခတ်၊ တည်လတ်ပါကုန်ကြ။
သုံးခုဖြုခွင်း၊ ထိုအကြွင်း၊ မှတ်ခြင်းသညာပြ။
တစ်ကို နတ်ယူ၊ နှစ်မှာလူ၊ သုံးမူဘီလူးရ။
လူသားလူချင်း၊ ထိမ်းမြားလျှဉ်း၊ ချစ်ခြင်းမေတ္တာမျှ။
လူနှင့်နတ်မှာ၊ လွန်ချမ်းသာ၊ ကြည်စွာအေးမြမြ။
ဘီလူးနှင့်လူ၊ ထိမ်းမြားမူ၊ အတူမနေရ။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးနှင့်နတ်၊ ထိမ်းမြားလတ်၊ ကောင်းမြတ်ရန်မျိုးပ။
နတ်ချင်းချင်းနော်၊ ထိမ်းမြားသော်၊ ရာကျော်သက်ရှည်ကြ။
ဘီလူးချင်းချင်း၊ ထိမ်းမြားလျှင်း၊ သတင်းတေဇောကြွ။

## တစ်ဆယ့်နှစ်လ သန်းခေါင်နက္ခတ်ရွေးနည်း

တန်ခူးလမှာ၊ စိတြ၊ ယှဉ်ထမှတ်ပိုင်းခြား။
ဝိသာခါကြို၊ လကဆုန်၊ နယုန်ဇေဋ္ဌပြား။
ဝါဆိုတစ်ဖန်၊ ပြုဗ္ဗာသဉ်၊ အမှန်ရှင်လျက်သွား။
သရဝဏ်ဝါခေါင်၊ လဋ္ဌဆောင်၊ လူဘောင်မြဲမှတ်သား။
သဋ္ဌာဘိသျှံကြယ်မင်း၊ တော်သလင်း၊ မယွင်းနှလုံးထား။
အဿဝဏီတူလွတ်၊ သီတင်းကျွတ်၊ မချွတ်ပျော်ဖွယ်များ။
တန်ဆောင်မုန်းမှာ၊ ကြတ္တိကာ၊ မှတ်ပါလူအများ။
နတ်တော်မှန်ပြီ၊ မိဂသီ၊ မိုးဆီလွန်ထုင်ရှား။
ပြာသိုဖုသျှ၊ နက္ခတ္တ၊ ထွန်းပစက်ရထား။
မာဃမလွဲ၊ တပို့တွဲ၊ ယှဉ်မြဲအာကာဖျား။
တပေါင်းပြုဗ္ဗာရဂုဏ်ဏီ၊ လနှင့်ညီ သိဂီရွှေအလား။
ထိုကြယ်ထိုလ ပြည့်ဝန်းပ တည့်မှသန်းခေါင်းငြား။

## မြွေခဲကျမ်း

(ဥဒေါင်းညိုပြာ၊ လက်ယာကခဲ၊ သားရွှေခဲ၊ လက်ဝဲက)
(အောင်စံမြတ်သူ၊ အဖိုယူ၊ ကျော်သံမထွက်၊ အမမှတ်)

မြွေကိုက်သောနေ့ဖြင့် အဖိုအမ သိအပ်သောနည်း။ ၎င်းနည်းကလွဲသော် မြွေဆိုးမှတ်ရမည်။



သစ်ယာဇကော၊ ကျမ္မဒွေး၊ အုန်းဆီနှော၊ တယောဒါဌာ၊ သည်ကလွဲသော်၊ ကံကြမ္မာ၊ မြွေကောင်းမှတ်ကြပါ။

သော်ကြာနေ့၊ ဗုဒ္ဓဟူးနေ့ မြွေကိုက်သော် အစွယ်ရာ တစ်ချောင်း။

တနင်္လာ၊ ကြာသပတေး နှစ်ချောင်း။

တနင်္ဂနွေ၊ အင်္ဂါ၊ စနေနေ့၌ အစွယ်ရာ သုံးချောင်းရှိရမည်။ ၎င်းကလွဲသော် မြွေဆိုးမှတ်ရမည်။

## ခြပုန်းစွဲအဟော

ခြသည် လျှောက်တွင်လည်းကောင်း၊ ခေါင်တွင်လည်းကောင်း၊ နေထွက်အခါစွဲမူ ဆင်းရဲအံ့။ အလယ်တိုင်စွဲမူ ကျက်သရေတိုးအံ့။ ကြံစည်သော်အောင်အံ့။ တောင်ကစွဲလာသော် အခြံအရံတိုးအံ့။ မြောက်ကစွဲလာသော် အဆွေခင်ပွန်းတိုးအံ့။ အနောက်ကစွဲလာမူ သမီးကညာရအံ့။ အရှေ့ကစွဲမူ လာဘ်ရအံ့။

## ပျား, နကျယ်စွဲအဟော

ပျားလည်းကောင်း၊ နကျယ်လည်းကောင်း၊ အရှေ့အိမ်စွန်း၌ စွဲမူ ပူပင်သောကရောက်အံ့။ အိမ်ပြောင်းလေ။

အနောက်ခေါင်တိုင်စွဲမူ ဥစ္စာရအံ့၊ ပျောက်အံ့။

တောင်စွန်းကစွဲမူ သူဆဲရေးအံ့။ ဖျားနာရာ၏။ အိမ်ပြောင်းလေ။

မြောက်ကစွဲမူ အဆွေအမျိုး ဥစ္စာပေးလတ္တံ့။

တောင်ထုပ်ကစွဲမူ ထိုးပျား, နကျယ်ကို အစားပေး၊ ရန်အောင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တောင်ထောင့်ကစွဲမူ သမီးကညာရအံ့။

အနောက်ထောင့်ကစွဲမူ သူခိုးဝင်ရာ၏။ သတိထားလေ။

အနောက်မြောက်ထောင့်ကစွဲမူ ဆွေမျိုးဥစ္စာလာပေး၏။

အရှေ့မြောက်ထောင့်ကစွဲမူ ရွှေ, ငွေ လာဘ် ရရာ၏။

အရှေ့အိမ်ခေါင်ကစွဲမူ ကြောင့်ကြများရာ၏။

အနောက်အိမ်ခေါင်ကစွဲမူ ဥစ္စာပျောက်ရာ၏။

အထက်ထုပ်ကစွဲမူ သားယောက်ျားရရာ၏။

တောင်အရပ်ကစွဲမူ မကောင်း။

ပေါင်းကွပ်အလယ်ကစွဲမူ ရန်အောင်ရာ၏။

သင်ဖြူးအောက်ကစွဲမူ မင်းပူဇော်ခံရ၏။

အိပ်ရာအောက်ကစွဲမူ မြတ်သောဥစ္စာရ၏။

ဝတ်ခသောပုဆိုးတွင်စွဲမူ သူတကာတို့ထက်မြတ်၏။

ဥစ္စာပေးလာ၏။

တံခါးရွက်တွင်စွဲမူ လာဘ်ကြီးရ၏။

စားဖိုကိုစွဲမူ ကျွန် သမီးရ၏။

လှေကားအောက်ကစွဲမူ ကျွန်, သမီးရ၏။ ပျောက်သောဥစ္စာရရာ၏လည်းဟူ၏။ အနာ အဖျားများရာ၏လည်းဟူ၏။ ဤကဲ့သို့ သုံးချက်ထွက်သည်ကို ဆက်ခြင်၍ ယူကြကုန်။

ဆပ်ကပ်, မြင်းကပ်တွင်စွဲမူ ခိုက်ရန်ဖြစ်၏။ ရန်အောင်အံ့လည်းဟူ၏။ ဤကဲ့သို့ နှစ်ချက်ထွက်ကို ဆင်ခြင်၍ ယူကြကုန်။

လှံရိုးတွင်စွဲမူ ရန်အောင်၏။



နတ်အုန်းတွင် ပျား မြောက်ကလာ၍စွဲသော် ကောင်းစားပြီးသောသူ ယုတ်၏။ ဆင်းရဲသား ကောင်းစား၏။

နံနက်အခါ အိမ်ဝန်းကျင်ပျံ့လာမူကား ဗိုလ်ပါသခင်ဖြစ်၏။

လှေဝယ်စွဲမူ ဖျားနာ၏၊ ရောင်း၍ပစ်လေ၊ မစီးလေနှင့်။

မြား၌စွဲမူ ဖျားနာရ၏၊ ရန်တွေ့၏၊ အောင်၏။

အိပ်ရာကပ်အောက်ကစွဲမူ ကြွယ်ဝ၏။

အရှေ့ကလာ၍စွဲမူ ကြောင့်ကြဗျာပါများ၏။

အနောက်တောင်ထောင့်ကလာ၍စွဲမူ မင်းလာဘ်ပေး၏။

နေထွက်သောအခါ အရှေ့ကလာ၍စွဲမူ သူကြီးဖြစ်၏။

မွန်းတည့်သောအခါ တောင်ကစွဲမူ အဆွေအမျိုးရောက်၏။

မြောက်ကလာ၍စွဲမူ အမည်ရ၏။

အရှေ့ကလာ၍ အနောက်ကစွဲမူ နှလုံးမသာဖြစ်၏။

အနောက်ကလာ၍ အရှေ့ကစွဲမူ လာဘ်ကြီးရအံ့။

မြောက်ကလာ၍ အနောက်ကစွဲမူ ကောင်း၏။

အရှေ့တောင် အနောက်တောင်ထောင့် အရပ်ကလာ၍ အနောက်မြောက်ကစွဲမူ အခြေလေးခု ဥစ္စာရအံ့။

အနောက်မြောက်ကလာ၍ အရှေ့မြောက်ကစွဲမူ မင်းပူဇော်ခံရအံ့။

တောင်ကလာ၍ မြောက်ကစွဲမူ ဥစ္စာရအံ့။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ကလာ၍ တောင်ကစွဲမူ အိမ်ပျက်အံ့။

အရှေ့ခေါင်လျောက်စွဲမူ ဥစ္စာပျောက်အံ့၊ သတိထားလေ။

တောင်လျောက်ကစွဲမူ ဥစ္စာချမ်းသာအံ့။

မြောက်လျောက်ကစွဲမူ ငွေရအံ့၊ ချမ်းသာအံ့။

တောင်ထုပ်ကစွဲမူ ဥစ္စာရအံ့။

တောင်အရပ်ကစွဲမူ မယားရအံ့။

တောင်ထရံကစွဲမူ ဘေးသင့်အံ့။ မြန်မြန်လွဲပြောင်းလေ။

အရှေ့မြောက်ကစွဲမူ လာဘ်ရ၏။

ထုပ်လျောက်ကစွဲမူ ငွေရ၏။ မယားရ၏။

အနောက်မြောက်ထောင့်က ထုပ်လျောက်စွဲမူ အဆွေအမျိုး ဥစ္စာပေး၏။

အိမ်ရှေ့ကစွဲမူ မကောင်း၊ အမှုရှုပ်တတ်၏။

(ပျား, နကျယ်, ပျားဆုပ်ပနီ့,၎င်းသုံးမျိုးလုံးကိုပင်ယူရမည်။)

## လင်းတနားအဟော

လက်ယာမည်ရ ငှက်လင်းတ၏ မူလအကြောင်း နိမိတ်ပေါင်းကို ထုံးဟောင်းတွေရှာ ဟောရိုးမှာအံ့ အစချီကာ မြောက်ကလာ၍ ချာချာတစ်ဖန် ရှေ့သို့ပြန်သော် လာဘ်လာဘ လာဘ်ကြီးရလိမ့် ထိုမှတစ်ဖန် နောက်သို့ပျံမူ သွားရန်ရှိလည်း ကိုယ်ချုပ်တီးလော့ ဘေးလည်းလမ်းမှာ ပျက်စီးရာသည် လက်ယာငှက်တွေ သဘောတည်း။



လင်းတလက်ယာ၊ မြောက်ကလာ၍၊ ပြုဗ္ဗာရှေ့က၊ နားလာကမူ၊ ဘယဘေးကြီး၊ အပြီးမှန်ထွေ၊ ပျက်စီးချေ၍ မွဲလေတတ်စွာ၊ မြောက်ကလာ၍၊ လစ်ခါမြောက်လို့၊ ပျံပြန်တို့မူ၊ ကောင်းကျိုးမင်္ဂလာ၊ လာဘ်ပေါ်ရာလိမ့်၊ ဒက္ခိဏရပ်၊ ပြုဗ္ဗာရပ်သို့၊ ပျံလတ်ပေသော် မတော်မကောင်း၊ အကြောင်းတို့ဝယ်၊ အန္တရာယ်တည့်၊ နောက်ဝယ် ပစ္ဆိ၊ ပျံလေဘိမူ၊ ဟောတိသုခ၊ စည်းစိမ်ရအံ့။ ကြွယ်ဝချမ်းသာ၊ ရှိတုံပင်လိမ့်၊ ပြုဗ္ဗာရှေ့က၊ လာလေကမူ၊ ဒုက္ခမှန်စွာ၊ ဆင်းရဲပါလိမ့်၊ ဒက္ခိဏာသာထ၊ ဘယဘေးရောက်၊ မြောက်ဥတ္တရာ၊ ရပ်ကလာမူ၊ ချမ်းသာသုခ၊ ကောင်းကျိုးရလိမ့် မုချမယွင်း မှတ်လေမင်း။

## နိမိတ်အဟော

နိမိတ်ဟောရန်၊ လက်ျာပြန်အံ့၊ သွားရန်သွားခွင့်၊ ဆောင်ခွင့် ဆောင်ရန်၊ မှုကြံကိစ္စ၊ ရှိသမျှပင်၊ နောက်ကငိုသံ၊ မြေဆက်ဟန်ကား၊ နောက်သံကောင်းမည်၊ မယွင်းလည်လော့၊ ဘေးသည်တွေ့ရ၊ မှန်မုချတည့်။ ။ ရှေ့ကဤသို့ တွေ့သည်တို့လည်း၊ ကောင်းဖို့မကြံ၊ ရှေ့သို့လျှံလည်း၊ ပြန်လည်ကာမှ၊ ချမ်းသာရမည်။ ။ ထိုမှတစ်ချက်၊ လက်ျာဘက်မူ၊ အသက်ဆုံး၍ ဘေးကြီးတွေ့အံ့။ ။ ထို၍လက်ဝဲ၊ တွေ့မြဲအမှန်၊ ခြေဆတ်ဟန်နှင့်၊ ငိုသံထူးခြား၊ နိမိတ်ကြားမူ၊ အများတို့လျှင် တစ်ယောက်ပင်တည့်၊ အောင်မြင်ခိုင်ရေး ဥပဒ်ဘေးသည် . . . စစ်ပြေးလွင့်ပျောက်ရာ၏တည်း။

မြွေနှင့်အိမ်မြှောင်၊ ခွေး,ကြောင်,လင်းတ၊ ဥဗျိုင်းစသည့်၊ ရောက်ထတောင်ပို့၊ ပျားပို့စွဲလျက်၊ လင်းစီးငှက်[illegible] ကင်းဝက်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာ၊ သာလိကာများ၊ တောသား ချိုးခါ၊ သတ္တဝါသဗ္ဗ၊ အဘူတဟု၊ ပုဗ္ဗအနှောင်း၊ မဖြစ်ဟောင်းကို၊ သိကြောင်းစင်စစ်၊ မေးလစ်သောခါ၊ လာသည်ခဏ၊ ဘဝါးပြွန်၊ နှောထသုံးခု၊ မြောက်မှုပဥ္စ၊ သတ္တနှင့်စား၊ ကြွင်းငြားစန္ဒ၊ သောကြာ့ဇီဝါ၊ ဂြိုဟ်ဗုဒ္ဓကား၊ ရှားစွ ရွှေ ငွေ၊ အခြေသက်ရှ၊ လိုဘိဥစ္စာ၊ ရလေရာ၏။ အင်္ဂါစနေ၊ တစ်ထွေသူရဋ္ဌ၊ ပါရဂြိုဟ်စင်၊ ကြွင်းသည်မြင်မူ၊ အလျင်မနှေး၊ ဦးဆေးမင်္ဂလာ၊ ပရိတ်နာမူ၊ ခွာလေအိမ်ကို၊ စွန့်လေဆိုလော့။ ။ သိလိုတစ်ထောက်၊ အံနောက်အရပ်၊ မြောက်ရပ်ဇကန်၊ လေးတန်ဒိသာ၊ လာဘ်ကြီးလာ၏။ ။ ပြုဗ္ဗာအဂ္ဂိ၊ ဒိက္ခနောက်တောင်၊ တိတ်တဘောင်ကား၊ ကုန်အောင်ဥစ္စာ၊ ပျက်စီးရာသည် . . . မှတ်ပါ အများရှင်လူတည်း။

## လစ္စွဲမြေလှုပ်အဟော

သူမဟိန်လျှင်၊ ဣန္ဒြေမဲ့၊ တုန်လှုပ်ခဲ့သော်၊ ပြည်ထဲအကြောင်း၊ မှတ်နာညောင်းလော့၊ တပေါင်းလမှာ၊ မြို့ရွာပျက်အံ့။ ။ မပျံ့မပြုး၊ လတန်ခူးမှာ၊ ဩဇာမြေနု၊ သီးနှစ်စုကို၊ သတ္တာရုရန်ကြုံ၊ ရှင်းရှင်းကုန်လိမ့်။ ။ ကဆုန်လတွင်၊ သစ်ပင်သစ်သီး၊ မကြီးထိန်းပြ။ ။ နယုန်လမူ၊ မိန်းမကိုယ်ဝန်၊ အမှန်ယွင်းယို။ ။လဝါဆိုကား၊ လူပိုလ်များမင်း၊ ကင်းအံ့လူ့ဘောင်။ ။ ဝါခေါင်မှာမူ၊ ပြည်သူတစ်ဖော်၊ ဆင်းရဲမြော်လိမ့်။ ။တော်သလင်းကား၊ ပုဏ္ဏားရဟန်း၊ ပင်ပန်းပေတတ်။ ။သီတင်းကျွတ်မူ၊ အထွတ်ညာထား၊ မိဖုရားခေါင်၊ ခန္ဓာချောင်အံ့။ တန်ဆောင်မုန်းလှုပ်၊ မျိုးမတ်ချုပ်တို့၊ တအုတ်



တအော၊ ဗျာပါဆံဖျား၊ အသက်ထားလိမ့်။ ။ အခြားထိုရော်၊ လနတ်တော်ကို၊ ပွဲကြီးလိုအံ့။ ။ ပြာသိုလထဲ၊ ပျက်ပြိုကွဲလိမ့်။ ။ တပို့တွဲမူ၊ ပြည်သူ့မျက်စိ၊ ပညာရှိတို့၊ ထိလိမ့်မင်းရှိန်၊ နှလုံးပန်သည် . . မဟိန်ဘူမိ ကထာတည်း။

## အခါစွဲ မြေလှုပ်အဟော

ဟူအချိန်တွင် တွက်ကိန်းဆင်သော် ည့်တွင်မိသော် လက်မှုလုပ်ရှား ကျွဲ၊နွား၊ဆင်၊မြင်း ခပင်းပြည်ရွာ ဥပဒ်ဖြာလိမ့်။ ။ ခြင်းရာပြီးသော် လက်မှုအလျော့ကျ မင်းသားပျောက်မည်။ ။ မေထုန်သည်ကား တိုင်းပြည်ပုန်ကန် တစ်ဖန်လုယက် သက်ကြီးမြတ်သူ အပြစ်ယူလိမ့်။ တွင်ယူမှန်လှ သိဟိတွင်ကျမူ သဗ္ဗတိန့် ကြံကြံသရွေ့ ဓလေ့ယုတ်မာ။ ကန်လယ်မှာမူ ပညာရှိတို့ ခန္ဓာချို့အံ့။ ။ ဟူသို့ရောက်လျှင် စစ်မက် ဆင်ကာ။ ။ဗြိစ္ဆာမှတ်ရှားချောက်ချားသမူ။ ။ဓနု၌သော် မလျော်သသူ မင်းဖြစ်မူလိမ့်။ ထို့တူမကာရ ပြည်ပငြိုငြင်း။ ကုံတွင်မူကား လုံ့မား ကိုင်ခြင်း စစ်မက်ခင်း၍ ခပင်းပြည်သူ ပူအံ့ဆက်ဆက်။ ။ မိန်လက်၌လည်း ပျက်စီးအံ့ရာ မြို့ရွာမကောင်း ထောင်းထောင်း ကြွေပြောပြေးသွားရပ်ခွင် ရွာတွင်လူမဲ့ ဖြစ်ခဲ့ညှိုးပိန် ခန္ဓာမှိန်သည် . . အချိန်ယူသည့် အခါတည်း။

## နေ့စွဲ မြေလှုပ်အဟော

လူကာဝိန်လျှင် ပြက္ခဒိန်ဆင်လျက် ချင့်တွက်ဇကန့်အမှန်မယွင်း နှလုံးသွင်းလော့၊ တနင်္ဂနွေ ည့်မြေလှုပ်ရှား တိုင်းကား

www.burmeseclassic.com

www.burmeseclassic.com



ပြည်ရှာ စည်ပင်သာအံ့။ ။ တနင်္လာမူ ဩဇာမြေကြီး လုပ်သိမ်းဆောင်တာ ပေါ်စွာကြွေ့ကြွေ့။ ။ အင်္ဂါနေ့မူ ခိုးသူများပြ စစ်မက်ထ၍ မဝရေစာ ပြည်ရွာညစ်ညူး။ ။ ဗုဒ္ဓဟူးမူ ဆင်ဖြူရတနာ ကညာသမီး တိုင်းကြီး ဖြည်ဝေး ရောက်လာရေးတည့်။ ။ ကြာသပတေးကူ လှူပ်သမျှမှာ စကြာအလျာ ပစ္စေကာနှင့် သမ္မာသမ္ဗုဒ္ဓေ ဘုရားအလောင်း သန္ဓေ အောင်း၏။ ။ တစ်ကြောင်းသောကြာ မြေလှုပ်ခါမူ ရာဇပျက်ပြောင်း ပြည်တိမ်းစောင်း၍ အပေါင်းဗိုလ်လူ အိုးသို့ဆူအံ့။ ။ ဇမ္ဗူဥာဏ်မြေ စနေသော်ကား ပုဏ္ဏားပုရောဟိ မင်းကြီးဆရာ ဥစ္စာကြွယ်ဝ နေပြည့်လတ် အမတ်ပူရှိန် နှလုံးပိန်သည် ကဝိန်လူတို့ ဆရာတည်း။

## လအိမ်ဖွဲ့အဟော

တနင်္ဂနွေနေ့ လအိမ်ဖွဲ့မူ မိုးကောင်းအံ့၊ ပြည်ထဲဝပြောအံ့၊ သာယာအံ့။

တနင်္လာနေ့ဖွဲ့မူကား မိုးတစိတစောင်းရွာအံ့။

အင်္ဂါနေ့ဖွဲ့မူကား မိုးလေအရောရော ကောင်းအံ့၊ ကောက်ကြီး ကောက်လတ်စားရအံ့။

ဗုဒ္ဓဟူးနေ့ဖွဲ့မူကား မိုးကောင်းအံ့၊ ပြည်ဝပြောသာယာအံ့။

ကြာသပတေးနေ့ဖွဲ့မူ မိန်းမရတနာ မင်းမှာရောက်အံ့။ ဆင်ဖြူ ဆင်မြတ် ရတနာလည်းရောက်အံ့။



သောကြာနေ့ဖွဲ့မူကား ပြည်ထဲ သူဌေးသူကြွယ်တို့ဖြင့်လာအံ့။

စနေနေ့ဖွဲ့မူကား ပြည်ရွာသုဉ်းအံ့၊ မကောင်းဟူ၍မှတ်။

## နေအိမ်ဖွဲ့အဟော

တနင်္ဂနွေနေ့ နေအိမ်ဖွဲ့မူကား ပြည်ရွာမီးလောင်အံ့။

တနင်္လာနေ့ နေအိမ်ဖွဲ့မူကား အဆင်းလှသော မိန်းမသမီးကညာ ရတနာရောက်အံ့။

အင်္ဂါနေ့ နေအိမ်ဖွဲ့မူကား မင်းလျာမင်းကောင်းရောက်အံ့။

ဗုဒ္ဓဟူးနေ့ နေအိမ်ဖွဲ့မူကား ရန်စစ်ဖြစ်အံ့။

ကြာသပတေးနေ့ နေအိမ်ဖွဲ့မူကား အမှတ်တို့တွင် မင်းမြောက်အံ့။

သောကြာနေ့ နေအိမ်ဖွဲ့မူကား မင်း၌ ရွှေငွေရတနာရအံ့။

စနေနေ့ နေအိမ်ဖွဲ့မူကား ပြည်ထဲသာယာအံ့၊ မိုးလည်းကောင်းအံ့ ဟူ၏။

အဟောကား-နေထွက်ဦးက ဖွဲ့မူကား ထဘီဝတ်တို့ သေအံ့။ အရှေ့က နေအိမ်ဖွဲ့မူကား မင်းစိုးတို့ စစ်ထိုးကြအံ့။ မွန်းတည့်ဖွဲ့မူ ဘုရားသော်မှ နိဗ္ဗာန်စံရအံ့။ စစ်မက်ကြီးသည်ဖြစ်အံ့။ နေဝင်ဖွဲ့မူ ပြည်ထဲသခင် ဘုရင်သေအံ့။ စစ်ကြီးရောက်အံ့။ နေဝင်ခြမ်း၌ ဖွဲ့မူကား ပြည်ထဲချောက်ချားအံ့။

www.burmeseclassic.com

www.burmeseclassic.com



## နက္ခတ်နိမိတ်အဟော

စိတြနက္ခတ် အရောင်ညှိုးသော် စမ္ပာနဂိုရ်ပြည် မငြိမ်မသက်ရှိအံ့။

သွာဒိနက္ခတ် အရောင်ညှိုးသော် ဧဿဝတီပြည် မငြိမ်မသက်ရှိအံ့။

လဲနုရာဓနက္ခတ် အရောင်ညှိုးသော် သင်းတွဲပြည် မငြိမ်မသက် ရှိအံ့။

ဇေဋ္ဌနက္ခတ် အရောင်ညှိုးသော် ကမ္ဘောဇပြည် မငြိမ်မသက်ရှိအံ့။

ဝိသာခါနက္ခတ် အရောင်ညှိုးသော် ဝေသာလီပြည် မငြိမ်မသက် ရှိအံ့။

သတ္တဘိသျှနက္ခတ် အရောင်ညှိုးသော် ကောသမ္ဗီပြည် မငြိမ်မသက် ရှိအံ့။

ပြုဗ္ဗာပရပိုဒ်နက္ခတ် အရောင်ညှိုးသော် ရာဇဂြိုဟ်ပြည် မငြိမ်မသက် ရှိအံ့။

သရဝဏ်နက္ခတ် အရောင်ညှိုးသော် မောရပြည် မငြိမ်မသက်ရှိအံ့။

ဓနသိဒ္ဓိနက္ခတ် အရောင်ညှိုးသော် သိမ်းပြည် ရှမ်းပြည် မငြိမ်မသက်ရှိအံ့။

ရေဝတီနက္ခတ် အရောင်ညှိုးသော် ဣန္ဒပတ္တနဂိုရ်ပြည်၊ ကုသိနာရုံပြည် မငြိမ်မသက်ရှိအံ့။

အဿဝဏီနက္ခတ် အရောင်ညှိုးသော် ပုဂံပြည် မငြိမ်မသက်ရှိအံ့။



ဘရဏီနက္ခတ် အရောင်ညှိုးသော် ကပိလဝတ်ပြည် မငြိမ်မသက်ရှိအံ့။

ကြတ္တိကာနက္ခတ် အရောင်ညှိုးသော် ယွန်းပြည် မငြိမ်မသက်ရှိအံ့။

မိဂသီနက္ခတ် အရောင်ညှိုးသော် ယွန်းပြည် မငြိမ်မသက်ရှိအံ့။

ပုဏ္ဏဖုသျှုနက္ခတ် အရောင်ညှိုးသော် အလိဂ်ရာဇ်ပြည် မငြိမ်မသက်ရှိအံ့။

အဿလိဿနက္ခတ် အရောင်ညှိုးသော် ဇင်းမယ်၊ သထုံပြည် မငြိမ်မသက်ရှိအံ့။

မာဃနက္ခတ် အရောင်ညှိုးသော် အမရဝတီပြည် မငြိမ်မသက် ရှိအံ့။

ပြုဗ္ဗာဘရဂုဏ္ဏီနက္ခတ် အရောင်ညှိုးသော် တာရာဏသီပြည် မငြိမ်မသက်ရှိအံ့။

ဥတ္တရာဘရဂုဏ္ဏီနက္ခတ် အရောင်ညှိုးသော် မိတ္ထီလာပြည် မငြိမ် မသက်ရှိအံ့။

ဖုသျှနက္ခတ် အရောင်ညှိုးသော် ပဲခူးပြည် မငြိမ်မသက်ရှိအံ့။

## တိမ်တံခွန်ထွက်အဟော

တနင်္ဂနွေနေ့ အနောက်က တိမ်တံခွန်နှင့် ထွက်မှုကား အရှေ့အရပ်မှ ပျက်လေအံ့၊ အရှေ့မှာလည်း အမှန် [illegible]ဖြစ်လေအံ့။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့ အရှေ့မှ တိမ်တံခွန် ထွက်မူကား အနောက်မှာ ဥပဒ်ဖြစ်လေအံ့။

အင်္ဂါနေ့ ထွက်မူကား မြစ်တစ်ဖက် ဥပဒ်ဖြစ်လေအံ့။

ဗုဒ္ဓဟူးနေ့ ထွက်မူကား သူကောင်းချင်း ဥပဒ်ဖြစ်အံ့။

ကြာသပတေးနေ့ ထွက်မူကား မင်းမှာ ယတြာပြုအံ့။

သောကြာနေ့ ထွက်မူကား အဆင်းလှသော မိဖုရားရတနာ ရောက်အံ့။

စနေနေ့ ထွက်မူကား လျှော်လှုပ်အံ့။

## တစ်နည်း နက္ခတ်နိမိတ်အဟော

ဝိသာခါနက္ခတ်နှင့် အင်္ဂါကြယ်ထိခိုက်မူကား လူနာလူဖျား များအံ့။ အင်္ဂါကြယ်သည် တိုး၍ အရောင်ထွန်းသော် မင်း၏သားကြီး သမီးကြီးတို့ ပျက်စီးသေကြေကြအံ့။

ရောဟနီနက္ခတ်နှင့် ဖျောက်ဆိပ်ကြယ် ထိခိုက်ကြမူကား လေပြင်းစွာလာအံ့။ မိုးကြီးစွာလောင်အံ့။

သွာဒိနက္ခတ်၊ စိတြနက္ခတ် ထိခိုက်ရာ ရာဟုဂြိုဟ် စီးပြန်မူကား နံရောက်ရာတိုင်းပြည်၌ မီးသို့ပူပြင်း၊ ငတ်မွတ် ရှားပါးအံ့။ ယောကျ်ား တစ်ယောက်ကို မိန်းမတစ်ကျိပ်ရှာအံ့။

## ကြယ်တံခွန်အဟော

ကြယ်တံခွန်သည် အရှေ့မျက်နှာကထွက်သော် ထိုအရပ် ပျက်စီးအံ့။



တောင်ကထွက်သော် တောင်မျက်နှာက တိုင်းပြည်၊ မြို့ရွာ သာယာဝပြောအံ့။

အနောက်ကထွက်သော် အနောက်မျက်နှာ ပြည်ရွာဇနပုဒ် မသာရှိအံ့။ ၎င်းမြောက်မျက်နှာက သူပုန် သူကန်ပေါ်အံ့။

မြောက်မျက်နှာက ကြယ်တံခွန်မြင်မူ ပြည့်ရှင် ဥပဒ်ကင်းအံ့။ တိုင်းပြည်သာယာ ဝပြောစည်ပင်အံ့။ ကြယ်တို့ကို နေ့စဉ်မှတ်၍ ကြည့်သော် ထွန်းသည့်ကြယ်နံရောက်ရာ မြို့ပြ သာယာအံ့။

## အိမ်တွင်မှိုပေါက်အဟော

အိမ်တွင်မှိုပေါက်မူ ရတနာသုံးပါး နတ်တကာတို့အားလှူပေ။ ဆလပ်ရွက်၊ ကင်ပွန်းသီး ညှိမျက်ကိုရှာ၍ထား။ လိုသောအခါ ဥသျှစ်ရေနှင့် ဖျော်၍ ခေါင်းဆေးလေ။ ဦးခေါင်းဆေးရသော အကျိုးကား ကောင်းသည်ဖြစ်၏။

## ဘူမိနက်သန်ကျမ်း

ခပ်သိမ်းသောမြေ၌ အဆင်းဖြူမူကား မြေပုဏ္ဏားတည်း၊ ထိုမြေထက် နေမူကား ချမ်းသာရအံ့။ ဥစ္စာလည်းများအံ့။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့နှင့် ပြည့်စုံအံ့။ ထိုမှတစ်ပါး မြေသင်္ဂါ ဖြူသော အဆင်းရှိသော ဘူမိနက်သန်အရပ်ကား မြေပုဏ္ဏား ပတည်း။ ၎င်းမြေကား နွားနို့အစာလိုအံ့။ အနံ့တည်းဟူသော ဂန္ဓာရုံကား ကြာတံဆိပ်အနံ့ အံ့သို့ရှိ၏။ ထိုမြေတွင် အိမ်ဆောက် လုပ်၍နေမူ ဘုန်းကျက်သရေတိုးအံ့။ စည်းစိမ်ချမ်းသာ ရတနာ ရွှေငွေများအံ့။ ခြွေရွေကျွန်သင်းများအံ့။

www.burmeseclassic.com



နီသောအဆင်းရှိသော မြေကား မြေမင်းတည်း။ ၎င်းမြေ၏ အနံ့တည်းဟူသော ဂန္ဓာရုံကား ခမောက်ပန်းအနံ့သို့ ရှိ၏။ ထမင်းဟင်း အရသာအစုံ စားလို၏။ ထိုမြေထက် အိမ်ရာဆောက်လုပ်၍နေမူ မင်းဖြစ်အံ့။

အဆင်းမည်းသောမြေကား မြေကျွန်တည်း။ သေရည်သေရက် အစာကိုလိုအံ့။ ၎င်းမြေ၏ အနံ့တည်းဟူသော ဂန္ဓာရုံကား ညှီညှီနံ့သို့ ရှိ၏။ ထိုမြေထက် အိမ်ဆောက်လုပ်၍ မနေရာ။ ဥယျာဉ်၊ လယ်ယာ လုပ်၍ထားအပ်၏။

အဆင်းအဝါရောင်ရှိသောမြေကား ပကတိမြေမည်၏။ ၎င်းမြေ၏ အနံ့တည်းဟူသော ဂန္ဓာရုံကား ပုပ်ပုပ်အနံ့သို့ ရှိ၏။ အစားသော်ကား ဆင်သားကို အလိုရှိ၏။ ၎င်းမြေကား ရဟန်းတော်တို့ ကျောင်းဆောက်၍ နေခြင်းငှာလျော်၏။

အဆင်းပြာရောင်ရှိသောမြေကား ကေသပံသုပလောဒကမြေမည်၏။ အစားသော်ကား သားသစ်ကိုလိုအံ့။ ၎င်းမြေကား ဘုရင် မင်းမြတ်တို့ မြို့ပြတည်၍ နေအပ်သောမြေတည်း။ ၎င်းမြေ၏ အနံ့တည်းဟူသော ဂန္ဓာရုံကား ပဒုမ္မာကြာပွင့်အနံ့ကဲ့သို့ ရှိ၏။ ထိုမြေ၌လည်း သဏ္ဌာန်အားဖြင့် လပြည့်ဝန်းပမာ စည်မျက်နှာကဲ့သို့ ရှိ၏။

သည်မှတစ်ပါး ညီညွတ်စွာရှိသော မြေဒူးလေးကိုင်းကဲ့သို့ရှိသောမြေ။ လခြမ်းကဲ့သို့ရှိသောမြေ။ နွားဦးခေါင်းပမာရှိသောမြေ။ထိုမြေတို့သည်ကား စီးပွားချမ်းသာ ရတနာရွှေငွေတိုးတက် စေတတ်သည်။



လိပ်ခွံကုန်းကဲ့သို့ရှိသောမြေမူ အိုးကိုမှောက်ထားသည့်ပမာကဲ့သို့ ရှိသောမြေမူ မြင်းဦးခေါင်းကဲ့သို့ ရှိသောမြေ၊ လျှုလျှုံလုံးလုံးရှိသောမြေ။ ကြပ်ခိုးရေကဲ့သို့ မည်းမည်းအရောင်ရှိသောမြေ။ ဘီလူးရုပ်ကဲ့သို့ရှိသောမြေ။ နဂါးကျစ်ကဲ့သို့ရှိသောမြေ။ ထိုမြေခုနစ်ရပ်တို့၌ အိမ်ရာဆောက်လုပ်၍ မနေအပ်။ နေခဲ့သော် စီးပွားချမ်းသာဆုတ်ယုတ်ခြင်း၊ အနာအဖျားများရှိအံ့။

ဖြူသောမြေ၊ နီသောမြေ၊ ပြာသောမြေ ထိုမြေရပ်သုံးရပ်၌လည်း လက်ယာနိမ့်၍လက်ဝဲမြင့်သော် ၎င်းမြေ၌နေမူကား မှူးမတ်ဖြစ်လျှင် မင်းကြီးဖြစ်အံ့။ သူဆင်းရဲတို့သော် စီးပွားချမ်းသာ ရတနာ ရွှေငွေတိုးအံ့။

အရှေ့မြင့်၍ အနောက်နိမ့်သော မြေ၌နေသော် စည်းလဲဝန်တိုကောက်ကျစ် ကုန်းတိုက်ဖြစ်တတ်၏။

အလယ်မြင့်၍ အနားနိမ့်သောမြေ၊ ထိုမြေ၌နေသော် ရန်များအံ့။ ထိုမြေ၌ ကျောက်တံခါးကဲ့သို့ ရှိအံ့။

တောင်ကမြင့် မြောက်ကနိမ့်သော မြေ၌နေသော် ထိုမြေအောက်၌ ပလ္လင်ကဲ့သို့ရှိ၏။ တောင်အရပ်က အင်းသော်လည်းကောင်း၊ မြေချိုင့်သော်လည်းကောင်းရှိ၏။ မြောက်အရပ်က ရေစီးရှိ၏။ အရှေ့အရပ်က ရေအိုင်ရှိ၏။ ၎င်းမြေ၌နေသော် မြတ်သောမင်္ဂလာ ရွှေငွေ ရတနာတိုးတက်အံ့။ အမျိုးတကာကိုနိုင်အံ့။ သြဇာအာဏာပိုကြီးအံ့။

အနားပတ်လည်မြင့်၍ အလယ်နိမ့်သောမြေ၌နေသော် ထိုမြေအောက်၌ ကျောက်ရှိ၏။ ၎င်းမြေကား အကောင်းအဆိုးမျှ၏။ လာစ်လျှုရှု၏။

www.burmeseclassic.com

www.burmeseclassic.com



## လက်သမားကျမ်းအကျဉ်းလင်္ကာ

ဝေါဟာရလှူ့မလေ့၊ မမေ့အောင်သတိထား၊ မှတ်သားပသေချာစွာ၊ တိုင်ဟောင်းမှာရှောင်လို့လွှဲ၊ ပန်းမဆွဲရာ။ ။ ထုပ်စွပ်ကယ် မပါ၊ ရှောင်ပါလေ ယက်မ။ ။ ထောက်တိုကို ပိုမမောက်စေနှင့်၊ ကြမ်းအောက်နေမှ။

အိမ်ဆောက်ကို နောက်ချန်လို့ ဝင်းထရံ အရင်ခတ်ရင်လ၊ ပျက်စီးတတ်\\ကျမ်းအလာ။ ။ အိမ်ရာကိုမလွန်ကောင်းပါဘူး၊ နောင်ကောင်းအောင် သတိထား မှတ်သားပသေချာစွာ။ ။ လက်သမားရယ်တို့၊ တတ်ကြွားလို့သိဖို့ရာ၊ မှတ်ကြပါမမှား။ ။ ဦးရှုချီလို့ ဆောက်တယ်၊ ဘေးရောက်မများ။

ဗိသုကာလက်သမားငယ်တို့၊ ထားသတိရှိစေနော်။ ။ ကျွန်းတိုင်မှာ ဝါးကိုပိုးရင်၊ မျိုးထူးလို့ခေါ်။ ။ရှေ့နောက်ကယ်မျှော်၊ မလျော်ရှောင်ကွင်း။ ။ခေါင်ရောက်ကယ်ခွတင့်နှင့်၊ မပြီးခင် ကြမ်းကို ဖောက်တယ်၊ ဝမ်းပေါက်လို့ဟင်း။

ရှေ့ခေါင်တိုင် သုဝဏ္ဏရယ်လို့ ဝေါဟာရမည်တွင်။ ။ လယ်ခန်းတွင် ဟန်တူလှ၊ နောက်တော်ကယှဉ်။ ။ အိမ်ဦးနှင့် ကြမ်းပြင်၊ ကြမ်းမဝင်ယိတ်ထား။ ။ မေ့းဆရာ ခေါ်သမုတ်တယ်၊ ကျမ်းထုတ်စကား။

ထုပ်မစွပ် ယက်မလျှိုလျှင်၊ ကျမ်းဆိုချင်အလျောက်။ ။ ဥစ္စာရွှေငွေပျောက်မယ်၊ ဝမ်းပေါက်ခေါင်လျှောက်။ ။



ကြမ်းပေါ်မှာ ထောက်ကို မောက်ရင်လ မှိုပေါက်လို့ခေါ်ပါ။ သားမြေးစဉ်ဆက်မှာ တိုးမတက်ရာ။ ။ မပြီးခင် ဝင်းကာလျှင်၊ ခြံလျှောင်သာခေါ်မြဲ၊ ဗိသုကာကျမ်းလာ ရှိတယ်၊ ထားသတိစွဲ။

ထိုတိုင် သည်တိုင်ညှိလို့ ထိခိုက်လျှင် ပုံသေမှတ်ပါရော၊ အမြီးခတ် ခေါ်ဝေါ်။ ။ ထိခိုက်သော် မတော်ရန်များ၊ ထိုအိမ်မှာ မငြိမ်သက်တယ်၊ ဒေါသမျက်ပွား။

စာရွေးခံထုပ်ထက်ကြီးရင်လ ထီးဆောင်းတဲ့ မှတ်ကြလေ၊ ထုပ်စွန်းထက် စရွေးရှည်လျှင်၊ ရှောင်ပါကြမလွဲ။ ကျမ်းဆရာ နှစ်ဖြာမိန့်သယ်၊ မှတ်စိမ့်အမြဲ။

ဦးရှုတဲ့ရဝေ၊ မှန်မသေ့ထုပ်ပြိုင်ထမ်း၊ ရှေ့ခန်းကပေ။ ကြင့်နီးတဲ့ ပိုမနေ၊ လယ်ခန်းပေမလွဲ။ ။ အုန်းသီး၊ သပြေ ရောက်တယ်၊ နောက်ခန်းကပဲ။

## ခုနစ်ရက်သားသမီးတို့ ပန္နက်ရိုက်ပန်းဆွဲကျမ်း

လောကီလူများ၊ အကျိုးပွား၊ မှတ်သားကြစိမ့်ငှာ။

ကျောင်း အိမ် ဆောက်က၊ ပန္နက်ချ၊ သိကြလူတကာ။
"တနင်္ဂနွေသား" အိမ်ဆောက်ငြား၊ မှတ်သားရွေးချယ်ရာ။ ကြာသပတေး၊ သောကြာသား၊ ကိုင်ငြားကြိုးကိုသာ။ နံလျှင်နဂါး၊ နေသား၊ နှက်ထားပန္နက်မှာ။ ဤသူသည်ကား၊ စည်းစိမ်များ၊ တိုးပွားနေ့တိုင်းသာ။
"တနင်္လာသား" ဆောက်လိုငြား၊ စဉ်းစားသတိမှား၊ သောကြာသားပေ၊ လူနှစ်ထွေ၊ ကိုင်လေကြိုးကိုသာ။ တနင်္ဂနွေပုံ၊

www.burmeseclassic.com



ပန္နက်ချ၊ စိုက်ထဆောက်အပ်စွာ။ ဤသူ့ဌပင်၊ ချမ်းသာမြင်၊ လူတွင်ကြွယ်ဝရာ။

"အင်္ဂါသား" ပင်၊ ဆောက်လိုလျှင်၊ ဆင်ခြင်မြဲမကွာ။ စနေသားပေ၊ နှစ်ယောက်နေ၊ ကိုင်စေကြိုးကိုသာ။ တနင်္လာပ၊ ပန္နက်ချ၊ မှန်စွာနှက်စေရာ။ ဤသူ့ဌပင်၊ ချမ်းသာမြင်၊ စည်ပင်များဥစ္စာ။

"ဗုဒ္ဓဟူးသား" ပင်၊ အိမ်ဆောက်လျှင်၊ အောင်မြင်စေဖို့ရာ။ တနင်္လာသား၊ ဂဠုန်သား မမှားကြိုးကိုင်ရာ။ ပန္နက်မမှား၊ နှက်စေငြား၊ နေ့ကားအင်္ဂါသာ။ ဤသို့ပြုက၊ များခနေ၊ မုချချမ်းသာရာ။

"ကြာသပတေးသား"လျှင် အိမ်ဆောက်ချင်၊ ဆင်ခြင်သိဖို့ရာ။ တနင်္လာသား၊ အင်္ဂါသား၊ မမှားကြိုးကိုင်ပါ။ ဗုဒ္ဓဟူးသားပင်၊ ပန္နက်လျှင်၊ မြဲချင်နှက်စေရာ။ ဤသူသည်ကား၊ ကြွယ်ဝငြား၊ မမှားသုခိတာ။

"သောကြာသား"ပင်၊ ဆောက်လိုလျှင်၊ တစ်အင်မှတ်ကြပါ။ တနင်္ဂနွေသား၊ ဗုဒ္ဓဟူးသား ဆွဲငြားကြိုးကိုသာ။ ကြာသပတေးသား၊ ပန္နက်များ၊ စိုက်ထားကြစေရာ။ ချမ်းသာတသီး၊ သဌေးကြီး၊ အပြီးဖြစ်မည်သာ။

"စနေသား"ပ၊ အိမ်ဆောက်က၊ တွေးဆဆင်ခြင်ပါ။ ကြာသပတေးလျှင်၊ ဗုဒ္ဓဟူးပင်၊ ကိုင်ချင်ကြိုးကိုသာ။ သောကြာနေ့ဖွား၊ ပန္နက်အား၊ နှက်ထားစိုက်လေပါ။ ဤသူ့ဌပ၊ ပေါခနေ၊ များလှုမိုးသို့ရွာ။



## အိမ်ဆောက်ရာ၌ ပန်းလင်္ကာ

အိမ်ဆောက်ပန်းဆွဲ၊ ဖော်ပြခွဲ၊ မလွဲဤသို့လာ။
အုန္နဲဆွဲက၊ များခနေ၊ ကြွယ်ဝချမ်းသာရာ။
ပဒေါင်ဆွဲသော်၊ မင်းပူဇော်၊ အလျော်ခံရမှာ။
ရေသဖန်းပင်၊ ဆွဲလေချင်၊ လျင်လျင်ချမ်းသာရာ။
မြေဇာဆွဲလျက်၊ ရှည်တစ်သက်၊ မပျက်တည်လေရာ။
အိမ်ဆောက်ပန်းဆွဲ၊ သိအောင်ခဲ၊ သုံးစွဲနောင်ဖို့ရာ။
လောကီသူတ၊ ရှိလိုက၊ နှုတ်ရဆောင်လေပါ။
ဤ၌တစ်ခန်း၊ နိဋ္ဌိတမ်း၊ စခန်းရပ်လိုက်ပါ။

## အိမ်ဆောက်လစွဲ အဟောလင်္ကာ

လောကမှတ်ဖွယ် လူတို့ဝယ်၌ တင့်တယ်စေကြောင်း သိသင့်ကောင်းဟု အိမ်၊ကျောင်း ကြီးကျယ် ဆောက်တည်နေအပ် မနေအပ်ကို ပညတ်ရွေးပြု သိအပ်မှုဖြင့် ဥတုသုံးဝ ဆယ့်နှစ်လတွင် စင်စစ် ဆေးကြော သိစိမ့်သောဟု ထုတ်ပြောသချာ မှတ်သားနာလော့. . စစ္စာရှေးဦး လတန်ခူး၌ ပျံ့ပျူးဂေဟာ ဆောက်သည်မှာကား များစွာ ခနေ ကြွယ်ဝပြည့်စုံ တိုးတက်ထုံအံ့။ ။ ကဆုန်လကား စပါးဆန်ရေ ပေါများပေတုံ့။ ။ နယုန်မာသ ဤသည်လကို တည်ထမန်စွာ ဆောက်သည်မှာကား မှန်စွမရဏ ရောက်တတ်လှ၏။ မခွပ်ပုံသေ မယွင်းချေတတို့။ ။ မသွေမခွ ဝါဆိုလမှာ ယွင်းထဥစ္စာ ပျက်စီးရာအံ့။ ။ သိသာစေအောင် ထိုသည်နောင်၌ ဝါခေါင်ဤလ ဆောက်မိကမူ ခနဥစ္စာ တိုးပွားရာ၏။ ။ သေချာမှုယွင်း တော်သလင်းလျှင်

www.burmeseclassic.com



ထန်ပြင်းဝေဒနာ ဖျားနာမလတ် ဖြစ်တိုတတ်၏။ ။ မှတ်လောမယွင်း သိတင်းဝါကျွတ် မလွတ်ဒုက္ခ ကိန်းကျေပုံသေ တွေ့တတ်ချေ၏။ ။တစ်ထွေ ဟေမန္တရောက်ထ တန်ဆောင်မုန်း ဆောက်တည်သုံးသော် နှလုံးမငြိမ် နှောအိမ်ထုပ်သွင်း စိတ်နေကျဉ်းလိမ့်။ ။ သတင်းရှိန်စော် လနတ်တော်၌ ထင်ပေါ်ကျော်စော ရင်ဝမ်း ပြောလိမ့်။ ။ဆောင်းကြောရပ်လယ် ငြီးဖွယ်အေးမြ လကားပြာသို လိုဗိုလ်အများ မျိုးလေးပါးတို့ ထင်ရှားဂုဏ်အင် ချီးမြောက်တင်လိမ့်။ ။ ထို့ပြင်မလွဲ တပို့တွဲမူ အမြဲဥစ္စာ မပျောက်တတ်ရာ၏။ ။ စဉ်လာထုံးဟောင်း ပြုတုံရှောင်သော် တပေါင်းလမှာ ချမ်းသာကြွယ်ဝ ဧကန္တသည် ... ဂေဟာ အိမ်ဆောက်လ ... ကိန်းတည်း။

## အိမ်ဆောက်နေ့စွဲ အဟော

ဇမ္ဗူဒီပါ ကျွန်းလက်ယာတွင် များစွာလူတို့ တည်နေဖို့လျှင် ဆောက်တိရှင်စွာ အိမ်တည်ရာကို သေချာပုံသေ ဆိုတုံပေအံ့ ... မသွေမယွင်း တနင်္ဂနွေ အိမ်ဆောက်ပေမူ ပူလေတစ်သီး မီးဖြင့် လောင်ရာ တနင်္လာဟုဆောက်တည်ပြုက ဒုက္ခဆင်းရဲ မလွဲအင်္ဂါ နေ့မှာဆောက်ထ ပျက်စီးကြလိမ့်၊ မှန်လှမရွေ့ နေ့ဗုဒ္ဓဟူးက မှတ်ပတရေး ကြာသပတေး၊ သောကြာနေ့တို့မှာကား ဆောက်တုံပါက မနေ ရွှေငွေ တိုးတက်ပေအံ့။ စနေနေ့ကား အိမ်ဆောက်ငြားက ရှားပါးငတ်မွတ် ဖြစ်ပေတတ်ဟု ကျမ်းမြတ် အလာ မိန့်ခဲ့သည်မှာ မှတ်ပါအများ မျိုးလေးပါး။



## အိမ်သစ်ပူဇော်ရန်ဆေး

အိမ်သစ်ဆောက်စ ပူဇော်ရန်ဆေးကား ဆိပ်ဖူး လင်းနေ၊ မုန်ညှင်း၊ ကြောင်ပန်းရွက်၊ ရှိန်းခို၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆေးဒန်း၊ ကန့်တိုက်၊ ဂမုန်း။ ။ရတတ်သမျှထည့်၊ နှမ်းဆီနှင့်ဖျော်၍ အရင်းကစ၍ အဆစ်အမြစ်တို့ကို သုတ်ဂိမ်းရမည်။ စုလို ပုခုံးထမ်း၍ လွှတ်ရမည်။ နံ့သာဖြူ၊ စန္ဒကူးမြဲ၊ ပန်းဥ၊ ပန်းရင်း၊ ပန်းပေါင်း၊ ဂမုန်းပေါင်း၊ ဖုံးမသိမ်။ ။ ၎င်းဆေးကို အမွှေးပေါင်းစုံနှင့် ပူဇော်ရာ၏။

## အိမ်ဆောက်ရန် သစ်တို့ကိုပြခြင်း

အမျိုးလေးပါးတို့သည် မိမိတို့ ခိုမှီးနေထိုင်ရာအိမ်ကို ဆောက်လုပ်စီရင်ကြသော်လည်းကောင်း၊ မိမိတို့အိမ်မှတစ်ပါး ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်းတို့ကို ဆောက်လုပ်ကြသော်လည်းကောင်း၊ အပြစ်တို့မှကင်းလွတ်၍ သန့်ရှင်းစင်ကြယ်စွာ ကောင်းသော သစ်တို့ကို ရွေးချယ်စိစစ်ရန် သစ်တို့တွင် စီရင် ဆောက်လုပ်အပ်သောသစ်တို့မည်သည်၊ သစ်ယောကျ်ား၊ သစ်မိန်းမ ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်ပါးသောသစ်တို့တွင် သစ်ယောကျ်ား မည်သောသစ်သည် အရင်းနှင့်အဖျား ညီသောသစ်တည်း။ သစ်မိန်းမမည်သည် သစ်သည် အရင်းကကြီး၍ အဖျားက ငယ်သော သစ်တည်း။ ထိုသစ်တို့သည် မြတ်သော သစ်ဖြစ်၍ မိမိတို့နေအိမ်မှစ၍ ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ မ[illegible] အစရှိသည်တို့ကို စီရင်ဆောက်လုပ် နေထိုင်မူ အပ်သော မြ[illegible]သော သစ်တို့မည်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုခဲ့ပြီးသော သစ်နှစ်မျိုးတို့တွင် အဖျားသေးငယ် လွန်းသောသစ်သည် သစ်တံစို့မည်၏။ မယူအပ်။ ထိုမှတစ်ပါး ဆွေးသောသစ် အခွံရှက်သောသစ် အနာအဆာရှိသော သစ်တို့ကို ရွေးချယ်၍ ပယ်အပ်၏ဟု ဆရာတို့ဆို၏။ ရွေးချယ် စိစစ်၍ အမှုကိစ္စတို့ကို ဆောင်ရွက်ရာ၏။

ဤသို့ သစ်မိန်းမ၊ သစ်ယောကျ်ားတို့ကို ရွေးချယ်စိစစ်၍ အိမ်၊ မဏ္ဍပ်၊ ကျောင်း၊ ကန်၊ လှည်း၊ လှေ တို့ကို ဆောက်တည်မှ တစ်ပါး "မီးကျော်ခြင်း"ဟူသော အပြစ်သုံးပါးကိုလည်း သိရာ၏။

ခုတ်ပြီးသောသစ်တို့ကို မိမိအလိုရှိရာသို့ မသိမ်းမယူမီ တောမီးသည် အကယ်၍ ကျော်နင်းလောင်သွားသည်ဖြစ်၍ လည်းကောင်း၊ မိမိဆောက်လုပ်မည့်ဆဲဆဲ နေအိမ်၌ တစ်စုံ တစ်ယောက်သူသေလွန်၍ မီးကျော်သော်လည်းကောင်း၊ မိန်းမ မီးဖွား၍ မီးကျော်သော်လည်းကောင်း၊ ထိုသုံးပါးတို့တွင် တစ်ပါးပါးသော သစ်တို့ကိုမှ မယူအပ် မသုံးစွဲအပ်ကုန်။ ထိုဆိုခဲ့ ပြီးသော သုံးပါးသောမီးတို့တွင် တစ်ပါးပါးသောမီးဖြင့်သင့်သော သစ်တို့ကို အစွဲမပြုရာ။ အကယ်၍ ပြုမိခဲ့သော် အကျိုးစီးပွားသည် ယုတ်လျော့ကုန်ရာ၏။ ဤသစ်တို့၏ အကြောင်းအရာကို မသိသည် ဖြစ်၍ အပြစ်ဖြစ်အံ့သော ဘေးအန္တရာယ်တို့မှ ကင်းလွတ်ကြစေရန် ပူဇော်သက္ကာ ယတြာကို မှတ်ရာ၏။

ဦးရှုသစ်၊ ကြွင်းသစ် စသည်တို့ကို စီရင်ရွေးချယ်၍ နုတ်ယူပိုင်းခြား မှတ်သားထားရာ၏။ ထိုသို့ နုတ်ယူပိုင်းခြား



မှတ်သားထားပြီးမှ ထမင်းဆုပ်ကို အလုံးမကွဲ စေအောင်ပြုလုပ်၍ ဦးရှုသစ်ကိုတင်။ ထိုထမင်းဆုပ်ကို အနက်ဦးရှုသစ်တွင် တင်ထားသည့် ထမင်းဆုပ်ကို ရွှေရည်ဖြင့်ဆေး၍ ထည့်သွင့်အပ်၏။ ကြွင်းသစ်၌ တင်ထားသော ထမင်းဆုပ်ကို ငွေကိုသန့်ရှင်း စင်ကြယ်စွာ ရေဖြင့် ဆေး၍ ထည့်သွင်းထားရာ၏။ ထိုသို့ထားပြီးမှ နတ်အပေါင်းတို့ ပူဇော်ပသ ကျွေးမွေးရာ၏။ ပူဇော်ပြီးမှ တစ်ပါးသော သစ်တို့ကိုလည်း အသီးသီး သဘောညွှတ်သော အားဖြင့် ထမင်းဆုပ်ကို တင်ရာ။

## တိုင်လဲလှယ်ရန်တို့ကိုပြခြင်း

တနင်္ဂနွေနေ့ အိမ်ဆောက်လိုမူ ဦးရှုတိုင်ဖို့မှတ်သားထားသည့် သစ်တွင် စရွေးအောက် တစ်ထွာခြားသော အရပ်၌ အမျက် အခေါင်းပေါက်ရှိ၏။ ပယ်ချထားရမည်။ အကယ်၍မပယ်လိုလျှင် ၎င်းဦးရှုတိုင်နှင့် အရှေ့မြောက်ကတိုင်ကို လဲလှယ်၍ထည့် လာဘ်ပေါများခြင်း၊ ကောင်းသောကျက်သရေတိုးတက်ခြင်း၊ အသက်ရှည်ခြင်း စသောအကျိုးထူးတို့ကို ခံစားရရာ၏။

တနင်္လာနေ့ အိမ်ဆောက်မူ အရှေ့မြောက်ထောင့် ထားသည့် တိုင်တွင် ယက်မအောက်က အမျက်သေးရှိလိမ့်မည်၊ ပယ်လေ၊ မပယ်လိုမူ တစ်ပါးသော လဲလှယ်ရာတိုင်နှင့်ပင် လဲလေ၊ ကျွဲ၊ နွား၊ ကျွန်၊ လှေ၊ လာဘ်သပ်ပကာ ရရာ၏။

အင်္ဂါနေ့၌ အိမ်ဆောက်လိုမူ မြောက်စွန်း အလယ်က ထားသောတိုင်တွင် ယက်မအောက်၌ ခေါင်းသက်အူနာရှိတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းယက်မအထက်က ပုရွက်ဝင်လောက်ရုံ အခေါင်းလည်း ရှိတတ်၏။ တစ်ပါးသောတိုင်နှင့် လဲလှယ်ရာ၏။

ဗုဒ္ဓဟူးနေ့ဆောက်မူ အရှေ့မြောက်ထောင့်တိုင်တွင် မြေပေါ်က တစ်တောင့်ထွာခန့်အရပ်၌ အမျက်အခေါင်းရှိလိမ့်မည်။ လဲလှယ်လိုက် ပယ်လျှင်လည်းပယ်၊ လဲသောအခါ အနောက်တောင်ထောင့်က တိုင်နှင့် လဲလှယ်ရမည်။ မပယ် မလဲလျှင် သားသမီးအစရှိသော သူတို့မှာ ခိုက်ရန်ပွားများတတ်၏။

ကြာသပတေးနေ့ အိမ်ဆောက်ခဲ့လျှင် အရှေ့တောင်ထောင့်တိုင်တွင် စရွေးအောက်က အမျက်အခေါင်းရှိ၏။ ပယ်ရမည်။ မပယ်လိုလျှင် မြောက်အလယ်ကထားသော တိုင်နှင့် လဲလှယ်လေ၊ ကျေးကျွန်အခြွေအရံများအံ့။ ကျော်စောထင်ရှားအံ့။

သောကြာနေ့အိမ်ဆောက်ခဲ့လျှင် အလယ်ကထားသောတိုင် အခေါင်းအပေါက်ရှိ၏။ ပယ်ရမည်။ မပယ်လိုလေ၊ မလဲလှယ်မူ ဥပဒ်ရောက်တတ်သည်။ လဲခဲ့လျှင် ချမ်းသာအံ့။ မြတ်သော ဝတ်စားတန်ဆာလည်းရအံ့။

စနေနေ့အိမ်ဆောက်မူ အနောက်တောင်ထောင့်က ထားသောတိုင်၌ မြေပေါ်တစ်ထွာခြားအရပ်တွင် မျက်သေးအခေါင်းရှိ၏။ ပယ်ပါဘိ။ မပယ်ခဲ့လျှင် အရှေ့မြောက်ထောင့်က တိုင်နှင့် လဲလှယ်၍စိုက်။ မလဲခဲ့။ ကိုယ့်အထက်က အကြီးအကဲဖြစ်သောသူတို့၌ ဘေးအန္တရာယ်ဖြစ်တတ်သည်။ လဲလှယ်လျှင် ကျေးကျွန်၊ ကျွဲ၊ နွား၊ ရွှေ ငွေ လာဘ်ရအံ့။



## ကြိုးကိုင်ပန္နက်တို့ကိုပြခြင်း

တနင်္ဂနွေသား - တနင်္ဂနွေသမီးတို့ အိမ်ဆောက်မည်စီရင်သောအခါ ကြာသပတေးသား, သောကြာသားတို့ကို ကြိုးကိုင်စေရာ၏။ စနေသား ပန္နက်နှက်စေရာ၏။ စည်းစိမ်ချမ်းသာ များအံ့။ အသက်ရှည်အံ့။ သားစဉ်မြေးဆက်ကောင်းစားအံ့။ အင်္ဂါသား, ဗုဒ္ဓဟူးသားတို့ကို ကြိုးကိုင်စေ၍ တနင်္လာသား ပန္နက် နှက်စေသော် အဖျားအနာများအံ့။ စီးပွားချမ်းသာ၊ ဘဏ္ဍာ, ဆင်, မြင်း, ကျွန်သင်း, ကျွဲ, နွားတို့ ပျက်စီးလေအံ့။ (တနင်္ဂနွေဖို့)။

တနင်္လာသား-တနင်္လာသမီးတို့ အိမ်ဆောက်သော် သောကြာသား, စနေသားတို့ကို ကြိုးကိုင်စေ၍ တနင်္ဂနွေသား ပန္နက် နှက်စေရာ၏။ ဤကဲ့သို့ပြုလျှင် ကြွယ်ဝချမ်းသာအံ့။ ဝပြောအံ့။ အသက်ရှည်အံ့။ ဗုဒ္ဓဟူးသား, ကြာသပတေးသားတို့ကို ကြိုးကိုင် စေ၍ အင်္ဂါသားကို ပန္နက်နှက်စေမူ ပျက်စီးအံ့မလွဲတည်း။ (တနင်္လာဖို့)။

အင်္ဂါသား-အင်္ဂါသမီး အိမ်ဆောက်လိုသော် စနေသား၊ တနင်္ဂနွေသားတို့ကို ကြိုးကိုင်စေ၍ ဗုဒ္ဓဟူးသားတို့ကို ပန္နက်နှက်စေရာ၏။ ဤဆိုသည့်အတိုင်းပြုလျှင် ကြွယ်ဝအံ့။ အသက်ရှည်အံ့။ ရောဂါဥပဒ်ကင်းစင်အံ့။ ကြာသပတေးသား, သောကြာသားတို့ကို ကြိုးကိုင်စေ၏။ ဗုဒ္ဓဟူးသားကို ပန္နက်နှက်စေသည်ဖြစ်အံ့။ ပျက်စီးခြင်းသို့ ရောက်ရာ၏။ (အင်္ဂါဖို့)။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးသား-ဗုဒ္ဓဟူးသမီးတို့ အိမ်ဆောက်သည်ရှိသော် တနင်္ဂနွေသား, တနင်္လာသားတို့ကို ကြီးကိုင်စေ၍ အင်္ဂါသား ပန္နက်နှက်စေရာ၏။ ၎င်းအတိုင်းပြုခဲ့သည်ရှိသော် စီးပွားချမ်းသာတိုးအံ့။ ရောဂါဥပဒ်ကင်းအံ့။ မျက်နှာပွင့်လန်းအံ့။ သောကြာသား, စနေသားတို့ကို ကြီးကိုင်စေ၍ ကြာသပတေးသား ပန္နက်နှက်စေသော် ဥစ္စာပစ္စည်းယုတ်လျော့တတ်သည်။ ဘေးဥပဒ် အန္တရာယ် ရောက်တတ်သည်။ (ဗုဒ္ဓဟူးဖို့)။

ကြာသပတေးသား-ကြာသပတေးသမီးတို့ အိမ်ဆောက်လိုလျှင် တနင်္လာသား, အင်္ဂါသားတို့ကို ကြီးကိုင်စေ၍ ဗုဒ္ဓဟူးသားကို ပန္နက်နှက်စေရာ၏။ ဆိုသည့်အတိုင်းပြုလျှင် လေးအန္တရာယ် အပေါင်း ကင်းစေအံ့။ ဥစ္စာစီးပွား တိုးတက်အံ့။ တနင်္ဂနွေသားကို ကြီးကိုင်စေ၍ သောကြာသားကို ပန္နက်နှက်စေသော် ပျက်စီးတတ်သည်။ (ကြာသပတေးဖို့)။

သောကြာသား-သောကြာသမီးတို့ အိမ်ဆောက်လိုသော် အင်္ဂါသား, ဗုဒ္ဓဟူးသားတို့ကို ပန္နက်ကြီးကိုင်စေ၍ ကြာသပတေးသားကို ပန္နက်နှက်စေသည်ရှိသော် ဆွေ (၇)ဆက်၊ မျိုး (၇)ဆက် ကောင်းစားအံ့။ တနင်္ဂနွေသား, တနင်္လာသားတို့ကို ပန္နက်ကြီးကိုင်စေ၍ စနေသားကို ပန္နက်စေသည်ရှိသော် စီးပွားချမ်းသာ ယုတ်လျော့အံ့။ (သောကြာဖို့)။

စနေသား-စနေသမီးတို့ အိမ်ဆောက်လုပ်လျှင် ဗုဒ္ဓဟူးသား, ကြာသပတေးသား ၎င်းနှစ်ဦးကို ပန္နက်ကြီးကိုင်စေလျက်



သောကြာသားကို ပန္နက်နှက်စေရာ၏။ ကောင်းကျိုးချမ်းသာ မင်္ဂလာတိုးအံ့။ တနင်္လာသား, အင်္ဂါသားတို့ကို ပန္နက်ကြီးကိုင်စေ၍ တနင်္ဂနွေသား ပန္နက်နှက်စေမူ စီးပွားချမ်းသာ ပျက်စီးတတ်သည်။ (စနေဖို့)။

(ဤသို့ ဆိုပြီးခဲ့သည့်ကား-နေ့သား ခုနစ်ပါးတို့၏ ကြီးဆွဲ ပန္နက်နှက်တို့ကို ပြဆိုခြင်းတည်း)။

* * * * *

## အိမ်တက်မင်္ဂလာ၌ အန္တရာယ်ကင်းရန် မန္တာန်ကိုပြခြင်း

အမျိုးလေးပါးတို့သည် မိမိတို့အိမ်ကို ဆောက်လုပ်ပြီး၍ ၎င်းဆောက်လုပ်သည့်အိမ်တွင် အိမ်တက်မင်္ဂလာအခမ်းအနား၌ ဝဇီရကီဆရာတို့ နတ်ယကာ, ပြုလုပ်အပ်သော မန္တာန်ကား-

ဥုံ ဇမ္ဗူဒီပါ၊ သချ်ာပတ်ကုံး၊ ကျွန်းလုံးနှံ့မျှ၊ အနန္တတွင် ကြီးလှတန်ခိုး အမျိုးမြတ်စွာ ရှင်ဒေဝါတို့ ပြည်တော်လေးထောင့် စောင့်လည်ထင်ရှား ရှင်နတ်များတို့ လျှင်လျှားမကြာ ကြွကြွပါကုန်၊ သီတာရေအေး ခြေလက်ဆေး၍ အမွှေးနံ့ကြူ သုံးတော်မူလော့၊ ဖြူစင်လွှလွှ အဝတ်စထောင် ပြောင်ပြောင်ရွှန်းရွှန်း လတ်ပန်းဝန်းထက် ချက်ပြုတ်စုံလင် ချိုချဉ်မလွတ် ဆွတ်ဆွတ်ခူးယူ ထမင်းဖြူနှင့် ထုံကြူဇာထွန်း စိမ့်ရွှန်းကောင်းစွာ လျှာဝယ်အေးချို ယိုလည်းမကြွင်း ထုံသင်းပျံ့မွှေး ဆေးကွမ်းအုန်းသီး ငှက်ပျောသီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရှိသော ကျွေးမွေးပါ၏။ ဒေဝါထင်ရှား ရှင်နတ်များတို့ ရွှင်အားကြည်ဖြူ သုံးတော်မူလော့ စိုက်ထူထင်ရှား ဤလှေကားတွင် မျက်ကားစင်လျက် အမြစ်ထွက်ရာ ရွေးချယ်ပါ၏။ အိမ်မှာအမြစ် လှေကားဖြစ်၍ အဆစ်အမျက် အတက်အဆင်း အတွင်းက အောက် ရွေးကောက်သန့်စင် ဖြူစီရင်၍ အိမ်တွင်တည်စိုက် ထိခိုက်ဘေးဒဏ် ဥပဒ်ရန်လည်း ဆံခြမ်းမြူမျှ မဖြစ်ရအောင် စောင်မ,စေသား နတ်ရှင်များတို့ နှစ်ပါးအိမ်ရှင် စီးပွားရှင်မူ ဖြိုးအင်ပြည့်စွာ မုဏ္ဍာမာသို့ ပုတ္တာမိတရ ဒါသဒါသီပြည့်ညီများ လယ်ယာလုပ်ခင်း ဆင်, မြင်း, ကျွဲ, နွား မြေသားကစ ဆန်းသစ်လသို့ ကဲဆတန်ဖိုး တက်တိုးမြဲမြဲ ကျောက်သံပတ္တမြား ပြည့်စုံငြားလျက် ပေါများရွှေငွေ မိုးကြီးစွေသို့ ရွှေစင်သီတာ ကဲ့ပမာလျှင် ချမ်းသာစေသား ရှင်နတ်များတို့ တံခါးပေါက်တွင် နေ့တိုင်းဝင်လျက် ကောင်းကင်ပြည့်ဖြိုး ကောင်းကျိုးမင်္ဂလာ လွန်ချမ်းသာ၍ ရာကျော်သက်ရှည် တည်ပါစေသား ရှင်နတ်များတို့ အောင်စေယျတု သဗ္ဗမင်္ဂလံ။

ဤသို့ဆိုအပ်ပြီးသော မန္တာန်နှင့် နတ်ယကာပွဲတို့ကို ပူဇော် ကျင်းပပြီးမှ အိမ်တက်ခြင်းမင်္ဂလာကို ပြုကုန်ရာသည်။ ထိုသို့ ဆိုခဲ့သည့်အတိုင်းညီစွာ ပြုခဲ့ပါလျှင် ကိုးဆယ့်ခြောက်ပါးသော ရောဂါဥပဒ်အန္တရာယ် အစရှိသည်တို့မှ ကင်းစင်လွင့်ပျောက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ တိုးတက်ခြင်း၊ မျက်နှာပွင့်လင်းခြင်း၊ ကြံစည်တိုင်း ပြီးမြောက် အောင်မြင်ခြင်း အစရှိသော အကျိုးတို့ကို ခံစားရကုန်အံ့ဟူပေ။



## သစ်ခုတ်အပ်, မခုတ်အပ်သော တောတို့ကိုပြခြင်း

အကြင်သူတို့သည် အိမ်သစ်, ယာသစ်ဆောက်လုပ် ပြုစု စီရင်မည်ဟု တောအရပ်သို့ သစ်ဝါးခုတ်ခြင်းငှာ သွားကြသည်ရှိသော် ၎င်းတော၌ရှိသော သစ်အပေါင်းတို့တွင် ခင်ပုပ်, ကျီး, စွန်, လင်းတတို့သည် အသိုက်အမြုံ ပြုစုနှင့်သော်လည်းကောင်း၊ ခေတ္တခဏ နားနေသော်လည်းကောင်း၊ ထိုသစ်တို့သည် မကောင်း မခုတ်မယူရာ။ ထိုမှတစ်ပါးလည်း ဝန်လို, ဝံလက်, ဥဖျင်း, ကြိုးကြာ, ဥသြ, ဥဒေါင်း, သိန်းငှက်, တောကြက်, တိန်ညင်း, စွန်ရဲငှက်တို့သည် အသိုက်ပြုလုပ်နှင့်သော်လည်းကောင်း၊ နားနေနှင့်သော် လည်းကောင်း မြန်မြန်ခုတ်ယူရာ၏။ ထိုသစ်တောသည် မင်္ဂလာရှိသော တောဖြစ်၍ ကြငှန်းတိုင် ပြုလုပ်ရသော် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာအံ့၊ ကျေးကျွန်ခြွေရံ ပရိသတ်နှင့် ပြည့်စုံအံ့။

## တံခါးထားရာအရပ်တို့ကို ပြခြင်း

အိမ်တို့၌ အရှေ့တံခါးထားသော် ဥစ္စာရတနာ ဆန်ရေစပါး ပေါများအံ့။ အရှေ့တောင်ထောင့်က ထားခဲ့မူ လူအပေါင်းတို့၏ အပူဇော်ခံရအံ့၊ ထင်ရှားကျော်စောအံ့။ တောင်အရပ်ကထားမူ ဥစ္စာပစ္စည်းမှစ၍ ပျက်စီးဆုံးပါးတတ်သည်။ အနောက်အရပ်က သော်လည်းကောင်း၊ မြောက်အရပ်ကသော်လည်းကောင်း တံခါးထားအံ့၊ ဆင်းရဲတတ်သည်။ အနောက်တောင်ထောင့်ကထားမူ

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာပစ္စည်း ဆုံးပါးတတ်၏။ မီးသော်လည်းသင့်ရာ၏။ အနောက်မြောက်အရပ်ကထားမူ စည်းစိမ်ဥစ္စာ တိုးတက်အံ့၊ လာဘ်ပေါများအံ့၊ ထင်ရှားကျော်စောအံ့။ အရှေ့မြောက်အရပ်ကထားမူ ကောင်းကျိုး ချမ်းသာမင်္ဂလာတိုးတက်အံ့၊ လူအပေါင်းတို့ ပူဇော်ခြင်းကို ခံစားအံ့၊ ကောင်း၏။

## တံခါးမြည်သံ နိမိတ်တို့ကိုပြခြင်း

အကြင်အိမ်၌ထားသော တံခါးတို့သည် ခရုသင်းအသံကဲ့သို့ မြည်ခဲ့မူ ကျော်စောထင်ရှားအံ့၊ မင်းတို့ ပူဇော်ခြင်းကို ခံရအံ့။ နွားတို့ တွန်သကဲ့သို့မြည်မူ စည်းစိမ်ဥစ္စာ တိုးတက်အံ့၊ စပါးဆန်ရေပေါများအံ့။ ထမ်းပိုးအသံကဲ့သို့မြည်မူ ဥပဒ်အန္တရာယ်ကင်းအံ့၊ ရန်အပေါင်းအောင်မြင်အံ့၊ ရောဂါဥပဒ်ကင်းစင်၍ အသက်ရှည်အံ့၊ တစ်ပါးသောဆရာတို့ အလိုအားဖြင့်ကား အကြင်တံခါးသည် သူငယ်တို့၏ အသံကဲ့သို့မြည်မူ မင်းတို့ချီးမြှောက်အံ့၊ လူတို့၏ ပူဇော်ကိုခံရအံ့။ နွားတို့မြည်သံကဲ့သို့မြည်မူ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြား ပေါများအံ့၊ ကိုယ်စိတ်ချမ်းသာအံ့၊ စည်းစိမ်ဥစ္စာ တိုးတက်အံ့၊ ဆင်တို့၏မြည်သံကဲ့သို့မြည်မူ မကောင်း၊ ဘေးဥပဒ် အန္တရာယ်ရောက်တတ်သည်။ မထားလေနှင့်၊ ထမ်းပိုးကဲ့သို့မြည်မူ ရောဂါဥပဒ်အန္တရာယ်မှကင်းလွတ်၍ စည်းစိမ်ဥစ္စာပြည့်စုံအံ့၊ ခြွေရံပရိသတ်ပေါများအံ့၊ အသက်လည်းရှည်အံ့ဟူပေ။



## အခန်းဖွဲ့တိုင်တို့၏ အမည်ကိုပြခြင်း

အိမ်ဆောက်လုပ်သောအခါ အကြင်ဦးရူတိုင်အတွင်းမှာ ကြေးနီ၊ ကြငှန်းဖိုတိုင်အတွင်းမှာ ပတ္တမြား၊ ကုမ္ဘီးတိုင်အတွင်းမှာ ကြေးဖြူ။ သပြေတိုင်အတွင်းမှာ ခဲမဖြူ၊ ကြငှန်းမတိုင်အတွင်းမှာ ခဲဖြူတ်၊ ခုံဂင်လယ်တိုင်အတွင်းမှာ သံ အသီးသီးအောက်ကခံ၍ တိုင်ထူလေ၊ ၎င်းအမည်ရ တိုင်ခြောက်လုံးတို့၏အကြား ထောက်တိုင်စသည်တို့ကို အပြစ်ပျောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာရောက်ရာ၏။ ဤဆိုခဲ့သော တိုင်ခြောက်လုံးတို့ကိုသာ တွင်းစာခံ၍ စီရင်ရမည်။ ထိုအမည်ရ တိုင်ခြောက်လုံးတို့ကို အမည်မှတ်ရန်ကား အိမ်မှ၌ အခန်းများစွာရှိသော်လည်း ရှေ့စွန်း ၃ ခန်း၊ ၄ ခန်းကိုသာ မှတ်ယူ၍ ထို ၃ ခန်း၊ ၄ ခန်း ရှစ်တိုင်တို့တွင် ရှေ့စွန်း ဝဲယာ ၂တိုင် တို့မှာ ကြမ်းပြင်အဖိုဝင်သောကြောင့် အမည်မရစကောင်း၊ ကျန် ၆ တိုင်ကို့တွင် ကြမ်းပြင်တိုင်နောက် လက်ယာဘက်တိုင်ကို (ဦးရူတိုင်) ၎င်းသမသတ် လက်ဝဲဘက်တို့ကို (ခုံပင်လယ်တိုင်)ဟု မှတ်ပြီးလျှင် ဦးရူတိုင်နောက် (ကြငှန်းဖိုတိုင်) ၎င်းနောက် (ကုမ္ဘီတိုင်) ခုံပင်လယ်တိုင်၏နောက် (ကြငှန်းမတိုင်) ၎င်းနောက်တစ်တိုင်ကို (သပြေတိုင်)ဟု အမည်ထူးကို မှတ်သားကုန်ရာ၏။

## အိမ်သစ်ဆောက်လုပ်သောအခါ နိမိတ်တို့ကိုဟောခြင်း

အိမ်တိုင်ထူသောအခါ ကြိုးလွှန်းပြတ်၍ တိုင်လဲခဲ့မူ မကောင်း၊ ဥပဒ်အန္တရာယ်ရောက်တတ်သည်။ ထိုကဲ့သို့ဖြစ်၍ လွတ်စေလိုမူ

www.burmeseclassic.com

www.burmeseclassic.com



သစ်ဂမုန်းနီကို ကျောက်ပြင်မှာ ကောင်းစွာသွေး၍ ၎င်းလဲသော တိုင်မှာ သုတ်လိမ်းရမည်။ ထိုသို့မရခဲ့လျှင် ကြက်မောက်နီကို ကောင်းစွာသွေး၍ သုတ်လိမ်းလေ၊ အမည်ရ တိုင် ၆ လုံးကို ထူးမှတ်ရာ အရှေ့မြောက်တိုင်အရပ်သို့ ကြွင်းသော တိုင် ၅ လုံး တို့ကိုလည်း ထိုအတူ မိမိအရပ်ဘက်သို့ သစ်ဖျားလဲမှု, စရွေးဖြတ်ရာ စရွေးကျိုးမှု သားမယား ဥစ္စာပစ္စည်း ပြုန်းတီးရာ၏။ လွတ်လိုမူ အထက်ကကဲ့သို့ သုတ်လိမ်းလေ။ အိမ်ကြောနိမ့်၍ အရပ်မြင့်မူ အိမ်ဖားမည်၏ ဥစ္စာပစ္စည်း ပျောက်ဖန်များ၏။ ကြောမြင့်၍ အရပ်နိမ့်မူ အိမ်လိပ်မည်၏။ သေပျောက်ခြင်းများတတ်၏။ အရပ်ကြော ညီမျှသင့်တင့်လျောက်ပတ်မူ နွားသင့်၏။ လူခပ်သိမ်းတို့ နေထိုင်အပ်၏။ ကြွယ်ဝချမ်းသာရာ၏။ အိမ်၏အောက်ပိုင်း ဝါးများ၌ ဆိတ်ဖူး, လင်းနေသုတ်လိမ်းခြင်း, အထက်ဝါးများ၌ နံ့သာမျိုးစုံသော အမွှေးအကြိုင်များကို သုတ်လိမ်းခြင်းတို့လည်း အန္တရာယ်အပေါင်း ကင်းငြိမ်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာတိုးတက်ခြင်းသို့ရောက်၏။

## အိမ်၏အကျိုးအပြစ်တို့ကိုပြခြင်း

မြေဝင်သောတောင်ပေါင်း၊ အိမ်ရပ်ကြောတောင်ပေါင်း ၎င်းတို့ကိုရော၊ မိုက်ပြု၍တည် ခုနစ်ခုစား၊ အကြွင်းကိုကြည့်၍ ဟောကုန်ရာသည်။

ကောဖေယျာ စ ဒွေ သိဒ္ဓိ၊
တြိဒွက္ခိ စတုထာ တံ့ဝ။



ပဥ္စ မရဏံ အသုခံ၊
ဆသုညံ မဋ္ဌိမံ ဘဝေ။

ဟူ၍ အသောဂါထာ လာသည်နှင့်အညီ တစ်ခုကြွင်းလျှင် ရန်ဆောင်ရာ၏။ နှစ်ခုကြွင်းလျှင် ပြီးစီးရာ၏။ သုံးခုကြွင်းလျှင် ဆင်းရဲရာ၏။ လေးခုကြွင်းလျှင် လာဘ်ရရာ၏။ ငါးခုကြွင်းလျှင် ဆင်းရဲသဖြင့် သေကြေပျက်စီးရာ၏။ ခြောက်ခု, သုညကြွင်းတို့မှာ လျစ်လျူသော ကောင်းကျိုး, မကောင်းကျိုးတို့ကို ဟောရာ၏။

အိမ်လေးမျက်နှာတောင်ပေါင်း၊ ထုပ်တစ်ဖက်တောင်ပေါင်း၊ လျောက်တစ်ဖက်တောင်ပေါင်းကိုနှော၍ တည်၊ မိုက်ဖွဲ့ခုနစ်ခုနှင့်စား အကြွင်းကိုယူ၍ အဟောထုတ်ရသည်ကား-

ဓကောခဓော ဝါဏိဋ္ဌောဂီ၊
ဒွေခမွော သမဏာဖြဟ္မဏော။
ကြံသိဟော ရာဇကရော၊
စတုသ္တာနော လုဒ္ဒကောပိ
ပဥ္စဂေါဏော ဒလိဒ္ဒေါစ
ဆဋ္ဌစန္တော သေဋ္ဌိနောပိ။
သုညာ မနော အမေစ္စာစ၊
ဓဝံဝိဋ္ဌော သုခေါဘဝေ။

ဟူသော ဂါထာလာရှိသောကြောင့် တစ်ခုကြွင်းမူ တံခွန်သင့်၏၊ ကုန်သည်တို့၏ အိမ်တည်း။ နှစ်ခုကြွင်းမူ တရားသင့်၏၊ ရဟန်းသံဃာတို့ ကိန်းဝပ်ရာ ကျောင်းတည်း။ သုံးခုကြွင်းမူ

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်သင့်၏။ မင်းမှုစိုးမှုတို့ကို ထမ်းသူ၏အိမ်တည်း။ လေးခုကြွင်းမူ သွာနဘီလူးသင့်၏၊ မုဆိုး တံငါတို့၏အိမ်တည်း။ ငါးခုကြွင်းမူ နွားသင့်၏၊ ဆင်းရဲသား အထီးကျန်တို့၏အိမ်တည်း။ မြောက်ခုကြွင်းမူ လသင့်၏။ သူဌေးသူကြွယ်တို့၏ အိမ်တည်း။ သုညကြွင်းမူ ဥစ္စာကြေးငွေသင့်၏၊ အမတ်စစ်သူကြီးတို့၏ အိမ်တည်း။ ထိုနှင့်လျော်စွာ သိကြရသဖြင့် ကောင်းသောအကျိုး၊ မကောင်းသောအကျိုးတို့ကို ဝေဖန်ပိုင်းခြား၍ ဆောက်လုပ်ကုန်ရာသည်။

ဦးရှုတိုင်၌ရှိသော အချက်ကိုဆိုသော်ကား ဦးရှုတိုင်ကို ဆယ်ပိုင်းပိုင်း၍ ကြည့်ရှုရမည်။ ၎င်းဦးရှုတိုင်၌ အမျက်ရောက်ရာကို ကြည့်၍ ဤသို့ဟောရာ၏။

ပထမံ ရာဇပူဇိတံ၊
ဒုတိယံ ပိယဒဿနံ၊
တတိယံ သန္တပါနဉ္စ၊
စတုတ္ထံ ဘရိယံ မရဏံ။
ပဉ္စမံ အတ္တ မရဏံ။
ဆဋ္ဌဉ္စ ဂေါဏ လာဘကံ။
သတ္တမံ နာရီလဒ္ဓဝ၊
အဋ္ဌမံ ဓနဝိလာသံ၊
နဝမံ ဘူမိလာဘကံ။
ဒသမံ ဇေယျမင်္ဂလံ။



ဟူသော အဟောဂါထာလာရှိသည့်နှင့်အညီ ထိုဦးရှုတိုင်၏ ဆယ်ပိုင်းတို့တွင် ပထမအောက်ပိုင်း၌ အမျက်ပါမူ မင်းပူဇော်ခံရအံ့။ ဒုတိယနှစ်ပိုင်း၌ အမျက်ပါမူ ချစ်သောသူတို့ကို မြင်ရရာ၏။ တတိယ သုံးပိုင်း၌ အမျက်ပါမူ အဖျော်ထမင်း ရလှယ်အံ့။ စတုတ္ထလေးပိုင်း၌ အမျက်ပါမူ မယားသေရာ၏။ ပဉ္စမငါးပိုင်း၌ အမျက်ပါမူ ကိုယ်သေရာ၏။ ဆဋ္ဌမခြောက်ပိုင်း၌ အမျက်ပါမူ နွားရတနာ လာဘ်ရရာ၏။ သတ္တမခုနစ်ပိုင်း၌ အမျက်ပါမူ မိန်းမရတနာ ရရာ၏။ အဋ္ဌမရှစ်ပိုင်း၌ အမျက်ပါမူ ဥစ္စာပစ္စည်း ပျက်စီးရာ၏။ နဝမကိုးပိုင်း၌ အမျက်ပါမူ လယ်ယာမိုးမြေ လာဘ်ရရာ၏။ ဒသမ ဆယ်ပိုင်း၌ အမျက်ပါမူ အောင်ခြင်းမင်္ဂလာရှိရာ၏။

လှေကားတိုင် လှေကားပေါင်တို့၏ ငါးပိုင်းအလယ်၌ အမျက်ရှိမူ ပျက်စီးဆင်းရဲရာ၏။ လှေကားဦးဖျား၌ အမျက်ပါမူ ပြည့်ကြွယ်ဝသဖြင့် လာဘ်များရရာ၏။ လှေကားသုံးထစ်သာတပ်မူ ကျွန်သွားတိုးတက်ရာ၏။ လှေကားငါးထစ်တပ်မူ လာဘ်ပေါများရာ၏။ ခုနစ်ထစ်တပ်မူ ဥစ္စာတိုးပွားရာ၏။ ကိုးထစ်တပ်မူ ဥစ္စာတိုးပွားရာ၏။

အိမ်တိုင်ထူသောအခါ တိုင်၌ မရို၊ ပန်းဆွဲမူ အနာရောဂါ ကင်းရာ၏။ ပေါက်ပန်းဆွဲမူ အမှုခပ်သိမ်းအောင်ရာ၏။ အုန်းပန်းဆွဲမူ ဥစ္စာရရာ၏။ စစ်ရွက်ပန်းဆွဲမူ သားမြေးများရာ၏။ ရေသဖန်းရွက်ဆွဲမူ အကြီးအကဲဖြစ်ရာ၏။ သမန်းမြက်ပန်းဆွဲမူ အောင်မြင်ပြီးစီးရာ၏။ နေဇာမြက်ပန်းဆွဲမူ အသက်ရှည်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



နန်းအိမ်ဟူသမျှ၌ တံခါးမကို အရှေ့ကထားလျှင် ဥစ္စာများရာ၏၊ အရှေ့တောင်က ထားလျှင် မီးလောင်ပျက်စီးရာ၏၊ တောင်ကထားမူသေကြေပျက်စီးရာ၏၊ အနောက်တောင်ထောင့်က ထားမူ လာဘ်သပ်ပကာ ပေါမျှားအံ့၊ အနောက်ကထားမူ သူတကာတို့ ပူဇော်အထူးကို ခံရရာ၏၊ အနောက်မြောက်ကထားမူ ချမ်းသာရာ၏၊ မြောက်ကထားမူ သူကတာတို့ ပူဇော်အထူးကို ခံရရာ၏၊ အရှေ့မြောက်ကထားမူ အချည်းအနှီးရှိရာ၏။

မင်းအိမ်နန်းတော်တံခါးကို တပ်သောအခါ ခုနစ်ဘဝါး ခြောက်ဘဝါးအခါ တပ်ရာ၏။ ကျောင်းဇရပ်ဆောက်သော် တံခါးမကို ငါးဘဝါးအခါတပ်ရာ၏။ အမဟ်အိမ်တံခါးမတပ်သောအခါ လေးဘဝါးအခါ တပ်ရာ၏။ ကုန်သည်၊ ဆင်းရဲသားတို့ တံခါးမ တပ်သောအခါ သုံးဘဝါးအခါတပ်ရာ၏။

အစောက်မှာ အစနှစ်ပြန့်ထား၍ တပ်မူ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းခြင်းသို့ ရောက်ရာ၏။ ချမ်းသာရာ၏ ပစ္စည်းဥစ္စာ တိုးတက်ရာ၏၊ အသက်ရှည်ရာ၏၊ တံခါးရွက်ကို ပိတ်ဖွင့်သောအခါ ခရုသင်းသံကဲ့သို့မြည်မူ ပူဇော်အထူးကို ခံရရာ၏၊ နွားသံကဲ့သို့မြည်မူ ချမ်းသာရာ၏၊ လာဘ်သပ်ပကာရရာ၏၊ ဆင်သံကဲ့သို့မြည်မူ အနာရောဂါရောက်ရာ၏။ တံပိုးသံကဲ့သို့မြည်မူ ဘေးဥပဒ် အန္တရာယ် ရောက်တတ်သည်။ ဆင်ခြင်၍ တပ်ရာ၏။



## အိမ်သစ်တက်ရာ–ယတြာအစီအရင်

အကြင်သူခပ်သိမ်းသည် မိမိတို့နေအိမ်ကို ဆောက်အပ်၍ ပြီးသည့်နောက် ယတြာပြုရာသည်ကား . . . အိမ်သစ်တက်သော အခါ အိမ်ရှင်ယောက်ျားသည် ဝါးကြမ်းကိုကိုင်စေ၍ မိန်းမကား ဓာတ်တော်ကိုကိုင်စေ၍ တက်ရာ၏။ ။ အိမ်သစ်တွင် ထားရသည်ကား ဖြူသောဆန်ကို အိမ်အလယ်တွင်ထား။

အရှေ့တောင်ထောင့်က ဆင်စွယ် ခေါင်းလောင်း၊ ချွန်းတောင်း အစရှိသည်တို့ကိုထား။ ကျောက်ပြင်, ကျောက်သား မဟာပိန္နဲထား။

အနောက်တောင်ထောင့်က ပုဆိုး အဝတ်အစားထားရမည်။

အနောက်က စပါးထားရမည်။

အနောက်မြောက်ထောင့်အရပ်က ပုန်းရည်ကို ထားရမည်။

မြောက်စူးစူးက နွားနို့ထောပတ်ကို ထားရမည်။

လှေကားရင်းက ထမင်းတောင်းကို ထားရမည်။

အရှေ့မြောက်ထောင့်အရပ်က အုန်းခိုင်-ထန်းခိုင်-ကွမ်းသီးခိုင်တို့ကို ထားရမည်။

အိမ်၏အလယ်တွင်ကား ဥစ္စာဟူသမျှ ထားရာ၏။

သူကြွယ်လက္ခဏာရှိသောသူတို့သည် ရှေးဦးပထမ တက်ပါစေလေကုန်။

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ဆိုခဲ့သည့်အတိုင်း မရှက်ဆောင်နိုင်ကြမူ မိမိတို့စွမ်းအား ရှိသမျှ ဆောင်ရွက်စီရင်ကုန်ရာ၏။

## အိမ်ဆောက်၊ ကျောင်းဆောက်အစရှိသည်တို့၌ တိထိမြေခံပြခြင်း

မြေခံမော်ကွန်း၊ ဖော်ပြည့်ညွှန်းလိမ့်၊ လဆန်းဆယ့်ငါး၊ ဆုတ်ငြားနှစ်ဆယ်၊ တစ်သွယ်မယုတ်၊ တိထိနုတ်ပါ၊ ကြွင်းသည်မှာကို ဒသာနုတ်ပစ်၊ ကြွင်းလစ်ငွေသော၊ ဧကာအစ၊ ရှစ်သို့ကျအောင်၊ အစဂြိုဟ်တိုင်း၊ စဉ်နိုင်းသိရိုး၊ ကိုးခုကားကိတ်၊ ဆယ်ခုမိတ်လျှင်၊ မှန်ပင်မယွင်း၊ တနင်္ဂနွေ၊ ကုန်တွေဥစ္စာ၊ တနင်္လာမှန်၊ သုဝဏ်လာဘ်ရ၊ အင်္ဂါကျက၊ ကာယရောဂါ၊ ဗုဒ္ဓါမှန်လစ်၊ ခုနစ်ရတနာ၊ ရရာသမူ၊ ဂုရုနှင့်ကြုံ၊ မှုမျိုးစုံကို၊ အကုန်အစင်၊ အောင်မြင်လှစွာ၊ သုခါသောကြာ၊ သောရီကျက၊ ဒုက္ခတွေ့မူ၊ ရာဟုဘေးရောက်၊ တထောက်ကိတ်ကြုံ၊ လုံးစုံမှန်စွာ၊ ပူဇော်ရာ၏။ ဆယ်ဖြာမိတ်တွေ့၊ စုသေ, ကေတတ်၊ မှတ်လေ့ဆယ်ဖြာ၊ မြေခံစာကို ကဗျာယူငင်၊ လင်္ကာဆင်သည် ရှေးလျှင်ရသေ့ ရွှေကျမ်းတည်း။

## အိမ်ဆောက်ရာသည့် လတို့ကိုပြခြင်း

တန်ခူးလအိမ်ဆောက်မူ အနာအဖျားများအံ့။

ကဆုန်လကို အိမ်ရာဆောက်မူ အနာအဖျားများအံ့။

နယုန်လအိမ်ဆောက်မူ မယားများအံ့။ ခြွေရံပရိသတ် ပေါများအံ့။



ဝါဆိုလအိမ်ဆောက်မူ ပစ္စည်းဥစ္စာများအံ့။

ဝါခေါင်လအိမ်ဆောက်မူ သားမယားများအံ့။

တော်သလင်းလ၌ ဆောက်မူကား အနာအဖျားများတတ်၏။

သီတင်းကျွတ်လ အိမ်ဆောက်ကမူ အပျက်အစီးကြီးစွာ ဖြစ်တတ်၏။

တန်ဆောင်မုန်းလ အိမ်ဆောက်မူ မဟီမသာရှိအံ့၊ စိတ်နှလုံး ပူပန်တတ်အံ့။

နတ်တော်လအိမ်ဆောက်မူ မယားကောင်း၊ သားကောင်း ရအံ့၊ သူခပ်သိမ်းကို နှိမ်နှင်းနိုင်သည်ဖြစ်အံ့။

တပေါင်းလ အိမ်ဆောက်မူကား လာဘ်ကြီးစွာရအံ့၊ ဥစ္စာပစ္စည်းပေါများအံ့။

ထိုသို့ဆောက်ရာတွင် တနင်္ဂနွေသားတို့သည် အရှေ့က နေလျှင် စပါးများအံ့၊ အဖျားအနာရှိအံ့၊ အရှေ့တောင်ထောင့်ကနေမူ လာဘ်ရအံ့၊ တောင်ကနေမူ ဆယ်ပါးသောအကျိုးတို့ပေးအံ့၊ အနောက်တောင်ထောင့်ကနေမူ ကျွဲ, နွားများအံ့၊ အနောက်ကနေမူ သေကြေပျက်စီးတတ်၏၊ မင်းပူဇော်ကိုခံရ၏၊ အနောက်ထောင့်က နေမူ ပူဇော်ခံရအံ့၊ အမှုဟူသမျှ အောင်အံ့၊ မြောက်ကနေမူ ဆင်းရဲအံ့၊ မယားသေအံ့၊ အရှေ့မြောက်ထောင့်ကနေမူ သုတကာတို့ထက် မြတ်အံ့။

တနင်္လာသား အရှေ့စူးစူးကနေမူ ကျွဲ, နွားများအံ့၊ အရှေ့ တောင်ထောင့်ကနေမူ မီးလောင်တတ်အံ့၊ တောင်အရပ်ကနေမူ သေကြေပျက်စီးတတ်အံ့၊ သူတစ်ထူးတို့သည် နေ့ညမပြတ်

www.burmeseclassic.com

www.burmeseclassic.com



ဖျက်လိုကြအံ့၊ အနောက်တောင်ထောင့်ကနေမှု ကျေးကျွန်ခြွေရံ ပရိသတ်များအံ့၊ အကြွင်းမှာ တနင်္ဂနွေနှင့်တူ၏။

အင်္ဂါသား အရှေ့ကနေမူ ချမ်းသာရအံ့၊ သူတစ်ထူးနှင့် ခိုက်ရန်ဖြစ်တတ်အံ့၊ အရှေ့တောင်ထောင့်ကနေမူ ချမ်းသာရအံ့၊ တောင်အရပ်ကနေမူ ချမ်းသာရအံ့၊ အနောက်တောင်ထောင့် အရပ်ကနေမူ သားမြေးကျေးကျွန်များအံ့၊ အနောက်ကနေမူ စည်းစိမ်ဥစ္စာ ခြွေရံပရိသတ်ပေါများအံ့၊ အနောက်မြောက်ထောင့်က နေမူ လာဘ်ရအံ့၊ မြောက်ကနေမူ အနာအဖျားများအံ့၊ ဆင်းရဲတတ်၏။ အရှေ့မြောက်ကနေမူ လာဘ်ရအံ့၊ ဆရာ အစရှိသော သူခပ်သိမ်းတို့ အပူဇော်ခံရအံ့။

ဗုဒ္ဓဟူးသား အရှေ့ကနေမူ ချမ်းသာရအံ့၊ လာဘ်များအံ့၊ အရှေ့တောင်ထောင့်ကနေမူ သူတစ်ပါးနှစ့် မျက်လိုအံ့၊ တောင်ကနေမူ ဘေးဥပဒ်အန္တရာယ် ထိခိုက်တတ်အံ့၊ သားမယား ကျေးကျွန် ခြွေရံ ပရိသတ်ရအံ့၊ အနောက်တောင်ထောင့်ကနေမူ လာဘ်ရအံ့၊ အနောက်ကနေမူ ရောဂါဥပဒ်များတတ်အံ့၊ သူတစ်ပါး နှိပ်စက်ခြင်းကို ခံရတတ်အံ့၊ အနောက်မြောက်ထောင့်ကနေမူ အဖျားအနာ များတတ်အံ့၊ မြောက်ကနေမူ ကျွဲနွားသားမြေး ပျက်စီးတတ်အံ့၊ အရှေ့မြောက်ထောင့်ကနေမူ လာဘ်ကြီးစွာရအံ့။

ကြာသပတေးသား အရှေ့ကနေမူ ဥစ္စာစည်းစိမ် ပျက်စီး တတ်အံ့၊ သားမယားလည်း ပျက်စီးတတ်အံ့၊ အရှေ့တောင်ထောင့်က နေမူ ချစ်သောသူတို့နှင့် ကွေကွင်းတတ်၏၊ တောင်ကနေမူ



ဥပဒ်အန္တရာယ်ရောက်တတ်သည်။ မိမိအိမ်ကိုလည်း မီးသင့်တတ် သည်။ အနောက်တောင်ထောင့်ကနေမူ ပျက်စီးတတ်သည်။ ရောဂါဥပဒ်များတတ်အံ့၊ အနောက်ကနေမူ မီးလောင်အံ့၊ သူခပ်သိမ်းတို့ ပူဇော်ရာဖြစ်အံ့၊ အနောက်မြောက်ထောင့်ကနေမူ လာဘ်သပ်ပကာကြီးစွာရအံ့၊ မြောက်ကနေမူ ပစ္စည်းဥစ္စာ ပေါများအံ့၊ အနာအဖျားရှိတတ်အံ့၊ ကျေးကျွန်ကျွဲနွားများအံ့။

သောကြာသား အရှေ့ကထားမူ ချမ်းသာရအံ့၊ သားမယား ပျက်စီးတတ်အံ့၊ အရှေ့တောင်ထောင့်ကနေမူ ဘေးဥပဒ် အထိအခိုက်များတတ်အံ့၊ တောင်ကနေမူ ဆင်းရဲတတ်၏၊ အနောက် တောင်ထောင့်ကနေမူ ရန်သတ္တရုပျောက်အံ့၊ အနောက်ကနေမူ ကျွဲနွားများအံ့၊ အနောက်မြောက်ထောင့်ကနေမူ သူတစ်ပါးတို့ ပူဇော်ခြင်းကိုခံရ၏။ မြောက်ကနေမူ ဥစ္စာများအံ့၊ အရှေ့မြောက် ထောင့်ကနေမူ မကောင်း။

စနေသား အရှေ့ကနေမူ ပျက်စီးတတ်အံ့၊ အရှေ့တောင် ထောင့်ကနေမူ ချမ်းသာရအံ့၊ တောင်ကနေမူ အခြွေအရံများအံ့၊ အနောက်တောင်ထောင့်ကနေမူ မကောင်း။ အနောက်ကနေမူ ချမ်းသာရအံ့၊ အနောက်မြောက်ထောင့်ကနေမူ လာဘ်ကြီးရအံ့၊ မြောက်ကနေမူ ဥစ္စာပေါများအံ့၊ အရှေ့မြောက်ထောင့်ကနေမူ ခိုက်ရန်များအံ့။ ။ (ဤကား တိထိနက္ခတ်မြေခံ-နံစံနှင့် တော်လျော်စွာ အိမ်ဆောက်၍ ၇-ရက်သားတို့ နေကုန်သည်ကို ပြဆိုခြင်းတည်း။)

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသားတို့ကား အိမ်မြောက်စူးစူးက ဆောက်မူ ပေါ်ထွန်းထင်ရှားအံ့။ တနင်္လာသား အရှေ့မြောက်ထောင့်က ဆောက်မူ ကောင်းအံ့။ ကျော်စောထင်ရှားရာအံ့။ အင်္ဂါသား အရှေ့တောင်ထောင့်ကဆောက်မူ ထင်ရှားကျော်စောအံ့။ ဗုဒ္ဓဟူးသားအနောက်ကဆောက်မူကောင်းအံ့၊ ဥစ္စာပစ္စည်းပေါများအံ့။ ကြာသပတေးသား အနောက်တောင်ထောင့်ကဆောက်မူ လာဘ်ပေါများအံ့။ သောကြာသား အနောက်မြောက်ထောင့်က ဆောက်မူ အလွန်ထင်ရှားကျော်စောအံ့။ စနေသား အရှေ့မြောက်ထောင့်ကဆောက်မူ ကောင်းလှအံ့။ ဥစ္စာပစ္စည်း ပေါများအံ့။ ။ နံစံပေါ်ရာသောကျမ်းကား ဤတွင်ပြီးအံ့။

ဤသို့ မိန့်ဆိုခဲ့သော ကျမ်းသည် သတ္တိဂြဟကျမ်းမှ လည်းကောင်း၊ ပယောဂယတြာကျမ်းမှလည်းကောင်း၊ ပရာကျမ်းမှ လည်းကောင်း အသီးသီး ကောင်းရာကိုထုတ်ယူ၍ ပညာရှိသော ရှေးဆရာကျော်တို့သည် ဗေဒင်ကျမ်းအစရှိသော လောကီကျမ်း တို့ကို စီရင်ပေအံ့။

နောက်မှစီရင်သောပညာရှိတို့သည် ဖွားသောဇာတာရှင် ရှိသည် မှန်လှစေ၊ မှန်ပြီးသော်လည်း အာရုံ, ဗျာယ, မရဏာလွတ်စေ၊ ခေတ်ဦးခေတ်လယ်လည်းကြိုက်စေ၊ အထွန်းအပြန် တံခွန် တေဇလည်းကြိုက်စေ၊ ယင်းသို့ရှိမှ စီရင်လေ။ ယင်းသစ်ကိုလည်း မမြင်နိုင်က ယတြာမူသော သူသည် မြွေဟောက်ကိုမဖမ်းတတ်သော သူနှင့်တူအံ့။ တတ်ပင်တတ်သော် ခက်လှပေအံ့။ ပြုန်းတီး



သေပျောက်လှသည်တည်း။ တတ်နိုင်သော်ကား အမျိုးခုနစ်ဆက် စ၍ စီရင်သော ကျမ်းဆရာတိုင်အောင် ကောင်းကြွယ်စည်ပင် ကမ္ဘာဦးပညာရှင် ကျမ်းဆရာမြတ်တို့သည် ဟောထားခဲ့သည်ဟု မှတ်လေ။ ဤကဲ့သို့သော ကျမ်းဂန်တရား ပညာရှိသော ဆရာမြတ်တို့သည် ယတြာပြုရာသော ကျမ်းအတိုင်းစီရင်သည် ရှိသော် ဘုန်းတန်ခိုးကြီးသော မင်းတို့သည် စက်တစ်ထောင် ထွက်အောင် စည်းစိမ်တို့ကို ခံစားထိုက်ပေအံ့။ မင်းစည်, ဆရာစည်တီး ဖြစ်ကုန်အံ့ဟု မှတ်ကြလေကုန်။

## ဗိသုကာလက်သမားကျမ်းကိုပြခြင်း

လောက၌ အိမ်တို့မည်သည်မှာ "သုံးပင်နှစ်ခန်းသာလျှင် မိမိပိုင်အိမ်"ဟုခေါ်အပ်အံ့။ လေးပင်သုံးခန်းဆောက်လျှင် သော်လည်း အိမ်ဦးခန်းသည် မိမိပိုင်မဟုတ်။ ဧည့်သည်၊ အာဂန္တုတို့ ပိုင်ဆိုင်သောအခန်းဆိုအပ်အံ့။ အဘယ့်ကြောင့်ဆိုအပ်သနည်းဟူမူ ၎င်းအိမ်ဦးခန်းသည် ကျောင်း၊ ဇရပ်ဟူသော အထိမ်းအမှတ်ဖြင့် သံဃာတော်မြတ်၊ ဧည့်သည်မြတ်တို့ ခိုကပ်ကျိန်းဝပ်နိုင်ကြစေရန် ရည်သန်တောင့်တ၍ ရှေးရှေးသော လူကြီးလူကောင်း ပညာရှိ အပေါင်းတို့သည် ကြမ်းတပြေးတည်း မခင်းကြ။ အဆင့်ညီတူညီမျှ မထား။ မိမိပိုင် နှစ်ခန်းအဆင့်ကို အနိမ့်ထား၍ အိမ်ဦးခန်းကို အမြင့်ထားပြီးလျှင် ဆောက်မြဲဓမ္မတာ ဖြစ်ကြပေသည်။ အကယ်၍ သက်မအဆင့်ညီမျှစွာ ထားသော်လည်း ကြမ်းခင်းသော် တစပ်တည်း မနေစေခြင်းငှာ အိမ်ဦးခန်းတွင် ကြမ်းဖွင့် အဆက်ပြု၍ ကြမ်းခင်းကြကုန်အံ့။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်ကိုဆောက်လုပ်ကြသောအခါ "ဦးရှုကြငှန်း၊ ဆောင်ခန်းရဝေ၊ သပြေကုတ်ပဟီး"ဟု ဆိုအပ်သော တိုင်ခြောက်လုံးတို့ကိုသာလျှင် သစ်ဆိုးသစ်ကောင်း ရွေးချယ်ရာသည်ဟု ဆရာတို့ ဆိုကြကုန်၏။ ဤတိုင်များမှ တစ်ပါး အိမ်ဦးခန်းတိုင်များ အဆိုး၊ အကောင်း မရွေးချယ်ရာ၊ အဘယ်ကြောင့် မရွေးချယ်ရသနည်းဟူမူ ၎င်းအိမ်ဦးခန်းတို့မည်သည် ဇရပ်၊ ကျောင်းဟူသော ပညတ်သမုတ်ပြီးဖြစ်သောကြောင့် ရွေးချယ်ရန် မရဟု မှတ်ရမည်။

ထို့ကြောင့် အိမ်ဆောက်သောအခါ အိမ်ဦးခန်းက တိုင်သုံးလုံး ကိုပယ်၍ ကျန်ခြောက်လုံးတို့တွင် ဦးရှုတိုင်ကို အင်္ဂါထောင့်က ကျအောင်၊ နေအောင် စိုက်ထားရမည်။ အခြားသောနေရာကို မစိုက်ထားရ။ အဘယ်ကြောင့် မစိုက်ထားရသနည်းဟူမူ ဦးရှုတိုင်သည် ရှုံကြွယ်နှင့်အတူ ပမာထားရသောကြောင့် ရှုံကြွယ် ကဲ့သို့ အမြဲထားရာ၏ဟု ရှေးလောကီကျမ်းတတ် ဆရာမြတ်တို့ မိန့်ဆိုခဲ့ကုန်သတည်း။

၎င်းဦးရှုတိုင်သည် အဘယ်သို့သောတိုင်ကို ဦးရှုတိုင်ပြုလုပ်ရပါနည်းဟု ဆိုငြားအံ့။ အထက်ကဆိုခဲ့သော မိမိပိုင်တိုင်ခြောက်လုံးကို မြေ၌ချထားဆဲအခါ ရွှေတစ်ထုပ်၊ ငွေတစ်ထုပ် ပိတ်အဝတ်စသည်နှင့်ထုပ်၍ ရွှေထုပ်၊ ငွေထုပ်ဟုမပိုင်းခြားနိုင်သောသူ တစ်ဦးကိုဖြစ်စေ၊ ကလေးသူငယ်ကိုပင်ဖြစ်စေ၊ ၎င်းရွှေထုပ် ငွေထုပ်တို့ကို ကောင်းမွန်စွာ တင်ထားစေရာ၏။ ၎င်းရွှေထုပ် တင်မိသောတိုင်ကို ဦးရှုပြု၍ ရှေးဦးစွာစိုက်ရာ၏။ ၎င်းဦးရှုတိုင်ကို ကောင်းမွန်စွာစိုက်ပြီးမှ အခြားသောတိုင်တို့ကို စိုက်ရာသည်။



၎င်းတိုင်တို့တွင် အမျက်ဆွေး အခွံဖုံးအုပ်၍နေသော အမျက်၊ ၎င်းအမျက်နှစ်ခုသည် တစ်ခုခုပါမူ မစိုက်ကောင်းဟု ရှေးပညာရှိတို့ ဆိုကြကုန်၏။ အကယ်၍ပင် ပါငြားသော်လည်း အညာဖျင်၊ လျှော်ဖျင်၊ ပိဖျင် စသည်တို့ကို တစ်ခုခုချည်လျက် အမျက်ဖျဉ်၍ ပြီးပြီဟုဆိုပြီးလျှင် စိုက်ထူရာ၏။

အကယ်၍ ၎င်းဖျင်သုံးမျိုးတို့ကို မချည်မိသော်လည်း "ကျောင်းတွင် ကွန်းစည်၊ အိမ်တွင်လှေကား၊ ချည်ချုပ်ထား"ဟူသောကြောင့် လှေကားမှာ အမျက်မပါလျှင် အိမ်ကောင်းပြီဟုမှတ်၊ ကျောင်းတွင် ကွန်းစည်တိုင်မှာ အမျက်မပါလျှင် အကောင်းဟူ၍ မှတ်လေ။ အမျက်အဆွေး အခွံအုပ်သောအမျက်ကိုသာလျှင် ဆိုးသည်ဟုဆိုသည်။ အခြားသောအမျက်တို့ကို အမျက်ဆိုးဟူ၍ မဆို။

လှေကားကောင်းလျှင် ၎င်းအိမ်သည် အိမ်ကောင်းသည်ဟု ဆိုသောကြောင့် လှေကားကောင်းအောင် အဘယ်သို့ လုပ်ရပါမည်နည်းဟု ဆိုငြားအံ့ . . . လှေကားကိုလုပ်သောအကြွင်းသူသည် ၎င်းလှေကားကိုလုပ်မည့် ပျဉ်ကို လွှနှင့်အလယ်ကိုခွဲ၊ ခွဲသောလွှရာရှိသောမျက်နှာနှစ်ခုကို မှတ်ထား၊ ၎င်းခွဲသော မျက်နှာကို ရင်ခေါ်သည်။ "တစ်နည်း ရင်ဘတ်"ဟုခေါ်သည်။ လွှမခွဲသော အပြင်ဘက်ကို ကျောဟုခေါ်သော မျက်နှာကို အပြင်ကနေအောင်ထား။ အဖျားကို အဖျားချင်းနေအောင်ထား၊ အရင်းကို အရင်းချင်းနေအောင်ထား။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကား၏ အမျက်ရွေးနည်းမှာ အကြင်လေ့ကားကို လုပ်သောသူသည် အလိုရှိသမျှသောလေ့ကားကိုဖြတ်၍ ဆယ်ပိုင်း ပိုင်းရမည်။ ၎င်းဆယ်ပိုင်းအနက် ရှစ်ပိုင်းမှာသော်လည်းကောင်း၊ ငါးပိုင်းမှာသော်လည်းကောင်း၊ လေးပိုင်းမှာသော်လည်းကောင်း အကယ်၍ အမျက်ပါခဲ့မူ မကောင်း၊ ဤဆိုခဲ့ပြီးသည်မှတစ်ပါး အခြားသောနေရာအပိုင်းများ၌ အမျက်ပါခဲ့မူ ကောင်း၏။

လေ့ကားအဆံတပ်ရန်မှာ ရှေးတိတ္ထိ ကျမ်းဆရာတို့သည် စုံ, မ နှစ်ခုစလုံးကိုပင် တပ်ကောင်း၏ ဆိုသည်။ လက်သမားကျမ်း ဆရာတို့က မ,ကိုသာလျှင် တပ်စေသည်ဟူ ဆိုသည်။ ထိုသို့ ဆိုကြသည့်အတွက် နှစ်ဦးနှစ်ဝသော ကျမ်းဆရာတို့အယူဝါဒ နှစ်ပါးကိုညီအောင် မ,ကိုသာလျှင် တပ်ရမည်။ စုံမတပ်ရ။

၎င်းလေ့ကား ရှစ်ပိုင်း၊ ငါးပိုင်း၊ လေးပိုင်းတွင် အမျက်မပါရာဟု ရှေးလောကီကျမ်းတတ် ဆရာမြတ်တို့ဆို[illegible]ကြောင့်။ ။ယခု လူတို့စကားတွင် "လေး၊ ငါး၊ ရှစ်၊ ပစ်ပါဘိ"ဟု ဆိုကြသည်တစ်ရပ်၊ "လေးပေါင်ပျက်မသား၊ ငါးပိုင်းခုန်မသား၊ ရှစ်ပိုင်း[illegible]တ်မသား"ဟု ဆိုစမှတ်ပြုကြပေသည်။ လေ့ကားတွင်သာ မကောင်းသည် မဟုတ်ပါသေး။ လူတို့၏ အ[illegible]က်သည်လည်း လေးလ, လေးနှစ်, လေးဆယ်၊ ငါးလ, ငါးနှစ်, ငါးဆယ်၊ ရှစ်လ, ရှစ်နှစ်, ရှစ်ဆယ်တွင် ညံ့တတ်သည်။ သေလျှင်လည်း သေတတ်သည်။ သို့ဖြစ်၍ ကောင်းမွန်စွာ သတိပြုကြကုန်ဟု ဆိုသတည်း။



၎င်းပြင် လေ့ကားလုပ်သည့် ကျမ်းများစွာရှိသည်။ ရှိပင် ရှိသော်လည်း ဂန္ထဂရုဖြစ်မည်စိုး၍ အနည်းငယ်မျှသာပြလိုက်သည်။ ၎င်းပြထားသည်နှင့်ပင် အသုံးပြုနိုင်လောက်မည်ဖြစ်သတည်း။

## လေ့ကားတွင်ပါသော အမျက်၏အကျိုး

လေ့ကားအလယ်ပိုင်း အမျက်ပါခဲ့မူ မကောင်း၊ ဥစ္စာပစ္စည်း ပျက်စီးတတ်သည်။ ဥပဒ်အန္တရာယ်လည်း အနည်းငယ်မျှ ဖြစ်တတ်သည်။ လေ့ကားဦးတွင် အမျက်ပါမူ ညှော်သည့်အရောက် များတတ်အံ့၊ စုလာဘ်ကြီးစွာရအံ့၊ လေ့ကားရင်းတွင် အမျက်ရှိမူ ကျွန်ကျွန်များအံ့၊ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာအံ့။

## အရာရာတို့၌ အခါရွေးနည်း

အုန်း၊ ဆူး၊ သက်။

ကောင်း၊ ဘက်၊ ဗီ။

ဇော်၊ ဝိ၊ သီ။

လှ၊ ဆီ၊ သဒ်။

ပန်း၊ မြတ်၊ ဖြင်။

သဲ၊ စင်၊ မာရ်။

ထောင်၊ တန်၊ သူ။

www.burmeseclassic.com

www.burmeseclassic.com



အန်း-တနင်္ဂနွေနေ့၌။ ဆူး, သုံးဘဝါးရှိမူ။ သက်-သိကြား စောင့်၏။

ကောင်း-တနင်္လာနေ့၌။ ဘက်, ငါးဘဝါးရှိမူ။ ဗိ-ဗိဿနိုး စောင့်၏။

ဖော်-အင်္ဂါနေ့၌။ ဝိ, လေးဘဝါးရှိမူ။ သိ-ခြင်္သေ့စောင့်၏။

လှ-ဗုဒ္ဓဟူးနေ့၌။ ဆီ, သုံးဘဝါးရှိမူ။ ဆင်-ဆဒ္ဒန် ဆင်မင်း စောင့်၏။

ပန်း-ကြာသပတေးနေ့၌။ မြတ်, ငါးဘဝါးရှိမူ။ ပြင်-ပြဟ္မာမင်း စောင့်၏။

သဲ-သောကြာနေ့၌။ စဉ်, သုံးဘဝါးရှိမူ။ မာရ်-မာရ်နတ် စောင့်၏။

ထောင်-စနေနေ့။ တန်, ခုနစ်ဘဝါးရှိမူ။ သူ အသူရိန် စောင့်၏။ (အမှုကိစ္စဟူသမျှတို့၌ နေ့အလိုက် အခါပေးပုံတည်း)။

တနင်္ဂနွေနေ့ အခါမှန်မူ အရှေ့မြောက်က လူနှစ်ယောက် ရန်ဖြစ်မည်။

တနင်္လာနေ့ အခါမှန်မူ အရှေ့ကလူနှစ်ယောက် လက်တွဲ၍ လာမည်။

အင်္ဂါနေ့ အခါမှန်မူ အရှေ့တောင်ကလူနှစ်ယောက် လျှို့ဝှက်သောစကားကို ပြောကြားလာမည်။

ဗုဒ္ဓဟူးနေ့ အခါမှန်မူ တောင်က အခြေလေးချောင်းစီး၍ ပန်းပန်လျက်လာမည်။



ကြာသပတေးနေ့၌ အခါမှန်မူ အနောက်က လူငါးယောက် သီချင်းဆို၍ လာမည်။

သောကြာနေ့ အခါမှန်မူ မြောက်က လူသုံးယောက် လက်နက် ကိုင်၍ဖြစ်စေ၊ သံခမောက်ဆောင်း၍ဖြစ်စေ လာမည်။

စနေနေ့ အခါမှန်မူ အနောက်တောင်က မျက်စိပျက်သူ ဖြစ်စေ၊ မီးလျှံဖြစ်စေ မြင်လာသည်။

## တိထိအခါပေးနည်း

ဆောင်အံ့သောနေ့၊ တွက်၍ရသော တိထိကို ငါးခုစား။ ၁ခု ကြွင်းမူ နန္ဒတိတိထိ။ နှစ်ခုကြွင်းမူ ဘဒ္ဒရာတိထိ။ သုံးခုကြွင်းမူ ဇေယျာတိထိ။ လေးခုကြွင်းမူရိတ္တာတိထိ။သုဉ်းမူပုဏ္ဏာတိထိ ဟူ၍မှတ်။

ထိုငါးပါးသော တိထိတို့တွင် ရိတ္တတိထိ၌ ကျောင်းကန်ဘုရား တည်ထားခြင်း စသည်တို့ကို အထူးရှောင်လေ။

### တိထိငါးရက်ကို ဇယားဖောက်နှင့်တကွ ပြဆိုချက်

| အမည် | နန္ဒာ | ဘဒ္ဒရာ | ဇေယျာ | ရိတ္တာ | ပုဏ္ဏာ |
|---|---|---|---|---|---|
| တိထိစဉ် | ၁ | ၂ | ၃ | ၄ | ၅ |

www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်းတိထိ အဟောလက်ာ" အခါပေးရာ၊ မျိုးလေးဖြာတို့။ နန္ဒာတိထိ၊ ကြိုက်ညီသောအခါ၊ ကြောင်းဝိဟာ်နှင့်၊ တည်ရာဘုရား၊ တံတားခင်းရန်၊ ရေကန်ရေတွင်း၊ အခင်းကိစ္စဟူသမျှကို၊ ပြုရသော်ကား၊ အကျိုးများ၏။ အခြားဘဒ္ဒရာတိထိမှာလည်း ကေသာတုံးခြင်း၊နားထွင်းမင်္ဂလာ၊အိမ်ရာဆောင်နှင်း၊အခင်းကိုသာ၊ ပြုဖို့ရာ၏။ မှန်စွာတူညီ တိထိဇေယျာ၊ ရန်စအောင်ကြောင်း၊ စည်မောင်းရိုက်ဆော် စစ်ချီသော်သွား၊ တရားဆင်ရာ အောင်စေရာ၏။ မကွာမုချ၊ ရိတ္တာကြိုလျှင်၊ ထိုးကွင်းလက်ဖွဲ့၊ ပြစ်မှဲ့ဆေးဝါး၊ နာဖျားအကယ်၊ ပြုဖို့လွယ်၏။ အကယ်ဇီဝ၊ ကြုံလတ်ကမူ၊ ပုဏ္ဏာတိထိ၊ ကျီနှင့်ဘဏ္ဍာ၊ ဥစ္စာသိုမှီး၊ တသီးရတနာ၊ ခုနစ်ဖြာတို့ ဝယ်ရာမတောက်၊ စိန်ကျောက်သွေးမှု အစုစုကို၊ ပြုအပ်လှစွာ ကောင်း၏မှာသည် အခါပေးဖို့ ခမဲတည်း။

## ကိတ္တဂူရက်အဟော

ရဝိကော၊ စတု စန္ဒရာ။ ဘုမ္မော အင္ဂ။ ဗုဒ္ဓ နဝ။

ဂုရု ပဥ္စ၊ တြိယော သောကြာ၊ သေနာ အင္ဂ။

ကိတ္တာရဂူတိ ပဝုစ္စတိ။ ပြဟ္မာနံပိ နာဇီဝတိ။

ရဝိ, တနင်္ဂနွေသည်။ ဧကာ၊ လဆန်းတစ်ရက်၊ လဆုတ်တစ်ရက်။ စန္ဒရာ၊ တနင်္လာသည်။ စတု၊ လဆန်း ၄ ရက်၊ လဆုတ် ၄ ရက်။ ဘုမ္မော၊ အင်္ဂါသည်။ အင္ဂ၊ လဆန်း ၈ ရက်၊ လဆုတ် ၈ရက်။ ဗုဒ္ဓဟူးသည်။ နဝ၊ လဆန်း ၉ ရက်၊ လဆုတ် ၉ ရက်။ ။



ဂုရု၊ ကြာသပတေးနေ့သည်။ ပဥ္စ လဆန်း ၅ ရက်၊ လဆုတ် ၅ ရက်။ သောကြာ၊ သောကြာသည်။ တြိယော၊ လဆန်း ၃ ရက်၊ လဆုတ် ၃ ရက်။ သောရီ၊ စနေသည်။ အင္ဂ၊ လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်။ ဣတိ၊ ဤသို့။ ဣမေ၊ ဤသည်ကိုကား။ ကိတ္တာဂူတိ၊ ကိတ္တဂူရက်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ပြဟ္မာနံပိ၊ ပြဟ္မာမင်းတို့အား သော်လည်း။ နဇီဝတိ၊ အသက်မရှင်ရာ။

အထက်ပါဂါထာ၏ အဓိပ္ပာယ် မှတ်ချက်သိသာရန်မှာ . . . မည်သည့်လ၌မဆို လဆန်း ၁ ရက်၊ လဆုတ် ၁ ရက်နေ့တို့၌ တနင်္ဂနွေနေ့ကျမူ အခါကိစ္စ မဆောင်အပ်, မပြုအပ်သော ကိတ္တဂူရက်ဖြစ်ပေ၏။

ဂုဏ်းနည်းတူ လဆန်း ၄ ရက်၊ လဆုတ် ၄ ရက်နေ့တို့၌ တနင်္လာနေ့ကျမူ ကိတ္တဂူရက်။

လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်နေ့တို့၌ အင်္ဂါနေ့ကျမူ ကိတ္တဂူရက်။

လဆန်း ၉ ရက်၊ လဆုတ် ၉ ရက်နေ့တို့၌ ဗုဒ္ဓဟူးနေ့ကျမူ ကိတ္တဂူရက်။

လဆန်း ၅ ရက်၊ လဆုတ် ၅ ရက်နေ့တို့၌ ကြာသပတေးနေ့ကျမူ ကိတ္တဂူရက်။

လဆန်း ၃ ရက်၊ လဆုတ် ၃ ရက်နေ့တို့၌ သောကြာနေ့ကျမူ ကိတ္တဂူရက်။

www.burmeseclassic.com

www.burmeseclassic.com



လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်နေ့တို့၌ စနေနေ့ကျမှု ကိတ္တဂူရက်။

ထိုရက်နေ့တို့၌ အခါကိုစွဲဆောင်ရွက်ကြမှု လူသားကို မဆိုထားဘိ။ တန်ခိုးကြီးသော ဗြဟ္မာမင်းတို့သော်မှ အသက်မရှင် ဟူ၍ “နဝသာခါကျမ်း”၌ လာသည်။ အများဆင်ခြင်ကြရာသတည်း။

## ဘုမ္မိ သင်္ချိုင်းရပ်အဟော

တနင်္ဂနွေသား-သမီးတို့၏ ဘုမ္မိသင်္ချိုင်းကျသောအရပ်မှာ တောင်စူးစူးအရပ်ဖြစ်ပေ၏။

တနင်္လာသား-သမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ အနောက်တောင် စနေထောင့်အရပ်ဖြစ်ပေ၏။

အင်္ဂါသား-သမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ အနောက်စူးစူး အရပ်ဖြစ်ပေ၏။

ဗုဒ္ဓဟူးသား-သမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ အနောက်မြောက်, ရာဟုထောင့်ဖြစ်ပေ၏။

ကြာသပတေးသား-သမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ အရှေ့မြောက် တနင်္ဂနွေထောင့်အရပ်ဖြစ်ပေ၏။

သောကြာသား-သမီးတို့၏ ဘုမ္မိသင်္ချိုင်းအရပ်မှာ အရှေ့တောင်, အင်္ဂါထောင့်အရပ်ဖြစ်ပေ၏။

စနေသား-သမီးတို့၏ ဘုမ္မိသင်္ချိုင်းကျသောအရပ်မှာ မြောက်စူးစူးအရပ်ဖြစ်ပေ၏။



ဤသို့လျှင် ၇ ရက်သားသမီးတိုင်း မိမိနှင့်ဆိုင်သော ဘုမ္မိရပ်ခိုက်များကို အထူးသိရှိ မှတ်သားထားကြရာ၏။

## ဘုမ္မိရပ်ခိုက်အဟော

မိမိတို့နှင့်သက်ဆိုင်သော ဘုမ္မိသင်္ချိုင်းအရပ်သို့ မျက်နှာပြု၍ ဆောက်လုပ်အပ်သော နေအိမ်အဆောက်အအုံတို့၌ အမြဲနေကောင်း၊ အရောင်းအဝယ်ပြုအပ်သော ကုန်တိုက်၊ ဈေးဆိုင်၊ ဥစ္စာပစ္စည်း သိုမှီးအပ်သော ကျီကျဘဏ္ဍာ၊ ဆင်, မြင်း, ကျွဲ, နွားထားရာ ဆင်ဇောင်း၊ မြင်းဇောင်း စသည်များကိုလည်း အဆိုပါ ဘုမ္မိရပ်၌ မဆောက်လုပ်အပ်။ ရင်းပြင် ရေတွင်း, ရေကန်, ဘုရား, ကျောင်း, ကန်စသော ထာဝရကုသိုလ်များကိုလည်း ထိုဘုမ္မိအရပ်သို့ ထား၍မပြုအပ်။ ကုသိုလ်ရသော်လည်း အခိုက်မလွတ်ရှိတတ်၏။ ဤဘုမ္မိအရပ်များတွင် အိမ်သာ၊ အမှိုက်၊ သွေးသံ စသော အညစ်အကြေးများစွန့်ပစ်အပ်သော အရပ်မျှလောက်သာ ဖြစ်လေသည်။

## ဆောင်ရန်အခါရွေးနည်း

လူရှင် လေးပါး၊ အမျိုးသားတို့၊ လျှင်လျှာခဏ ကြောင်းကိုစွဲ ကြောင့်၊ သွားကြဆောင်ရာ၊ ရှိသောခါဝယ် ရက်မှာမလွတ်၊ ခဲ့လတ်မူ၊ နေ့မြတ်တနင်္ဂနွေ၊ ညနေနံနက်၊ တစ်ချက်ချက်ပင် ထွက်ဆယ်ဘဝါး၊ အချိန်အားဖြင့်၊ ဆယ့်ငါးမှန်မှန်၊

www.burmeseclassic.com

www.burmeseclassic.com



စရုတွန်းပြန်၍၊ တစ်ဖန်ထိပ်ထက်၊ အက္ခရာအ၊ လှုတုရေးရှောင်း၊ တောင်းဟန် ပြုကား၊ သွားလေပါမူ၊ အာကာပျံသွား၊ ဂဠုန်အားကို၊ နဂါးနိုင်လေ၊ အခါပေးတည်း။

ဖြူငွေစန္ဒာ၊ တနင်္လာမူ၊ ငါးဖြာဘဝါး၊ ရှိပြားအခါ သတ္တာဒသ၊ စရုတွန်းချလျက်၊ တ,ကို နဖူး၊ အထူးရေးပြန်၊ အိပ်ဟန်ပြုသွား၊ ကျားကိုသမင်၊ အောင့်မြင်မကြာ၊ နိုင်သောခါတည့်။

အင်္ဂါထိုရပ်၊ ရိပ်ထွက်ရှစ်ဘဝါး၊ ပြည့်ပြားမနေး၊ ဆယ့်လေး စရုတွန်း၊ ဖြောင့်တန်း နှာသီး၊ စာရေးပြီးမှ၊ မီးမှာလက်ကင်၊ သွာလေချင်သော်၊ တောတွင်သီဟ၊ သားများ ကကို၊ ယုန်ကနိုင်လေ၊ အခါပေးတည့်။

ဗုဒ္ဓဟူးနေ့မှာ၊ လေးဖြာမှန်လှ၊ ဘဝါးရတွင်၊ ကေရသဆိုက် စရုတွန်းလိုက်လျှင်၊ လျှာ၌ရ,ရေး၊ အေးမြရေးဝယ်၊ မှန်နယ်ကြည့်ချို့ စူဠနီကို၊ ပါရမီဉာဏ်ကျော်၊ မဟော်သဓာ၊ နိုင်သောခါတည့်။

နေ့မှာကြာသပတေး၊ ရိပ်ပြေးထွက်ငြား၊ သုံးဘဝါး၌၊ တွန်းငြားဆယ်တစ်၊ ညှပ်ရိုးစစ်၌၊ ရေလစ်ပစောက်၊ တံခါး ပေါက်တွင်၊ ထွက်ဝင်ခါခါ၊ ယကြာဆင်သွား၊ တောကြောင်ပါးကို ကြွက်ကား နိုင်လေ၊ အခါပေတည့်။

ခေါ်ထွေသောကြာ၊ ဒွါဒသာဖွား၊ ချိန့်ရောက်ငြားသော် ထိုလားစရုတွန်း၊ ရင်ညွှန့်စွန်း၌၊ ကောင်းလွန်းသ၊ ရေး၊ လုံးသေး



လုံးကြီး၊ သစ်သီးကိုစား သွားရငြားမူ၊ ခွေးကား ဆိတ်က၊ နိုင်ထမသွေ၊ အခါပေတည့်။

စနေနေ့မှာ၊ နဝါဘဝါး၊ အချိန်ကားတွင်၊ ဆယ်ဘဝါးလှလှ၊ စရုတွန်းပြ၍၊ ထ ကိုချက်တွင်း၊ ရေးခြင်းလှုတုံ၊ ငြင်းခုံ၍သွား၊ မြွေ၏သားကို၊ သားကနိုင်လေ၊ အခါပေတည့်။ ဆောင်လေသမျှ ကိစ္စပြီးမြောက်၊ ချမ်းသာရောက်သည်၊ ဘေးပျောက်သိကြား အခါပေတည်း။

## ခရီးရှောင်ရန် ဖီလာရက်

ခရီးသွားကာ၊ ရှောင်အပ်စွာသည်၊ ဖီလာရက်နေ့၊ စွဲမှတ်လေ့လာ၊ ရှစ်ထွေမှန်စွာ၊ တစ်နေ့တာတွင်၊ သေခြာပိုင်းခြားပြုပြီးငြားမှ၊ နေ့ကားတနင်္ဂနွေ၊ ရှောင်လေအပ်စွာ၊ သုံးခါအနောက်၊ ငါးခါ နောက်တည့်၊ ခြောက်ရပ်တောင်ခွင်၊ ဖီလာမြင်၏။ ။ ထို့ပြင် တနင်္လာ၊ ဧကာ,အဋ္ဌ၊ နှစ်ဝရှေ့တောင်၊ ဒွေးရှောင်မြောက်ပါး။ ဆ ကားနောက်တောင် အမြဲရှောင်လော့။ ။ ထိုနောက်အင်္ဂါ၊ အဋ္ဌ-ဧက. ရှောင်ကြနောက်မြောက်၊ သုံးအနောက်တည့်၊ တက်ရောက် နောက်တောင်၊ ကျရာရှောင်လေ၊ ဖီလာနေ၏။ တထွေဗုဒ္ဓါ၊ ဧကာ အဋ္ဌ၊ ရှောင်ကြရှေ့မြောက်၊ လေးရောက် နောက်ခွင် ငါးလျှင်မြောက်ပါး၊ ဖီလာငြား၏။ ရက်ကား ကြာသပတေး၊ ဒွေးချိန်အခါ၊ ပြုဗ္ဗအရှေ့၊ ငါးတွေ့ရှေ့တောင်၊ သတ်မှာတောင်တည့်။ ရှောင်ကြလေ,ရာ၊ ရက်သောကြာကား၊

www.burmeseclassic.com



ခွေးမှာ နောက်တောင်၊ သုံးရှောင်ရှေ့မြောက်၊ ဆ၊ရောက်တောင်ပါ။ ရှောင်လေငြားရှင့်။ ။ တဲခြားစနေ၊ လေးထွေနောက်တောင်။ ရှောင်လေငါးမြောက်။ ခြောက်မှာရှေ့ခွင်၊ ဖီလာမြင်၏။ ဆင်ခြင်မဲ့ချေ၊ သွားမိလေက၊ ပျက်ကြေစီးပွား၊ ဘေးရန်များလျက်၊ ငါးပါးခန္ဓာ၊ ပျက်တတ်စွာသည် ဘယ်ခါမလွဲစဖူးတည်း။

## ရှောင်ရန်အခါ ကရိုဏ်းရွေးနည်း

ကိစ္စထွေထွေ၊ ဆောင်ကြပေက၊ ရှောင်လေနေ့ည၊ ကရိုင်းပြအံ့၊ ဆန်းထလေးရက်၊ ဆယ့်လေးရက်မူ၊ လေးချက်ခေါ်တွင်၊ နေဝင်သည်မှ၊ သန်းခေါင်ကျတည့်၊ ညကိုရှောင်ကြဉ်။ ။ထို့ပြင်မှာလည်း ဆန်းလာရှစ်ရက်၊ ဆယ့်ငါးရက်မူ၊ နေထွက်သည်မှ၊ မွန်းတည့်ကျတည့်၊ ရှောင်ကြနေ့ကို ကရိုဏ်းဆို၏။ ။ ထို့ပြည်လဆုတ်၊ အဟုတ်သုံးရက်၊ တစ်ချက်ဒသ၊ ထိုနဝမူ၊ ညသန်းခေါင်က၊ နေဝင်ကျအောင့်၊ ညဉ့်ကိုရှောင်ဘိ၊ ကရိုဏ်းထိ၏။ ။ ထို့ပြင်လဆုတ်၊ ရေထုတ်သတ္တာ၊ ဆယ့်လေးမှာမူ၊ မွန်းသာတည့်က၊ နေဝင်ကျတည့်၊ ရှောင်ကြအပြီး၊ ကရိုဏ်းမှီး၏။ ။ ကျမ်းကြီးရာဇ၊ မတ္တဏ်မှလျှင်၊ ညွှန်ပြလာတိုင်း၊ ကရိုဏ်းသင့်ခါ၊ များစွာကိစ္စ၊ ဆောင်မိကြမူ၊ မွမွကြေညက်၊ သဘော်ပျက်သို့ အသက်ကိုမျှ ယုံမှားရသည် . . . အားကဗိသျှ ကရိုဏ်းတည်း။



## ဂြိုဟ်ဇာအရပ်ရွေးနည်း

ဂြိုဟ်ဂြိုဟ်ဇာ၊ ရပ်မျက်နှာက၊ ဆယ်ဖြာအသီး၊ မြေခံကြီးတွင်၊ ထွန်းညီးဘိတြာ၊ မြေခံမှာမူ မျက်နှာစနေ၊ ပြုတုံလေရှင့်။ ။တထွေတနင်္လာ၊ ဗုဒ္ဓါ-တောင်ခွင်၊ အင်္ဂါ-အဂ္ဂိပြုဘိုရှေ့တောင်၊ ဘေးမျိုးရှောင်လိမ့်၊ ထို့နောင် ဗုဒ္ဓါ ထားရာအရှေ့၊ ကြွက်နေ့ကောင်းကင်၊ သောကြာလျှင်ကား မြေတွင်ပြုလေ၊ စနေရှေ့နောက်၊ ရာဟုရောက်က၊ မြောက်ကိုသာယူ၊ ကိတ်မူပါယပ်၊ ပြုလတ်နောက်မြောက်၊ မိတ္တုရောက်က၊ ကြွက်နောက်ရပ်ခွင်၊ ပြုလေချင်လော့။ ။ ဆယ်အင်ဂြိုဟ်ဇာ၊ ပွင့်ရာတူရှု၊ မျက်နှာမူအံ့၊ ထူးများကိစ္စ၊ ဟူသမျှကို၊ ဒဏ်ကုန်စင်၊ ပြီးအောင်မြင်သည် . . . ဤလျှင် ဂြိုဟ်ဇာဆယ်ပါးတည်း။

## ပရိဝါရ, အာယုစသော အရပ်ရွေးနည်း

မိမိမွေးနံရှိရာ အရပ်ဂြိုဟ်ကစ၍ လက်ယာရစ်ရေ။ ။ ပရိဝါရ, အာယု, နဂရ, ဘုမ္မိ, ဂဟပတိ, တေဇ, ဌာန, သိရိဟုရေ။

သိအပ်ကုန်စွာ၊ မျိုးလေးဖြာတို့၊ မှတ်ရာကောန်၊ ကိုယ့်မွေးနံက၊ အမှန်လက်ျာ၊ ရေတုံပါဘိ၊ ပရိဝါရ၊ အရပ်မှလျှင်၊ မွေးနံလည်းပြု၊ အာယုရင်ခွင်၊ နံပင်စိုက်ကောင်း၊ တကြောင်းနဂရ၊ တည်ထပြည်ရွာ၊ ဘုမ္မိမှာကား၊ ထားပါသချိုင်း၊ ဆိုင်းနှင့်ရေအိမ်၊ မြှုပ်ထိမ်းချေသုံး၊ တဖန် ဂဟပတိ၊ တားဘိကျိုကျ၊ တေဇအမွန် ထီးဝါခွန်နှင့် ကျောင်း, ကန်, ဘုရား၊ တည်ထားတုံဘိ၊ ဟတ္ထိ, ဝေါဟာ၊ မဟိ,သတို့၊

www.burmeseclassic.com



ဌာနထားရာ၊ သိဒ္ဓိရှိမှာမူ၊ လယ်,ယာ ကန်, ချောင်း ပြုအပ်ကောင်းသည်. . . မြဲကြောင်းမှတ်စေကုန်သတည်း။

## တစ်နည်း–ပရိဝါရ, အာယုစသည်ရွေးနည်း

လောကီစျာန်ရ၊ တာပသတို့၊ သုံးကြစရာ၊ မိန့်ခဲ့မှာသည်၊ နောင်လာသူများ၊ အမျိုးသားတို့၊ မှတ်သားကုန်ဘိ၊ ပရိဝါရ၊ အရပ်မှလျှင်၊ သိသဆေးခြင်း၊ ရေတွင်းရေကန်၊ တလန်လက်မှု၊ ဆင်ခြင်ပြုလော့။ ။ အာယုရပ်ဝယ်၊ ကြီးငယ်သစ်ပင်၊ နံတူလျှင်မူ၊ မစိုက်ထူနှင့်။ ။ ရပ် နဂရ၊ ဒေသအကြော၊ ငှက်ပျောစိုက်ဘိ၊ အပြစ်ရှိလိမ့်၊ ဘုမ္မိမှာဝယ်၊ ကျင်ငယ်ကျင်ကြီး၊ လောဟိသွေးမွန်၊ မသွန်လေကောင်း၊ ဦးခေါင်းမဆေး၊ ဝေးစေဖို့တည့်၊ ရှောင်အပ်ဘိ၏။

ဂဟပတိ၊ ထားဘိကျိုက်ျ၊ ခေါင်းဆေးရ၏။ ဥယျာနကို၊ ပယ်လော့ဆိုရှင့်။ ။ တေဇကိုကျောင်း၊ မဏ္ဍပ်လောင်း၍ ဆောက်ကောင်းလှစွာ၊ ရုက္ခသစ်ပင်၊ မယှဉ်မစိုက်။ ။ဌာနဦကား၊ ကွဲနွားဘဏ္ဍာ၊ ထားပါဆင်မြင်း၊ တွင်းကိုတူးဖြို။ ။ ထိုပြင်တစ်၊ ရပ်သိဒ္ဓိရှိတွင်၊ နတ်ကွန်းစင်နှင့် ပန်းပင်မွှေးစွာ၊ မစိုက်ရာတည့်၊ မှာမှာသမျှ၊ ရှောင်ပါရက ရှည်လှအသက်၊ တည်လျက်စည်းစိမ်၊ ထိန်ထိန်တန်ခိုး၊ နွေတိုင်းတိုးလိမ့်. . . ကောင်းကျိုးလူတို့ ချမ်းသာတည်း။



## ရက်ရာဇာ ရွေးနည်း

တန်ခူး သာကျော်၊ ထွန်း ပေါ်ကဆုန်၊ နယုန်ညွန့်စ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြဲ, တောင်တော်သလင်း၊ သီတင်းကျွတ်, ဆီ၊ သော, ရီ တန်ဆောင်မုန်း၊ ချမ်း, လုံးနတ်တော်၊ မိ, နော်ပြာသို၊ မိ, ညိုတပို့တွဲ၊ ထဲ, ဝင်တပေါင်း၊ ကောင်းသည်မှန်စွာ၊ ရက်ရာဇာတည့်။

| | | |
|---|---|---|
| တန်ခူးလ | - | သောကြာ၊ တနင်္လာ၊ ဗုဒ္ဓဟူး။ |
| ကဆုန်လ | - | စနေ၊ ကြာသပတေး။ |
| နယုန်လ | - | အင်္ဂါ။ |
| ဝါဆိုလ | - | တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ |
| ဝါခေါင်လ | - | ဗုဒ္ဓဟူး၊ သောကြာ။ |
| တော်သလင်းလ | - | ကြာသပတေး၊ စနေ။ |
| သီတင်းကျွတ်လ | - | အင်္ဂါ။ |
| တန်ဆောင်မုန်းလ | - | သောကြာ၊ ဗုဒ္ဓဟူး။ |
| နတ်တော်လ | - | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ။ |
| ပြာသိုလ | - | ကြာသပတေး၊ စနေ။ |
| တပို့တွဲလ | - | အင်္ဂါ၊ ကြာသပတေး။ |
| တပေါင်းလ | - | ဗုဒ္ဓဟူး၊ စနေ။ |

တန်ခူးလတွင် တန်ခူး, သာလှဟူ၍လည်းကောင်း၊ နတ်တော်လတွင် သာ, လုံး နတ်တော်လဟူ၍လည်းကောင်း၊ မှုကွဲများအရကိုပါ ထည့်သွင်းထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ထောင်ဖက် အဟောတေးထပ်

နံနှစ်ဆူ-မှန်တူကွ၊ ညဏ်ယူဆနှောပါ၊ ကံမူလဟောစရာငယ်၊ သဘောမှာပိုက်သိမ်း။ ။ မြွောက်လိုက်ပ ဗျည်းပဉ္စငယ်၊ လျင်မကြာ စားသတ္တကိန်း။ ။ကြွင်းဧကစွဲမှတ်ဖွယ်၊ မွဲတတ်တယ် မယိမ်း။ ရှိအထင်-ဒိမြင်ကျိန်း၊ နှစ်သိန်းလောက်ကြွယ်ရာ။ ရွှေသီတာ စုံပျံ့မွှေး၊ ဂုဏ်ဟန့်သေး ဆင်းရဲလိမ့်သာ။ ။လေးစတုထင်ရှားစွာ၊ ကြွက်ဇီဝါ ဆင်,မြင်းပ၊ ပူးမင်းကသူဌေးမှန်၊ ငြိမ်းလိမ့်နှစ်တန်။ တဖုံပ သုညကျန်လျှင်၊ လုံမမောင်နှံ့ အို. . . ဆိုးနိုင်သမျှလေး။

အမိပွာယ်မှာ. . . သတို့သားနှင့် သတို့သမီးတို့၏ နံနှစ်ပါးကိုတည်၊ ငါးခုမြှောက်၊ ၎င်းကို ၇-ခုစား။ တစ်ခုကြွင်းမူ စီးပွားဥစ္စာရှာဖွေစုဆောင်း၍မရ။ ကြံသမျှလွဲ။ မွဲ၍သာနေတတ်လေသည်။

နှစ်ခုကြွင်းမူ ပစ္စည်းရေး၌ လုံ့လစိုက်ထုတ် ပင်ပမ်းကြိုးစားမလုပ်ကိုင်ရဘဲနှင့် လွယ်ကူချောင်ချိစွာ ရရှိ၍ ကြွယ်ဝချမ်းသာတတ်သည်။

သုံးခုကြွင်းမူ ရရစားစား ဆင်းရဲနွမ်းပါး၍ လူအောက်ကသာကျိုးနွံစွာ နေရတတ်သည်။

လေးခုကြွင်းမူ နာမည်၊ ဘုန်းတန်ခိုး၊ သတင်းထင်ပေါ်ကျော်စောခြင်း ရှိတတ်၏။

ငါးခုကြွင်းမူ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စပါး၊ ရွှေငွေအထွေထွေသော ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံ၍ ကြွယ်ဝချမ်းသာတတ်သည်။



ခြောက်ခုကြွင်းမူ အမွေရရှိသော်လည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း၊ စုဆောင်းပြီး ဥစ္စာပစ္စည်းများကို ရရှိ၍ သူဌေးဘွဲ့ထူးကို ခံယူပြီးကာ ကြွယ်ဝချမ်းသာစွာ နေထိုင်ရတတ်သည်။

ခုနစ်ခုကြွင်းမူ ဤဘဝမှာ မျှော်လင့်ဘွယ်ရာအရေးတွေးတော၍မမြင် ပူပင်သောက ဒုက္ခ ဒေါမနဿတွေနှင့်သာ အချိန်ဆုံးပြီး ပျက်ပြုန်းကာ သွားရတတ်၏ဟု မှတ်ပါလေ။

## အိမ်ထောင်ဘက်ရွေးနည်း လင်္ကာ

လူတို့မွေတာ၊ ဃရာဝါသ၊ ပြုကြအိမ်ထောင်၊ ဆောင်လိုစီးပွား၊ မေးလာငြားသော်။ ။ နှစ်ပါးနံပင်၊ နှောပြီးချင်မှ၊ မြှောက်လျှင်ငါးခူ၊ စားမူသတ္တ၊ ဧကကြွင်းဘိ၊ မရှိဥစ္စာ၊ ဒွေးမှာကြွယ်ဝ၊ တြိနွထင်ရှား၊ လေး ငါး ငြား၊ များအံ့နွားမြင်း၊ ခြောက်ခုကြွင်းမူ၊ ထိုသူ သူဌေး၊ ဟောရေးသုည၊ မြင်လောကမူ၊ တမျှသက်ပင်၊ ဆင်းရဲမြင်သည်၊ ကံလျှင်နှစ်ဦးအကျိုးတည်း။

## မထိမ်းမြားရာသောလ

သိစိမ့်နောင်လာ၊ လူတကာတို့၊ ကျမ်းလာညွှန်ပြ၊ ဝါဆိုလကား၊ ပေးထိမ်းမြားမူ၊ နာ, ဖျားသေပျောက်၊ ဘေးကြီးရောက်အံ့။

ထို့နောက်ဝါခေါင်၊ ပူလောင်ရှိန်းပြင်း၊ တော်သလင်းနှင့်၊ ဆောင်းတွင်းဟေမ၊ နတ္တော်လ၌၊ တူကွမိတ္တာ၊ ထိမ်းမြားပါမူ၊ ရောဂါလည်းပွား၊ သေပျောက်များအံ့။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပိုမို၊ လပြာသိုမူ၊ ယွင်းယိုဥစ္စာ၊ မကြာပျက်စီး၊ ဒုက္ခကြီး။

တသီးမှတ်ကြောင်း၊ လတပေါင်းတွင်၊ ထိမ်းမြားချင်သော်၊ သေရှင်ကင်းကွာ၊ ဖြစ်တတ်စွာ၏။ သိသာကုန်စွ၊ ဤခြောက်လသည်၊ ရှောင်ကြပုံသေ၊ တကြောင်းတည်း။

## ထိမ်းမြားရာသောလ

သိစိမ့်နောင်လာ၊ ဆောင်လို့ရာကား၊ ကောင်းစွာအထူး၊ တန်ခူး ကဆုန်၊ ထိမ်းမြားတုံသော်၊ ပြည့်စုံကြွယ်ဝ၊ ချမ်းသာရအံ့။

နယုန်လကား၊ ဆွေစုံပေါက်တော်၊ ဂဟေဆော်သို့၊ ပျော်ပျော်ရွှင်ရွှင်၊ ဝမ်းထဲခင်၍၊ ကြည်လင်ဆပွား၊ မေတ္တာများအံ့။

စုလျားထိမ်းမှတ်၊ သီတင်းကျွတ်ကား၊ လျောက်ပတ်ရွှေငွေ၊ ဆန်ရေစပါး၊ ပေါများဖြင်ညီး၊ သားသမီးလည်း၊ ပွားစီးပြည့်စုံ၊ ကောင်းစွာတုံအံ့။

မှတ်ကုန်တထုံး၊ တန်ဆောင်မုန်းကား၊ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ များအံ့မလွဲ။

တပို့တွဲကား၊ ပုလဲသန္တာ၊ ရတနာပုံ၊ လွန်ပြည့်စုံသည်၊ မှတ်ကုန်ခြောက်လ၊ အကောင်းတည်း။



## အဆင့်ဆင့်နိုင်သောနံ

အုန်း-ဆံ-ဆီ-ထွေး၊ တောင်-ဇေ့-လင်း-သက်၊ သီး-ခက်-ကင်း-ပုံ၊ ပန်း-အုံ-နံရ ဟူသမျှ နိုင်ကြအဆင့်ဆင့်။

အုန်း, တနင်္ဂနွေနံကို၊ ဆံ အင်္ဂါနံနိုင်၏။
ဆီ, အင်္ဂါနံကို၊ ထွေး, စနေနံနိုင်၏။
တောင် စနေနံကို၊ ဇေ့ ဗုဒ္ဓဟူးနံနိုင်၏။
လင်း ဗုဒ္ဓဟူးနံကို၊ သက် သောကြာနံနိုင်၏။
သီး သောကြာနံကို၊ ခက် တနင်္လာနံနိုင်၏။
ကင်း တနင်္လာနံကို၊ ပုံ ကြာသပတေးနံနိုင်၏။
ပန်း ကြာသပတေးနံကို၊ အုံ တနင်္ဂနွေနံနိုင်၏။

ထို့ကြောင့် တနင်္ဂနွေသား စသည်တို့ကို အင်္ဂါနံ စသည်တို့ အကျိုးမပေးဟူ၍ မှတ်ရာ၏။

## နားထွင်းနေ့ရွေးနည်း

အုံ လဲ နာ ကျင် စွာ၊ နားထွင်းမပြုရာ။
ရွှေ ပန်း ခေါ် ထ၊ နေ့နှစ်ဝ။ ထွင်းကြနားကိုသာ။

## အလိုရှိရာ ဝင်လာအောင် နံ့သင့်ဓာတ်ရိုက်နည်း

တနင်္ဂနွေနံ ဝင်စေလိုလျှင် ပစ္စည်းရှိရာ ဌာနတွင် ပိတ်ဖြူ အုပ်၍ထား။

တနင်္လာနံ ဝင်စေလိုလျှင် ကလိမ်ရွက် အုပ်၍ထား။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါနံ့ ဝင်စေလိုလျှင် ဆပ်သွားအုပ်၍ထား။

(ဤကား မိတ်ဘက် သက်သက်ကြံခြင်းတည်း။)

မိတ်ခေတ်နှစ်ပါးရော၍ကြံခြင်းမှာ တနင်္ဂနွေနံ့ဝင်စေလိုသော် ယင်းမာကိုင်းစိုက်။

တနင်္ဂနွေနံ့ ဝင်စေလိုသော် ပိတောက်ကိုင်းစိုက်။

သောကြာနံ့ ဝင်စေလိုသော် ဇလပ်ကိုင်းစိုက်။

ကြာသပတေးနံ့ ဝင်စေလိုသော် အင်ကြင်းကိုင်းစိုက်။

စနေနံ့ ဝင်စေလိုသော် ဥသျှစ်ကိုင်းစိုက်။

ဗုဒ္ဓဟူးနံ့ ဝင်စေလိုသော် ကသစ်ကိုင်းစိုက်။

အင်္ဂါနံ့ ဝင်စေလိုသော် သစ်ရာကိုင်းစိုက် ဝင်လာလိမ့်မည်။

## ရောင်းဝယ်နေ့ရွေးနည်း

လွန်း ဘုံ သာ ဝယ်ပါလေ။

အောင် ကျော် စံ နှောင်း မဝယ်ကောင်း။

## ခုနစ်ရက်သားသမီးတို့ အလှူဦးရွေးနည်း

ခုနစ်ရက်သားတို့ အလှူဦး မပြုရာသည်ကား . . .

တနင်္ဂနွေသားတို့သည် ကျောက်ဆင်းတုကို မလှူအပ်။

တနင်္လာသားတို့သည် ရေတွင်းကို မလှူအပ်။

အင်္ဂါသားတို့သည် ပုထိုး၊ ဇရပ် စာတိုက်တို့ကို မလှူအပ်။

ဗုဒ္ဓဟူးသားတို့သည် တံခွန်ကြီး၊ ထီးတို့ကို မလှူအပ်။



ကြာသပတေးသားတို့သည် သစ်သားဆင်းတုကို မလှူအပ်။

သောကြာသားတို့သည် ကြာဖူးကြာငုံတို့ကို မလှူအပ်။

စနေသားတို့သည် ဇရပ်၊ စာတိုက်တို့ကို အလှူဦး မပေးမပြုအပ်၊ ရှောင်ရမည်။

ပြုလိုလျှင် အထက်ဆိုခဲ့ပြီးသော ဒါနဦးတို့ကို ရှေးဦးစွာ မပြုဘဲ အခြားသောဒါနဦးတို့ကို ပြုအပ်၏။ ပြီးမှ နှစ်သက်ရာ ကုသိုလ်ကို ကြည်ညိုစွာပြုအပ်၏ ဟူလို၏။ ။ ဤကား လောကီကျမ်းထွက် အလှူဦး မပြုရာသည်က ဆိုသောစကားပြီး။

## ကြွေး ချေးရာ မချေးရာသော နေ့ရွေးနည်း

ငါ့ သား ထွေး၊ ကြွေးမပေးနှင့်။

ဥစ္စာ ဝင် ပွား၊ ကြွေးခုချေးငှား။

## ရေချိုးရနေ့ရွေးနည်း

ငါ့ သား ရွှေ ဒေါင်၊ ရေကိုရှောင်။

အောင် စံ ဖြိုး၊ ရေချိုးရက်။

## ခေါင်းလျှော်ရက်ရွေးနည်း

က ရင် သား မွေး၊ ခေါင်းမဆေးနှင့်။

အိုး စည် တီး၊ ပြီးအောင်ဆေး။

## ခေါင်းရိတ်ရက်ရွေးနည်း

မွေးနေ့၊ သောကြာ၊ တနင်္လာ ကေသာဆံဖြတ် မပြုအပ်။

www.burmeseclassic.com

www.burmeseclassic.com



## နဂါးလှည့်ရွေးနည်း

တပေါင်းချန်ကြူးလို့ တန်ခူးတဲ့လရာသီ။ ကဆုန်ဆိုသည်
မာသ သုံးလပြီးပြီ။ မြင်းမိုရ်ဆီကျော်မီလှည့်သွား။

အနောက်ခေါင်းမူလို့ အမြီးရှေ့ သူညွှန်း၊ ဝမ်းတောင်သို့ထား။

နယုန်တဲ့ဝါဆို၊ ဝါခေါင်သည်မာသ၊ သုံးလတခို။ ခေါင်း
မြောက်မှာသို၊ အမြီးကိုတောင်သို့၊ အနောက်မှာ ဝမ်းနေလို့၊ အရှေ့
ကျောရည်လှည့်၊ သွားသည့်ခါမို့။

တော်သလင်း၊သီတင်းတဲ့၊ လတန်ဆောင်၊ နတ်နဂါးသည်
မာသ၊ ခေါင်းရှေ့ကထောင်၊ ကျောသားဆောင်၊ မြီးခေါင်းအနောက်။
မြောက်ရပ်ဝမ်းနေလို့၊ နတ်ဒေဝေမြွေနဂါး၊ မြဲသတိထား။

နတ်တော် ပြာသို တပို့တွဲ သုံးလမှာ။ ဦးခေါင်း တောင်သို့ချိလို့
မြီးမြောက်ဆီ၊ ကျောမှီနောက်၊ ဝမ်းပေါက်က ပြုဗ္ဗာ၊ သုံးလကြာ
တစ်ခါလှည့်ရိုး၊ စိုက်ပျိုးမြေတာနှင့်၊ မင်္ဂလာဆောင်ခင်း၊ ခံတွင်းကို
ရှောင်ကြဉ်မှ၊ ပြစ်မတင် ချမ်းသာရမယ်၊ လောကစကား။

## ခေါင်းရိုတ် ရေချိုးရက် စသည့်ရက်ရွေးနည်း

သိဖို့တုံရှောင်း၊ နားနာသညောင်းလော့ . . . ခေါင်းမရိတ်ရာ၊
တနင်္လာနှင့် သောကြာထိုနေ့၊ ရောဂါရှည်အံ့၊ မှတ်လေ့ခေါင်းလျှော်၊
တော်၏ညနေ၊ ရန်မျိုးပြေကဲ့၊ ရေမချိုးရာ၊ နေသာယွင်းချိန်၊ ကိုပိန်
ဘေးဒဏ်၊ မမှန်စကား၊ ကာမသားလျှင်၊ ကြားလျှင်အမှန်၊ ညစ်ထန်
အိုင်ရိုင်း၊ ဆိုင်းမသွားရာ၊ လှည်းမှာစနေ၊ လှေကိုသောကြာ၊



ခွေးမှာက တောင်၊ ကြောင်ကိုမြောက်ပေ၊ မွေးအပ်လေ၏။ နေ့မြတ်
တနင်္ဂနွေ သွင်းလေစပါး၊ လှံ ဓား ဆန်မျိုး၊ ကောင်းကျိုးအင်္ဂါ၊
စနေမှာမူ၊ ဝယ်ပါ နွားကျွဲ၊ ပုလဲ မုတ္တာ၊ ကျောက်မျိုးမှာကား၊
သောကြာကောင်းလှ၊ ဗုဒ္ဓ ယာ မြေ၊ ဝယ်လေလုပ်ဆောင်၊
ကောင်းအောင်ကြွယ်ဖြိုး၊ မုဆိုး အဝတ်၊ ကောင်းတွတ် တနင်္လာ၊
ရွှေ ငွေမှာမူ၊ ကြွက်၊ ကြာသပတေး၊ ဆေးမသွင်းရာ၊ သောကြာ
ဗုဒ္ဓ၊ စနေဝေးရန်၊ သွားလတ်ရှောင်ကြဉ်၊ စာသင် ကြာသပတေး၊
စာရေး သောကြာ၊ အင်္ဂါစနေ၊ ပေးလေဆေးဝါး၊ ကုန်ခါယူကြ၊
လာမှယူပါ၊ မဝယ်ရာမူ၊ အနာခံမြား၊ သူ့အားငွေကြေး၊ မချေးဖို့ရာ၊
သောကြာထိုနေ့၊ တောင်း၍ရခဲ၊ ဖြတ်ကဲဖြတ်ရာ၊ စစ်စွာကျူးယူ၊
များဗိုလ်လူတို့၊ ကျက်သူ့သေချာ၊ မှတ်အပ်စွာသည်
နောင်လာကိုယ်တို့ စီးပွားတည်း။

## နေ့စွဲရှောင်ကြဉ်သင့်သည်ကို ပြဆိုခြင်း

လောကီလူများ၊ အမျိုးသားတို့၊ တိုးပွားပညာ၊ ရှိစေငှာဖြင့်၊
လင်္ကာချိုမြ၊ စီကုံးပြအံ့၊ မှတ်ကြကုန်ပါ၊ တိတြာဟု မှန်စွာမယွင်း၊
တနင်္ဂနွေ၊ နေ့၌ပေကား၊ မှတ်လေမချွတ်၊ ဖုတ်ရာပုဆိုး၊ ဝယ်ကျိုးမရှိ၊
ချုပ်သည့်အရာ၊ ရှောင်ကောင်းရာ၏။ စဉ်လာထိုနောက်၊ ရောက်လေ
စန္ဒြ၊ အဿဟတ္ထိ၊ သက်ရှိသတ္တဝါ၊ မသိမ်းရာတည့်။ အင်္ဂါနေ့တွင်၊
သစ်လျှင်ရောင်းချ၊ ရှောင်ကုန်ကြရာ။ နေ့ဗုဒ္ဓကား၊ ဥစ္စာငွေကြေး၊
ပေးသူတစ်ပါး၊ ရှောင်ရှားပေသင့်၊ ထုတ်ဆင့်တာလီ၊
ကျီမှာစပါးမသွင်း ငြားနှင့်။ တခြားသောကြာ၊ နေ့၌မှာကား၊

www.burmeseclassic.com

www.burmeseclassic.com



ရောင်းရာဝယ်ထွေ၊ ရွှေ ငွေ ဥစ္စာ၊ ရှောင်အပ်စွာဟု၊ ဆရာမူတိုင်း၊ ကဗျာလိုင်းသည်၊ လူတိုင်း မှတ်ရန်၊ မခဲတည်း။

## မမွေးအပ်သောနွားများ

အသားပွသောနွား၊ တင်ပါးနိမ့်သောနွား၊ ပေါင်စောင်းသောနွား၊ မြင်းခေါင်းထူသောနွား၊ ချိုတယ်လူးပေါက်သောနွား၊ သွားကြားရေယိုသောနွား၊ မျက်တွင်းကျသောနွား၊ ခြေခွင်သောနွား၊ မြေကြီးကပ်၍ပုံလျှင် ခြေကိုခတ်သောနွား၊ အမွေးရှည်သောနွား၊ နံကြပ်သောနွား၊ ခေါင်းတိုသောနွား၊ လည်ရှည်သောနွား၊ အမြီးရှည်သောနွား၊ အမွေးကြမ်းသောနွား။

၎င်းအချက်များရှိသောနွားကိုမမွေးအပ်။ ၎င်းကိုမွေးခဲ့သော် စည်းစိမ်ဥစ္စာ၊ ရတနာ ရွှေငွေ၊ ဆန်ရေစပါးတို့သည် ဆုံးပါးပျက်စီးခြင်းသို့ ရောက်တတ်၏။ ၎င်းပြင် မင်းဘေးဒဏ်တို့သည်လည်း ရောက်တတ်၏။ ရှောင်ကြပါကုန်။

## မွေးအပ်သောနွား

ထိပ်လယ်၌ ကြာရှိသောနွား၊ လည်ပင်းတွင် ဗွေရှိသောနွား၊ အခြေလေးချောင်းဖြူသောနွား၊ အမြီးဖျားဖြူသောနွား၊ ကျောက်ကုန်း၌ မွေးနုပါသောနွား၊ အမြီးရင်းမှာ ဗွေပါသောနွား၊ နားရွက်တိုသောနွား၊ ခွာလေးဘက်ရှည်သောနွား၊ မျက်နှာ မျက်စိတိုသောနွား။



၎င်းအချက်တို့နှင့် ပြည့်စုံသောနွားများကို ဝယ်ပြီးလျှင် ကောင်းမွန်စွာ မွေးထားရာ၏။ အကျိုးကား ရတနာ စိန်ကျောက် မြိုးမောက်ရွှေငွေ၊ ဆန်ရေစပါး၊ လွန်ပေါ်များ၍၊ ခြားလှလူ့ရွာ၊ မယှဉ်သာအောင်၊ အကျိုးဆောင်၏။ နောက်နောင်လူများ၊ မှတ်သားစေရန်၊ အကြောင်းကံကို၊ တော်တန်သမျှ၊ ဖော်ပြပြု၏။

## ခုနစ်နေ့သား နွားမွေးရန်

နေ့ခုနစ်ရက်၊ နွားမွေးချက်၊ တစ်သက်မှတ်လေကွယ်။

တနင်္ဂနွေသား၊ မွေးသင့်ပြား၊ နွားမှာဖြူနီတဲ့။

တနင်္လာသား၊ မွေးဖို့ကား၊ နွားနီ နွားပြောက်တဲ့။

နွားနက်အင်္ဂါ၊ ဗုဒ္ဓါနေ့သား၊ နီကျားကျား။ မွေးသားဘဲတောင်တဲ့။

ကြာသပတေး၊ သောကြာ၊ စနေမှာ၊ ကြောင်ပြာအနှမ်းမွေးလေတဲ့။

## နံသင့်နွားမွေးနည်း

တနင်္ဂနွေသား၊ မွေးသင့်ပြား၊ နွားနီ နွားနှမ်းတဲ့။

နီပြောက်မွေးပါ၊ တနင်္လာ၊ အင်္ဂါဖြူကျားတဲ့။

ဗုဒ္ဓမည်းဖြူ၊ ဂုရုမူ၊ မွေးယူနွားနက်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



နှမ်းပြောက်သောကြာ၊ မွေးသင့်စွာ၊ စနေမှာကွယ့် နက်နီတဲ့။
နံလိုက်သင့်ရာ၊ မွေးအပ်စွာ၊ ဥစ္စာမှာကွယ့် တက်မည်တဲ့။

## နွားနာဆေး

မီးသွေးကျွန်းသား ဖြုပ်ဆား ထည့်ပြွားချင်းဟုမှတ်။
မစားအစာ နွားပိန်မှာ မြန်စွာမျက်စဉ်းခတ်။
တောပင်စိမ်းရေ ဆန်ဆေးရေ ဖျော်လေနွားကိုတိုက်။
သရက်ရွက်ကြီးစွာ ထိုနွားနာ တိုက်ရာသြသမ။
သရက်ခေါက်ရွက် ထန်းငယ်လက် ချိန်စက်ဆယ်စီပ။
သုံးခွက်တစ်ခွက်တင် ကျိုတိုက်လျှင် အလျှင်ချမ်းသာရ။

## ဆင် မြင်း ကျွဲ နွား ဆေး

ဆင် မြင်း ကျွဲ နွား ဆေးလေးပါး ကြိတ်ထား ထောင်းတိုက်ကြ။

ဆင်မြင်းနာလဲ ဆင်မြင်းကဲ၊ နွားကျွဲထို့တူပ။
ဆင်သမန္တယ်
မြင်းစဂုံနီ။
ကျွဲနပေါင်း။
နွားမြေရင်း။ ။ ဤကား ဆေးလေးပါးတည်း။

## နွား ကျွဲ ပိုးထိဆေး

မြွေဆိုးကိုက်ငြား၊ ကျွဲနွားများ၊ ကုစားဆေးဖော်ပြ၊ ကြွက်နားပေါင်းရွက်၊ ထောင်းထုညက်၊ ဖျော်လျက်တိုက်လေကြ။



## လယ်ထွန်နည်း

သောမရက်တွင်၊ သောမပင်သာ၊ မြေခံရာ၌၊ ကောင်းစွာအညီ၊ တိထိနက္ခတ်၊ လင်မြွတ်စန်းတူ၊ ဂြိုလ်မူသောမ၊ တူက္ခမက္ခာ၊ နေစဉ်ခါတွင်၊ လယ်ယာထွန်ပွဲ၊ ပျိုးကြဲကောက်စိုက်၊ အိမ်၌သွင်းထား၊ စကားကောက်သစ်၊ ကောင်းသည်ဖြစ်အံ့။ စိစစ်သိမြော် အာနုဘော်ကြောင့်၊ သူတော်တကာ ကဲ့ရဲ့ရာမှ ဝေးစွာကိုယ်၌ လွဲစေသော်။

အဓိပ္ပာယ်ကား-ဗုဒ္ဓဟူးသောမရက်၊ သောမ မြေခံတွင်တိထိ နက္ခတ်လည်းကောင်းစေ။ သင့်မြတ်သော စန်းလင်တို့နှင့်မက္ခာ သောမဂြိုလ်ပူးခိုက် ကြုံသောအခါတွင် လယ်ထွန်ပျိုးကြဲ ကောက်ပဲစပါး သွင်းခြင်းကိုပြုရာ၏ဟု ဆိုလိုသည်။

## ထွန်သွားတပ်နည်း

ထွန်သွားဆယ်ချောင်း၊ ထွန်သော်ကောင်းလျက်၊ ဘုန်းကျက်သရေတိုးပေအံ့။ တထွေအမှန်၊ ငါးချောင်းထွန်က၊ ဖန်ဖန်စီးပွား၊ ဥစ္စာများ၏။ တခြားအမှန်၊ သုံးချောင်းထွန်က၊ စားသောက်ဝ၏။ ထိုမှလည်းကောင်း၊ တစ်ချောင်းဧကန် လယ်ဖြစ်ထွန်မှု၊ သင့်လှဟု၏။ မှတ်ယူသာအောင်၊ စာစောင်ဖော်ပြ၊ ဤပုညကြောင့်၊ မြတ်ကနတ်လူ၊ ကောင်းကြီးဟူသည် ကြည်ဖြူအတွက် ကဲစေသော။

ဗွေကြန်လက္ခဏာ၊ ပြစ်ရှာမဲ့ငြား၊ ကောင်းသည့်နွားနှင့်၊ ယောက်ျားအင်္ဂါ၊ ညီညွတ်စွာသည် မ-ကာယှဉ်ပြိုင်၊ ထွန်သည့်တိုင်မှ၊ ရောင်ဆိုင်ဗွေလတ်၊ လယ်မြေနတ်အား ဖြူဆွတ်လှတင့်၊

www.burmeseclassic.com



မလေးပွင့်က၊ လက်ဖြောင့်ကော်ရော်၊ မြို့ပူဇော်၍၊ ထွန်းပေါ် များဖြင့်၊ ကောင်းကျိုးထင်အံ့။ စီရင်နယ၊ ဂုဏ်ဝရကြောင့်၊ သဗ္ဗဒါသာ၊ ရှင်းရှင်းကွာ၍၊ များစွာဘုန်းထန်း တက်စေသော်။

## မျိုးကြဲရက်ကို ပြဆိုခြင်း

ကျူး၊ လာ၊ မိုယ်း၊ သက်၊ မျိုးကြဲရက်။
စန်းလင်အနေ၊ ကောင်းလှစေ။

## နေ့စွဲဥစ္စာပျောက်အဟော

အို၊ ကြင်၊ ရာ. . . ဥဒေကေ။
ကြာ၊ ကန်၊ သူ. . . ဝနေ။
စိတ်၊ တူ၊ ၏. . . ကူပေ။
လှ၊ ဒီ၊ သာ. . . ဂါမေ။
ပျော်၊ ရာ၊ ရှင်. . . ပဗ္ဗတေ။
သင်၊ တို့၊ မောင်. . . မဂ္ဂေ။
တို့၊ ဆောင်၊ ပန်း. . . အာသန္န။

အဓိပ္ပာယ်ကား-အို၊ တနင်္ဂနွေနေ့ ရွှေ၊ ငွေ၊ ဥစ္စာ၊ ကျွဲနွား ပျောက်မူ၊ ကြင်၊ တနင်္လာမည်သော အရှေ့အရပ်သို့ ထုတ်ယူလေ၏။ ရာ၊ ရာဟုမည်သော အနောက်မြောက်အရပ်တွင်။ ဥဒကေ၊ ရေ၏ အနီး၌ရှိလေ၏။ ။ ၎င်းအဆိုအတိုင်း ဥစ္စာပျောက်ဟူသမျှကို တနင်္ဂနွေနေ့တွင် ဟောလေ။
(တနင်္ဂနွေနေ့ ဟောပုံပြီး၏။)



ကြာ၊ တနင်္လာနေ့ ဥစ္စာပျောက်မူ။ ကန်၊ တနင်္လာမည်သော အရှေ့အရပ်သို့ ထုတ်ယူလေ၏။ ။ သူ၊ သောကြာမည်သော မြောက်အရပ်တွင်။ ဝနေ၊ တော၌ရှိလေ၏။
(တနင်္လာနေ့ ဟောပုံပြီး၏။)

စိတ်၊ အင်္ဂါနေ့ပျောက်မူ။ တူ၊ စနေမည်သောအနောက်တောင် အရပ်သို့ ထုတ်ယူလေ။ ၏၊ တနင်္ဂနွေမည်သော အရှေ့မြောက် အရပ်တွင်။ ကူပေ၊ လိုဏ်၊ ဂူ၊ ဥမင်၌ရှိလေ၏။
(အင်္ဂါနေ့ဟောပုံပြီး၏။)

လှ၊ ဗုဒ္ဓဟူးနေ့ ဥစ္စာပျောက်မူ။ ဒီ၊ စနေမည်သော အနောက်တောင် ထောင့်အရပ်သို့ ထုတ်ယူလေ၏။ သာ၊ သောကြာ မည်သော မြောက်အရပ်တွင်၊ ဂါမေ၊ ရွာတွင်း၌ရှိ၏။
(ဗုဒ္ဓဟူးနေ့ ဟောပုံပြီး၏။)

ပျော်၊ ကြာသပတေးနေ့ ဥစ္စာပျောက်မူ၊ ရာ၊ ရာဟုမည်သော၊ အနောက်မြောက်အရပ်သို့ ထုတ်ယူလေ၏။ ရှင်၊ ဗုဒ္ဓဟူးအရပ်တွင်။ ပဗ္ဗတေ၊ တောင်၌ (မြင့်သောအရပ်၌သော်လည်း)ရှိ၏။
(ကြာသပတေးနေ့ ဟောပုံပြီး၏။)

သင်၊ သောနေ့ဥစ္စာပျောက်မူ။ တို့၊ စနေမည်သော အနောက်တောင်ထောင့် အရပ်တွင် ထုတ်ယူလေ၏။ မောင်၊ ကြာသပတေးမည်သော အနောက်အရပ်တွင်။ မဂ္ဂေ၊ ခရီးသွားရာ လမ်း၌ရှိ၏။ (သောကြာနေ့ ဟောပုံပြီး၏။)

တို့၊ စနေနေ့ ဥစ္စာပျောက်မူ။ ဆောင်၊ အင်္ဂါမည်သော အရှေ့တောင်အရပ်သို့ ထုတ်ယူလေ၏။ ပန်း၊ ကြာသပတေး

www.burmeseclassic.com

www.burmeseclassic.com



မည်သော အနောက်အရပ်တွင်၊ အာသန္နေ၊ အနီးတွင်ရှိ၏ ဟူ၍ ဟောလေ။
(စနေနေ့ ဟောပုံပြီး၏။)

ယခုပြဆိုခဲ့ပြီးသော နည်းအတိုင်း ဥစ္စာပျောက်ဟူသမျှကို၊ နေရပ်ဌာနနှင့်တကွ ဟောကြားစေကုန်သတည်း။

## ကျီးသာနိမိတ်အဟော

အရှေ့မြောက်မျက်နှာ ရွှေကျီးသာ၊ လာဘ်မှာရမည်မှတ်။
ရှေ့ရပ်တူရှု သာလေမူ၊ ချစ်သူလာတွေ့တတ်။
ရှေ့တောင်ရပ်ကား၊ သာလေငြား၊ မီးများလောင်လေတတ်။
တောင်ရပ်တူရှု သာလေမူ၊ ကိုယ်တူ ရောက်လာတတ်။
အနောက်တောင်က၊ ကျူးသံဟ၊ မနေ ခိုးဝှက်တတ်။
အနောက်ဒေသ၊ မြည်သံဟ၊ ဒဏ္ဍာကြီးဥပဒ်။
အနောက်မြောက်မှာ၊ ကျူးသံသာ၊ ကျွန်လာ ဆိုက်ရောက်တတ်။
မြောက်ကသာငြား၊ ကောင်းစကား၊ ကြားမည်ကေန်မှတ်။

## မူလသက်ပိုင်း နေ့စွဲအဟောလင်္ကာ

## တနင်္ဂနွေ

တနင်္ဂနွေဖွား၊ ယောက်ျား, မိန်းမ၊ မှတ်ကြစေချင်၊ မိခင်ဝမ်းမှ၊ ဖွားစတစ်နှစ်။ ရောက်လစ်သည့်ခါ၊ ခြေမှာနာစစ်၊ နှစ်ဆယ့်နှစ်သို့၊ ရောက်လစ်သော်မူ၊ သူ့အိမ်နေရာ၊ ပြစ်မှားချေလိမ့်။ မှတ်လေ



တစ်မျိုး၊ နှစ်ဆယ့်ကိုးနှစ်၊ ဖြစ်သည့်ဘေးဒဏ်၊ သင့်တုန့်ပြန်ထွေ။ လေးခုခြေကြောင့် စိုးနှောင်မဲ့ဖြစ်၊ လေးဆယ့်နှစ်မှာ၊ ချမ်းသာစည်းစိမ်၊ မတိမ်လေငြား၊ လေးဆယ့်ငါးနှစ်၊ ဖြစ်သည့်ရောဂါ၊ သေရှာအောင်လောက်၊ ခြောက်ဆယ့်ခြောက်မူ၊ ပျောက်အံ့ခန္ဓာ၊ ကိုယ်နှင့်ကွာမူ၊ လှံ့လပြုလေ၊ ကျော်ပေသည့်ကာ၊ လွတ်ပြန်တစ်ဆယ်၊ ကိုးဆယ့်နှစ်သည် . . . ပစ်အံ့ခန္ဓာမလွဲတည်း။

## တနင်္လာနေ့စွဲ အဟောလင်္ကာ

တနင်္လာဖွား၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ဖွားထတိုင်မြောက်၊ ကိုးနှစ်ရောက်ခါ၊ ဖျားနာလှတတ်၊ မှတ်ဘို့တုံလစ်၊ တစ်ဆယ့်နှစ်လည်း၊ ဖြစ်သည့်စည်းစိမ်၊ မတိမ်မကော ကျော်စောနာမ၊ အမည်ရ၏။ ထိုကတစ်ထုံး၊ နှစ်ဆယ့်သုံးနှစ်၊ ရောက်သည်ဖြစ်မူ၊ တွေ့လစ်ကိုယ်မှာ၊ ချည်နှောင်ကာတည့်၊ ခံရဘိသေး၊ နှစ်ဆယ့်လေးက၊ အစငြိမ်းစစ်၊ လေးဆယ့်တစ်သို့၊ တိုင်လစ်သောခါ၊ မကောင်းစွာဘိ၊ တဖြာမှတ်ရိုး၊ ခြောက်ဆယ့်ကိုးနှစ်၊ တိုင်ပြန်လစ်က၊ စင်စစ်ချမ်းသာ၊ ရတနာ, ရွှေ, ငွေ၊ တိုးပွားလေအံ့။ မသွေဟောမူ၊ အာယုရှစ်ဆယ်၊ နေဘယ်အကြောင်း၊ ခန္ဓာပြောင်းလိမ့်၊ မူဟောင်းပေဒင်အဟောတည်း။

www.burmeseclassic.com



## အင်္ဂါနေ့စွဲ အဟောလင်္ကာ

အင်္ဂါသားတို့၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထတုံလစ်၊ ရှစ်နှစ်ရောက်ခါ၊ ဖျားနာဥပဒ်၊ ကပ်ရောက်တတ်ပေ၊ မသွေစင်စစ်၊ ဆယ်ငါးနှစ်က၊ စ၍စီးပွား၊ ငါးဆယ့်ငါးနှစ်၊ ဖြစ်သည့်ချမ်းသာ၊ မကွာစည်းစိမ်၊ ကြိမ်၍ဖြိုးမောက်၊ နှစ်ဆယ့်ခြောက်ကား၊ သုံးဆယ့်ငါးမှာ၊ ကိုယ်သာတစိ၊ နာဘိမိဘ၊ ဖြစ်တတ်စွမြောက်၊ သုံးဆယ့်ခြောက်က၊ စ၍ငြိမ်းအေး၊ ငါးဆယ့်လေးနှစ်၊ ဖြစ်သည့်ဥစ္စာ၊ ရတနာမသွေ၊ ရွှေ၊ ငွေ၊ တိုးပွား၊ မှတ်သားထို့နောက်၊ ခြောက်ဆယ့်ခြောက်တွင်၊ ဖြစ်ချင်အနာ ရောဂါဖိစီး၊ အနာကြီး၍၊ သေနီးဘဝ၊ တွေ့ကြုံရအံ့၊ ထိုကမသေ၊ အသက်ရှည်သော်၊ လူပြည်ဘဝ၊ သတ္တသလာ၊ သင်္ချာရောက်လစ်၊ ခန္ဓာပစ်အံ့-မှတ်လစ်သေချာ အဟောတည်း။

## ဗုဒ္ဓဟူးနေ့စွဲ အဟောလင်္ကာ

ဗုဒ္ဓဟူးသားတို့၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ ဖွားထရောက်လစ်၊ ဆယ့်နှစ်နှစ်တွင်၊ သင်္ချာရောက်လ၊ ဟောထအမှန်၊ ဆံမှာကျွတ်အောင်၊ ပူလောင်ဖြုဖြု၊ နာတုံကြ၍၊ နှစ်ဆယ့်နှစ်က၊ စ၍တက်တုံး၊ သုံးဆယ့်သုံးမှာ၊ မကွာစည်းစိမ်၊ ရိပ်ငြိမ်ကြည်အေး၊ သုံးဆယ့်လေးနှစ်၊ ဖြစ်သည်စင်မြောက်၊ သုံးဆယ့်ခြောက်တွင်၊ ရောက်သည်ဥပဒ်၊ ကွေကွင်းတတ်၏၊ တစ်ရက်ပိုင်းခြား၊ လေးဆယ့်ငါးနှစ်၊ ဖြစ်သည်ချမ်းသာ၊ ညိမ်းတို့ပါသား၊ ငါးဆယ့်ငါးမှု၊



တရားတဘောင်၊ ချည်နှောင်တွေ့လတ်၊ ဖြတ်ဘိတတ်၏။ တစ်ရက်ထို့နောက်၊ ခြောက်ဆယ့်ခြောက်မှာ ခန္ဓာရွှေ့ယောက်၊ ရောက်သည့်ရောဂါ၊ ရှိတို့ပါလျက်၊ တက်သည်ယင်းက၊ ကျော်ထလွန်လစ်၊ နှစ်-ခုနစ်ဆယ်၊ ရှစ်စွန်းဝယ်တွင်၊ စွန့်ကွယ်ခန္ဓာ၊ ပြောင်းသွားပါလိမ့်. . . မှန်စွာဟောပုံ မယွင်းတည်း။

## ကြာသပတေးနေ့အစွဲ အဟောလင်္ကာ

ကြာသပတေးသား၊ မှတ်သားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထသုံးနှစ်၊ ရောက်တုံလစ်သော်၊ ဖြစ်သည့်ရောဂါ၊ ချေးကိုက်ပါလစ်၊ ရှစ်နှစ်ရောက်လျှင်၊ ရေတွင်တစ်ဖန်၊ မွန်းပြန်လည်းနှစ်၊ နှစ်ဆယ့်နှစ်တွင်၊ မြင်းထက်တွင်မှ၊ ကျတို့ပါလစ် စစ်စစ်မသွေ မှတ်လေ နှစ်ဆယ့်သုံးနှစ် ဖြစ်သည်ဥပဒ် မှတ်လောမယွင်း ခင်ပွန်းသွင်းကြောင့် ပူရောင့်ပူဆာ ကိုယ်မှာတုတ်နှောင် မရှောင်တို့သာ ခံရပါတုံး သုံးဆယ့်သုံးနှစ် ဖြစ်သည်သုခ ချမ်းသာရမြောက် သုံးဆယ့်ခြောက်မှာ ဝမ်းကိုသာတည့် ပေးဘိအနာ မကွာမှတ်ထုံး ငါးဆယ့်သုံးမှာ ဖြစ်လာစည်းစိမ် မတိမ်လေငြား ငါးဆယ့်ငါးမူး ဘေးရန်ထူထပ် ရောက်တတ်မသွေ ရှောင်တုံလေငြား ငါးဆယ့်ခုနစ် စင်စစ်အထိ သတိပြုလေ မှတ်ထွေသင့်လျော် ထိုကသော်လျှင် ပေါ်ခြောက်ဆယ့်ခွန် နှစ်အလွန်တွင် လူ့ခွင်မရှား ပြောင်းလွှဲရ လိမ့်. . . ဟောထပုံသေ မလွဲတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သောကြာနေ့စွဲ အဟောလက်ာ

သောကြာသားဟို့၊ မှတ်သားစေချင် မိခင်ဝမ်းမှ ဖွားထွ တုံလစ် နှစ်ဆယ့်တစ်တည့် ရောက်လစ်သောအခါ ဝိယာသဟ များလှလှချစ်၊ နှစ်ဆယ့်နှစ်လည်း ဖြစ်သည့်ရောဂါ ကိုယ်မှာ တုတ်နှောင် ရှောင်ပါ တုံလစ် စင်စစ်မှတ်ဖွဲ့၊ နှစ်ဆယ့်ခုနစ် သက်စစ်ရောက်ခါ ချမ်းသာ စီးပွား ကျွဲ, နွား, ခြေရွှေ ရွှေ့ငွေဥစ္စာ တိုးတက်ပါအံ့။ မကွာမှတ်ရေး လေးဆယ့်လေးမှာ မှတ်ပါတတွေ လေးခုခြေကြောင့် နေ့ငံ့ယှက်မှုများ ဖြစ်တတ်ငြားဘိ၊ ငါးဆယ်ရှိတွင် ပူပင်သောက ကြေးငွေကျအံ့။ ထိုကပွားလစ် ငါးဆယ့်နှစ်တွင် ဖြစ်သည့်စည်းစိမ် တစ်ကြိမ်တည်းရ ဘေးဘယကား ပါဒ, ခြေ, လက် မှုပျက်အရေး ရောဂါပေးမည်။ တလီမှတ်ထုံး၊ ခြောက်ဆယ့်သုံးတွင်၊ ဘေးလျှင်ကြီးစွာ တွေ့ဖို့ရာ၏။ မှန်စွာရှေ့ထုံး၊ သုံးစွန်သတ္တာ၊ သက်ကျအရွယ်၊ ခန္ဓာကွယ်လိမ့်၊ မှတ်ဖွယ်ဗေဒင် အဟောတည်း။

## စနေနေ့စွဲ အဟောလက်ာ

စနေသားတို့၊ မှတ်သားစေချင် မိခင်ဝမ်းမှ ဖွားထတုံလစ်၊ တစ်ဆယ့်နှစ်သော် မြင်မြော်မိဘ ကွေကွင်းရလစ် ဆယ့်ငါးနှစ်မှာ ရောဂါဘယ ဖြစ်ထစင်စစ် နှစ်ဆယ့်နှစ်လည်း ရောက်လစ်မကွာ ချမ်းသာတစ်ကြိမ် ငြိမ်းတို့ပါလွယ် သုံးဆယ်ပြည့်ငြား ခြောက်ချား တစ်လစ် သုံးဆယ့်တစ်တွင် ဖြစ်သည့်ရောဂါ ဘေးကြီးစွာတည့်



မှတ်ပါတရေး လေးဆယ့်တစ်လည်း ရန်သူအများ လွှန်ထင်ရှားလစ် ခြောက်ဆယ့်နှစ်သို့ တိုင်လစ်ရောက်ဘိ ရသည့်ချမ်းသာ ခံရပါလိမ့် မှတ်ပါစင်စစ် ခြောက်ဆယ့်ရှစ်သို့ တိုင်လစ်သောအခါ ခန္ဓာဘေးကြီး ပျက်စီးလောက်ပေ ဖြစ်ရချေ၏ တက်လေသည်က လွန်ပြန်ရလစ် ဆယ့်ရှစ်နှစ်သည်. . . ပယ်အံ့ခန္ဓာ မလွဲတည်း။

## ရာဟုသား သမီးနေ့စွဲ အဟောလက်ာ

ရာဟုသားတို့၊ မှတ်ငြားစေချင်၊ မိခင်ဝမ်းမှ၊ ဖွားထတုံလစ်၊ ခုနစ်နှစ်မှာ၊ ဖျားနာခြေလက်၊ ဆွံ့မြဲဘက်သား၊ ရှစ်နှစ်သားတွင်၊ တွေ့မြင်ချမ်းသာ၊ ခံရပါလိမ့်၊ တစ်ဖြာဖွားလစ်၊ ဆယ့်တစ်နှစ်တွင်၊ မြင်၏ချမ်းသာ၊ အဖြာစင်စစ်၊ ဆယ့်ခုနစ်၌၊ ဖြစ်သည်ဥပဒ်၊ ကပ်ရောက်တတ်၏။ မှတ်လေစစ်စစ်၊ သုံးဆယ့် ခုနစ်မှာ၊ မကွာစည်းစိမ်၊ ချမ်းသာငြိမ်၍၊ တစ်ကြိမ်သုံးဆယ့်ရှစ်၊ ဖြစ်သည်ဘေးဒဏ်၊ ခံရတုံမျိုး၊ သုံးဆယ့်ကိုးက၊ စ၍ခြောက်ဆယ်၊ ချမ်းသာဖွယ်တည့်၊ ဖြစ်ဘိမှန်စွာ၊ မချွတ်ရာလစ်၊ ရှစ်ဆယ့်ခွန်မှာ၊ မရကာကိန်းကျ၊ ဟောပုံပြသည်. . . ပျောက်ပခန္ဓာ အပြောင်းတည်း။

(ဗုဒ္ဓဟူးနေ့ နေလွဲဖွားကို ရာဟုသားသမီးဟုခေါ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



# ပုရိသလက္ခဏာ

ပဉ္စဒီဃာ စတုရဿာ၊ သတ္တရတ္တာ၊ ဆဥန္နတာ။

ပဉ္စသုခုမာ ဒွေဂမ္ဘီရာ တြိထုလာ၊ ကထိယတေ။

ပဉ္စဒီဃာ၊ ရှည်ခြင်းငါးပါး၊ စတုရဿာ၊ တိုခြင်းလေးပါး၊ သတ္တရတ္တာ၊ နီခြင်းခုနစ်ပါး။ ဆဥန္နတာ မြောက်ခြင်းခြောက်ပါး၊ ပဉ္စသုခုမာ၊ ပြေပြစ်နူးညံ့ခြင်းငါးပါး၊ ဒွေဂမ္ဘီရာ၊ နက်ခြင်းနှစ်ပါး၊ တြိထုလာ၊ ထုခြင်းသုံးပါး၊ ဣတိ၊ ဤသို့။ လက္ခဏံ၊ ယောက်ျားတို့၏ လက္ခဏာကို။ အာစရိယေန၊ လက္ခဏာကျမ်း၌ တတ်ကျွမ်းလိမ္မာသောဆရာသည်။ ကထိယတေ၊ ဆိုအပ်၏။

ရှည်ခြင်းငါးပါးဟူရာ၌ . . . လက်ရုံး၏ရှည်ခြင်း၊ မေးဖျား၏ရှည်ခြင်း၊ နှာခေါင်း၏ရှည်ခြင်း၊ လျှာပါးလျက်ရှည်ခြင်း၊ နှုတ်လျှော့ပေါ့ပါးခြင်း၊ ဦးခေါင်းကျယ်ခြင်း ဤငါးပါးတို့တည်း။

တိုခြင်း လေးပါးဟူရာ၌ . . . လည်၏တိုခြင်း၊ အင်္ဂါဇာတ်၏တိုခြင်း၊ ကျော၏တိုခြင်း၊ မြင်းခေါင်း၏တိုခြင်း ဤလေးပါးတို့တည်း။

နီခြင်း ခုနစ်ပါးဟူရာ၌ . . . လက်ဖဝါး၏နီခြင်း၊ မျက်ဆံ၏နီခြင်း၊ နှုတ်ခမ်း၏နီခြင်း၊ ခြေသည်း၏နီခြင်း၊ လက်သည်း၏နီခြင်း၊ သွားဖုံး၏နီခြင်း၊ အင်္ဂါဇာတ်အဖျား၏နီခြင်း ဤခုနစ်ပါးတည်း။



မြောက်ခြင်းခြောက်ပါးဟူရာ၌ . . . လက်၏မြောက်ခြင်း၊ ခြေ၏မြောက်ခြင်း၊ ဖမိုး၏မြောက်ခြင်း၊ ပခုန်း၏မြောက်ခြင်း၊ လည်ချောင်း၏မြောက်ခြင်း၊ ရင်၏မြောက်ခြင်း ဤခြောက်ပါးတည်း။

ပြေပြစ်ခြင်းငါးပါးဟူရာ၌ . . . ကိုယ်သား၏နူးညံ့ခြင်း၊ စကား၏နူးညံ့ခြင်း၊ အသံ၏နူးညံ့ခြင်း၊ နှုတ်ခမ်း၏နူးညံ့ခြင်း၊ ဆံပင်၏နူးညံ့ခြင်း ဤငါးပါးတို့တည်း။

နက်ခြင်းနှစ်ပါးဟူရာ၌ . . . ချက်၏နက်ခြင်း၊ အသံ၏နက်ခြင်း ဤနှစ်ပါးတို့တည်း။

ထုခြင်းသုံးပါးဟူရာ၌ . . . နားသားထုခြင်း၊ နား၏အဖျားထုခြင်း၊ နားကင်းထုခြင်း ဤသုံးပါးတို့တည်း။

တစ်နည်း . . . ပုရိသလက္ခဏာ လေးမျိုးရှိပြန်၏။ လေးမျိုးဟူသည်ကား . . .

သသ ယောက်ျားလည်းတစ်မျိုး။

ဗြဟ္မဏ ယောက်ျားလည်းတစ်မျိုး။

မိဿ ယောက်ျားလည်းတစ်မျိုး။

အသွာ ယောက်ျားလည်းတစ်မျိုး။

ဤသို့အားဖြင့် လေးမျိုးဖြစ်၏။ ထိုလေးမျိုးတို့တွင် သသယောက်ျားရှု လက္ခဏာသည်ကား အနံ့အဆင်းသည် ပန်းနံ့၊ ရေနံ့တဲ့သို့ရှိ၏။ အသားနီ၏။ လက်ဖဝါး ခြေဖဝါးနူးညံ့၏။ သလုံးသေးသုံး၏။ မျက်မှောင်နက်၏။ မေးကြီး၏။ ရင်ပတ်ကျယ်၏။ ခါးသေး၏။ ချက်နက်၏။ ကိုယ်မွေးတခြားစီရောက်၏။ အရသာ

www.burmeseclassic.com

www.burmeseclassic.com



ဆိမ့်၏။ လိင်ငါးသစ်ရှိ၏။ ဤကား သသ ယောက်ျား၏ လက္ခဏာတည်း။

ဖြဟ္မဏ ယောက်ျား၏ လက္ခဏာကား . . . ဖြုပ်အနံ့ကဲ့သို့ရှိ၏။ အသားဖြူ၏။ မျက်နှာကြီး၏။ လက်ရုံးကြီး၏။ အရသာချဉ်၏။ လိင်ခြောက်သစ်ရှိ၏။ ဤကား ဗြဟ္မဏ ယောက်ျား၏ လက္ခဏာတည်း။

မိဿ ယောက်ျား၏ လက္ခဏာကား . . . အနံ့ကျင်ငယ်နံ့ကဲ့သို့ရှိ၏။ အဆင်းရွှေ၏။ နှာခေါင်းရှည်၏။ ဖြိုးသောလက်ရုံးလည်းရှိ၏။ အရသာဖန်၏။ လိင်ကိုးသစ်ရှိ၏။ ဤကား မိဿ ယောက်ျား၏ လက္ခဏာတည်း။

အသွာ ယောက်ျား၏ လက္ခဏာကား . . . ငါး၏အနံ့ကဲ့သို့ရှိ၏။ အဆင်းမည်း၏။ လည်တို၏။ ရင်တွင် အကြောပြိုင်းပြိုင်းထ၏။ အရသာခါး၏။ ဤကား အသွာ ယောက်ျား၏ လက္ခဏာတည်း။

* * * * *

# ကုတ္ထိသျှတ္တရကျမ်း

ကာမဂုဏ်ချမ်းသာကို အလိုရှိသောသူတို့ စားသုံးအံ့သောဆေးကို ပြလိုက်ဦးအံ့။

ဆိတ်မြန်မာနို့ရည်တွင် ပျားရည်ခတ်၍သောက်။
ထောပတ်ကို ကလောဆန်နှင့် ရော၍စား။
သကာကို ရှိန်းခိုနှင့် ရော၍စား။
ပျားရည်ကို ဆန်လှော်နှင့် ကြိတ်၍စား။
နွားသားကို ဆီနှင့်ကြော်၍စား။
ဥသျှစ်ကို ကြက်ဆူရိုးနီခတ်၍စား။

ဤဆေးစုကို စားရမူကား အညောင်းအညာကင်းပျောက်၍အားရှိ၏။ မိန်းမတို့၏ အလိုကိုဖြည့်နိုင်၏။

BURMESE CLASSIC .com

မိန်းမတို့အင်္ဂါလက္ခဏာ-ပဒုမ္မနီ မိန်းမတို့၏ အင်္ဂါလက္ခဏာကား အသားဖြူ၏။ အနံ့ကား ကြာညိုပန်းအနံ့ကဲ့သို့ရှိ၏။ အရသာချို၏။

သင်္ခရနီမိန်းမတို့၏ အင်္ဂါလက္ခဏာကား အဆင်းမည်း၏။ အနံ့ကား ငရုတ်ပန်းနံ့ကဲ့သို့ရှိ၏။ အရသာချဉ်၏။

စိတ္တရနီမိန်းမတို့၏ အင်္ဂါလက္ခဏာကား အဆင်းရွှေ၏။ အနံ့ကား ကျင်ငယ်ရေအနံ့ကဲ့သို့ရှိ၏။ အရသာဖန်၏။

ဟတ္ထနီမိန်းမတို့၏ အင်္ဂါလက္ခဏာကား အဆင်းနီ၏။ အနံ့ကား ငါး၏အနံ့ကဲ့သို့ရှိ၏။ အရသာစပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပဒုမ္မနီမိန်းမတို့၏ သွားလာခြင်းကား စက္ကဝက်ငှက်ကဲ့သို့ သွားလာခြင်း။ သင်္ခရနီမိန်းမတို့၏ သွားလာခြင်းကား ဟင်္သာငှက်ကဲ့သို့ သွားလာခြင်း။ စိတ္တရနီမိန်းမတို့၏ သွားလာခြင်းကား တိန်ညင်းငှက်ကဲ့သို့ သွားလာခြင်း။ ဟတ္ထနီမိန်းမတို့၏ သွားလာခြင်းကား ဆင်၏သွားလာခြင်းတည်း။

ပဒုမ္မနီမိန်းမ၏ ကြည့်ခြင်းကား ဆင်၏ကြည့်ခြင်း။ သင်္ခရနီမိန်းမ၏ ကြည့်ခြင်းကား ကျား၏ကြည့်ခြင်း။ စိတ္တရနီမိန်းမ၏ ကြည့်ခြင်းကား ကြိုးကန်း၏ကြည့်ခြင်း။ ဟတ္ထနီမိန်းမ၏ ကြည့်ခြင်းကား ရစ်၏ကြည့်ခြင်းတည်း။

ပဒုမ္မနီမိန်းမ၏ အင်္ဂါဇာတ်ကား ကြာရွက်ကဲ့သို့ရှိ၏။ သင်္ခရနီမိန်းမ၏ အင်္ဂါဇာတ်ကား ဆင်ဦးကင်းကဲ့သို့ရှိ၏။ စိတ္တရနီမိန်းမ၏ အင်္ဂါဇာတ်ကား သစ်မ၏ အင်္ဂါကဲ့သို့ရှိ၏။ ဟတ္ထနီမိန်းမ၏ အင်္ဂါဇာတ်ကား ဆင်မ၏အင်္ဂါကဲ့သို့ရှိ၏။

ထိုဆိုခဲ့ပြီးသောမိန်းမတို့၏ အင်္ဂါဇာတ်သည် ဆင်ဦးကင်းကဲ့သို့ ရှိမှုကား ဥတ္တမတည်း။ ပုန်းညက်ရွက်ကဲ့သို့ ရှိမှုကား ပဏီတတည်း။ ညောင်ရွက်ကဲ့သို့ရှိမှုကား မဇ္ဈိမတည်း။ သရက်ရွက်ကဲ့သို့ ရှိမှုကား ဟီနတည်း။

ပဒုမ္မနီမိန်းမ၏ အင်္ဂါဇာတ်အစောက်ကား လက်ခြောက်သစ်ရှိ၏။ သင်္ခရမိန်းမ၏ အင်္ဂါဇာတ်အစောက်ကား လက်ရှစ်သစ်ရှိ၏။ စိတ္တရနီမိန်းမ၏ အင်္ဂါဇာတ်အစောက်ကား လက်ဆယ်သစ်ရှိ၏။ ဟတ္ထနီမိန်းမ၏ အင်္ဂါဇာတ်အစောက်ကား လက်တစ်ဆယ့်နှစ်သစ်ရှိ၏။



ပဒုမ္မနီမိန်းမ၏ အင်္ဂါဇာတ်အဝန်းကား တစ်ဆယ့်နှစ်သစ်ရှိ၏။ သင်္ခရမိန်းမ၏ အင်္ဂါဇာတ်အဝန်းကား တစ်ဆယ့်ခြောက်သစ်ရှိ၏။ စိတ္တရနီမိန်းမ၏ အင်္ဂါဇာတ်အဝန်းကား အသစ်နှစ်ဆယ်ရှိ၏။ ဟတ္ထနီမိန်းမ၏ အင်္ဂါဇာတ်အဝန်းကား တစ်ဆယ့်နှစ်သစ်ရှိ၏။

ထိုမိန်းမတို့အင်္ဂါဇာတ်သည် သမင်ခွာကဲ့သို့ ရှိမှုကား ယောကျ်ားအနာအဖျားများအံ့။ အင်္ဂါဇာတ်ခုံ မညီမညွတ်ရှိမှုကား ယောကျ်ားဆင်းရဲအံ့။ ဘေးသင့်အံ့။ အင်္ဂါဇာတ်မည်းမှုကား ယောကျ်ားသေအံ့။ ရှောင်ကြဉ်လေ။

ပဒုမ္မနီ လည်၌ ခရုသင်းကဲ့သို့ အရေးရှိ၍ ပြေပြစ်သော အဆင်းရှိသော သားမြတ်မတိုမရှည်၊ ငါးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော်ကောင်း၏။ ငှက်၏သွားခြင်းကဲ့သို့ တင့်တယ်သော ဟန်ပန်ကိုဆောင်၍သွားသော်၊ ဆင်၏ကြည့်ခြင်းကဲ့သို့ ကြည့်သော်၊ ကရဝိက်ငှက်ကဲ့သို့ အသံသာယာသော်၊ ပြေပြစ်ချောမောသော စကားကို ဆိုတတ်သော်၊ လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော်၊ အဆန်းတကြယ်စီရင်တတ်သော်၊ လင်၏အလိုခပ်သိမ်းကိစ္စတို့ကို ပြီးစေတတ်သော်၊ အမှတ်မရှိသော ကျေးဇူးလက္ခဏာနှင့် ပြည့်စုံသော အဆင်းရှိသော်၊ ခါးစည်း၊ ရင်ကျယ်၊ ငယ်သော ဝမ်းလည်းရှိသော် ဤသို့သောလက္ခဏာနှင့် ပြည့်စုံသောမိန်းမသည် ပဒုမ္မနီမည်၏။ ထိုမိန်းမသည် လင်၏ကျင့်ဝတ်၊ လင်၏အသရေကို ဆောင်ပေးတတ်၏။ စည်းစိမ် ချမ်းသာ ကျေးဇူး အကျော်အစော တိုးပွားစေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သင်္ခရနီ လက်ချောင်းကြီး၍ မျက်နှာထူသော်၊ လည်တိုသော်၊ ရင်ကြားစေ့သော် ဆံနီသော၊ ဤကဲ့သို့သောမိန်းမသည် သင်္ခရနီမည်၏။

စိတ္တရနီ လက်သည်းခြေသည်းတိုသော်၊ မြင်းခေါင်းတိုသော်၊ ရင်ကုန်းသော်၊ တင်ကျယ်သော်၊ ချက်နက်သော်၊ ဖမိုးမွေး လက်မွေးရှည်သော် ဤကဲ့ သို့သော မိန်းမသည် စိတ္တရနီမည်၏။

ဟတ္ထနီ ဝမ်းပျဉ်းကျသော် ဦးခေါင်းကြီးသော်၊ သွားမြှတ်ရှည်သော်၊ ဆံကောင်းသော်၊ မေးကြီးသော် ဤကဲ့သို့သော မိန်းမသည် ဟတ္ထနီမည်၏။

တန်ဖိုးကား ပဒုမ္မနီ တစ်သိန်းတန်၏။ သင်္ခရနီ တစ်သောင်းတန်၏။ စိတ္တရနီ တစ်ထောင်ဘန်၏။ ဟတ္ထနီ တစ်ရာတန်၏။ ဤကား အမြတ်တို့ကို ဆိုလိုသည်။ ရှေ့ဆို လတ့်သော ယောကျ်ားတို့နှင့် ယှဉ်ဟန်ကား။ ပဒုမ္မနီမိန်းမသည် သသယောကျ်ားတို့နှင့် ယှဉ်ဟန်၏။ သင်္ခရနီမိန်းမသည် ဗြဟ္မဏ ယောကျ်ားတို့နှင့် ယှဉ်ရာ၏။ စိတ္တရနီမိန်းမသည် မိဿ ယောကျ်ားတို့နှင့် ယှဉ်ရာ၏။ ဟတ္ထနီမိန်းမသည် အဿ ယောကျ်ားတို့နှင့် ယှဉ်ရာ၏။

## မိန်းမမြတ်တို့၏လက္ခဏာ

မိန်းမတို့သည် တပ်ခြင်း၊ တွေ့ခြင်း၊ ယားယံခြင်း၊ ခြေလက်ဆုပ်နယ်ခြင်း၊ သိခြင်း၊ လှံ့လပြုခြင်း၊ တုန်လှုပ်ခြင်း၊ အရောင်



အဆင်းကို ဆောင်ခြင်း၊ ယောကျ်ားတို့အား နှစ်သက်ဖွယ်ကို ပြုခြင်း၊ အရာကိစ္စကို ကောင်းစွာဆောင်ခြင်း၊ လင်၏အလိုသို့ ပြုသင့်သော အရာ၌ မပျင်းရိခြင်း၊ ပစ္စည်းဥစ္စာ၌ ကောင်းမွန်စွာစောင့်ရှောက်ခြင်း။ ဤကား မိန်းမကောင်းတို့ လက္ခဏာတည်း။

တိုင်ပင်ရန်ရှိသောအခါ အမတ်ကြီးကဲ့သို့ဖြစ်စေ၊ အမှုကြီးငယ်တို့ကို လုပ်ဆောင်သောအခါ ကျွန်မကဲ့သို့ ဖြစ်စေ၊ စောင့်ရှောက်အပ်သောအခါ အထိန်းကဲ့သို့ဖြစ်စေ၊ အိပ်ရာဝင်သောအခါ ပြည့်တန်ဆာမကဲ့သို့ဖြစ်စေ၊ ပြုအပ်သောအခါ ဆရာကဲ့သို့ဖြစ်စေ၊ ဤကား မိန်းမမြတ်တို့၏ လက္ခဏာပေတည်း။

BURMESE CLASSIC .com

အထူးသဖြင့် လူတို့သတိပြုရန်ကား လပြည့်၊ လကွယ်၊ လဆန်းရှစ်ရက်၊ လဆန်းတစ်ရက်၊ လဆုတ်ရှစ်ရက်၊ သင်္ကြန်ကျသောနေ့၊ ဤသို့ဆိုခဲ့ပြီးသော နေ့တို့၌ မေထုန်မှီဝဲ ပေါင်းဖော်သူတို့ကား သေဘေးသင့်အံ့။ ကျက်သရေယုတ်၏။

အလိုရှိဟန်ကား-အရပ်မြင့်သော မိန်းမသည် တစ်ညဥ့်လျှင် နှစ်ဆယ့်ငါးကြိမ် အလိုရှိ၏။ အရပ်ပုသော မိန်းမသည် ခုနစ်ကြိမ် အလိုရှိ၏။ ချက်နက်သော မိန်းမသည် ခုနစ်ကြိမ်အလိုရှိ၏။ အသားနီသော မိန်းမသည် နှစ်ဆယ့်ငါးကြိမ်အလိုရှိ၏။ အကြောရှည်သော မိန်းမသည် အကြိမ်နှစ်ဆယ် အလိုရှိ၏။ ကြံ့သောမိန်းမသည် ဆယ်ကြိမ်အလိုရှိ၏။ ဆူသောမိန်းမသည် အကြိမ်နှစ်ဆယ်အလိုရှိ၏။ ဖြူသောမိန်းမသည် တစ်ဆယ့်နှစ်ကြိမ် အလိုရှိ၏။ သွားမြှတ်ရှည်သောမိန်းမသည် နှစ်ဆယ့်လေးကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အလိုရှိ၏။ သားမြတ်ရွှေသော မိန်းမသည် တစ်ကြိမ်အလိုရှိ၏။ ခါးစည်းတင်းကျပ် ငယ်သောဝမ်းရှိသော မိန်းမသည် ကိုးကြိမ် အလိုရှိ၏။

ပဒုမ္မနီ မိန်းမမျိုးကား ငါးကြိမ်သာ အလိုရှိ၏။ အခ်ရနီ မိန်းမ မျိုးကား ခုနစ်ကြိမ်အလိုရှိ၏။ စိတ္တရနီ မိန်းမမျိုးကား ကိုးကြိမ် အလိုရှိ၏။ ဟတ္ထနီ မိန်းမမျိုးကား တစ်ဆယ့်နှစ်ကြိမ် အလိုရှိ၏။

ပဒုမ္မနီ မိန်းမမျိုးကား မျောက်, နွားတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ သခ်ရနီ မိန်းမမျိုးကား မျောက်, ငှက်တို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ စိတ္တရနီ မိန်းမမျိုးကား ကျား, မိကျောင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ ဟတ္ထနီ မိန်းမမျိုးကား ဆင်, မြင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။

ဤကား ပေ်သိမ်းသော မိန်းမတို့ကို ပေါင်းဖော်ရာ၌ နှစ်သက်သော အချင်းအရာတို့ကို ပြဆိုခြင်းတည်း။

* * * * *

# လောကျမ်း

ခေါင်းခဲသော် အခံမခက်လော၊ မန်းကျည်းမှည့်ကို ဆားနှင့် ဖျော်၍ရှုသော် မပျောက်လော။

ရင်ပတ်နာသော် အခံမခက်လော၊ ကောက်ညှင်းကိုစား၍ ရေချိုးသော် မပျောက်လော။

ချောင်းဆိုးသော် အခံမခက်လော၊ လွှစာမှုန့်ကို ဟင်းခါးချက်၍ သောက်သော် မပျောက်လော။

မျက်စိနာသော် အခံမခက်လော၊ နှမ်းလှော်၍ရှုသော် မပျောက်လော။

အနာပေါက်သော် အခံမခက်လော၊ ထန်းလျက်ကိုစားသော် မပျောက်လော။

ခွေးရူးကိုက်သော် မသေလော၊ အုန်းသီးကိုစားသော် မပျောက်လော။

မြွေကိုက်သော် မသေလော၊ မီးစနှင့် ကိုက်ရာကိုထိုးသော် မပျောက်လော။

ဆုံဆို့နာပေါက်သော် မသေလော၊ သဘော်သီးကိုစားသော် မပျောက်လော။

နှာစေးသော် မခက်လော၊ ရေနံကိုရှုသော် မပျောက်လော။

www.burmeseclassic.com

www.burmeseclassic.com



အနာဝင်သော် မသေလော၊ ရေနံကိုသုတ်သော် မပျောက်လော။

ခြေကျင်သော် မခက်လော၊ သံတူနှင့်နှက်သော် မပျောက်လော။

ကိုက်ခဲသော် မခက်လော၊ မြေနီလူးသော် မပျောက်လော။

အင်ပျဉ်ထသော် မခက်လော၊ ချက်မှာ ဆားစုသော် မပျောက်လော။

လေချုပ်သော် မခက်လော၊ မောင်းကျည်ပွေ့နှင့် နှက်သော် မပျောက်လော။

စား၍အရသာပျက်သော် မခက်လော၊ ပုစွန်ချဉ်စားသော် မပျောက်လော။

ကျောက်မထွက်သော် မခက်လော၊ ပဲနောက်ကို ရေချိုးသော် မပျောက်လော။

ကျောက်အားကြီးသော် မခက်လော၊ ထန်းလက်ငယ်နှင့် ရိုက်သော် မပျောက်လော။

ကျောက်ကိုရွှေ့စေလိုသော် မခက်လော၊ ကစော့မြစ်ကို ဆန်ဆေးရည်နှင့်သွေး၍ လိုရာကိုသုတ်သော် မရွှေ့လော။

ကျောက်ဖမ်းလိုက်သော် မသေလော၊ ခြေဖဝါးကို မီးကင်သော် မပျောက်လော။

ကင်းကိုက်သော် မနာလော၊ ကြေးဖလားကို တီးသော် မပျောက်လော။



ကြမ်းပိုးကိုက်သော် မခက်လော၊ ဖွတ်ထမ်းတံပိုးကို အိပ်ရာအောက်ကထားသော် မပျောက်လော။

မိန်းမရာသီလွန်သော် မသေလော၊ ဆီးသီးကိုစား၍ ရေချိုးသော် မပျောက်လော။

မိန်းမ မီးမဖွားနိုင်သော် မခက်လော၊ ပေါက်ပန်းဖြူအကိုင်း သင့်ရာ လက်ဝဲ, လက်ယာကိုင်စေသော် မဖွားလော။

ခွေးလေးသီးထိ၍ ယားယံသော် မခက်လော၊ ဆီးဖြူသီးကို စားသော် မပျောက်လော။

ငါးခူ၊ ငါးကျီးစူးသော် မခက်လော၊ ဆီးဖြူသီးစားသော် မပျောက်လော။

မိန်းမတို့ နို့မထွက်သော် မခက်လော၊ နွားသားနှင့် ချဉ်ပေါင်နီရွက်ကို ဟင်းခါးချက်၍ သောက်သော် မပျောက်လော။

မီးမဖွားနိုင်သော်, မခက်လော၊ ပုစွန်လက်မကို သွေး၍ သောက်သော် မပျောက်လော။

လိပ်ကျောက်ဆူးစူးသော် မသေလော၊ အုန်းထမင်းချက်၍ စားသော် မပျောက်လော။

ရှားစောင်းစေး မျက်စိကိုဝင်သော် မခက်လော၊ သဘော်စေ့ကို သွေး၍ခပ်ပြီး အသီးကိုစားသော် မပျောက်လော။

ဝမ်းကျပြီး ကြွက်တက်သော် မသေလော၊ ရေနှင့်ဆီကို ရောပြီး ခြေဖဝါးကိုသုတ်၍ မီးကင်သော် မပျောက်လော။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စင်ခဲသော် မသေလော၊ အုန်းသီးကိုစားသော် မထွက်လော။

မိန်းမမီးဖွား၍ သားအိမ်တံကျဉ်းလွဲသော် မသေလော၊ ဖားပြုတ်ခြောက်ကို မီးဖုတ်၍ ခြေမှာသုတ်သော် မပျောက်လော။

ဒူလာအပူကြီး၍ ဆာလောင်လာသော် မခက်လော၊ ကျွဲသားနှင့် ချဉ်ပေါင်နီရွက်ကို ချက်၍စားသော် မပျောက်လော။

အူဝထွက်သော် မသေလော၊ ရှောက်သီးနှင့် ငှက်ပျောသီးကို လက်သုတ်၍စားသော် မပျောက်လော။

ဝမ်းတွင်း သန်ကောင်ရှိသော် မခက်လော၊ ဆေးဒန်းနှင့် မြင်းခွာသွေး၍ သောက်သော် မပျောက်လော။

ဝမ်းကိုက်သော် အခံမခက်လော၊ ထန်းလျက်နှင့် ဆားကို စားသော် မပျောက်လော။

သူငယ် ထုံးကိုစားသော် မငိုလော၊ ဒွါရကို ရေဆေးသော် မပျောက်လော။

ငရုတ်သီး မျက်စိကိုဝင်သော် မစပ်လော၊ ညာဘက်က ဝင်သော် ဘယ်ဘက်၊ ဘယ်ဘက်ကဝင်သော် ညာဘက်ခြေမကို ရေဆေးသော် မပျောက်လော။

ခွေးကိုက်သော် မနာလော၊ ခင်ပုပ်လာ၍ ဟစ်အော်သော် မပျောက်လော။



တောက်တဲ့ကိုက်သော် မသေလော၊ ရက်ကန်းစူးကို သွေး၍ သောက်သော် မပျောက်လော။

ပင့်ကူနက်ကိုက်သော် မသေလော၊ ဆန်လှော်စားသော် မပျောက်လော။

မျက်ခမ်းစပ်သော် မခက်လော၊ ဆေးဒန်းကို သုတ်သောက်သော် မပျောက်လော။

မီးဝင်နေရာကို ဆိုင်းတီးသော် သွေးမထိတ်လော၊ ကြေးဖလား ရေစိမ်သော် မပျောက်လော။

မျက်စိ၌ ရှားစောင်းစေးဝင်သော် မကန်းလော၊ ကန့်ကူဆန်မှုန့်ကိုခတ်သော် မပျောက်လော။

နားအူသော် မခက်လော၊ ဆီကိုကြပ်သော် မပျောက်လော။

* * * * *

## အနှိပ်ကျမ်း

ကိုးဆယ့်ခြောက်ပါး၊ ရောဂါများကို၊ လက်ဖျားထိရောက်၊ ကင်းကွာပျောက်လိမ့်၊ မှတ်လောက်စရာ၊ ရှေးဆရာတို့၊ စဉ်လာ ဥပဒေ၊ ထားခဲ့ပေသား၊ အသေအချာ၊ နှိပ်ပုံမှာကား၊ သီသာဦးရင်း ဇက်ကြောတင်း၍၊ ခံပြင်းစရာ စွဲကပ်လာသည်၊ ကုပ်မှာ, နထင်၊ နောက်ဘယ်ပြင်၌ နာကျင်အလို၊ အပူလျှို၍၊ ရင်ကိုလေဆင့်၊ ဘနင့်နင့်တင်း၊ ခံတွင်းအာထဲ၊ တံတွေးချွဲ၍၊ ခေါင်းခံအနာ၊

www.burmeseclassic.com



ထိုရောဂါကို၊ ဆရာလက်သယ်၊ ဉာဏ်ကြီးကျယ်သား၊ အလွယ်တကူ၊ နှိပ်လိုမူကား၊ မှတ်ယူခြားနား၊ ဖော်၍ကြားအံ့။ ဒူးဖျားအထက် လေးသစ်တက်၍၊ နှိပ်ချက်တဖုံ၊ ဆိုကုန်မပျက်၊ ပုံအတွက်နှင့်၊ နားရှက်အောက်ပါး၊ ဝဲယာခြား၍၊ မေးဖျားနထင်မျက်မှောက်ပြင်၌၊ လက်ပြင်ညွှန်ဖု ခုလုလုကို၊ လက်နုချောမွေ့၊ တည့်တည့်တွေ့၍၊ စေ့စေ့နှိပ်က၊ ပျောက်နေကျသည်၊ ပွဲရအဟုတ်၊ စာပင်ချုပ်၍လာ၊ ယူနုတ်အမြစ်၊ တူး၍ပစ်သို့ စင်စစ်ခေါင်းခဲ၊ ပျောက်စမြဲတည့်။

မလွဲတစ်ချက်၊ နားလေထွက်၍၊ နားမျက်, နားအူ, နားထူ, နားလေး၊ နားပြည်မြေး၍၊ ခေါ်မေးမရ၊ နားထိုင်းစသည်၊ သောက ဝေဒနာ၊ နှိပ်လိုပါမူ၊ ကဏ္ဍာအထက်၊ နားသယ်ဇက်နှင့်၊ နားရှက်၏ နောက်၊ နားရှက်အောက်ကို ရှောက်၍မငြီး၊ နှိပ်ပုံမှီးလော၊ စည်တီးမကြား၊ ပင်းသည့် နားလည်း၊ ကြား၍မပျက်၊ ချက်ချင်း သက်တည့်။

လေတက်တုံလေ၊ မူးမှိုင်ချေ၍၊ အနေမသာ၊ ရှိလေခါသော်၊ ဂီဂါ, ကုပ်စောင်း၊ အလယ်ကောင်းနှင့်၊ တကြောင်းမျက်မှောက်ကြား၊ မက်ခုံး, နားရင်း၊ ဦးပြင်းဆံဆက်၊ နှိပ်ပုံတွက်၏။

တစ်ချက်တိုမှ လေပူထသော်၊ ကဏ္ဍာနားနောက်၊ နှိပ်ခါ ထောက်လေ။

ထိုနောက် တစ်မျိုး၊ ကြို့ကြီးထိုးသော်၊ ကုပ်ရိုးကို လျှောက် နှိပ်လျှင်ပျောက်၏။



တစ်ထောက်ဒန္တာ၊ သွားဖုံနာနှင့်၊ သွားနာ, သွားကိုက်၊ သွား၌ရောဂါ၊ စွဲကပ်လာသော်၊ လျင်စွာ ပျောက်အောင် နှုတ်ခမ်း စောင်နှင့်၊ ပါးစောင်ကရှောက် နားဖျားရောက်အောင်၊ လက်ထောက် မြဲမြဲ၊ မှန်မလွဲဘဲ၊ လက်ဝဲလက်ယာ၊ နှိပ်ပါဘိလော။

တစ်ဖြာထိုမှ၊ မားလျှင်ရှသို့၊ သတ္တကလေ၊ တက်ထွေတပြိုင်၊ မေးခိုင်ပါမူ၊ လက်နိုင်နှိပ်ယို၊ ပုံအဆိုးကား၊ လည်မျိုတစ်လျှောက်၊ နားရင်းရောက်အောင်၊ နှိပ်မြောက်တုံလေ၊ လွတ်မြဲပေတည်း။

တစ်ထွေတစ်ဖန်၊ လေပုပ်ဆန်၍၊ အော့အန်တစ်မျိုး၊ ပခုံးရိုးက၊ ကုပ်ပိုးကျအောင်၊ ပြ၏နှိပ်ချက်။

ပါဒရက်ကြောင့်၊ လေတက်၍တုန်၊ မျက်စိမှုန်၍၊ မျက်အုံဝေရို၊ မျက်စိသီလျက်၊ မျက်နီ,မျက်ဝါ၊ မျက်စိနာနှင့် သလာတိမ်လုံး၊ မျက်စိဖုံးက၊ မျက်လုံးကြောင်ကြောင်၊ မျက်စဆောင်၍၊ မျက်တောင်မကြွ၊ မျက်မှောင်ကျလျှင်၊ မျက်စိပိုးရှိ ကြိမ်းစပ်ဘိသည်၊ မျက်စိဝေဝေ၊ မျက်ရည်တွေသား၊ ဆိုတွေတစ်ချက်၊ မျက်တွန့်တက်၍ လက်တစ်လှမ်းလှမ်း၊ ဖြုတ်ခြင်းတန်းသည်၊ မျက်ခမ်းစပ်နီ၊ မှုန်သီသီနှင့်၊ ဟန်ချီမရ၊ လမ်း မဂ္ဂကို၊ ထကြွဖြောင့်မတ်၊ မသွားတတ်အောင်၊ စွဲကပ်ရှုံးစု၊ ရောဂါပြု၍၊ စက္ခုအနာ၊ အာဗာဓာတို့၊ မကြာလျှင်လျှား၊ ပျောက်လိုငြားမူ၊ ကြွက်သားအဖုံး၊ ခြေသားလုံးနှင့် ပခုံးနားထက်၊ အလယ်ချက်တွင်၊ စုံဘက်ဆစ်ကြော၊ နှိပ်တုံမောက၊ အဆောမကြာ၊ လွန်ချမ်းသာသည်... လွယ်ကာနှိပ်ဖို့တည်း။

www.burmeseclassic.com



လက်စွဲတစ်ဖြာ၊ မိန့်လိုက်မှာအံ့။ ကလျာရှုဖွယ်၊ သားမိမယ်တို့
ကိုယ်ဝယ်စွဲကပ်၊ တောဇောခါတ်ကြောင့်၊ မီးယပ်ရင်ဆို့
ဖြစ်တုံမြို့သော်၊ စိမ်းညို့ဖတ်ဖတ်၊ သားမြတ်အထက်၊ မွေ့မွေ့
ညက်သည်၊ မောင်းဆက်အဖျား၊ ရင်နုသားကို၊ နှိပ်ငြားတုံပါ
လွှန်ချမ်းသာလိ.

ဟတ္ထာလက်ကပ်၊ လက်သေလတ်သော်၊ သားမြတ်ထက်
လေးသစ်ကျနှင့်၊ ရင်ဝအောက်နား၊ မောင်းကွေးကြားတည့်။

မှတ်သားတုံမြို့၊ လေပွေကြို့နှင့်၊ ရင်ဆို့ရင်ကျပ်၊ လေထိ
လပ်သော်၊ နှိပ်အပ်လက်ဖျံ၊ တစ်တန်မဆွ၊ ပုံအရကား၊ ရင်
ကျောလယ်၊ တသွယ်မှတ်ရာ။

နံဘေးနာနှင့်၊ ဒူလာ,လေနာ,၊ ရင်ပတ်နာသော်၊ မှန်စွာမပျက်
ပျောက်မည်ချက်ကား၊ နှစ်ဘက်ဘေးကြား၊ ချက်အောက်လျော၍
နှိပ်လေဆရာ၊ သုံးသစ်ကွာတည့်။

ပါဒတ္ထတွေ၊ ခြေလျင်သေက၊ ထုံကြွင်စသည်၊ ပုတ္တဖွားမ
မက္ကတ္တိတို့၊ သွေးတိမကျ၊ ရှိကနှိပ်မူ၊ ရာသီစု၍ ဥတုမဖြောင့်
ဆီးကျင်အောင့်သော်၊ မီးညှောင့်အထက်၊ နှစ်လစ်တက်၍
နှိပ်ချတစ်ဖုံ၊ လက်ကုန်ထိုးသိပ်၊ ကောင်းစွာနှိပ်လော့။

အိပ်၍မပျော်၊ ရှိတုံသော်လျှင်၊ ဒူးပေါ်တစ်လျော
ပေါင်ခြံရောက်အောင်၊ ထိုနောက်နှိပ်ရိုး၊ ခြေဖမိုးရင်း၊ ဖနော
တွင်းတည့်။



ကိုက်ခြင်းဆစ်မြစ်၊ မှုန်ဝေတက်သား၊ ခြေမျက်စိနဲ့၊
ရောဂါဘွဲ့တွင်၊ အိပ်စက်မပျော်၊ ခြေလက်သေလျှင်၊
လက်ကျော်ဆရာ၊ ဉာဏ်ဖွေရှာ၍၊ နှိပ်ကာမယွင်း။ ဒူးဖျားတွင်းက၊
နားရင်းရောက်အောင်၊ လက်ဝါးစောင်းနှင့်၊ ထောင်၍နှိပ်လျှင်၊
ပျောက်မြဲပင်တည့်။

မီးသွင်အထူး၊ ခြေဒူးပေါ်သော်၊ ထို့တူမယွင်း။ ပုဆစ်တွင်းကို၊
မပြင်းမလျော့၊ လက်နုကြော့နှင့်၊ နှိပ်လော့မှန်စွာ၊
ပျောက်၏မှာသည် ချမ်းသာဧကန်မလွဲတည်း။

မလွဲမှန်စွာ၊ မိန့်ခဲ့ပါအံ့၊ ခါးနာခါးကိုက်၊ ခါး၌ဝေဒနာ၊
စွဲကပ်လာသော်၊ မြေမှာခေါ်ရိုး၊ ခြေဖမိုးက၊ ဒူးထောက်ကျအောင်၊
နှိပ်ထလျှင်စွာ၊ ပျောက်မြဲသာတည့်။

ကျင်ဝါ, ကျင်အောင့်၊ ကျင်မဖြောင့်သော်၊ ဖနောင့်အထက်၊
ကြွက်သားဆက်ကို၊ ရှောင်လျက်နှိပ်ပါ၊ လွတ်ချမ်းသာလိမ့်။

ပုကာတစ်ခန်း၊ ချမ်းကာတစ်ဖုံ၊ ဖျားကြကုန်သော်၊ နှိပ်ပုံအရ၊
မှန်စွာပြအံ့၊ ခြေမအကြား၊ ခြေဖဝါးမှာ၊ နှိပ်လေပါလော။

ကြီးစွာအဖျား၊ တက်လောအားကြောင့်၊ မေးငြားမရ၊
ငန်းလျှင်ကြွ၍၊ ခေါ်ကမထူး၊ အမူးအမေ့၊ ရောဂါတွေ့သော်၊
နှိပ်လော့အဆော၊ ဖနောင့်ကြောတည့်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်လေ့တစ်ခန်း၊ ငန်းပူဖမ်းသော်၊ နှိပ်တန်းမသွေ၊ ခြေမျက်စိ အောက်၊ နာနာထောက်လော့။

ထိုနောက်တခြား၊ တုန်၍ဖျားသော်၊ ခြေဖဝါးလယ်၊ ဖနောင့်ဆွယ်ကို၊ နယ်ကာနှိပ်မူ၊ ပျောက်မြဲယူသင့်။

ခြေမူချိန့်၊ ဖြစ်တုံခဲ့သော်၊ တဲ့တဲ့ဒူးဖျား၊ နှိပ်ချထား၏၊ မှတ်သား ပါကုန်၊ ရှေ့ပုံလာကို၊ လက်ခံချိုပျား၊ စီကုံးထားရှင့်၊ နှိပ်ငြားလိုသူ၊ စံပုံယူ၍၊ နာသူတို့ကို၊ ကယ်စေလိုသည်၊ မင်္ဂလိုဖိုလ်ဆုမြတ်၊ ရကြောင်း တည်း။

## ရောယှက်၍မစားကောင်းသောအရာများ

သားခြောက်ဟင်းရွက်၊ မုန်လာရွက်၊ ရောယှက် မစားကောင်း။

ပဲကြီး တင်လဲ၊ နှစ်ပါးတွဲ စားခဲမပြုကောင်း။

နို့ချဉ်၊ ပေအူ၊ ပေရေဟူ၊ ဝက်မူမစပ်ကောင်း။

ပဲတက် ဆိတ်သား၊ ကျွဲသား ကြာဥ၊ အစုစု၊ ရောမူ မစပ်ကောင်း။

ဒေါင်းသား ကြက်သား၊ ထိုအသား၊ နို့များချဉ်နှင့် မစပ်ကောင်း။

သေအရက်၊ ချဉ်၊ ဆား၊ မှိုကြက်သား၊ ငါးကိုနို့နှင့်မစပ်ကောင်း။



ပလောပီနံ့ဥယျဉ်မှု ဒေါင်းသား၊ သကြား သေရက်၊ ကင်းပိမ့်ရွက်၊ ပျားစွက်မစပ်ကောင်း။

ဆပ်ပြာ ပြာ ဆား၊ အချဉ်များ စပ်ထားမပြုကောင်း။

ကင်းပိမ့်အရွက်၊ နှမ်းဖတ်စွက်၊ ချက်၍မစားကောင်း။

ဝက်ဆီထည့်ငြား၊ မျိုင်းအောက်သား၊ ချက်၍မပြုကောင်း။

ငါးချက်ဘူးငြား၊ ဟင်းအိုးများနှင့်၊ ပျားရည် ပိတ်ချင်းရွက် ရောနှော၍စွက်၊ ချက်၍မစားကောင်း။

မုန်ညင်းဆီများ၊ ခိုအသား၊ ငါးကိုနို့နှင့်မချက်ကောင်း။

ကြက်ဆူဆီများ၊ ငှက်အသား၊ ချက်၍မပြုကောင်း။

မဲနယ်အိုးများ၊ သားချင်ငါး၊ ထည့်ထားမပြုကောင်း။

ပဲကြီးမုန်လာ၊ သားမှာ သားချင်း၊ ရောစပ်သင်း၊ အလျင်းမ စားကောင်း။

နို့နှင့်ငှက်ပျောသီး၊ ထန်းသီးနို့ချဉ်၊ ဆိတ်လျှင်အသား ဆူးပန်းများ၊ ချက်စာမပြုကောင်း။

အစားမမှန်၊ ခါမမှန်၊ အလွန်အယုတ်မစားကောင်း။

## အနာပေါက် မြစ်ခြင်းပြီးဆေးနည်း

စနေ အင်္ဂါ၊ နေ့ကြုံလာ၊ ဆန်မှာပေါက်ပေါက်ကြဲ၊ ပူဇော် မိုကာ၊ ကောင်းမွန်စွာ၊ ယူပါစွန်လက်အဲ။

www.burmeseclassic.com

www.burmeseclassic.com



အနာပေါက်ဟူက၊ သွေးသုတ်ကြ၊ သုခချမ်းသာမြဲ။
ငန်းမန်းရောက်လာ မီးနွေးကာ၊ သုတ်ပါခတ်ရွှဲရွှဲ။
အနာဝင်ချေ၊ သွေးသောက်လေ၊ ပျောက်ပေမှန်မလွဲ။

## အဆိပ်ဖြေဆေးနည်း

ပိတုန်း၊ ကင်း၊ ပျား၊ ငါးကြီးများ၊ ထိုးငြားတိုက်စူးခါ၊ ကျောက်ချဉ်သွေးထ၊ လိမ်းသုတ်က၊ မုချချမ်းသာရာ။

## အမှောင့်ကွယ်ကာ အစွဲချွတ်နည်း

အမှောင့်ကွယ်ကာ၊ စွဲချွတ်ရာ၊ နည်းနာဆလွယ်ပြ။

ခြေမ၊ လက်မ၊ စည်းထသူသော၊ ကြီးတို့ဖြေ၊ ထူလေပေါင်းသတ္တ။

ကြိုးကွင်းလုပ်ပါ၊ လှည်ပင်းမှာ၊ စွပ်ပါကွယ်ကာရ။
လည်ဝတ်ပြုပါ၊ ဝတ်လေပါ၊ စွဲမှာကျွတ်တတ်လှ။

## အပင်းကျဆေးနည်း

ဖြူးစူးကနခို၊ ဂိတောက်မှို၊ မျှစ်ညှိဖျောက်ဆိပ်သွင်း။
လေးဦးကြိတ်ကာ၊ ပင်းရှိရာ၊ သုံးခါစမ်းလတ်လျှင်း။
ခုန်ပုလ္လုပ်က၊ အပင်းကျ၊ တိုက်ကြဆေးများမင်း။
အပင်းဟူသမျှ၊ ကျလေရ၊ ဒုက္ခကိုယ်ဝယ်လင်း။

# သူငယ်နာ မာတြာကုထုံးကျမ်း

ဂဗ္ဘေသေယျံကာ၊ သံသေဒဇ၊ အဏ္ဍဇ၊ ဥပပတ္တိဟူ၍ လေးပါးသော ပဋိသန္ဓေတို့တွင် အမိ၏ ဓမ္မတာလာမြဲတိုင်း ဥတုလာဆဲ၊ ရပ်ဆဲအခါ၊ သတ္တဝါ၏ ရှေ့ရှုထင်ဆဲအခါ မိဘနှစ်ပါးတို့၏ သံဝါသပေါင်းဖော်ဆဲအခါ ဤအင်္ဂါသုံးပါး ညီညွတ်သည်ဖြစ်၍ မိဘနှစ်ပါးတို့၏ သုက်သွေးတည်းဟူသော ဥတုကိုမှီ၍ အမိဝမ်း၌ ရှေ့ရှုထင်ဆဲဖြစ်သော သတ္တဝါသည် ပဋိသန္ဓေစွဲယူ၏။ ထိုသို့စွဲယူသော ပဋိသန္ဓေသည် 'ဂဗ္ဘေသေယျက' ပဋိသန္ဓေမည်၏။

## ပဋိသန္ဓေတည်ပုံဟန်ကား

ပဌမံ ကလလံ ဟောတိ၊
ကလလံ ဟောတိ အဗ္ဗုဒ။
အဗ္ဗုဒံ ဇာယတေ ပေသိ၊
ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနော ပသာခါ ဇာယန္တိ။
ကေသာ လောမာ နခါပိစ။

ဟူသည်နှင့်အညီ ကလလရေကြည် နှစ်သတ္တာဟ၊ အမြှုပ်နှစ်သတ္တာဟ၊ သားတစ် နှစ်သတ္တာဟ၊ 'အစိုင်အခဲ' နှစ်သတ္တာဟ၊ ခက်မငါးဖြာ နှစ်သတ္တာဟ၊ မြောက်၌စက္ခုပသာဒ၊ သောတပသာဒ၊ တစ်ဆယ့်သုံး သတ္တာဟမြောက်၌ ဃာနပသာဒ၊ တစ်ဆယ့်လေး သတ္တာဟ မြောက်၌ ဇိဝှာ ပသာဒတို့သည် အစဉ်အတိုင်း ဖြစ်ကြ

www.burmeseclassic.com



ကုန်၏။ ကာယပသာဒမှာ ကလလရေကြည် တည်စကပင် ဖြစ်သည်။ ဖြစ်သော်လည်း ဖောဋ္ဌဗ္ဗရုံ၏ အဖြစ်ဖြင့် ရုန့်ရင်း ကြမ်းတမ်းသည် အဖြစ်ကြောင့် အလုံးစုံသော ပသာဒတို့၏နောက်မှ တည်သည်ဟူ၍မှတ်။

ဤသို့လျှင် သတ္တာဟအားဖြင့် ၁၄ - သတ္တာဟ၊ ရက်အားဖြင့် ကိုးဆယ့်ရှစ်ရက်၊ လအားဖြင့် သုံးလနှင့်ရှစ်ရက်ကိုလွန်ပြီးနောက် ခုနစ်လစေ့သဖြင့် အမိဝမ်းမှ ဖွားသောသူငယ်သည် နုနယ်လှသည့် ပင်ဖြစ်သော်လည်း ထွက်ပေါက်တည်းဟူသော အမိ၏ယောနိသည် ခက်မာကြမ်းတမ်းခြင်း မဖြစ်သေးရကား အသက်ရှင်၏။ ရှစ်လတွင် ဖွားသောသူငယ်သည်ကား နုနယ်သည်ဆိုရငြားသော်လည်း ခုနစ်လသားလောက်မနုနယ်၊ မနုနယ်သော်လည်း ထွက်ပေါက်တည်းဟူသော အမိ၏ယောနိသည် ခက်မာကြမ်းတမ်းခြင်းဖြစ်၏။ ထိုသို့ခက်မာ ကြမ်းတမ်းခြင်းကြောင့် ယောနိ၌ တွေ့ထိခြင်းကို မခံ နိုင်သည်ဖြစ်၍ အသက်မရှင်။ ကိုးလတွင်လည်းကောင်း၊ ဆယ်လ တွင်လည်းကောင်း ဖွားသောသူသည်ကား ခုနစ်လသား ရှစ်လသား တို့ထက် ရင့်မာသည်။ ထိုသို့ရင့်မာခြင်းကြောင့် ထွက်ပေါက်တည်း ဟူသော အမိ၏ယောနိ ခက်မာကြမ်းတမ်း သော်လည်း ယောနိ၌ ထိတွေ့ခြင်းကို ခံနိုင်သည်ဖြစ်၍ အသက်ရှင်၏။ ဤကား သုတ္တန်ဋီကာဆရာတို့ အလိုတော်တည်း။

ဆေးကျမ်းဆရာတို့ကား ခုနစ်လသားကား အရိုးနုသော ကြောင့် အသက်ရှင်၏။ ရှစ်လသားကား အရိုးဆတ်သောကြောင့်



အသက်မရှင်။ ကိုးလသား၊ ဆယ်လသားကား အရေရင့်မာသော ကြောင့် အသက်ရှင်၏ဟု ဆို၏။ ဤသို့ ဂဗ္ဘသေယျက ပဋိသန္ဓေကို သိရာ၏။ သံသေဒဇ အဏ္ဍဇ ဥပပတ္တိ ပဋိသန္ဓေကိုကား ကျယ်အံ့ မည်စိုး၍ မရေးတော့အံ့။ သိလိုမူ သမ္မောဟ ဝိနောဒနီကျမ်း၌ ယူလေကုန်။

အမိဝမ်းမှဖွားမြင်သောသူတို့၌ ကံကြမ္မာအလိုက် ကပ်ဆိုက် စွဲရောက်တတ်သော သူငယ်နာမျိုးကား . . .

ဓာတ်လေးပါးကို စွဲ၍ရောက်သော သူငယ်နာ ၄။
တစ်ဆယ့်နှစ်ပါးသောအစွဲနှင့်တကွဖြစ်သော သူငယ်နာ ၁၆။
ဆယ်ပါးသောသူငယ်နာ ကြက်ညှာ ၂၆။
ဆယ်ပါးသော ကျဗဟုံးသူငယ်နာ ၃၆။
ငါးပါးသောသူငယ်နာ ငန်းနာ ၄၁။
သုံးပါးသော အပုပ်သူငယ်နာ ၄၄။
နို့ကြောင့်ဖြစ်သောသူငယ်နာ သုံးပါး ၄၇။
ခြောက်ပါးသောသူငယ်နာ ဥပါဒ ၅၃။
သုံးပါးသောသူငယ်နာ မြင်းသရိုက်စွဲ ၅၆။
သုံးပါးသော ပါဒရက်သူငယ်နာ ၅၉။
သုံးပါးသော မုက္ခိစွဲသူငယ်နာ ၆၂။
သုံးပါးသော မာတြာစွဲ သူငယ်နာ ၆၅။

မြေစွဲသူငယ်နာ ၆၆ ဟူ၍ ခြောက်ဆယ့်ခြောက်ပါး အပြား ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်တို့ မိဿရာသီ၊ ပြိဿရာသီ၊ မေထုန်ရာသီဟု ဆိုအပ်သော တန်ခူးလ၊ ကဆုန်လ၊ နယုန်လ ဤသုံးလ၌ ကိုယ်လုံးမီးအုံသကဲ့သို့ ပူခြင်း၊ ရင်တကော့ကော့ရှိခြင်း၊ ဝမ်းပျော်တုံ မာတုံရှိခြင်း၊ ခြေဖျားလက်ဖျားကုပ်ခြင်း၊ ရေကိုအလိုရှိခြင်း ဖြစ်လတ်သော် ထိုသို့ဖြစ်သောအခြင်းအရာကို တေဇောဓာတ်ပျက်သော လက္ခဏာဟူ၍ သိရမည်။

သူငယ်တို့သည် ကရကဋ်ရာသီ၊ သိဟ်ရာသီ၊ ကန်ရာသီဟု ဆိုအပ်သော ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလတို့၌ နေ့ညဉ့်မစဲ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ရင်ဝလည်ချောင်းတို့၌ ချွဲသလိပ်ဖွဲ့ခြင်း၊ ဖုတ်လိုက်ဖုတ်လိုက်အသက်ရှူခြင်း၊ ကြို့ထိုးခြင်း၊ အသားအရေ ပင်းဝင်းဝါဝါရှိခြင်း ဖြစ်လတ်သော် ထိုသို့ဖြစ်သောအခြင်းအရာကို ဝါယောဓာတ်ပျက်သောလက္ခဏာဟူ၍ သိရမည်။

သူငယ်တို့သည် တူရာသီ၊ ဗြိစ္ဆာရာသီ၊ ဓနုရာသီ ဆိုအပ်သော သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ နတ်တော်လ ဤသုံးလတို့၌ အာခံတွင်း [illegible]ပေါက်ခြင်း၊ ဥက္ကောင်းချွေးစေးထွက်ခြင်း၊ ဝမ်းနှံ့စွာသွားခြင်း၊ အပုပ်အစပ်စသော ဘောဇဉ်အစာကို အလိုရှိခြင်း ဖြစ်လတ်သော် ထိုသို့ဖြစ်သော အခြင်းအရာကို အာပေါဓာတ် ပျက်သောလက္ခဏာဟူ၍ သိရမည်။

သူငယ်တို့သည် မကာရရာသီ၊ ကုံရာသီ၊ မိန်ရာသီဟု ဆိုအပ်သော ပြာသိုလ၊ တပို့တွဲလ၊ တပေါင်းလ ဤသုံးလတို့၌ ခြေဖျားလက်ဖျား အေးတုံပူတုံရှိခြင်း၊ မြေကြီးကိုစားချင်ခြင်း၊ ပိုးမျိုးတို့



လှုပ်ရှားခြင်းကြောင့် အသည်းအူနာခြင်း၊ ကျောကျောက်ကုန်းပူခြင်း၊ မျက်စိမျက်တောင်လေး၍ တမှေးမှေး တမှိန်မှိန်ရှိခြင်း၊ မြွေကဲ့သို့ တွန့်လိမ်ခြင်း ဖြစ်လတ်သော် ထိုသို့ဖြစ်သော အခြင်းအရာကို ပထဝီ ဓာတ် ပျက်သောလက္ခဏာဟူ၍ သိရမည်။ သူငယ်တို့၌ကပ်ရောက် သော သူငယ်နာတို့တွင် . . .

(၁) ပိတ်ပြည်ကဲ့သို့ ဖြူဖြူရိရိ ဝမ်းသွားသော သူငယ်နာကို အူစွဲသူငယ်နာဟူ၍မှတ်၊

(၂) ရင်ပြည့်ခြင်း၊ ဝမ်းလားခြင်းကို အဆုပ်စွဲသူငယ်နာဟူ၍မှတ်၊

(၃) ခေါင်ရည်ကဲ့သို့ ဝမ်းလားခြင်း၊ စိမ်းစိမ်းရွှေရွှေ ဝင်းဝင်းဝါဝါ ဝမ်းလားခြင်းကို အသည်းစွဲသူငယ်နာ ဟူ၍မှတ်၊

(၄) ပုပ်ပုပ်စပ်စပ် ကဖော်ဖတ်ကဲ့သို့ ဝမ်းလားခြင်းကို နှလုံးစွဲ သူငယ်နာ ဟူ၍မှတ်၊

(၅) ချွဲချွဲပျစ်ပျစ် ကြက်ဥနှစ်ကဲ့သို့ ညှီညှီပုပ်ပုပ် ဝမ်းလားခြင်းကို သည်းခြေစွဲသူငယ်နာ ဟူ၍မှတ်၊

(၆) ဝမ်းသရိုးသရိ တညည်းညည်း နေမထိ ထိုင်မသာ ဖြစ်ခြင်းကို သရက်ရွက်စွဲသူငယ်နာ ဟူ၍မှတ်၊

(၇) အနည်းငယ်ဝမ်းသွားလျက် မျဉ်းခွေ မှိုင်တွေ ဖြစ်ခြင်းကို အဖျဉ်းစွဲသူငယ်နာ ဟူ၍မှတ်၊

www.burmeseclassic.com

www.burmeseclassic.com



(၈) မျက်ရည်ယိုခြင်း၊ ခြေဖဝါး လက်ဖဝါးပူခြင်းဖြစ်မှု ထိုသူငယ်နာကို အရိုးစွဲသူငယ်နာ ဟူ၍မှတ်၊

(၉) ၂ ရက် ၃ ရက် ဖျား၍ ကျောကော့လျက်နေသည် မအိပ်၊ မိန်းမလက်ယာ၊ ယောကျ်ားလက်ဝဲ တစ်ခြမ်းသေခြင်း လိမ်ခြင်း၊ စောင်းခြင်းဖြစ်မှု ထိုသူငယ်နာကို အကြောစွဲသူငယ်နာ ဟူ၍မှတ်၊

(၁၀) ကိုယ်တနွေးနွေးနှင့် ဖျော့တော့ခြင်း၊ မျဉ်းမွေ့ မှိုင်တွေခြင်း ဖြစ်မှု ထိုသူငယ်နာကို အသားစွဲသူငယ်နာ ဟူ၍မှတ်၊

(၁၁) ကိုယ်တချုပ်ချုပ်နှင့် အသားအရေ ပိန်ခြင်းဖြစ်မှု ထိုသူငယ်နာကို အရေစွဲသူငယ်နာ ဟူ၍မှတ်၊

(၁၂) သလိပ်ကဲ့သို့ ရိရိရွဲရွဲ ဝမ်းသွားခြင်ဖြစ်မှုကား ထိုသူငယ်နာကို ရင်စွဲသူငယ်နာ ဟူ၍မှတ်၊

(၁၃) ဦးခေါင်းလေးခြင်း၊ နွေးခြင်း၊ မျက်စိမှိတ်ခြင်း ခေါင်းပူခြင်း ဖြစ်မှုကား ထိုသူငယ်နာကို ဦးခေါင်းစွဲ သူငယ်နာ ဟူ၍မှတ်။ ဤသို့ဖြစ်လျှင် (၁၃) ပါး အရေ အတွက်ရှိသော သူငယ်နာလက္ခဏာကို သိရာ၏။

ဆယ်ပါးသော ကြက်ညှာသူငယ်နာ၏ လက္ခဏာကား ဤသို့တည်း။

(၁) အသံတကြည်ကြည် ဟစ်အော်၍ရှိမှုကား နှလုံးစွဲ ကြက်ညှာတည်း။



(၂) တညည်းညည်းငိုလျက် ဝမ်းသွား၍ သွေးပါမှုကား အသည်းစွဲ ကြက်ညှာတည်း။

(၃) ချက် ဖူးဖူးထ၍ မနေမသာရှိမှုကား ချက်စွဲ ကြက်ညှာ တည်း။

(၄) ဝမ်းပြည့်၍ ကိုယ်ပူမှုကား အသားစွဲ ကြက်ညှာတည်း။

(၅) ထိုင်ခြင်း သွားခြင်း ရပ်ခြင်းကာလတို့၌ တချောက်ချောက် မြည်မှုကား အရိုးစွဲ ကြက်ညှာတည်း။

(၆) ခြေပစ်လက်ပစ် လန့်ဖြတ်မှုကား မြင်းခေါင်းစွဲ ကြက်ညှာတည်း။

(၇) ရင်လုံးမှုကား ရင်စွဲ ကြက်ညှာတည်း။

(၈) အသက်ရှူတိုင်း ရင်၌ ထွက်တုံဝင်တုံ လှိုက်လှဲမှုကား လေစွဲကြက်ညှာတည်း။

(၉) ရင်လည်ချောင်း၌ တစီစီမြည်မှုကား သွေးစွဲ ကြက်ညှာတည်း။

(၁၀) လည်ရင်းလည်ချောင်း၌ တဖျောက်ချောက် မြည်မှုကား သလိပ်စွဲကြက်ညှာတည်း။ ဤသို့လျှင် ဆယ်ပါး အရေအတွက်ရှိသော သူငယ်နာ ကြက်ညှာ၏ လက္ခဏာကား ဤသို့လျှင်တည်း။

ဆယ်ပါးသော သူငယ်နာကျဗဟုန်း၏ လက္ခဏာကား ဤသို့တည်း။

(၁) ပြင်းပြစွာ ချုပ်ကိုင်မရမှုကား နှလုံးစွဲကျဗဟုန်း တည်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) ငိုတုံရယ်တုံရှိမှုကား အသည်းစွဲကျဗဟုန်းတည်း။

(၃) ဆီးဝမ်းမသွား ဝမ်းကျက်ကျက်ရှိမှုကား အရိုးစွဲကျဗဟုန်းတည်း။

(၄) အလွန်မိန်းမောလျက် တွေဝေမှုကား အရေစွဲကျဗဟုန်းစာည်း။

(၅) တမျှည်းမျှည်း တခွေခွေ အိပ်နေမှုကား ပူဆစ်ဒူးစွဲကျဗဟုန်းတည်း။

(၆) ရေငတ်လျက် အော့အန်မှုကား သည်းခြေစွဲကျဗဟုန်းတည်း။

(၇) သန်းဟိုက် လိမ်ကော့ စောင်းရွဲ့၍ တက်မှုကား လေစွဲကျဗဟုန်းတည်း။

(၈) တစ်ကိုယ်လုံး အပြောက်ပြောက် အကွက်ကွက်နှင့်ထွက်မှုကား သွေးတက်ကျဗဟုန်းတည်း။

(၉) မျက်နှာနှုတ်ခမ်းကစ လက်ဖျားခြေဖျားညိုမည်း၍တက်မှုကား သွေးတက်ကျဗဟုန်းတည်း။

(၁၀) တစ်ကိုယ်လုံး ညိုမည်း၍တက်မှုကား သွေးအပုပ်တက်ကျဗဟုန်းတည်း။ ဤသို့လျှင် ဆယ်ပါးအရေအတွက် ရှိသော သူငယ်နာ ကျဗဟုန်းတို့၏ လက္ခဏာတို့ကို သိရာ၏။

ငါးပါးသော သူငယ်နာငန်း၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) တစ်ကိုယ်လုံး အေးလျက်မျက်စိတမျဉ်းမျဉ်း တမှိန်းမှိန်း တက်မှုကား သူငယ်နာလေငန်းတည်း။



(၂) တစ်ကိုယ်လုံးနွေးလျက် ခြေလက်လန့်ဖျပ်၍ တက်မှုကား သူငယ်နာသွေးငန်းတည်း။

(၃) ချောင်းတသက်သက်နှင့် တစ်ကိုယ်လုံး အေးတုံပူတုံရှိလျက် တမှိန်းမှိန်းတက်မှုကား သူငယ်နာ သလိပ်ငန်းတည်း။

(၄) တစ်ကိုယ်လုံးပူလျက် မျက်စိဦးခေါင်းရမ်း၍ ကိုက်ခဲထိတ်လန့်ဖျားမှုကား သူငယ်နာ ငန်းပုပ်တည်း။

(၅) လျှင်မြန်စွာတက်၍ အမှန်းမသိ မျက်ဖြူဆိုက်၍ ရှိမှုကား လျှင်မြန်စွာတက်သော သူငယ်နာ အပြင်ဖမ်း ငန်းတည်း။

ဤသို့လျှင် ငါးပါးသော သူငယ်နာငန်း၏ လက္ခဏာကို သိရာ၏။

သုံးပါးသော အပုပ်သူငယ်နာ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) ကိုယ်တနွေးနွေးနှင့် ဝမ်းပြည့်လျက် အော့အန်၍ မျဉ်းခွေ့စွာ နေမှုကား လေအပုပ်တည်း။

(၂) အလွန်ပူသဖြင့် ရေငတ်လျက် ချောင်းဆိုးနှင့်တကွ အသားရေခြောက်မှုကား သလိပ်ပုပ် သူငယ်နာ တည်း။

(၃) ခြေပစ်လက်ပစ်ဖျား၍ ခြေအေးတုံ ပူတုံရှိလျက် မျက်နှာ နှုတ်ခမ်း ရွဲ့ခြင်းနှင့်တကွ ခြေလက်ကိုက်တုံ ခဲတုံရှိမှုကား သူငယ်နာသွေးပုပ်တည်း။ ဤသို့လျှင် သုံးပါးသော အပုပ်သူငယ်နာ၏ လက္ခဏာကို သိရာ၏။

www.burmeseclassic.com

www.burmeseclassic.com



နို့ကြောင့်ဖြစ်သော သူငယ်နာ နို့စွဲသုံးပါး၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) မျက်ဖြူဆိုက်တုံ မှိတ်တုံ ပွင့်တုံပြုလျက် ခြေလက်ကျောက်ကန် ခေါင်းလှုပ်၍ အမှန်းမသိရှိမှုကား နို့မြွေ နို့ငန် သူငယ်နာတည်း။

(၂) အမိနို့ကို စို့သည်မှစ၍ မငိုဘဲ အလူးလူးအလဲလဲ တတွန့်တွန့်ရှိမှုကား သူငယ်နာ နို့ငန်းတည်း။

(၃) အမြှုပ်တစီစီထွက်၍ ဝမ်းတကြုတ်ကြုတ်မြည်လျက် ဝမ်းသွားများမှုကား နို့ပုပ်သူငယ်နာတည်း။ ။ဤသို့လျှင် နို့ကြောင့် ဖြစ်သော သူငယ်နာ နို့စွဲသုံးပါး၏ လက္ခဏာကို သိရာ၏။

ခြောက်ပါးသော သူငယ်နာ ဥပဒ်ဒဏ်၏လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) ခြေသည်းသိပ်ခြင်း။

(၂) လက်သည်းသိပ်ခြင်း။

(၃) လက်ကိုကုပ်ခြင်း၊ လက်ကိုကိုက်ခြင်း။

(၄) မျက်စိကိုနှိုက်ခြင်း၊ မျက်တောင်နှုတ်ခြင်း။

(၅) နားကိုနှိုက်ခြင်း။

(၆) နှာခေါင်းကိုနှိုက်ခြင်း။ ဤသို့လျှင် ခြောက်ပါးသော သူငယ်နာဥပါဒ်ဒဏ်၏ လက္ခဏာကို သိရာ၏။



သုံးပါးသော သူငယ်နာမြင်းသရိုက်စွဲ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) တဖျပ်ဖျပ်လန့်မှုကား သူငယ်နာမြင်းသရိုက်တည်း။

(၂) ဝမ်းသွား၍ ဒွါရထွက်မှုကား သူငယ်နာအူစွဲမြင်းသရိုက်တည်း။

(၃) ညှစ်အားနှင့်တကွ ဝမ်းရွှေရွှေဝါဝါ၊ နီနီစိမ်းစိမ်း၊ မည်းမည်းသွားမှု သူငယ်နာ တြိဒေါသ မြင်းသရိုက်တည်း။ ဤသို့ သုံးပါးသော သူငယ်နာ မြင်းသရိုက်စွဲ၏၊ လက္ခဏာကို သိရာ၏။

သုံးပါးသော ပါဒရက်သူငယ်နာ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) ကိုယ်တစ်ပိုင်းပူ တစ်ပိုင်းအေးနှင့်တကွ ခြေလက်အမွေး အသားအရေ ညစ်မှုကား ဥဘယပါဒရက်တည်း။

(၂) ခြေဖဝါး၊ လက်ဖဝါးပူလျက် အရည်ခြောက်ကပ်ကြုံလှီစွာရှိမှုကား ဥဏှာပါဒရက်တည်း။

(၃) ခြေဖျား၊ လက်ဖျားကစ၍ အဆစ်အဆစ်အေးလျက် ဝမ်းရူမှုကား သီတပါဒရက်တည်း။ ဤသို့လျှင် သုံးပါးသောပါဒရက်သူငယ်နာ၏လက္ခဏာကို သိရာ၏။

သုံးပါးသော မုက္ခိစွဲသူငယ်နာ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) တစ်ကိုယ်လုံးနွေးလျက် ဦးခေါင်းလှုပ်၍ အလွန်ငိုမှုကား အသာမုက္ခိစွဲတည်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) ကိုယ်ခဏာပူ၊ ခဏာအေး၍ ဦးခေါင်းလည်း လည်လျက် အလွန်ငိုမူကား နာဂမုက္ခိစွဲတည်း။

(၃) မျက်စိမှိတ်၍ ခါးရင်ကော့လျက်ငိုမူကား ရက္ခမုက္ခိစွဲတည်း။ ဤသို့လျှင် သုံးပါးသော မုက္ခိစွဲ သူငယ်နာ၏ လက္ခဏာကို သိရာ၏။

သုံးပါးသော မာတြာစွဲ သူငယ်နာ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

(၁) တစ်ကိုယ်လုံးဆတ်ဆတ်တုန်လျက် လန့်ငိုမူကား ဒေဝမာတြာစွဲတည်း။

(၂) မျက်စိစိုက်လျက်ကြည့်၍ ပြင်းပြစွာ လူးလဲ၍ငိုမူကား ယက္ခမာတြာစွဲတည်း။

(၃) အမြှုပ်တစီစီနှင့် ပူချမ်းမမှုသွားတကြိတ်ကြိတ် ပြုလျက် ဟိန်းဟဲညည်းညူမူကား မုတ္တာမာတြာစွဲတည်း။ ဤကား သုံးပါးသော မာတြာစွဲ သူငယ်နာ၏ လက္ခဏာတည်း။

• မြေစွဲသူငယ်နာ၏ လက္ခဏာကား ဤသို့လျှင်တည်း။ ခိုနွဲ့ခြင်း ခြေလက်သေးခြင်း၊ ကြုံလှီခြင်းသည် မြေစွဲသူငယ်နာပင်တည်း။ ထိုမှတစ်ပါးလည်း ချေးထွက်၍ ဆေးပေးသော်လည်း ချမ်းသာ သကဲ့သို့သာဖြစ်၍ မချမ်းသာ၊ အဖန်တလဲလဲနာသော သူငယ်နာကိုကား စုန်းဖုတ်တို့ဖမ်းသော သူငယ်နာဟူ၍ သိအပ်၏။





## သူငယ်ကိုညာလက်ပေါ်မှာ ပက်လက်ထား ဗယ်ဘက်လက်က သူငယ်ဗိုက်ကိုဖိဟန် နတ်ရုပ်

၁။ သူငယ်မွေးဖွားရ၍ (၁)ရက်၊ (၁)လ၊ (၁)နှစ်အတွင်း၌ နာမူကား ပဋိသန္ဓေကိုစောင့်သော ဒေဝမည်သော မာတြာဖမ်းစား၏။ ထိုဒေဝမည်သော မာတြာဖမ်းစားသောကြောင့် နာဟန်ကား၊ ဝမ်းရောင်၏၊ ချမ်းအေးရှိ၏၊ အငိုများ၏။ ထိုအနာကိုလွှတ်စေလိုမူ ခေါပတောင်းတွင် ထမင်း (၅)ဆုပ်၊ တံခွန်လေးတိုင်၊ ပန်းလေးပွင့် ထည့်၍ အရှေ့တောင်ထောင့် အရပ်သို့ မွေးဖွားသည့်အချိန်တွင်ပို့လေ။

www.burmeseclassic.com





## သူငယ်ကို ညာလက်ပေါ်မှာ မှောက်လျက်ထား၊ ဗယ်လက်က သူငယ်ကျောကိုဖိဟာန်နတ်ရုပ်

၂။ သူငယ်မွေးဖွားရ၍ နှစ်ရက်၊ နှစ်လ၊ နှစ်နှစ်အတွင်း၌ နာမှုကား ပန္နသန္ဓေကိုဆောင်သော ဒေဝမည်သော မာတြာပစ် ဖမ်းစား၏။ နာဟန်ကား တမှိန်မှိန်များ၏။ ကျောဝမ်းပူ၏။ ဝမ်းလည်းသွန်၏။ အော့အန်၏။ အစွဲချရသောနည်းကား ခေါပတောင်းတွင် ဘီလူးရုပ်လုပ်၍ ထမင်းငါးဆုပ်၊ မုန့်ခုနစ်ချပ်၊ တံခွန်နှစ်တိုင်၊ ဆီမီးနှစ်တိုင်၊ ပန်းဖြူ၊ ပန်းနီ၊ ကွမ်းတစ်ယာ၊ လက်ဖက် တစ်ထုပ်ထည့်၍ အနောက်မြောက်ထောင့်အရပ်သို့ မွေးဖွားသည့် အချိန်တွင် ပို့လေ။





## ဗယ်လက်က သူငယ်ခါးကိုကိုင်၍ ညာလက်က သူငယ်ထိပ်ကိုဖိနှိပ်ဟာန်နတ်ရုပ်

၃။ သူငယ်မွေးဖွားရ၍ (၃) ရက်၊ (၃) လ၊ (၃) နှစ်အတွင်း၌ နာမှုကား ပင္ဒိသန္ဓေကိုစောင့်သော ဘီလူးဒေဝနတ်ဖမ်းစား၏။ အရှေ့သို့သွားရာတွင် ဖမ်းစားသည်။ နာဟန်ကား ခေါင်းလေး၏။ ရင်ပြည့်၏။ ပျို့လည်းပျို့၏။ လက်တတုန်တုန်ရှိ၏။ ထိုအနာကို လွတ်စေလိုမူ ခေါပတောင်းတွင် ပန်းသုံးပွင့်၊ ထမင်းသုံးဆုပ်၊ မုန့်ညက်ကို လူရုပ်လုပ်၊ တံခွန် (၃)တိုင်ထည့်၍ မွေးဖွားသည့် အချိန်တွင် အရှေ့အရပ်သို့ပို့လေ။

www.burmeseclassic.com

www.burmeseclassic.com





## ဗယ်လက်က သူငယ်ကိုကိုင်၍ ညာလက်က သူငယ်ပါးစပ်ကို နှိပ်ဟန်၊ နဂါးခေါင်းဆောင်းနတ်ရုပ်

၄။ သူငယ်မွေးဖွား၍ (၄) ရက်၊ (၄) လ၊ (၄) နှစ်အတွင်း၌ နာမှုကား ပဋိသန္ဓေကိုစောင့်သော ဒေဝနာဂနတ် ဖမ်းစား၏။ အရှေ့မြောက်ထောင့်သွားရာတွင် နာသည်။ နာဟန်ကား ကျော်ပူ၏။အော့အန်၏။ ခြေအေး၏။ ထိုအနာကို လွတ်လိုမူ ခေါ်ပတောင်းတွင် ဘီလူးရုပ်လုပ်၍ထည့်။ မုန့်လေးချပ်၊ ငါးလေးတစ်၊ ပန်းလေးပွင့်၊ ထမင်းလေးဆုပ်ထည့်၍ မွေးဖွားသည့် အချိန်တွင် အရှေ့တောင် ထောင့်အရပ်သို့ ပို့လေ။





## လက်တစ်ဖက်က သူငယ်၏လက်ကိုကိုင်၍ လက်တစ်ဖက်က သူငယ်၏ခြေသလုံးကိုင်ဟန်နတ်ရုပ်

၅။ သူငယ်မွေးဖွား၍ (၅) ရက်၊ (၅) လ၊ (၅) နှစ်အတွင်း နာမှုကား နာလိတနတ်ဖမ်းစား၏။ နာဟန်ကား ပူတုံ့, ချမ်းတုံ့ရှိ၏။ မနေသာမထိုင်သာရှိ၏။ ခါးပြည်းညောင်း၏။ ခြေလက်လေး၏။ ထမင်းမစားလိုရှိ၏။ ထိုအနာကို လွတ်လိုမူ ခေါ်ပတောင်းတွင် ထမင်းငါးဆုပ်၊ မုန်းငါးချပ်၊ ငါးပြေမ ငါးကောင် တစ်စိုထိုးကင်၊ ပန်းငါးပွင့်၊ ဆီမီးငါးတိုင်၊ တံခွန်ငါးတိုင်ထည့်၍ တောင်ရူးရူးအရပ်သို့ မွေးဖွားသည့်အချိန်တွင် ပို့လေ။

www.burmeseclassic.com

www.burmeseclassic.com





## လက်တစ်ဖက်က သူငယ်ခေါင်းကိုကိုင်၍ လက်တစ်ဖက်က သူငယ်ကုပ်ကို ကိုင်ဟန်နတ်ရုပ်

၆။ သူငယ်မွေးဖွားရ၍ (၆) ရက်၊ (၆) လ၊ (၆) နှစ်တွင် နာမူကား ပဋိသန္ဓေကိုစောင့်သော ကာလဒေဝနတ် ဖမ်းစား၏။ နာဟန်ကား ကိုယ်ပူ၏။ နှလုံးဆို့ပျို့၏။ တသမ်းသမ်း တဝေဝေရှိ၏။ အရူးကဲ့သို့ရှိ၏။ ငိုတုံရယ်တုံရှိ၏။ ထိုအနာကို လွတ်လိုမူ ခေါပတောင်းတွင် ထမင်းခြောက်ဆုပ်၊ မုန့်ခြောက်ချပ်၊ သစ်သီးခြောက်မည်၊ ပန်းကုံးမှာ ကိုယ်နှင့်တိုင်း၍ထည့်၊ ပေါက်ပေါက် ပန်းနံ့သာ ရေဖျန်း၍ထည့်။ မွေးဖွားသည့်အချိန်တွင် အနောက်မြောက်အရပ်သို့ ပို့လေ။





## လက်နှစ်ဖက်ညှပ်၍ သူငယ်ပါးနှစ်ဖက်ကို တီးဟန်နတ်ရုပ်

၇။ သူငယ်မွေးဖွားရ၍ (၇) ရက်၊ (၇) လ၊ (၇) နှစ်အတွင်း နာမူ ပဋိသန္ဓေကိုစောင့်သော သူရက်ကန္တမည်သော နတ်ဖမ်းစား၏။ နာဟန်ကား အော့အန်၏။ ပူတုံချမ်းတုံရှိ၏။ ခြေအေး၏။ ထိုအနာကို လွတ်လိုမူ ခေါပတောင်းတွင် မုန့်ညက်ကို လူရုပ်လုပ်၍ ဘုမ္မိအရပ်သို့ ပို့လေ။

www.burmeseclassic.com

www.burmeseclassic.com





လက်တစ်ဖက်ကသူငယ်ကိုကိုင်၍မျက်နှာချင်းဆိုင်ထားပြီး တစ်ဖက်က ရိုက်မည့်ဟန်နှတ်ရုပ်

၈။ မွေးဖွား၍ (၈) ရက်၊ (၈) လ၊ (၈) နှစ်အတွင်း နာမူကား ခေမာဂီရိနတ် ဖမ်းစား၏။ အနောက်မြောက်ထောင့်သို့ သွားမိရာတွင် မိသည်။ နာဟန်ကား နေ့မသိ, ညမသိပူ၏။ တမှိန်မှိန် မအိပ်တတ် မနေတတ်ရှိ၏။ ငိုဖန်များ စိတ်ကြမ်းတမ်း၏။ ကျင်ကြီးကျင်ငယ် မဖြောင့်ရှိ၏။ နှုတ်လျှာလေး၏။ လွတ်လိုမူ ခေါ်ပတောင်းတွင် ထမင်းတစ်စလောင်းထည့် ပန်းပေါက်ပေါက်တည့် ဆီမီး (၂)တိုင်၊ တံခွန်(၂)ခု၊ ပန်းနံ့သာရေဖျန်း၍ အနောက်မြောက်ထောင့်အရပ်သို့ မွေးဖွားသည့်အချိန်တွင် ပို့လေ။





လက်တစ်ဖက်က သူငယ်ကိုပွေ့ပြီးလျှင် အထက်သို့မော့ကြည့်၍ လက်တစ်ဖက်က အထက်သို့လက်ညှိုးထိုးဟန်နတ်ရုပ်

၉။ သူငယ်မွေးဖွား၍ (၉)ရက်၊ (၉)လ၊ (၉)နှစ်အတွင်းနာမူ ပဋိသန္ဓေကိုစောင့်သော အာကာသဒေဝနတ်ဖမ်းစား၏။ နာဟန်ကား အေးတုန်တုန် ကျောဝမ်းပူ၏။ အထက်သို့ကြည့်၏။ မျက်စိနီ၏။ ထိုအနာကို လွတ်လိုမူ ခေါ်ပတောင်းတွင် ငှက်ပျောဖက်ခင်း၍ ထမင်းတစ်စလောင်းထည့် မုန့်ကြော် (၇) ချပ်၊ ငါးကြော် (၇) ကောင်၊ ပေါက်ပေါက်နံ့သာရေဖျန်း၍၊ နေဝင်လျှင် အိမ်ခေါင်မိုးမှာတင်၊ ကျိုးမနိုးခင် မြောက်စူးစူး အရပ်သို့ပို့ ချွမ်းသာ၏။

www.burmeseclassic.com

www.burmeseclassic.com





## သူငယ်ကိုပွေ့၍ သစ်ပင်ပေါ်၌ ထိုင်နေဟန်နတ်ရုပ်

၁၀။ သူငယ်မွေးဖွား၍ (၁၀) ရက်၊ (၁၀) လ၊ (၁၀) နှစ် အတွင်းတွင် နာမူကား၊ ပဋိသန္ဓေကိုစောင့်သော ရုက္ခဒေဝ နတ်ဖမ်းစား၏။ နာဟန်ကား ခေါင်းခဲသည်။ သွားစေ့သည်။ ငိုဖန်များသည်။ ခြေတုန်သည်။ တွန့်သည်။ ဝင်သည်။ ရင်ခုန်များသည်။ ဝမ်းလည်းသွန်သည်။ သွားလည်းကြိတ်ကြိတ် မြည်သည်။ ထိုအနာကိုလွတ်လိုမူ ခေါပတောင်းတွင် မုန့်ကို နတ်ရုပ်လုပ်၍ ပန်း (၉) မည်၊ ထမင်း (၉) ဆုပ်၊ နံ့သာရေ ထောပတ်ဖျန်း၍ မွေးနံဂြိုဟ်အရပ်သို့ ပို့လေ။





## သူငယ်ကိုပွေ့၍ အိမ်ခေါင်မိုး၌ ထိုင်နေဟန်နတ်ရုပ်

၁၁။ သူငယ်မွေးဖွား၍ (၁၁) ရက်၊ (၁၁) လ၊ (၁၁) နှစ်အတွင်းတွင် နာမူကား ပဋိသန္ဓေစောင့်သော သရသော နတ်ဖမ်းစား၏။ နာဟန်ကား ငိုဖန်များ၏။ နှလုံးတုန်၏။ကိုယ်ပူ၏။ ထိတ်လန့်၏။ ပူတုန်ချမ်းတုန်ရှိ၏၊ ရေငတ်၏။ထိုအနာကို ပျောက်လိုမူကား ခေါပတောင်းတွင် ပေါက်ရွက် (၆) ရွက်ခင်း၍၊ ထမင်း (၁၀) ဆုပ်၊ မုန့် (၁၀) ချပ်၊ ငါးကြော် (၁၀) တစ်၊ တံခွန် (၅) တိုင်၊ ဆီမီး (၅) တိုင်၊ ပန်းပေါက်ပေါက်ထည့်၍၊ နံ့သာရေဖျန်း ချမ်းသာပါစေဆုတောင်း၍ အိမ်မိုးမှာတင် မိုးသောအထ ကျီး မနိုးခင် သစ်ပင်သို့ပို့၍ တင်လေ။

www.burmeseclassic.com

www.burmeseclassic.com





## လက်တစ်ဖက်က သူငယ်ကိုကိုင်၍ လက်တစ်ဖက်က ငှက်ပျောဖက်နှင့် သူငယ်ကိုရိုက်မည့်ဟန်နတ်ရုပ်

၁၂။ မွေးဖွား၍ (၁၂) ရက်၊(၁၂) လ၊ (၁၂) နှစ်အတွင်း နာမှုကား ပဋိသန္ဓေကိုစောင့်သော စန္ဒီနတ်ဖမ်းစား၏။ နာဟန်ကား ပူတုံ ချမ်းတုံရှိ၏။ လွတ်လိုမူ ငှက်ပျောရွက်ကို ဖက်ခွက်ထိုး၍ ထမင်း (၁၀) ဆုပ်၊ ထောပတ်မုန့်ကို အချိုအချဉ်ရရာထည့်၍ နံ့သာရေဖျန်း ဆီမီး၊ တံခွန်ဖြူ (၁)တိုင်စီထည့်၍ နံဂြိုဟ်သင့်ရာအရပ်မှာ နံသင့် ရက္ခစိုးစောင့်သည့် သစ်ပင်မှာ တင်ပို့လေ။



## သူငယ်နာဆေးပေးပုံကား

သူငယ်နာကုပ်ကျိုး၊ မျက်စိမှိတ်၊ မျက်ရည်ထွက် အနာကို နှမ်းလှော်ကိုထောင်း၍ရှူစေ။ ပြီးလျှင် လက်ဖက်ကို ဆီနိုင်နိုင်နှင့် စားစေ။ မကျေသော် နွားသားးမီးဖုတ်ကို ဆီနိုင်နိုင်ဆမ်း၍စားစေ။ ရှုလည်းရှူစေ။ မကျေသော် မန်ကျည်းရွက်ကို ဆန်လှော်နှင့်ချက်၍ စားစေ။ မကျေသော် ခရမ်းစပ်သီးကို ငါးခူနှင့်ချက်၍စားစေ။ မကျေသော် ကြက်ဟင်းခါးရေ ရှူစေ။ ပြီးလျှင် ကိုယ်ကိုဆီသုတ်၍ ကုပ်ဆက်ကို သံတူနှင့် စတီထုစေ။ မကျေသော် နံသင့်သစ်သားကို တိုင်း၍ဖြတ်ပြီးလျှင် အရင်းကသွေး၍ မျက်စဉ်းခတ်စေ။ ဆီးသီးဟင်းကိုလည်းစားစေ။ မကျေသော် အုန်းသီးထန်းလျက် ဖက်၍ စားစေ။ ပြီးလျှင် ခြေကိုဆီသုတ်၊ ကုပ်ဆက်ကို မန်ကျည်းရွက် ကျပ်ထုပ်ထိုးစေ။ မကျေသော် မုန့်ဆီကြော်စားစေ။ ပြီးလျှင် စကားပွင့်ကိုနမ်းစေ။ မကျေသော် ခြေကိုဆန်ဆေးရည်နှင့် ဆေးစေ၍ တရုတ်စကားပွင့်ကိုနမ်းစေ။ မကျေသော် ဆန်လှော်ကို စားစေပြီးလျှင် မျှင်ဝါးစိမ်းကို မီးဖုတ်ရှူစေ။ မကျေသော် ခြေကို ကျွန်းသားမီးသွေးသုတ်၍ မီးကင်စေ။ ဇက်ကိုလည်း ခဲမပုပ်ရည် ဆွတ်စေ။ မကျေသော် ငယ်ထိပ်က ဆံ (၇)ပင်ကိုနှုတ်၍ ရေသို့ မျှောစေပြီးလျှင် ရေမှန်ကြည့်စေ။ မကျေသော် ငရုတ်သီးညှော်ခံစေ။

သူငယ်နာကျောပူ ခေါင်းပူကို အုန်းသီးစားစေ။ မကျေသော် ပဲကြီးလှော် ထန်းလျက်ဖက်၍ စားစေ။ မကျေသော် သူငယ်နာ ငှက်ပျောသီးကို စားစေ။ မကျေသော် မုန့်နပ်စားစေ။ မကျေသော်

www.burmeseclassic.com

www.burmeseclassic.com



ယာဂုစားစေ။ မကျေသော် ကန်စွန်းဥကို ထန်းလျက်နှင့်စားစေ။ မကျေသော် ရွှေဖရုံသီးပြုတ်၍စားစေ။ မကျေသော် ဆီလိမ်း၍ ချွေးအောင်းစေ။ မကျေသော် မုန့်ဆီကြော်ကိုစားစေ။ မကျေသော် ဆန်လှော်ကိုစားစေ။ မကျေသော် ကျောက်ဖရုံရည်ကို ခြေဆေးပြီးလျှင် ဆားပုပ်ရည်သောက်စေ။ မကျေသော် ဝမ်းကို ဆူးပုပ်ရည် သုတ်စေ။ မကျေသော် ပုစွန်ကြော်စား။ မကျေသော် ဆူးလေရွက်ကို ဟင်းချက်၍ အမိကိုသောက်စေ။ သူငယ်ကိုလည်း ပေးစေ။

သူငယ်ဝမ်းလားသည်၌ ပဲလှော်ကို အလျင်ပေးပြီးလျှင် အုန်းသီးနှင့်ထန်းလျက်ကို စားစေ။ မကျေသော် နွားသားနှင့် ဆန်လှော်ကို သားပြွမ်းချက်၍စားစေ။ မကျေသော် ဝက်သနီကြော် စားစေ။ မကျေသော် ငါးထွေသားကို သားပြွမ်းဟင်းချက်၍စားစေ။ မကျေသော် သခွားသီးစိမ်းစားစေ။ မကျေသော် မုန့်လက်ဆောင်း စားစေ။ မကျေသော် ထန်းလျက် ဝဝစားစေ။ မကျေသော် ထန်းငယ်လက်ကို သုံးခွက်တစ်ခွက်တင် ကျိုရည်တွင် ထန်းလျက် ခတ်၍ သောက်စေ။ မကျေသော် ဩဇာသီးစားစေပြီးလျှင် မြေနီရေ မပြတ်သောက်စေ။ မကျေသော် သပြေသီးစားစေ။ မရလျှင် သပြေခေါက်ကိုစားစေ။ မကျေသော် ဆီးယိုသီးထိုးစားစေ။ မကျေသော် ရခိုင်ငှက်ပျောသီးစိမ်းဟင်းကိုစားစေ။ သူငယ်စာ ငှက်ပျောသီးစိမ်းနှင့် သဖန်းရွက်ဟင်းချက်၍စားစေ။ မကျေသော် ဆန်မုန့်ညက် ၅၊ ပျားရည် ၁၊ ထုံးတစ်ရွေးထည့်၍စားစေ။ ၎င်းအနာတွင် ဝမ်းဖော၍ကျလျှင် ပျားရည်နှင့် သခွားသီးကို



စားစေ။ မကျေသော် ဆန် ၂ ကျပ်၊ ဆီတစ်မူး၊ ထုံး ကြက်တက်ရည်တိုင် ပျားရည်ဖက်စားစေ။ တူငယ်မြင်းသရိုက်နာကို အုတ်နီခဲပူပူကို ရေနှင့်သက်၍ အခိုးခံစေ။ မကျေသော် ဦးခေါင်းကို ရေဆွတ်စေ။ မကျေသော် ဝမ်းကိုဆီသုတ်၍ မီးကင်စေ။ မကျေသော် ကြောင်ပန်းရွက်ဟင်းစားစေ။ မကျေသော် ငါးထွေသားကို သားပြွမ်းဟင်းချက်၍ စားစေ။ မကျေသော် မန်ကျည်းမြစ်ကို ဆီနှင့်သွေး၍သောက်စေ။ မကျေသော် ညောင်ရွက်လက်သုတ် စားစေ။ မကျေသော် ပြာပူကိုဆင်းစေ။ ခြေပူသွားစေ။ မကျေသော် ဆီးသီးနှစ်ကို ခဲပုပ်နှင့်ဖျော်၍ သောက်စေ။ မကျေသော် ကြောင်လျှာသီး လက်သုတ်စားစေ။ မကျေသော် သဘော်ပွင့်ကို ကြော်၍စားစေ။ မကျေသော် ဆန်ပုန်းရည်တွင် ထန်းလျက်ခတ်၍ သောက်စေ။ မကျေသော် မိဿလင် ကျွဲချိုမီးဖုတ်ကို ကြိတ်၍ ပျားရည်နှင့်ဖျော်၍ သောက်စေ။

သူငယ်အပူကြီး၍ ခြေလက်ဖြူသော် ဆူးလေ အစခံ၍ အဆုံးမှာ ဆူး ၇ ပါး၊ အခိုးခံစေ။ မကျေသော် ထန်းပင်မြစ်စား။ မကျေသော် ရေကန်စွန်း၊ ကွမ်းရွက်များနှင့် မှိုင်းခံစေ။ မကျေသော် ရွှံ့ပုတ်ကိုသုတ်စေ။ ထုံးနနွင်းလုပ်၍ ရက်လည်အောင်သောက်စေ။ မကျေသော် ရေခရုကိုစားစေ။ ၎င်းရေခရုခွံကို မှိုင်းခံစေ။ မကျေသော် ခွေးသားကို စားစေ။ မကျေသော် ဒိမှိုင်းအခိုးခံစေ။ မကျေသော် ငှက်ပျောသူငယ်စာပင်က ခေါင်းကို ဟင်းချက်စားစေ။

www.burmeseclassic.com

www.burmeseclassic.com



မကျေသော် သပြေခေါက်ကိုမှိုင်းခံစေ။ မကျေသော် မန်ကျည်းမှည့် ၂၅ ကျပ်၊ ထန်းလျက် ၅ ကျပ်၊ ဆီ ၅ ကျပ်တေ၍ တစ်နေ့သုံးခါစားစေ၊ ပြီးလျှင် မန်းကျည်းရွက်မှိုင်းခံစေ။ မကျေသော် ကြောင်ပန်းရွက်ကိုကြိတ်၍ ရေချိုးစေပြီးလျှင် အနာရှိရာ ဆင်ငိုမြက်နှင့်မှိုင်းခံစေ။ မကျေသော် မန်ကျည်းပျော်ရည် ဆားငန်ငန်နှင့် ဝမ်းနုတ်ပြီးလျှင် အဖြူထွက်လျှင် ဆေးဖြူကို သံပုရာရည်နှင့် သောက်စေ။ အနီထွက်လျှင် ဆေးနက်ကို နွားမုတ်နှင့် သောက်စေ။ သူငယ်အူရောင်သော် ကိုယ်ဝမ်းဖောသော် ပဲကြီးနှင့် ခရမ်းသီးချက်၍စားစေ။ မကျေသော် ကန်စွန်းရွက်နှင့် ခရမ်းသီး ချက်၍စားစေ။ မကျေသော် ငချိတ်ဆန်နှင့် ပဲကြီးချက်၍ စားစေ။ မကျေသော် ဥသျှစ်ရွက်နှင့် ပဲကြီးချက်၍စားစေ။ မကျေသော် ဘူးသီးနှင့် ပဲကြီး ချက်၍စားစေ။ မကျေသော် ကြောင်ပန်းရွက်ဟင်းစား။ မကျေသော် စမြိတ်ရွက်ဟင်းခါးကိုစား။ မကျေသော် နံနံရွက်ကို ဝက်သားနှင့်ချက်၍စား။ မကျေသော် မဲဇလီ ရွက်နှင့် ပဲကြီးချက်၍စား။ မကျေသော် ကျွဲသားနှင့် ပဲကြီးချက်၍စား။ မကျေသော် ကျွဲသားနှင့် ကြက်သွန်နီ ဟင်းခါးစား။ မကျေသော် ကွမ်းရွက်၊ ဥသျှစ်ရွက်၊ ပဲကြီးအမျှစပ်၍ ဟင်းခါးချက်၍စား။

သူငယ်မျက်ခမ်းစပ်သော် ရာသီဖြူဆေးကို ဆီနှင့်တစ်ကိုယ်လုံး လိမ်း။ မကျေသော် ရေချိုးဆင်ခြင်၍ ပေါက်ပန်းဖြူဟင်းစား။ မကျေသော် အုန်းဆံ၊ လက်ခုပ်ဆံ စပ်၍စား၊ ရေချိုးရှောင်။ မကျေသော် ထန်းလျက်ကို ဆီနှင့်နယ်၍စား။ မကျေသော်



ငရုတ်သီး စား၊ ရေချိုး ရှောင်၊ ဘူးသီးနှင့် ဝမ်းဘဲသား ချက်၍စား။ မကျေသော် ဆင်ငိုမြက်ကို ချွေးမပြတ်အောင်းစေ။ မကျေသော် မစင်ကိုမီးဖုတ်၍ ညှော်ခံစေ၊ မကျေသော် မောပန်းအောင်ပြေး၊ ဆားရည်သောက်စေ။ မကျေသော် နေ့သုံးချက်တီးအချိန်တွင် ခေါင်းကို ရေစတီ လောင်းစေ၊ မကျေသော် ကြက်တင်းခါးသီးနှင့် ကြက်ဖြူသားကို ချက်၍စားစေ။ မကျေသော် မြင်းခွာရိုးကို ဟင်းခါးချက်၍သောက်စေ ပြီးလျှင် ကျွဲဖြူချိုကို ညှော်ခံစေ။ ၎င်းအနာတွင် တိတ်စွဲသော် ပုစွန်ဆိတ်မျှင်ကို လှော်၍စားစေ။ အောင်မဲဖြူပင်ကိုလည်း အရည်ဆောင်ပြီးလျှင် ရာသီဖြူဆေး ရော၍ခတ်လေ။ ရေချိုးကြပ်ကြပ် ရှောင်လေ။

သူငယ်ရေငတ်ဝမ်းကျသော် ခမဖြူရေကိုတိုက်၊ နောက် ဆေးဝကို တစ်ရွေးခန့်တိုက်။ မကျေသော် မန်ကျည်းပနီမြစ် ၃ ခွက် တစ်ခွက်တင် ကျိုသည့်ရေတွင် ဆီးသီးနှင့်ရော၍တိုက်။ မကျေသော် ဆန်လှော်ရေတိုက်စေ။ မကျေသော် ကောက်ညှင်းနှင့် နှမ်းလှော်၍ စားစေ။ မကျေသော် ငချိတ်ပေါင်းစားစေ။ မကျေသော် နှမ်းပြောက်နှင့် မုန့်ဖြူကြော်စားစေ။ မကျေသော် နွားနို့သောက်စေ။ နို့ထမင်းစား၊ ဆိတ်နို့သောက်စေ။ မကျေသော် သံပုရာဖျော်ရည် သောက်စေ။ မကျေသော် သားလှကျေးဖူး တစ်ပင်လုံးကို ဆားလှော်နိုင်းချင်းနှင့် လျက်ဆားလျက်လေ။

သူငယ်နာအပျင်းတက်၍ မျက်ခွက်မည်းသော် ငြိုတ် သခွားရည်တွင် ထန်းလျက်နှစ်၍သောက်စေ။ မကျေသော်

www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်နီ၊ ဆား၊ မန်ကျည်းမှည့် ကြိတ်၍စားစေ။ မကျေသော် ကင်ပွန်းရည်တွင် ဆားခတ်၍သောက်စေ။

သူငယ်နာ ရင်ပြည့်ရင်ကျပ် သလိပ်အားကြီးသော် ထန်းလျက်၊ လက်ဖက်၊ ကွမ်းရွက်၊ ဆား အမျှကြိတ်၍စား။ မကျေသော် လက်ဖက် ၁ မတ်၊ ဆား ၁ မတ်၊ ကြက်သွန်ဖြူ ၂ မတ်၊ ဆီနှင့်ကြိတ်၍စား။ မကျေသော် ဆီးသီးဖျော်ရည် ဆားငန်ငန်ခပ်၍သောက်။ မကျေသော် ခရမ်းသီးနှင့် ဆား အမျှကြိတ်၍စား။ မကျေသော် ရှောက်သီး၊ ထန်းလျက်စား။ မကျေသော် မရမ်းသီး၊ ကွမ်းရွက်၊ ဆားကြိတ်၍စား။

၎င်းသူငယ် မျက်ချေးချုသော် နှာခေါင်းဘေးချုသော် တွန့်သော် လွှန်သော် ကြက်သွန်နီမီးဖုတ် ဆီနယ်၍စား။ မကျေသော် ထန်းရေချိုနှင့် ထမင်းမပြတ်စား။ သခွားသီးနှင့် ပျားရည်ကိုလည်း အပုပ်ကျအောင်စား။ မကျေသော် ဆိတ်နို့ကိုစား။ မရလျှင် နွားနို့စား။ မကျေသော် အုန်းသီး အုန်းနို့စား။

သူငယ်နာ ခြေကုပ်သော် ခါးကော့ မျက်နှာရွဲ့သော် စမုန်နက်နှမ်းကို အခြစ်လှော်၍ရှူ။ သခွားသီးနှင့် ပျားရည်စား။ သံပုရာရည်၊ စောင်းလျားရည်၊ မရမ်းရည်များကို မုန့်နှင့် ဖျော်၍နယ်၊ ကျောရိုးကို ရေနံသုတ်၍ မီးကင်။ မကျေသော် ပုစွန်ငါးပိကို အခြစ်ဖုတ်ပြီးလျှင် သံပုရာရည်နှင့် ဖျော်၍ မစောင်းသည့်ဘက်က အသာအယာနှိပ်စေ။

သူငယ်နာဝမ်းကိုက်၍ ညှစ်ရသော် တအေးအေးနာသော် ထန်းလျက်တစ်မူး ဆီတစ်ပဲ နယ်၍စား။ မကျေသော် ဆီ တစ်မတ်တန်သည် နှစ်မတ်တန်သည်သောက်။ မကျေသော်



ခရမ်းသီးကို ထန်းလျက်နှင့် နယ်၍စား။ မကျေသော် ခရမ်းသီး မီးဖုတ်ကို ဆီးသီးနှင့်နယ်၍စား။ မကျေသော် သနပ်ခါးခေါက်ကို ဆန်ဆေးရေနှင့် သွေး၍သောက်။ မကျေသော် စမုန်နက် ဆား အမှုန့်ကြိတ် ပုန်းရည်နှင့်သောက်။ မကျေသော် ထန်းလျက် ဆီကြော်ကိုစား။ ၎င်းတွင်နှင့်သော် ရောင်ဖျော်သော် ပျားရည်ကို သောက်။

သူငယ်ခြေလက်သေ၍ ပူဆာသော် အပူအအေးမညီမျှသော် ပဲကြီးလှော် ၁၂ ရက်စား။ မကျေသော် ကြက်ဟင်းခါးသီး၊ ပုစွန်ဆိတ်၊ ပဲလွှန်းရွက် ချက်၍စား။ မကျေသော် ကောက်ညှင်းဆန်လှော်၊ ပုစွန်သားပြွမ်း ချက်၍စား။ ရေကိုချမ်းအောင်ချိုး။

သူငယ်နို့မဝို၊ ထမင်းမစား၊ ပျို့အံသော်၊ ရင်ပြည့်သော်၊ မျက်နှာ ရောင်ရမ်းသော် ထန်းလက် ၂ ကျပ်၊ ဆား ၁ ကျပ် နယ်၍စား။ မကျေသော် လက်ဖက် ၂ စု၊ ဆား ၁ စု ကြိတ်၍စား။ အမိက ချဉ်ပေါင်ဟင်း၊ ကင်ပွန်းရွက်ဟင်းစား။ မကျေသော် ဆီးသီးနှစ်ကို ပျားရည်နှင့်သောက်။

သူငယ် ဆီးချုပ်သော် အောင့်သော် လက်ဖက်ကို ဆီများများ ဆားငန်ငန် နယ်၍စား။ မကျေသော် ထန်းပင်မြစ်ကို ပြုတ်စား။ မကျေသော် လက်ချား ၂ မတ်၊ ယမ်းစိမ်း ၃ မတ် ကြိတ်၍သောက်။ မကျေသော် စပါးကြီးသည်းခြေကို အသက်အောင့်၍ ၇ ချက် အောင့်၍သွေး ဆီနှင့်ရော၊ ဝမ်းကဆီးစပ်ရောက်အောင် အသက် အောင့်၍သုတ်။ မကျေသော် သင်းခွေချပ်ခွံကို ကျောက်မှာအသက်

www.burmeseclassic.com

www.burmeseclassic.com



အောင့်၍ သဝေထိုးသွေး၊ တစ်ဖန် အသက်အောင့်၍ ဆီးခုံမှာ သဝေထိုးသွေးပြီးလျှင် အောက်သို့ဆွဲချ။ မကျေသော် ပုန်းရည်ကို ဆားခတ်၍သောက်။ မကျေသော် ထန်းလျက်နှင့် ဆားကိုစား။ မကျေသော် အုန်းနို့ကို ထန်းလျက်နှင့် ဆားခတ်၍သောက်စေ။

သူငယ် ဝမ်းဖော၍ မျက်စိ၊ ဦးခေါင်း အပူရောက်သော် သခွားသီးကို ငါးခူနှင့် သုပ်စား။ သံပုရာရည်တစ်ဝက် ဆီတစ်ဝက် ခတ်၍သောက်။ မကျေသော် ပုစွန်ကိုလှော်၍စားစေ။ ပြီးလျှင် မီးဖုတ်၍လည်းရ။ မကျေသော် ထန်းလျက်နှင့် ပေါက်ပေါက်ကိုစား။ မကျေသော် ရေချင်းရား၊ မိဿလင် ပိတ်သင်းကပ်။ ဆီးမြစ်၊ ဟင်းဝဲမြစ် လေးပါးအမျှ ဒန့်ဒကူးကဲ၍ကြိတ်၊ ဆန်ဆေးရေနှင့် သောက်။ မကျေသော် ပိတ်သင်းကပ်မြစ်ကို သွေး၍သောက်။ မကျေသော် ပဲညောင်ခေါက်ကို ဟင်းချက်၍သောက်။ မကျေသော် ငှက်ပျော သူငယ်စာခေါင်းကို ဟင်းချက်သောက်။

သူငယ်နာ မျက်သလို ချက်သလို ရောက်သော် ဆင်ပုန်းရည်နှင့် ဆား ထန်းလျက်ဖျော်၍သောက်။ မကျေသော် သဘော်သီး ထန်းလျက် ဖက်၍စား။ မကျေသော် ကင်ပွန်းရွက်စားစေ။

သူငယ်နာ သွားကြိတ်သော် နနွင်း၊ ကြက်သွန်နီစား။ မကျေသော် ပဲလွန်းရွက်ရည်တွင် နနွင်း၊ ကြက်သွန်၊ ထန်းလျက် ဖက်၍စား။ မကျေသော် ပဲလွန်းရွက်ရည်တွင် ထန်းလျက်ခတ် သောက်။



သူငယ်နာ ရင်လုံးသော် ဆီးသီးနှင့် ဆားငန်ငန်ဖျော်၍ သောက်။ စိမ်းစိမ်းဝါဝါအန်လာလျှင် ထန်းလျက်ကိုစား။ မကျေသော် ဆိတ်နို့၊ နွားနို့ စွဲ၍သောက်။ မကျေသော် သကြားနှင့် အုန်းရည် ဖျော်သောက်။ သူငယ်နာ သွားကြိတ်သော် နနွင်းနှင့် ကြက်သွန်နီကို စား။ မကျေသော် နနွင်း၊ ကြက်သွန်နီ ထန်းလျက်ကြိတ်၍စား။ မကျေသော် ပဲလွန်းရွက်ပြုတ်ရည်တွင် ထန်းလျက်ခတ်၍ သောက်စေ။

သူငယ်နာ ချောင်းဆိုး၍ ဘွဲလသည်ရှိသော် ကွမ်းရွက်နှင့် ဆား လေးညှင်းတစ်ပွင့်ကို ကြိတ်၍စား။ မကျေသော် ကင်ပွန်းရွက် ပြုတ်ရည်တွင် ပျားရည်ဖက်။ အမျှစပ်၍ သိန္ဓောဆားခတ်၍ သောက်စေ။

သူငယ်နာ မျက်စိမှိတ်သော် မျက်သားတက်သော် ခေါင်းကို မိုးရေခံ။ မကျေသော် နှမ်းလှော်နှင့် အုန်းသီးကိုစား။

သူငယ်နာ ကြက်ညှာစွဲသော် မရမ်းသီး နေလှန်းခြောက်ကို ပျားရည်နှင့်နယ်၍ ဆားခပ်ပြီး ၆ ရက်စား။ မကျေသော် မရမ်းပြား ပွေးကိုင်း သကြားအမျှစုကို ၆ ရက်စား။ ဟင်းမှာ ကင်ပွန်းရွက်နှင့် ငါးစင်းရိုင်း ငါးခုံးမချက်ကို စွဲ၍စား။ မကျေသော် မုန့်ဆီကြော်စား။ နောက် ကောက်ညှင်း အုန်းသီးဖက်၍ ၁၂ ရက်စား။ ဟင်းမှာ ပုစွန်ထုပ် ပုစွန်ဆိတ် ရရာကိုလှော်၍စား။

သူငယ်နာ အူလျှောက်လိုက်သော် လယ်ပုစွန်ကို ထမင်းနှင့် နယ်၍စား။ မကျေသော် ဆန် ၁ ကျပ်၊ ဖယောင်း ၁ ကျပ် ကို ထုပ်၍ မုန့်ထုပ်ဆွဲ ကျက်ကျက်ပြုတ်ပြီးလျှင်စား။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်နာ အတွင်းပူ၍ အဆုတ်ခြောက်သော် ရေငတ်သော် ဆေးဒန်း ၁ ပဲ၊ လက်ချား ၂ မူး၊ ဆေးပုလဲ ၄ မူး၊ ကွမ်းရွက် ၆ မူး ကြိတ်၊ စုန်ရေဆန်ရေနှင့်သောက်။ မကျေသော် ဆေးဒန်း ၁ ပဲကို ရေစိမ်သောက်။ မကျေသော် ကြာဆံသီးကို ဆန်ဆေးသောရေနှင့် သွေး၍သောက်။

သူငယ် ဝမ်းကြောတင်း တောင့်မာသော် ဆိတ်ဖူး လင်းနေ စမုန်နက် ကြက်သွန်ဖြူ ငဖုန်းဆေး အမျှကြိတ်၍ ဆီးသားကို မီးဖုတ်၍ ထွက်သည့်ဆီနှင့်နယ်။ မကျေသော် သနပ်မြစ် ကံ့ကော် ဝတ်ဆံ စမုန်နက်အမျှကြိတ်၊ ဆီနှင့်ဖျော်၍နယ်၊ ရေငတ်ဝမ်းကျကို သောက်။

သူငယ်နာ လျှာထုတ် လျှာနာသော် နွယ်ချို ပဲစိမ်း စပါးကြီး သည်းခြေ ၃ ပါးသွေး၍ပွတ်။ မကျေသော် လက်ချားကို မီးဖုတ်၍ ပွတ်။ မကျေသော် ပိန္နဲခေါက် စပါးကြီးသည်းခြေ ၂ ပါးသွေး၍ပွတ်။

သူငယ်နာ မျက်ခုံးရောင်မဖွင့်ဝံ့ အလင်းမကြည့်ဝံ့ နဖူးခေါင်း အပူကြီးသော် နံ့သာနီကိုသွေး၍ နဖူး နားရင်းကို ထပ်မနား လိမ်းစေ ပြီးလျှင် မန်ကျည်းရွက်ကြမ်းကို ဆားအတန်ထည့်၍ကြိတ်။ ကြက်ဆူနီရွက်နှင့်ထုပ် မီးနွေးနွေးကင်၊ အရည်ညှစ်၍ ရောင်ရာကို သုတ်စေ။ ၎င်းထုပ်သည့် ကြက်ဆူရွက်ကိုလည်း အုပ်စေ။

* * * * *

## ရှေးသမားကြီးတို့၏ ကုသရိုးဖြစ်သော သူငယ်နာ ကုထုံး

သူငယ်တို့သည် မိခင်ကိုမှီ၍ အသက်မွေးခြင်းကြောင့် မိခင် အစားဖောက်ပြန်လျှင် သူငယ်ဝမ်းမီးမကောင်း။ အနာအဖျား သူငယ်နာများစွာ ဖြစ်သည်တို့တွင် စိုးဆဉ်တွေ့ဖူး ကုဖူးသည့် အနာကား ဖွား၍ရက်မကြာ လမများ တဟင်ဟင်ငိုသည်။ နို့မစို့ဘဲ နေသည်။ နှုတ်ခမ်းမည်းသည်။ တစ်ကိုယ်လုံးတောင့်သည်။ သူငယ်ဝမ်း ကသိကအောက်ရှိသည်။ ဝမ်းကျသည်။ ကိုယ်ပူသည်။ ရေငတ်သည်။ ကစိမ်းကဝါးရှိသည်။ အန်သည်။ ဝမ်းပြည့်သည်။ မျက်လုံးမှိတ်သည်။ လက်ကုပ်ကုပ် ခြေကုပ်ကုပ်ရှိသည်။ သူငယ် ဝမ်းရောင်ဝမ်းဖောရှိသည်။ ခါတ်ကျိုး ခါတ်ပျက် ဝမ်းကျသည်။ ကျောပူသည်။ ရင်ပူသည်။ ခေါင်းပူသည်။ ရေသောက်များသည်။ ထမင်းမစားကြုံသည်။ သူငယ်ဝမ်းကျသည်။ ဝမ်းကိုက်သည်။ ပိတ်သွေးကျသည်။ ကိုယ်ပိန်သည်။ ရေသောက်များသည်။ ဝမ်းချုပ် သည်။ ဝမ်းအကြိမ်များစွာ သွားမြဲတွင်ရပ်၍ ဝမ်းနှင့် ကျက်ကျက် ရှိသည်။ ခြေတလှုပ်လှုပ် လက်တစ်လှုပ်လှုပ်နှင့် မျက်စိ အကြောင်ကြောင်ရှိသည်။ သူငယ်ဖျားသည်၊ ပူသည်၊ ပူလျက် အဝတ်ခြုံချင်သည်။ ရေငတ်သည်။ နဖူး, လည်တိုင်, ရင်ဘတ် ချွေးထွက်သည်။ နှုတ်သီးတစပ်စပ်ပြုသည်။ လျှာတလှုပ်လှုပ် ပြုသည်။ မျက်လုံးစိုက်သည်။ လူမှန်းမသိရှိသည်။ သူငယ်ဖျားသည်။ ပူသည်။ တစ်ကိုယ်လုံးချွေးထွက်သည်။ အေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏာချမ်းသည်။ ၎င်းဆိုခဲ့သော အနာတို့တွင် အနာထွက်မြောက်၍ ချမ်းသာသည့်အခါရောက်သည်ရှိသော် တမှိန်မှိန်မလှုပ်ချင်။ အိပ်သည့်အခါလည်း အိပ်သည်။ တဟင်ဟင်ငို၍ လက်တပြပြနှင့် မိခင်ကြောင့်ကြလောက်အောင် ရှိသည့်အခါတည်း။

ထိပ်အပုမှုတ်၍ မျက်စိမဖွင့်နိုင်၊ နေကိုမကြည့်ဝံ့၊ အလင်းရောင်ကိုလည်း မကြည့်ဝံ့၊ ရံခါလည်း မျက်စိနာ၊ မျက်ခုံးရောင်ကို မဖွင့်ဝံ့ရှိသည်။ ရံခါလည်း သူငယ်ဝမ်းမကောင်း၍ မွေးဆိုတောင်ညစ် တစ်ကြိုကြို ကိုယ်ပူရင်ဆာရှိသည်။

သူငယ်နာတို့၏ ဖြစ်ဆဲ, ဖြစ်ထုံး တွေ့ဖူးကုဖူးသည်ကား-

အကြင်သူငယ်ဖွား၍ ရက်, လ မကြာရှည်ခင် တဟင်ဟင်ငို၍ အသံသေးသည်။ အသံမထွက်သည်။ နှုတ်ခမ်းမည်းသည်။ ဦးလည်ခိုင်သည်။ တစ်ကိုယ်လုံး တောင့်မာသည်။ ဝမ်းဖောသည်တို့ကို ကုရမည့်ဆေးကား. . . စမုန်မျိုးငါးပါး, ကတိုး, ကြောင်သို့, ရှိန်းခို, လက်ချား, ကျားနို့စမြိတ်, အိပ်မွေ့, ဖာလာ, ဇာဒိပ္ဖိုလ်, လေးညှင်း, ဆေးဒန်း, ကန့်တိုက်, ကြက်သွန်နီ, ဖြူ ဤဆေးစုအမျှကြိတ် နွားနက်ကျင်ငယ်နှင့် (၇)ရက်စိမ်၍ ညက်စွာကြိတ်။ ဆေးအကျိုးသည် တဟင်ဟင်ငို၍ အသံသေးခြင်း, အသံမထွက်ခြင်း, နှုတ်ခမ်းမည်းခြင်း, ဦးလည်ခိုင်ခြင်း, တစ်ကိုယ်လုံးတောင့်မာခြင်း, ဝမ်းဖောဝမ်းရောင်ခြင်း, အစရှိသည်တို့ကို ဂေါမုတ္တာနှင့် ထပ်မံနား လိမ်းပါ။ သည်ဆေးကိုပင် တမြိတ်လုံး ဦးပုပ်ချေးခန့် သင့်တင့်ရုံ ဆင်ခြင်၍ ပေးပါသည်။



သူငယ်အထဲ ပူပြင်းသော် အသည်းအဆုတ်ခြောက်၍ ရေငတ်သော် ဆေးဒန်းတစ်မူး, လက်ချားနှစ်မူး, ဆေးပုလဲလေးမူး, ကွမ်းညွန့်ခြောက်မူး, ရေချမ်းနှင့်ကြိတ်, စုန်ရေဆန်ရေနှင့် တိုက်ပါသည်။ ဆေးအကျိုးသည် ပူပြင်း၍ ရေငတ်လှသော် လူကြီးလူငယ်ကိုပင် ကုပါသည်။

သူငယ်ရေငတ်သော် ဆေးဒန်း ၁-ပဲကို ရေစိမ်၍ တိုက်သည်။ သူငယ်တို့ ကိုယ်တွင်းကိုယ်ပ ပူသော်, ဝမ်းလား၍ ပူသော်, ဝမ်းပူ ကျောပူရှိသော်, ရေချင်းရား, ပိတ်သင်းကပ်, ဆီးဖြူသီး, မြစ်ပေါင်းဖုံ့မြစ်, လေးပါးအမျှ ဒန့်ဒကူးကဲ၍ကြိတ်, ဆီးကင်းခန့်လုံး ဝမ်းခိုင်သော်, အပူကြီးသော်, ဆန်ဆေးရေနှင့်တိုက်, ဝမ်းမီးညှံ့သော်, ပူသော် ရေကျက်အေးနှင့် တိုက်ပါသည်။

သူငယ်ဝမ်းကျ တာရှည်မရပ်ခဲ့သော် အပူကြီးသည်ကို ပိတ်သင်းကပ်မြစ်ကို ရေကျက်အေးနှင့် တိုက်ပါသည်။ သည်ဆေးနှင့် တဖြည်းဖြည်း ကြာလျှင် အပူငြိမ်း၍ ဝမ်းရပ်သည်။

သူငယ်ပူလှသည်။ ရေငတ်သည်။ ဝမ်းကျဝမ်းဖောသည်ကို နံ့သာဖြူနီ, ဒန့်ဒကူးနီ, တီခြောက်, ပဒေါင်ခေါက်, ကင်းပုံရွက်, ရှုံ့ပုပ်, သစ်ကြပိုး သည်ဆေးအမျှ ဆီးကင်းခန့်လုံး သူငယ်ဝမ်းကျ အော့နာ, ရေငတ်အပူ, ကျောပူ, ဝမ်းပူ, အဖျားပူကို ရေအေး, ကျက် တော်ရာနှင့်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်နာဆေးတစ်နည်းကား- ငှက်ပျောသူငယ်စာခေါင်းတီခြောက်, ချင်းတီဆေးဒန်း အမျှကြိတ်၊ ဆီးကင်းခန့်လုံး သူငယ်ဝမ်းကျအော့နာ၊ ကျောပူ၊ ရင်ပူ၍ ခေါင်းချွေးထွက်ကို ပေးပါသည်။

ရင်းသူငယ်နာဆေးတစ်နည်းကား- ပန်းရင်း, နံ့သာဖြူ, တောင်ဇလပ်ဖြူ, ကံ့ကော်ဝတ်ဆံ, ပဒုမ္မာကြာဝတ်ဆံ, ကြာသီးဆံ အမျှစု၍ ညက်စွာအမှုန့်ထား, ရင်ပူ ရင်ခုန်သော်, ဝမ်းပူသော် ဆန်ဆေးရေနှင့်တိုက်ပါသည်။ နွားနို့သစ်နှင့်တိုက်ပါလျှင် အလွန်အေး၏။ ချမ်းသာတတ်ပါသည်။ ဆေးအမည်ကား ဥသီရစန္ဒနတည်း။ လူကြီးလူငယ် မိန်းမကိုယ်ဝန်ဆောင်ကိုပင် တိုက်ပါသည်။

သူငယ် ဝမ်းပူ, ကျောပူ, ဝမ်းကျ, အဖျား, အော့နာမြစ်ပေါင်း ဆေးနည်းကား သင်းဝင်ပေါက်ဖြူ, တပဆေး, မိုးနံဇောင်းချမ်းရွက်, ဆေးပုလဲ, ဆီးမြစ် ၆-ပါးအမျှ ဒန့်ဒကူးကဲ၍ကြိတ်။ ဆီးကင်းခန့်လုံး, သူငယ်ဝမ်းကျ အော့နာအပူကို ဆန်ဆေးရေနှင့်တိုက်ပါသည်။ ဝမ်းလားတာရှည်သော် ရေကျက်အေးနှင့်တိုက်ပါသည်။ လူကြီး လူငယ် ဝမ်းကျအော့နာ၊ အဖျားပူတို့ကို တိုက်ပါသည်။

သူငယ်နာဆေးတစ်နည်းကား ဝမ်းပူသည်, ဝမ်းမရပ်လိုသည်, နှုတ်မငြိမ်သည်, ချောင်းဆိုးသည်, ပျို့အန်သည်, ဝမ်းကျတာရှည်၍ ကြံဆိုးရှိသည်ကို သင်းဝင်ပေါက်ဖြူ, ဆေးပုလဲ, ပညာလကာ်, ကန့်, ကန့်ကြုတ်, စမုံနက်, ဆားလှော်သည်ဆေးအမျှ သည်ဆေးအားလုံး



အလေး ဆီးဖြူခြောက်ညက်စွာကြိတ်။ ဆီးကင်းခန့်လုံး ရေနွေးကျက်နှင့် တိုက်လျှင် အထဲပူအေး၏။ ဝမ်းကျတာရှည်သောသူ ရပ်ပါသည်။ ချွဲ, သလိပ်, ချောင်း, အအန်ပျောက်ပါသည်။ သည်ဆေးကို လူကြီးလူငယ်ပင် ဝမ်းပုပ်ရှိသည်ကို ပေးပါသည်။

သူငယ်နာဆေးတစ်နည်းကား-ပန္နက်၊ ပမွှ၊ ပရုပ်၊ လက်ထုပ်ခေါက်၊ ဆေးပုလဲ၊ အင်တိုင်းဆေးနီ၊ ကြဇု၊ က္ကသရမူလီ၊ သည်ဆေး ရှစ်ပါး အမျှစု၍ကြိတ်။ အကျိုးကား ဝမ်းကျ၊ ဝမ်းနာ၊ ပိတ်ကိုက်အနာ ဝမ်းမြင်းကျကို၊ ပုဇွန်ကျစ်စာမြေ၊ တီကျစ်စာမြေ၊ မီးရဲရဲဖုတ်၍ ရေမှာချ။ သည်အရေနှင့်ဖျော်၍ အေးအေးတိုက်။ အပူအဖျားငန်း သန္နိပါတ်၊ အပူဝင်၊ ရင်ခုန်၊ မေးမထူး ခေါ်မကြားရှိသော် ဆန်ဆေးရေ၊ ဆန်လှော်ရေ၊ ရေကျက်အေး တော်ရာသင့်ရာ ဝမ်းမီးကိုထောက်၍ တိုက်ပါသည်။ ဆေးနီငယ်တည်း။

သူငယ်ဝမ်းမီးညှံ့သည်၊ ဝမ်းလားသည်၊ အေးသည်၊ သီတတေဇောအားကြီးသည်၊ သူငယ်ဝမ်းပျက်သည်တို့ကို ကုရအံ့သောဆေးကား-ကြောင်ပန်းရွက်, စမုန်နက်, နနွင်းစိမ်း, လင်းလေ, မြွေရေလဲ, ဆေးသူငယ်ချက်, သည်ဆေးအားလုံး ညက်စွာကြိတ်။ ဆီးကင်းခန့်လုံး ရေနွေး၊ ရေကျက်အေးနှင့် တိုက်ပါသည်။ ဆေးအကျိုးမှာ ဝမ်းမီးညှံ့သည်။ ဝမ်းကျတာရှည်သည်။ ရောင်ဖောသည်။ ကသိကအောက်ရှိသည်ကို ပြေစေပါသည်။

သူငယ်ဝမ်းမီးညှံ့၍ ဝမ်းလား, ဝမ်းကိုက်သည့်ဆေးကား- မိဿလင်, စမုန်နက်, ငရုတ်, အင်တွဲအမျှကြိတ်၍ ပျားရည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ရေနွေးနှင့်လည်းကောင်း တိုက်ပါသည်။ ဆေးအကျိုးမှာ ဝမ်းကိုက်၊ ပိတ်သွေးကျ၊ ဝမ်းပျက်၊ ဝမ်းနာ၊ ဝမ်းမီးညံ့သည်တို့ကို ပြေစေပါသည်။ သူငယ်နာ ဝမ်းသွေးဆင်းသော် မိဿလင်၊ ကျွဲချိုဖုတ် ပျားရည်နှင့်ဖျော်၍ ပေးပါသည်။

သူငယ်နာဆေးတစ်နည်းကား- လက်ထုတ်ကြီးမြစ်ခေါက် မြင်းခေါင်းနွယ်ရောင်၊ ဆားလှော်၊ သံပရာရည်နှင့်ကြိတ်။ ဆီးကင်းခန့် ဆင်ခြင်၍ တစ်နေ့ ၃ ကြိမ်၊ ၄ ကြိမ်စားစေပါသည်။ ဆေးအကျိုးမှာ ဝမ်းကျ၊ ဝမ်းကိုက်၊ ဝမ်းနာ၊ ပိတ်သွေး၊ ပိတ်ကျောက် မြင်းသရိုက်၊ လေချုပ်မှစ၍ ဝမ်းလေမစုန်သည်ကို ပြေစေသည်။ ပိတ်ကိုက် ညှစ်ရသည်ကို ဆားလှော်နိုင်းချင်းစပ်၍ စားစေပါလျှင် ဟောဟော သွားလျက် အကိုက်အခဲပျောက်ပါသည်။ သူငယ်သာမဟုတ်။ လူကြီးနှင့်လည်း သင့်ပါသည်။

သူငယ်ဆေးတစ်နည်းကား- တြိကဋုက်၊ ကန့်ချုပ်နီ၊ စမုန်နက်၊ မိဿလင်၊ ခြောက်ပါး အလေးဆားလှော် ညက်စွာအမှုန့်ပြု ရောက်ရည်နှင့်တိုက်ပါသည်။ သူငယ်ဝမ်းကိုက်၍ တအယ်အယ် ရှိခဲ့လျှင် သွင်သွင်ကြေလျက် ဆင်းပါသည်။ ဝမ်းမကိုက်၊ ဝမ်းမလား ဖြစ်လျှင်လည်း ဆားလှော်အမျှသာ ထည့်ပါသည်။

ဤဆေးနှစ်နည်းသည် ဝမ်းကို ထွန်းစေတတ်ပါသည်။ ပိတ်ကိုက်သည်ကို ကျတတ်ပါသည်။ မြင်းသရိုက်သွေးကိုလည်း နိုင်စေတတ်ပါသည်။ သူငယ်တို့ ခြေအေး၍ ဖျားသည်၊ ပူသည်၊



ဝမ်းဖော ရင်ကားသည်၊ တဖျပ်ဖျပ်လန့်သည်။ ထိုအနာတို့၏ အဆုံးကား မျက်လုံးစိုက်သည့်တိုင်အောင် တက်၍ဖြစ်တတ်ပါသည်။ ထိုအနာကို သူငယ်နာငန်းဟု ဆိုပါသည်။ သည်လက္ခဏာကို မြင်လျှင် ဆိုခဲ့ပြီးသည့် သူငယ်နာဆေးများကို ဆန်ဆေးရည်နှင့် ဖျော်၍ ပေးပါသည်။

သူငယ်နာဝမ်းဖောခြင်း၊ ဝမ်းကြောတင်းခြင်း စသည်တို့ကို နယ်ရအံ့သော နယ်ဆေးကား- ဆိတ်ဖူး၊ လင်းလေ၊ စမုန်နက်၊ ကြက်သွန်ဖြူ၊ ငဖုန်းဆေး သည်ဆေးကိုကြိတ်။ ဆီဘူးတောင်ကို မီးဖုတ်၍ယူသည်။ ဆီနှင့်ဖျော်၍ နယ်ပါသည်။ သူငယ်တင်းသည်၊ တောင့်မာသည်ကို သနပ်ခါးမြစ်၊ ကံ့ကော်ဝတ်ဆံ၊ စမုန်နက်ဆီနှင့် ဖျော်၍နယ်ပါသည်။ သူငယ်ရေငတ်သည် ပူသည်တို့ကိုလည်း သည်ဆေးကိုပင် တိုက်ပါသည်။

သူငယ်နာဆေးတစ်နည်းကား- ကြွေစေ့တစ်စေ့ကို မီးဖုတ်၊ ဆင်ချင်း၊ ဇင်းရွှေးဖြူကိုအခွံသင်၊ မဟာကာကြီးပဲဆိုက်နီ သည်ဆေးတို့ကို အမျှစုပြီးလျှင် ကျောက်ပြင်ဦးမှာ ဆန်ပန်း၊ ကွမ်း၊ လက်ဖက်နှင့်တကွ ရွှေငွေတင်၍ကြိတ်။ စမ်းကျစေလိုသော် ပိုးဟပ်ချေးနှင့်ခွံ့၊ အပုပ်အစပ် မကောင်းသမျှ ကျ၍ကုန်လျှင် ရပ်၏။

သူငယ်နာငန်းကို မျက်စဉ်း၊ နှာနှပ် လွှန်လျှင် အတက် သွေးလေခတ် ပျက်တတ်ပါသည်။ အပူရေငတ် အတက်လွှန် မျက်လုံးစိုက်သည်။ နှာနှပ်ဆေးတိုက်လွှန်လျှင် မျက်လုံးစိုက်သည်၊ အပူကြီးသည်၊ ရင်ပူသည်၊ ရင်ခုန်သည်၊ ခြေလက်မသိမ်း သွားစိ၍

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ခံတွင်းတဟတဟနေသည်။ မျက်လုံးကို ကြည့်လျှင် သူငယ်နာမျက်လုံးသည် ပကတိ လူတို့စိုက်၍ ကြည့်တီသကဲ့သို့ မလှည့်နေလျှင် မရှင်လို။ နှာနှပ် မျက်စဉ်းလွှန်သော သူသည် သည်နည်းရှိတတ်သည်။ မျက်ဖြူစိုက်၍ ခြေလက် မလှုပ်ရှားနိုင်သော်လည်း ချမ်းသာခွင့်ရှိပါသည်။

ချမ်းသာအောင် ကုသရမည့်ဆေးကား- ထုပ်စွန်း၊ လျှောက်စွန်း၌တင်သောချေး၊ လက်ကတုံးချေး၊ လှေကားပေါင်ချေး၊ ဖွန်းမှာတင်သောချေး၊ ယောင်းမမှာတင်သောချေး၊ ဟင်းချိုမှာ တင်သောချေး၊ ဆီဆုံကျည်ပွေ့ချေး၊ ကြက်သွန်နီ၊ နနွင်းခေါင်း၊ နနွင်းနွယ်၊ဆေးဒန်း ကန့်၊ ဆိတ်ဖူး၊ လင်းလေ၊ ဂုညင်းဆံ သည်ဆေးစုတို့ကို ပေါင်း၍ ကြိတ်သောအခါ ကျောက်ပြင် အောက်က ထမီခေါက်၍ခင်း။ ဇင်းရွှေးဖြူ၊ ဇင်းရွှေးနက်၊ ဇင်းရွှေးနီ၊ ဇင်းရွှေးကျား ၎င်းဇင်းလေးစီးကို လေးထောင့်ချည်၊ ရွှေငွေ ကျောက်သံ၊ ဆန်ပန်း၊ ကွမ်း၊ လက်ဖက်လေးထောင့်တင်၊ ခုနစ်အိမ် ပုန်းရည်နှင့်ကြိတ်။ ခုနစ်အိမ်ပုန်းရည်နှင့်ဖျော်။ တစ်ကိုယ်လုံး ထပ်မနားလိမ်း၊ ၎င်းဆေးမှာ စီရင်သည့်နည်း မပျောက်၊ ရံချင်း ငှက်ပျောတုံးကဲ့သို့ အေးအောင်လိမ်း။ သည်လိမ်းဆေးသည် သူငယ်နာငန်းပုပ်၊ ငန်းတက်၊ ငန်းတိမ်၊ အကြောတက်မှစ၍ သူငယ်နာငန်းမျိုးတို့ကို အနာအင်ကြီး၍ အနားဆုံးမှ လိမ်းရပါသည်။

သူငယ်နာတွင် ခက်ကြိတ်လွှန်နက်နဲသိမ်မွေ့လှ၍ သလိပ် သည်းခြေအပူအချမ်း မသိသာ အကုရခက်လှပါသည်။ ဓမ္မဖွား၍



မကြာမမြင့် ရက်မရှည်ခင် အကြွင်သူငယ်သည် တဟင်ဟင်ငို၍ အသံသေးသည်၊ အသံမထွက်သည်၊ နှုတ်ခမ်းမည်းသည်၊ ဦးလည် ခိုင်သည်၊ တစ်ကိုယ်လုံး တောင့်မာသည်၊ ဝမ်းဖောသည်တို့ကို ဂေါမုတ္တစိမ်သောဆေးနှင့်ပင် ကုပါသည်။

ဂေါမုတ္တနှင့် ပထမဖော်သော ဆေးသည် သူငယ်နာ အုလျှောက်နာ ဝမ်းကောင်း၍ လျှာကပ်သည်၊ လျှာခါးသည်၊ မျက်စိမှိတ်သည်တို့ကို ပေးပါသည်။

သူငယ်နာငန်းမှထွက်၍ သူငယ်တို့ ဝမ်းခိုင်သည်၊ ရင်ခုန်သည်၊ ရင်ပူသည်၊ အထဲပူသည်၊ သွားစေ့သည်၊ ခံတွင်း တဟတဟရှိသည်၊ မျက်လုံးစိုက်သည် ၎င်းအနာများကို ရေချမ်းနှင့် မဟာဝိသမ္ဗာရာကို ပေးပါသည်။

ရင်ပူသည် ရင်ခုန်အားကြီး၍ ဝမ်းအလွန်ခိုင်သည်ကို ဆီးဖြူပြုတ်ရေနှင့် ပေးပါသည်။ သူငယ်နာ ငန်းအဆုံး၌ ဝမ်းမီးညှံ့သည်၊ ဝမ်းလာသည်၊ ဝမ်းကိုက်သည်၊ ချောင်းဆိုးသည်၊ ချွေးတစိုစိုရှိသည်၊ ကိုက်သွေ့ခြောက်သည် ဆိုခဲ့ပြီးသည့်အနာကို ချင်းခြောက်၊ ပိတ်ချင်းသီးမြစ်၊ ငရုတ်၊ မိဿလင်၊ စမုန်နက်၊ ဆိတ်ဖူး၊ လင်းလေ၊ ကြက်သွန်ဖြူ၊ ကန့်ချုပ်၊ စမုန်မျိုးငါးပါး၊ ကန့်အိတ်၊ ပတဲကော သည်ဆေးအမျှ ကြိတ်မှုန်ရေနှင့်ကြိတ်၊ ဆီးကင်းခန့်လုံး ဆိုခဲ့ပြီးသည့်အနာတို့ကို ရေကျက်အေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆားလှော် မြက်မြက် ခတ်၍တိုက်။ သည်ဆေးကိုလည်း လူကြီး လူငယ်မဆို ဝမ်းမီးညံ့သည့် သူတို့အား ပေးပါသည်။

သူငယ်နာ ဆေးတစ်နည်းကား တြိကဋုက်, ကြောင်ပန်းရွက်, မိဿလင်, စမုန်နက်, ဆားလှော်, သည်ဆေးအမျှအားလုံးအလေး ကြက်သွန်ဖြူ အညက်ကြိတ်။ ဆီးကင်းခန့်လုံး ရေနွေးနှင့်တိုက်။ သူငယ်တို့ ဝမ်းကျတာရှည်၍ မရပ်လိုသည်ကို သည်ဆေးနှစ်နည်းနှင့် တော်ရာ ဆင်ခြင်၍ကုပါသည်။ သူငယ်တို့ ဝမ်းရောင်ဝမ်းဖော၍ ကျလျှင် ပဉ္စဇီရချုပ်၍ပေးပါသည်။ သူငယ်တို့အထဲပူ၍ ကျသည်။ ရေငတ်သည်ကို ဂဂ်ါတိရချုပ်၍ ပေးပါသည်။ သည်ဆေး လေးနည်းတွင် တစ်နည်းနည်း ဟင်းခါးပါသည်။ တစ်ခုခု ချက်၍ ပေးပါသည်။

သူငယ်တို့ လျှာထွက်သော် လျှာနာသော် နွယ်ချို, ပဲစိတ်, စပါးကြီးသည်းခြေ ၃-ပါးသွေး၍ ပွတ်ပါသည်။ တစ်နည်းလည်း လက်ခြားကို မီးဖုတ်၍ ပွတ်ပါသည်။ တစ်နည်းလည်း ပိန္နဲ, ပေါက်, စပါးကြီးသည်းခြေ သွေး၍ပွတ်ပါသည်။

သူငယ်ကျင်ကြီး ကျင်ငယ်ချုပ်သော် ပဲစိတ်နီကို အသက်အောင့်ပြီးလျှင် ၇-ကြိမ်သွေး၍ လျက်စေပါသည်။

သူငယ်ဝမ်းချုပ်သော်၊ ဝမ်းပူသော်၊ ဝမ်းဖောသော်၊ ဆီးစ တင်းသော်၊ တအယ်အယ်ရှိသော် ဇင်ရွှေးဖြူမြစ် ကြွက်ချေး, ရှိန်းခို, လင်းလေ, ဆိတ်ဖူး, ပဲစိတ် သည်ဆေးကို ကြိတ်ပြီးလျှင် ဆီနှင့် ဖျော်၍ ဝမ်းကိုသုတ်။ ဆီနှင့်ပင့်၍ ဝမ်းကိုနယ်။ တစ်နည်းလည်း



ကျင်အောင့်သော်၊ လိပ်ကျောက်မြီးကို သွေးပြီးလျှင် အောက်သို့ သပ်၍ လိမ်းပါသည်။ တစ်နည်းလည်း ကျင်အောင့်သော် လူကြီး လူငယ် မိန်းမယောကျ်ားကိုပင် လိပ်ကျောက်မြီးကိုသွေး၍ ချက်အောက်တည့်တည့်ကို လက်နှင့်သပ်ပါသည်။

သူငယ်ဝမ်းရောင်သော် ဝမ်းမကောင်း၍ တမှိန်းမှိန်းရှိသော် သားလှကျေးဖူးပင်လုံးကို ဆားနိုင်ချင်းလှော်၍ လျက်ဆားပြုပြီးလျှင် လျက်ပါစေသည်။ တစ်နည်းကား ဆိတ်ဖူး, လင်းလေ, စမုန်နက်, ကြက်သွန်ဖြူ သည်ဆေးအမျှ အားလုံးအလေးဆား၊ ကနခို အတန်ထည့်၍ လျက်စေပါသည်။ အကျွမ်းလှော်ရမည်။ သည်လျက်ဆားသည် သူငယ်ဝမ်းရောင်၊ ဝမ်းဖော် ကသိကအောက် ဝမ်းပုပ်ရှိ၍ တပိန်ပိန်ရှိသည်ကို လျက်ပါစေ။

တစ်နည်းလည်း ဇင်ရွှေးဖြူ ကနခိုနိုင်းချင်း ပုဆိုးကြမ်းနှင့် ထုပ်၊ ရှားစောင်းကြီးကို ပါးပါးလွှာ၍ခတ်။ ပဲကြီးလုံးကျက်အောင် ပြုတ်၍ ကနခိုနှင့် ဇင်ရွှေးဖြူကိုသာယူပြီး ညက်စွာကြိတ်။ ရေတ်လုံးခန့် လုံး၍ခွံ့။ သူငယ်ဝမ်းမကောင်း၍ ကြုံဆိုးသည်ကို ပေးပါသည်။

သူငယ်မျက်စိမဖွင့် အလင်းကိုမကြည့်ဝံ့သော် နဖူးပူ၏။ နံ့သာဖြူကိုသွေး၍ နဖူးနှင့် ရင်ဝကို ထပ်မနားလိမ်းပါသည်။ အလင်းကို မထွက်စေနှင့်၊ တင်းတိမ်ကာ၍နေပါစေ။ တိုက်ဆေးကား ဆေးနီငယ်ကို ဝမ်းခိုင်သော် ရေချမ်းနှင့် ဝမ်းမီးညံ့သော် ရေကျက်အေးနှင့် တိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်မျက်ခွံရောင်သော်၊ မျက်စိရောင်သော်၊ မန်ကျည်းရွက်ကြမ်းကို ဆားအတန်ထည့်ကြိတ်၊ ကြက်ဆူရိုးနီရွက်နှင့်ထုပ်၊ မီးနွေးနွေးကင်၍ အရေညှစ်ပြီးလျှင်သုတ်။ ထုပ်သည့်ကြက်ဆူနီဖက်ကိုလည်း ရောင်ရာတွင် အုပ်ပါသည်။ နံ့သာနီ၊ ဖြူကိုလည်း သုတ်မြဲအတိုင်း သုတ်ပါသည်။

သူငယ်ကျင်ကြီး ကျင်ငယ်ချုပ်သော် ကျားနို့၊ သစ်ကြပိုး၊ စမုန်နက်၊ ဆိတ်ဖူး၊ လင်းလေ၊ လိပ်ကျောက်မြီး၊ ဆပ်ပြာဖြူသည်ဆေးအမျှ ဇင်းရွှေးဖြူထည့်၍ကြိတ်၊ ဆပ်ပြာရေနှင့်ပင်ခြေဖဝါး လက်ဖဝါးကွက်၊ ဝမ်းကိုလည်းသုတ်၊ ဆီးမသွားသော်ဆီးစကိုပင့်၍ နယ်ပါသည်။

သူငယ်နာဆေးတစ်နည်းကား- စမုန်မျိုးငါးပါး၊ ကတိုးကြောင်သို၊ ရှိန်းခို၊ လက်ချား၊ ပန်းနု၊ ပန်းမ၊ ကန့်၊ ဆေးဒန်း၊ ကြက်သွန်ဖြူ၊ ဇင်းအနီ၊ ဆိတ်ဖူး၊ လင်းလေ၊ နွားမြေရင်း၊ ဘောက်မွဲမြစ်၊ ခံစပ်မြစ်၊ နွားလျှာကြီးမြစ်၊ ဣသရမူလီ၊ ကြက်ဆူရိုးနီ၊ ပဲစိတ်နီ၊ ပုဏ္ဏရိတ်၊ ဇလပ်နီ၊ နွားနက်ကျင်ငယ်နှင့်ကြိတ်၊ လဲဝါစေ့လုံးခန့် မိန်းမတို့သားသေများသော ပဋိသန္ဓေရှိလျှင်ပင် စားစေပါသည်။ သူငယ်နာတို့တွင် ဝမ်းကိုက်ဝမ်းကျလွန်ခြင်း၊ အားနည်းခြင်း၊ ငန်းလိုက်၍ သည်းထန်စွာရှိခြင်း၊ အနာတို့မှာ ကြီးမားသည်ဖြစ်၍ သမားများ ကုသခြင်း၊ ဆေးများစွာတိုက်ခြင်း၊ ကုသလျှင် ချမ်းသာရခဲပါသည်။ ပညာရှိထုံးစံကိုမှီသော သမားများသည် စဉ်းစား၍ ဖြည်းညှင်းသာယာ သိမ်မွေ့စွာ ကုသမှ ချမ်းသာတတ်ပါသည်။ သူငယ်နာအံ့ထုံးတစ်ရပ်ပြီး၏။

# တစ်နည်း–သူငယ်နာအစွဲကျမ်း

ခုနစ်ရက်သားသမီးတို့ မွေး၍ (၁)ရက်၊ (၁)လ၊ (၁)နှစ်ရှိသော သားသမီး နာဖျားမူကား ပဋိသန္ဓေကို စောင့်သောနတ်ဖမ်းစား၏။ ထိုသူငယ်ဝမ်းရောင်၏။ ကိုယ်ပူ၏။ အငိုများ၏။ ခေါပတောင်းတွင် ထမင်းလေးဆုပ်၊ တံခွန်လေးတိုင်၊ ကွမ်းလေးယာ၊ ပန်းလေးပွင့်ထည့်၍ အရှေ့မြောက်သို့ပို့လေ၊ ထိုသူငယ် ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၂)ရက်၊ (၂)လ၊ (၂)နှစ်ရှိသော သားသမီးငယ်နာမူကား ပဋိသန္ဓေစောင့်နတ်ဖမ်းစား၏။ တမှိန်းမှိန်းရှိ၏။ ကျော, ဝမ်းပူ၏။ ခေါပတောင်းတွင် ထမင်းငါးဆုပ်၊ တံခွန်ငါးတိုင်ထည့်၍ မွေးဖွားသောအချိန်တွင် တောင်အရပ်သို့ပို့လေ။ ထိုသူငယ်ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၃)ရက်၊ (၃)လ၊ (၃)နှစ်ရှိသော သားသမီးနာမူကား ပဋိသန္ဓေကိုစောင့်သော ပါလဒေဝနတ်ဖမ်းစား၏။ အရှေ့အရပ်သို့သွားရာတွင် မိသတည်း။ ဦးခေါင်းလေး၏။ ရင်ဆို့ရင်ပျို့ရှိ၏။ လက်တယမ်းယမ်းရှိ၏။ ခေါပတောင်းတွင် ပန်းဖြူငါးပွင့်၊ ထမင်းငါးဆုပ်၊ သူနာရုပ်ပုံ မုန့်ကိုလုပ်၍ တံခွန်ဖြူငါးတိုင်ထည့်၍ မွေးဖွားသောအချိန်တွင် အရှေ့အရပ်သို့ပို့လေ။ ထိုသူငယ် ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၄)ရက်၊ (၄)လ၊ (၄)နှစ်ရှိသော သားသမီးနာမူကား ပဋိသန္ဓေသို့စောင့်သော ဒေဝနာဂနတ်ဖမ်းစား၏။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တောင်သို့သွားမိရာတွင် နာသည်၊ ကျောပူ၏၊ အော့အန်၏၊ ခြေအေး၏၊ တသမ်းသမ်းရှိ၏၊ ခေါပတောင်းတွင် ဘီလူးရုပ်တစ်ခု၊ မုန့်လေးချပ်၊ ငါးလေးကောင်၊ ထမင်းလေးဆုပ်၊ ပန်းလေးပွင့် ထည့်၍ ထိုသူငယ်မွေးဖွားသော အချိန်တွင် အရှေ့တောင်သို့ပို့လေ။ ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၅)ရက်၊ (၅)လ၊ (၅)နှစ်ရှိသော သားသမီး နာမူကား ပဋိသန္ဓေကိုစောင့်သောနတ်ဖမ်းစား၏။ ကိုယ်ပူတုံ၊ အေးတုံ့ရှိ၊ မနေသာမထိုင်သာရှိ၏၊ ခါးညောင်း၏၊ ခြေလက်အေး၏၊ ထမင်းမစားလိုရှိ၏။ ခေါပတောင်းတွင် ထမင်း ငါးဆုပ်၊ ပန်းငါးပွင့်၊ တံခွန်ငါးတိုင်၊ ငါးခုံးမငါးကောင်၊ ဆီမီးတစ်တိုင် ထည့်၍ သူငယ်မွေးဖွားသည့်အချိန်တွင် အရှေ့အရပ်သို့ပို့လေ။ ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၆)ရက်၊ (၆)လ၊ (၆)နှစ်ရှိသော သားသမီး နာမူကား ပဋိသန္ဓေကိုစောင့်သော ကာလဒေဝနတ်ဖမ်းစား၏။ ကိုယ်ပူ၏၊ နှလုံးဆို့မြို့ရှိ၏။ တသမ်းသမ်းရှိ၏။ အရူးကဲ့သို့ ငိုတုံ ရယ်တုံ့ရှိ၏။ အနောက်တောင်သို့သွားရာတွင် ဖြစ်ခဲ့သည်။ ခေါပတောင်းတွင် ထမင်းခြောက်ဆုပ်၊ မုန့်ခြောက်ချပ်၊ သစ်သီး ခြောက်မည်၊ အမွှေးအကြိုင်လည်းထည့်၊ ပေါက်ပေါက်ကို နံ့သာရေဖျန်း၍ မွေးဖွားသည့်အချိန်တွင် အနောက်တောင်သို့ ပို့လေ။ ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၇)ရက်၊ (၇)လ၊ (၇)နှစ်ရှိသော သားသမီး နာမူကား ကာလမည်သောနတ်ဖမ်းစား၏။ ကိုယ်ပူတုံချမ်းတုံ့ရှိ၏၊



တက်နာကဲ့သို့ရှိ၏၊ ခေါပတောင်းတွင် မုန့်နှစ်ကို နတ်ရုပ်လုပ်၍ ထမင်းခုနစ်ဆုပ်၊ မုန့်ခုနစ်ချပ်၊ ပန်းခုနစ်ပွင့်၊ သစ်သီးခုနစ်လုံးကို နံ့သာရေဖျန်း၍ မွေးဖွားသည့်အချိန်တွင် အနောက်တောင် ထောင့်သို့ ပို့လေ။ ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၈)ရက်၊ (၈)လ၊ (၈)နှစ်ရှိသော သာသမီး နာမူကား အနောက်တောင်သို့သွားမိရာတွင် မေဓာဝီမည်သော နတ်ဖမ်းစား၏။ နေ့ညမသိအောင် အပူအားကြီး၏။ တမှိတ်မှိတ်နှင့် မအိပ်တတ်မနေတတ်ရှိ၏။ စိတ်ကြွမ်းတမ်း ခက်ထရော်ရှိ၏။ နှလုံးဆို့မြို့ရှိ၏။ ကျင်ကြီးကျင်ငယ်မဖြောင့်ရှိ၏။ ခေါပတောင်းတွင် ထမင်းဖြူတစ်ဆုပ်ကိုထည့်၍ စလောင်းကိုထည့်ပြီးလျှင် ပေါက်ပန်းဖြူပန်းတစ်မည်ကို ကြိုးနှင့်သီ၍လည်းထည့်၊ မုန့်ခုနစ်ချပ်၊ ငါးခုနစ်ကောင်ကြော်၍ ပန်းခုနစ်ပွင့်လည်းထည့်၊ ပေါက်ပေါက်၊ ဆီမီးခုနစ်တိုင်အနီနှင့် နံ့သာရည်ထည့်၍ အနောက်မြောက်သို့ ပို့လေ။ ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၉)ရက်၊ (၉)လ၊ (၉)နှစ်ရှိသော သားသမီး နာမူကား အာကာသဒေဝမည်သော နတ်ဖမ်းစား၏။ ကိုယ်လည်း ပူ၏၊ အော့အန်၏၊ ဦးခေါင်းလည်းနာ၏၊ ချောင်းလည်းဆိုး၏၊ ထမင်းမစားလိုရှိ၏၊ ခြေအေး၏၊ ခေါပတောင်းတွင် ငှက်ပျောဖက် ခင်း၍ ထမင်းဖြူ မုန့်ဖြူကြော် ခုနစ်ချပ်၊ ငါးကြော် ခုနစ်ကောင်၊ ပေါက်ပေါက်လည်းထည့်၊ နံ့သာရေဖျန်း၍ မအိပ်မီ အိမ်မိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



တင်၍ထား။ နံနက်စောစော ကျိုးမနိုးခင် ၎င်းခေါပတောင်းကိုယူ၍ မြှောက်စူးစူးအရပ်သို့ပို့လေ။ ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၁၀)ရက်၊ (၁၀)လ၊ (၁၀)နှစ်ရှိသော သားသမီးနာမှုကား ပန်း၊ သစ်သီး စားမိသည်နှင့် အပျော်အပါး ကစားရာတွင် ရိတ္တာဒေဝါမည်သော ရက္ခစိုးနတ်ဖမ်းစား၍ နာသည်။ တွေဝေ၏၊ အပူဖမ်း၍ ဖျားသည်၊ လက်ခြေဆွံ့ဆွံ့ရှိသည်။ ရေသောက်များ၍ ဝမ်းလည်းသွန်၏၊ သွားတကြိတ်ကြိတ်ရှိ၏။ ခေါပတောင်းတွင် မုန့်နှစ်ကို နတ်ရုပ်လုပ်၍ထည့်၊ ပန်းပွင့်၊ သစ်သီးခုနစ်လုံး၊ နံ့သာရည်ဖျန်း၍ ထမင်းဆယ့်တစ်ဆုပ်၊ မုန့်ကြော် ဆယ့်တစ်ခု၊ တံခွန်ခုနစ်တိုင်၊ ဆီမီးခုနစ်တိုင်၊ ပန်းဖြူ ပေါက်ပေါက်လည်းထည့်၊ နံ့သာရည်ဖျန်း၍ အိမ်မိုးမှာဖြစ်စေ၊ အိပ်ရာပေါ်မှာဖြစ်စေ၊ နေဝင်ကိုဆုတောင်း၍ တင်ထားရမည်။ နံနက်စောစော ကျိုးမနိုးခင် သချိုင်းသို့ပို့လေ။ ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၁၁)ရက်၊ (၁၁)လ၊ (၁၁)နှစ်ရှိသော သားသမီးနာမှုကား ဘိတ္တြာတိတ္ထနတ်မာတြာ ဖမ်းစား၏။ ကိုယ်၊ လက်ညောင်းညာ၏၊ လက်လေး၏၊ မျက်စိလည်၏၊ ခြေ၊ လက် မချိနိုင်ရှိ၏၊ အိပ်၍လည်းမပျော်ရှိ၏၊ ထိုသူငယ်ပျောက်စေလိုသော် ထမင်း၊ အမဲသား၊ ငှက်ပျောသီး၊ ထန်းလျက်၊ မုန့်ဖြူကိုလည်းထည့်၊ ပန်းခုနစ်ပွင့် ခုနစ်မည်ထည့်ရမည်၊ ပြီးမှမုန့်နှစ်ကို သူငယ်ရုပ်လုပ်၍ အားလုံး ခေါပတောင်းထည့်၍ နေဝင်လျှင် အနောက်အရပ်သို့ ပို့လေ။ ချမ်းသာအံ့။



သူငယ်မွေးဖွား၍ (၁၂)ရက်၊ (၁၂)လ၊ (၁၂)နှစ်ရသော သားသမီးနာမှုကား ဝိစန္ဒီမည်သောနတ်ဖမ်းစား၏။ ပြင်းစွာဖျား၍ ပူတုံချမ်းတုံရှိ၏၊ အော့အန်၏၊ ခြေဖျားလက်ဖျားအေး၏၊ ချမ်း၍ ဝမ်းရင်ဆို့မြို့ရှိ၏၊ ကျင်ကြီးကျင်ငယ်မဖြောင့်ရှိ၏၊ ကိုယ်လည်း ထုံ၏၊ ခေါပတောင်းတွင် ငှက်ပျောဖက်ခင်း၍ ၎င်းအပေါ်တွင် ဖက်ရွက်နှင့် ထမင်းကို အပြည့်ထည့်ပြီးမှ၊ ထောပတ်မုန့်နို့ ချိုချဉ်တို့ကို တတ်အား သမျှထည့်ပြန်၊ ပန်း၊ နံ့သာ၊ သစ်သီးပင်၌ ရက္ခစိုးကို ဆုတောင်း တင်၍ ထိုသူငယ်အား ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၁၃)ရက်၊ (၁၃)လ၊ (၁၃)နှစ်ရှိသော သားသမီးနာမှုကား သုဿန်နတ်ဖမ်းစား၏။ ထမင်းတစ်ဆုပ်၊ အမဲသားတစ်တုံး၊ ခေါတွင်ထည့်၍ ဖွားသည်နေ့ နေကာက်(၈)နာရီ အချိန်တွင် တောင်အရပ်သို့ ပို့လေ၊ ထိုသူငယ် ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၁၄)ရက်၊ (၁၄)လ၊ (၁၄)နှစ်ရှိသော သားသမီးနာမှုကား အတောဟသာ မာတြာနတ်ဖမ်းစား၏။ နေမကောင်းထိုင်မသာခြင်းရှိ၏။ ချမ်းသာစေလိုသော် ထမင်း လေးဆုပ်၊ အမဲသားလေးတုံး၊ ပန်းခုနစ်မည်၊ သစ်သီးခုနစ် မည်နှင့် ခေါတိုင်လုပ်၍ထည့်။ ဖွားသည့်နေ့ နေတက် ရှစ်နာရီ အချိန်တွင် အရှေ့အရပ်သို့ပို့လေ ထိုသူငယ်ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၁၅)ရက်၊ (၁၅)လ၊ (၁၅)နှစ်ရှိသော သားသမီး နာမှုကား၊ ပရာမည်သော မာတြာနတ်ဖမ်းစား၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှိုသူနာ ပျောက်စေလိုသော်၊ မြင်းခေါင်းခွံ၊ ဝါခေ့ါ၊ ဥဒေါင်းမြီး၊ ကြက်တောင်မွေး၊ ရှိရားသီး၊ ကျွဲချိုအကျွမ်းဖုတ်၍ ငရင်းဆေး အားလုံးကို အမှုစိစု၍ ကြိတ်ပြီးလျှင် စားစေရမည်၊ ထိုသူငယ် ချမ်းသာအံ့။

သူငယ်မွေးဖွား၍ (၁၆)ရက်၊ (၁၆)လ၊ (၁၆)နှစ်ရှိသော သားသမီးနာမှုကား၊ အပွါနတ် မာတြာဖမ်းစား၏။ အဖျားတာရှည်၏။ ခြေလက်အေး၏။ မုန့်နှစ်ကို သူငယ်ရုပ်လေးခု၊ ဆင်ရုပ်လေးခု၊ လုပ်ပြီးလျှင် ထမင်း အမဲသားအားလုံး ခေါ်ခွက်တွင် ထည့်၍ အရှေ့မြောက်ထောင့်သို့ ပို့လေ၊ ထိုသူငယ် ချမ်းသာအံ့။

## သားသမီးဖွားခြင်း၌ အကျိုးအပြစ်အဟော

တန်ခူးလ၌ သားယောကျ်ားဖွားမူ၊ ထိုသားသည် အမြော်အမြင်များ၏။ သမီးမိန်းမ ဖွားမူ၊ ထိုမိန်းမသည် အဖကို ကျွေးလတ္တံ့။ ထိုမိန်းမကား မိန်းမမြတ်တည်း။

ကဆုန်လ၌ သားယောကျ်ားဖွားမူ အရှိန်အစော် တန်ခိုးကြီး၏၊ သမီးမိန်းမ ဖွားမူ၊ အမိအဖ၌ ဥစ္စာရတနာများ၏။

နယုန်လ၌ သားယောကျ်ားဖွားမူကား အမိအဖကို ရွှေ၊ ငွေ၊ ရတနာ မြောက်မြားစွာရ၏။ သမီးမိန်းမ ဖွားမူကား အမိအဖတို့၌ အမွေဆက်ခံရ၏။

ဝါဆိုလ၌ သားယောကျ်ားဖွားမူကား ထိုသားသည် အများသူတို့ ရှိခိုးခံရ၏။ သမီးမိန်းမ ဖွားမူကား ထိုသမီးသည် ပျက်စီးလတ္တံ့။



ဝါခေါင်လ၌ သားယောကျ်ားဖွားမူ ထိုသားသည် သူချစ်များ၏။ အဆွေခင်ပွန်းရလွယ်၏။ သမီးမိန်းမ ဖွားမူ ထိုသမီးသည် ဥစ္စာနှင့်အတူ ချမ်းသာ၏။

တော်သလင်းလ၌ သားယောကျ်ားဖွားမူ ထိုသားသည် အသက်ရှည်လတ္တံ့။ သမီးမိန်းမ ဖွားမူ အိမ်ခြံမြေရှိရာ၏။ လုလင်ယောကျ်ား အမျက်များတတ်၏။

သီတင်းကျွတ်လ၌ သားယောကျ်ားဖွားမူ ထိုသားသည် နှလုံးကောင်း၏။ ချစ်သူများ၏။ သမီးမိန်းမ ဖွားမူ သူ့လင်ကို အဖျက်များအံ့။

တန်ဆောင်မုန်းလ၌ သားယောကျ်ားဖွားမူ ထိုသားကို မမွေးရ၊ သေ၏။ သမီးမိန်းမ ဖွားမူ ထိုမိန်းသည် အသက်ရှည်၏။ အမိအဖကို လုပ်ကျွေးရခြင်း အမွေရလိမ့်သတည်း။

နတ်တော်လ၌ သားယောကျ်ားဖွားမူ ထိုသားသည် ပညာကြီးကျယ်သည်ဖြစ်၏။ လူသူတို့ အမိအဖပိဖြစ်အံ့။ သမီးမိန်းမ ဖွားမူကာ ထိုမိန်းမသည် လင်များ၏။

ပြာသိုလ၌ သားယောကျ်ားဖွားမူ ထိုသားသည် ဥစ္စာများ၏။ သမီးမိန်းမ ဖွားမူကား ထိုသမီးသည် ဥစ္စာရှင်ဖြစ်၏။

တပို့တွဲလ၌ သားယောကျ်ားဖွားမူ ထိုသားသည် ဆင်၊ မြင်း၊ ဥစ္စာရတနာ မြားမြောင်စွာ ရလတ္တံ့။ သမီးမိန်းမ ဖွားမူ ထိုမိန်းမသည် ဥစ္စာ မြားမြောင်စွာရ၏။

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလ၌ သားယောက်ျားဖွားမူ ထိုသားသည် အမိအဖတို့ထက် လွန်မြတ်၏။ ဥစ္စာရတနာများ၏။ သမီးမိန်းမ ဖွားမူ ထိုမိန်းမသည် မင်းမိန်းမ ဖြစ်လတ္တံ့။

## သားသမီး အမည်မှည့်နည်း

တနင်္ဂနွေဖွား ဂဠုန်နံမှည့်၊ ချမ်းသာအံ့။
တနင်္လာဖွားမူ ကျားနံမှည့်၊ စွမ်းပကား ခွန်အားကြီးအံ့။
အင်္ဂါနေ့ဖွားမူ ခြင်္သေ့နံမှည့်၊ ဥစ္စာများအံ့။
ဗုဒ္ဓဟူးနေ့ဖွားမူ ဆင်နံမှည့်၊ ကျွန်များအံ့။
ကြာသပတေးနေ့ဖွားမူ ကြွက်နံမှည့်၊ ချမ်းသာ၏။
သောကြာနေ့ဖွားမူ ပူးနံမှည့်၊ မိဘဥစ္စာရ၏။
စနေနေ့ဖွားမူ နဂါးနံမှည့်၊ ငယ်ငယ်ကပင် အလှူပေးရအံ့။

## လအလိုက် အချင်းမြှုပ်နည်း

ပေါင်း, ခူး, ဆုန်မှာ ဖွားမြင်လာ၊ မြောက်မှာအချင်းမြှုပ်။
နယုန်, ဝါ, ဝါ၊ ဖွားမြင်လာ၊ ရှေ့မှာအချင်းမြှုပ်။
တော်သလင်းနှင့် သီတင်းကျွတ်၊ တန်ဆောင်၊ နောက်မြောက် ရှောင်၊ တောင်မှာအချင်းမြှုပ်။
နတ်တော်ပြာသို၊ ခေါင်ဆို တပို့တွဲ၊ နောက်လွှဲအချင်းမြှုပ်။



## သူငယ်ထမင်းစ၍ခွံ့ရန်ရက်

ဖွားမြင်ပြီးနောက်၊ ခြောက်လမြောက်၊ ကောက်၍ထမင်းခွံ့။
လေး၊ ခြောက်၊ ကိုး၊ ရှစ်၊ တစ်ဆယ့်နှစ်၊ ပစ်လေရှောင်ခွာစွန့်။
လဆုတ် လဆန်း၊ ဉာဏ်ရက်ကြမ်း၊ ဘေးဘျမ်းများကြဲလွှန့်။

## သူငယ်ကို မြေနင်းစေရက်

ဖွားမြင်ပြီးနောက်၊ သုံးလမြောက်၊ ကောက်၍မှန်မသွေ။
မိဘနှစ်ပါး၊ စုံညီတား၊ သားကို မြေနင်းစေ။
မြေချသောခါ၊ နေ့အင်္ဂါ၊ ရှောင်ပါနေ့စနေ။

## မဖွားနိုင်သောသားကို ဖွားအောင်ပြုနည်း

မဖွားသားငယ်၊ သားသည်မယ်၊ အလွယ်ဖွားနည်းပြု။
သစ်ပင်ကိုခုတ်၊ ကျန်ဆူးငုတ်၊ သမုတ်သစ်ကြိတ်ရ။
ထိုဆူးကိုယူ၊ ဆံထုံးမူ၊ လွယ်ကူစိုက်ကုန်ကြ။

အင်္ဂုလိမာလ နာမခေါ်ထွေ၊ ပရိတ်ရေ၊ သောက်လေမူချ ဖွားတတ်လှ။

ယတောဟံ ဘဂိနိ အရိယာယဇာတံယာ ဇာတော၊ နာဘိ ဇာနာမိ သဉ္စိစ္စ 'ပါဏံ ဇီဝိတာ ဝေါရောပေတွာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု။ သောတ္ထိ ဂဗ္ဘဿ။

www.burmeseclassic.com

www.burmeseclassic.com



ဤပရိတ်ရေကို ခုနစ်အုပ် မန်းတိုက်လျှင်လည်း သားဖွား တတ်သည်ဟူလို။

**သေ၍မဖွားနိုင်သောသားကို ဖွားအောင်ပြုလုပ်နည်း**

သားငယ်သေငြား၊ သားမဖွား၊ မှတ်သားဖွားလွယ်ရန်။
စစ်သိမ်မြစ်လှ၊ ကြိတ်ပြီးမှ၊ ဆီးစချက်မံ။
အသေဖွားမြင်၊ ထိုမိခင်၊ လွယ်ပင်ချမ်းသာမြန်။

* * * * *

# အိပ်မက်တိတ္ထုံပြဆိုချက်

## အိမ်မက်အကျိုးပေးအဟော

ညဦးတစ်နှစ်ဆောင်၊ သန်းခေါင်လခွဲ၊ သန်းလွဲခုနစ်ရက်၊ မိုးသောက်မက်မှာ၊ တစ်လကြာသည်။ ။ မှတ်ပါအိပ်မက် အကျိုးပေး တည်း။

## စားသည်ကိုစွဲ၍ မက်သောအဟော

၁။ သစ်သီးမှည့် သခွားသီးမှည့်စားသည် မည်သော်လည်း ကောင်း၊ လက်သုပ်အမြိန် အရသာစား မက်သော်လည်းကောင်း၊ အုန်းသီး ထန်းသီးစား မက်သော်လည်းကောင်း လာဘ်ရအံ့။

၂။ ရှောက်သီး၊ သံပုရာသီးစား မက်သော်သတ္တုရှုရန်ပျောက်အံ့။

၃။ မန်ကျည်းသီးစားမက်သော် သူကောင်းဖြစ်အံ့။

၄။ ငရုတ် ချင်းစားမက်သော် သူတကာတို့ ဆရာဖြစ်အံ့။

၅။ ဟင်းမျိုး၊ သား၊ ငါးစားမက်သော်လည်းကောင်း၊ အရွက်ဟူ သမျှစား မက်သော်လည်းကောင်း လာဘ်ရအံ့။

၆။ လိပ်၊ ငါးစားမက်သော် စပါးဆန်ရေများအံ့။

၇။ လိပ်ဥ၊ ဖွတ်ဥစ၍ ဥမျိုးမှန်သမျှစားမက်သော် ဆင်းရဲသော် လည်း ကြွယ်ဝချမ်းသာဖြစ်အံ့။

၈။ သူကောင်းစားမက်သော် စစ်သူကြီးဖြစ်အံ့။

၉။ ထမင်းစားမက်သော် လာဘ်ရအံ့။

၁၀။ ရွှေခွက်နှင့်ထည့်၍ ထမင်းစားမက်သော် လာဘ်ရအံ့။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ အပုပ်စားမက်သော် လာဘ်ရအံ့။
(၎င်းအပုပ်စားပြီး အန်မက်သော်မကောင်း။)

၁၂။ ထမင်းစားမက်သော် ရသောကျွန်ကြောင့် ဗျာပါများအံ့။

၁၃။ မိကျောင်းသားစားမက်သော် လာဘ်ကြီးရအံ့။

၁၄။ လူသားစားမက်သော် ကျေးရွာ၊ ဆင်၊ မြင်းရအံ့။

၁၅။ ချိုးသား၊ ကြက်သားစားမက်သော် လာဘ်ရရာအံ့။

၁၆။ ငါးစိမ်း၊ သားစိမ်းစားမက်သော် မယား သူ့အိမ်တွင် နှံ့ရရာ၏။

၁၇။ ကွမ်းရွက်၊ သစ်ရွက်စားမက်သော် ပုဆိုးကောင်းရရာ၏။

၁၈။ ကြက်စသော တိရစ္ဆာန်ခြေဖျား အတောင်ဖျားဟူသမျှကိုစား မက်သော် ချမ်းသာရာ။

## သောက်သည်ကိုစွဲမက်ခြင်းအဟော

၁။ နို့ကို ရွှေခွက်နှင့်ထည့်၍ သောက်မက်သော် လာဘ်ကြီး ကောင်းစွာ ရရာ၏။

၂။ မြစ်ရေကိုသောက်မက်သော် သူတကာတို့ထက် ကျော်စော ထင်ရှားရာ၏။

၃။ နွားနို့သောက်မက်သော် ဥစ္စာများအံ့။ (သူတကာတို့ အပေါ်၌ မိမိက ကျေးဇူးပြုရရာ၏လည်းဟူ။)

၄။ သမုဒ္ဒရာရေသောက်မက်သော် အလွန်ကောင်းစွ။

၅။ ပျားရည်သောက်မက်သော် ကြံသမျှပြီး၍ လာဘ်ကြီး ရရာ၏။



၆။ နှမ်းဆီသောက်မက်သော် ကြောင့်ကြစိုးရိမ်ခြင်းပျောက်ကင်း ရာ၏။

၇။ ရေသောက်မက်သော် မင်းအရာရှိဖြစ်ရာ၏။

၈။ နို့ဟူသမျှသောက်မက်သော် မင်းအရာရှိဖြစ်ရာ၏။

၉။ သေအရက်သောက်မက်သော် စိုးရိမ်ကြောင့်ကြများရာ၏။ (လာဘ်ကြီး ရရာ၏လည်းဟူ)

## စီးသည်ကိုစွဲ၍ မက်ခြင်းအဟော

၁။ ထမ်းစင် သံလျင်းစီးမက်သော် လာဘ်ရရာ၏။

၂။ ပုခက်စီးမက်သော် ထင်ရှားရာ၏။

၃။ မိကျောင်းစီးမက်သော် သတ္တုရုရန်ကို နိုင်ရာ၏။ (မင်းဖြစ်ရာ၏လည်းဟူ။)

၄။ သင်္ဘော လှေစီးမက်သော် သူတကာတို့ထက် မြတ်သည် ဖြစ်ရာ၏။

၅။ ဆင်ဖြူစီးမက်သော် မင်းသားကား မင်းဖြစ်ရာ၏။ သူကြီးကား အမတ်ဖြစ်ရာ၏။

၆။ နွားလည်ပင်းစီးမက်သော် ချမ်းသာရာ၏။

၇။ လှေစီးလျက် နစ်မြုပ်သည်မက်သော် မကောင်း။

၈။ လှေစီးမက်သော် ချမ်းသာရာ၏။

၉။ ရထားစီးမက်သော် မယားကောင်းရရာ၏။

၁၀။ ဖိနပ်စီးမက်သော် ဖျားနာရာ၏။

၁၁။ မြွေငန်းစီးမက်သော် ဖျားနာရာ၏။

၁၂။ ပတ္တမြားစီးမက်သော် သားကောင်းရရာ၏။

၁၃။ ကျွဲစီးမက်သော် ကျွန်ရရာ၏။

www.burmeseclassic.com



## မြင်ခြင်းစသည့်ကို စွဲမက်ခြင်းအဟော

၁။ မိမိအူကို ထုတ်၍ ပြည်ပတ်မက်သော် တိုင်းပြည်ကို အစိုးရသော ဘုရင်မင်းဖြစ်အံ့။ ၎င်းမိမိအူကိုထုတ်၍ ရွာကိုပတ်မက်သော် ရွာသူကြီးဖြစ်အံ့။ သူတကာတို့ထက် အကြီးအကဲ ဖြစ်အံ့။

၂။ ကောင်းကင်၌ နေ၊ လ ကြွတ်သည်ကိုမြင်မက်သော် မင်းနှင့်တူသော သားကို ဖွားမြင်အံ့။

၃။ ဆင်းတုရုပ်ပွား တရားဟောသည်ကို နာကြားရမက်သော် ကျော်စောအံ့။

၄။ ၎င်းဘုရားသခင် ရုပ်ပွားကြွသွားတော်မူသည်ကို မက်သော် ဘုန်းကျက်သရေတိုးအံ့။

၅။ တောင်ဖျားတက်မက်သော် အရပ်ရေလေးမျက်နှာကလာ မက်သော် လာဘ်ရအံ့။

၆။ အသီးရှိသောသစ်ပင်ကို တက်မက်သော် နောက်မှ ချမ်းသာ ရအံ့။

၇။ အမှုများသည်မက်သော်၊ ကျွဲ နွား ကြီးစွာမြင်မက်သော်၊ သူကောင်ချီမက်သော် အတုမရှိအောင်ကောင်းအံ့။

၈။ သူငယ်ချီမက်သော်၊ ရွှေ ငွေကို အစိုးရမက်သော် ချမ်းသာအံ့။

၉။ ထီးဆောင်းမက်သော် ချမ်းသာရာ၏။

၁၀။ အသီး အရွက်နှင့်ပြည့်စုံသောသစ်ပင်မြင်မက်သော် ဥစ္စာများစွာ ရရာ၏။ ကျေးဇူးကြီးရာ၏။



၁၁။ ပြာသာဒ်ကြီးပြုမက်သော် မက်သောသူတို့သည် ကောင်းသော မက်ခြင်းတည်း။

၁၂။ ကျောက်ဖျာကိုမြင်မက်သော် ကျေးဇူးကြီးသည်ဖြစ်ရာ၏။

၁၃။ ရဟန်းပုဏ္ဏားနှင့် ကြုံမက်သော် ချမ်းသာရရာ၏။

၁၄။ ပုဏ္ဏားကို စွဲလမ်းမက်သော် လာဘ်ရရာ၏။

၁၅။ မြစ်ကူးမက်သော်၊ ဘင်ပုပ်လူးကျံမက်သော် ယုတ်သူလည်း လာဘ်ရရာ၏။ မြတ်သောသူလည်း အမိ အဘ အရာ ကျေးလက် ရရာ၏။

၁၆။ သိန္ဓောရမက်သော် အသက်ရှည်ရာ၏။

၁၇။ အုန်းသီး၊ ထန်းသီးမြင်မက်သော် လာဘ်ရရာ၏။

၁၈။ ပုဆိုးဖြူ ပန်းဖြူဝတ်မက်သော် သူကြီးဖြစ်ရာ၏။

၁၉။ ပချုပ်တွင်း၌ မီးတောက်သည်ကိုမြင်မက်သော်၊ ခေါင်းလုံ့ အရောင်တောက်မက်သော် ကျွန်သားတော်လည်း တော်လှန်အံ့။ မတော်လှန်မူ အမတ်ဖြစ်ရာ၏။ အမတ်မူ မင်းဖြစ်ရာ၏။

၂၀။ ကိုယ်တွင် လောက်တက်မက်သော် ကျွန် နွားများရရာ၏။

၂၁။ မြေဇာပန်းပန်မက်သော် မင်းဆရာဖြစ်ရာ၏။

၂၂။ ငှက်ဖမ်းမက်သော် ကျွန် နွားများအံ့။

၂၃။ တန်ဆောင်ညှိမက်သော် စာပေတတ်ရာ၏။ ထင်ရှားကျော်စောရာ၏။

၂၄။ နဂါးဖမ်းမက်သော် သတ္တုရရန်ပျောက်အံ့။

၂၅။ အိမ်ရာထောင်မက်သော် လာဘ်ကြီးစွာရအံ့။

၂၆။ တီ၊ မြွေ့ တွယ်မက်သော် သူကြီးဖြစ်အံ့။

www.burmeseclassic.com

www.burmeseclassic.com



၂၇။ တံခွန်လှူမက်သော် ထင်ရှားသည်ဖြစ်အံ့။

၂၈။ ကောင်းကင်သို့ပျံမက်သော် ဂုဏ်နည်းထင်ရှားအံ့။

၂၉။ ဆင်စွယ်နှစ်ချောင်းကိုင်သည်ကိုမက်သော် ကောင်းစွာ ထင်ရှားသောအမတ်ဖြစ်အံ့။

၃၀။ စည်ကြီး၊ ကြေးနင်း၊ မောင်းခွက်၊ ခွင်း၊ ပတ်သာ၊ နရီ၊ ခရာ၊ ခေါင်းလောင်းသံကိုကြားမက်သော် နှစ်လိုဝမ်းသာအံ့။ သတင်း ကောင်း ကြားအံ့။

၃၁။ မိုးကြိုးသံ၊ စည်သံ၊ ခရာသံ၊ နှဲသံ ကြားမက်သော် မင်းအမတ်ဖြစ်အံ့။

၃၂။ မြင်းမိုရ်တောင်ကိုခေါင်းအုံးမက်သော်လည်းကောင်း၊ သမုဒ္ဒရာကို သင်ဖြူခင်းမက်သော်လည်းကောင်း၊ မိန်းမ ခြံရံလျက် စည်းစိမ်ချမ်းသာခံစားမက်သော်လည်းကောင်း၊ ထိုသုံးပါးတို့တွင် တစ်ပါးပါးကိုမက်သော် လူသော်ကား မင်းဖြစ်အံ့။ ရဟန်းသော်ကား မထေရ် ဖြစ်အံ့။

၃၃။ ရေအိုးတွင် နေ၊ လ ကျသည်ကိုမြင်မက်သော်လည်း ကောင်း၊ လက်တွင် ကြာရောက်သည်ကို မြင်မက်သော် လည်းကောင်း အိမ်ရှေ့မင်းမူ မင်းဖြစ်အံ့။

၃၄။ ဂူလိုဏ်ကိုမြင်မက်သော်လည်းကောင်း၊ သံတိုင်ပြသည်ကို မြင်မက်သော်လည်းကောင်း၊ ကွမ်းစင်အခေါင် တုပ်မက်သော်လည်းကောင်း၊ ငှက်ပျောပင် စိုက်မက်သော် လည်းကောင်း မင်းသားကား ဘုရင်ဖြစ်အံ့။ သူဌေးသားကား အမတ်ဖြစ်အံ့။



၃၅။ အုတ်ခဲပစ်မက်သော်လည်းကောင်း၊ ရွှေ၊ ငွေကို မြင် မက်သော်လည်းကောင်း၊ တန်ဆာဆင်မက်သော် သူတို့ ရှိခိုးရာ၏။

၃၆။ ဦးခေါင်းထက် ကြာညိုရောက်မက်သော်လည်းကောင်း၊ ကြာညိုပန်းကို နားတောင်းဝတ်မက်သော်လည်းကောင်း မယား ကောင်းရအံ့။

၃၇။ ဘင်ပုပ် မစင်လိမ်းကျံမက်သော် ကြွယ်ဝအံ့။ ကျွဲ နွား များအံ့။

၃၈။ အသံသာစွာ ကြွေးကြော်မက်သော် သူတကာထက် ထင်ရှား၍ စည်းစိမ်ချမ်းသာကြီးအံ့။

၃၉။ နေ၊ လ ဖမ်းမက်သော် စွဲမက်သော် မင်းကလာဘ်ကြီး ပေးအံ့။

၄၀။ နေအိမ်ဖွဲ့သည်ကိုမြင်မက်သော် ကျေးဇူးကြီးသည်ဖြစ်အံ့။

၄၁။ လအိမ်ဖွဲ့သည်ကိုမြင်မက်သော် စိုးရိမ်ပျောက်၍ ချမ်းသာ ရောက်အံ့။

၄၂။ မြင်းမိုရ်တောင်ကိုတက်မက်သော် မင်းဖြစ်အံ့။ ချစ်သူ များအံ့။ သူတကာကို မှီတင်းရာဖြစ်အံ့။

၄၃။ နေမွန်းတည့်သည်ကိုမြင်မက်သော် အကျိုးကြီးစွာ ချမ်းသာ ရအံ့။

၄၄။ ကြယ်ကိုမြင်မက်သော်လည်းကောင်း၊ မြင့်မြတ်စွာတက် မက်သော်လည်းကောင်း သူတကာထက်မြတ်အံ့။

၄၅။ ကြယ်ရောင်ထွန်းသည်ကိုမက်သော်လည်းကောင်း၊ ကိုယ် ပုပ်သည်ကိုမြင်မက်သော်လည်းကောင်း တန်ခိုးကြီးသည် ဖြစ်အံ့။

www.burmeseclassic.com

www.burmeseclassic.com



၄၆။ မီးမှုတ်သည်ကိုမြင်မက်သော်လည်းကောင်း၊ ချွန်းတောင်းစွဲသည်ကိုမြင်မက်သော်လည်းကောင်း၊ သူတစ်ပါးကိုအောင်မက်သော် လည်းကောင်း၊ မောက်တို ဆောင်းမက်သော်လည်းကောင်း သူကြီးဖြစ်အံ့။

၄၇။ ဦးခေါင်းရိတ်မက်သော်လည်းကောင်း၊ လည်တိုမက်သော်လည်းကောင်း ဖျားနာအံ့။

၄၈။ ထမ်းစင်ထက် ကျိုးနားသည်ကိုမြင်မက်သော် ဖျားနာသေပျောက်တတ်၏။

၄၉။ အိမ်ရာပြိုမက်သော်လည်းကောင်း၊ တောင်ပြိုမက်သော်လည်းကောင်း၊ ဘုရားပုထိုးပြိုမက်သော်လည်းကောင်း၊ သစ်ပင်ကျိုး မက်သော်လည်းကောင်း၊ အိုးမည်း လိမ်းကျံမက်သော်လည်းကောင်း၊ အဝတ်ပုဆိုး ဝတ်မက်သော်လည်းကောင်း ထိုအိပ်မက်စုကား မကောင်းတတ်။

၅၀။ ခြေသည်းလက်သည်းလှီးမက်သော်လည်းကောင်း၊ အိမ်တွင်ခရမ်းပင်စိုက်မက်သော်လည်းကောင်း၊ ယောက်ျားအချင်းချင်း ဆီးဝတ်သည်မက်သော်လည်းကောင်း၊ မြစ်ကူးမက်သော် လည်းကောင်း၊ တံတားလျှောက် မက်သော်လည်းကောင်း ထိုအိပ်မက်စုကား စိုးရိမ်လျက် အလိုပြည့်အံ့။

၅၁။ ငါးရံ့ဖမ်းမက်သော် လာဘ်ရအံ့။

၅၂။ ဖျာလိပ်မက်သော်လည်းကောင်း၊ မိမိကိုယ်ကို ရှူးသွပ်သည်ကိုမက်သော်လည်းကောင်း လာဘ်ရအံ့။

၅၃။ ဝက်ရှူးပြုလုပ်မက်သော် ရန်သူရောက်အံ့။



၅၄။ ခါး လုံ့ စွဲမက်သော်လည်းကောင်း၊ ဆံရှည်မက်သော်လည်းကောင်း အသက်ရှည်အံ့။

၅၅။ ရေကိုမြင်မက်သော် ချမ်းသာအံ့။

၅၆။ ဦးခေါင်းဖီးသည်ကိုမက်သော်လည်းကောင်း၊ သူ့ကိုထိုးခုတ်သည် မက်သည်လည်းကောင်း ဘေးပျောက်အံ့။

၅၇။ ထင်းပုံကိုမြင်မက်သော်လည်းကောင်း၊ ကျားကိုမြင်မက်သော်လည်းကောင်း မကောင်း။

၅၈။ လက်ဝါး၌ ကြာပေါက်သည်ကိုမက်သော်လည်းကောင်း၊ ဝက်ကို ယုန်ကို ခြလှောင်မက်သော်လည်းကောင်း၊ တံခွန်လွှား မက်သော်လည်းကောင်း၊ ပန်းစည်းကို ကိုင်ဆောင်မက်သော်လည်း ကောင်း ထိုအိပ်မက်စုကား ကျော်စောအံ့။

၅၉။ လှည်း ပျဉ် တစည်း ဆုံ ခြားရဟတ်ကိုမြင်မက်သော် သူမကောင်းကြံဟတ်၏။

၆၀။ လွှားကာ ကစားမက်သော်လည်းကောင်း၊ သစ်ပင်ခုတ်မက်သော်လည်းကောင်း မကောင်းတတ်။

၆၁။ ကျားစွယ်၊ မိကျောင်းစွယ် ရင်ခွင်ပိုက်မက်သော် အမတ်ကြီး ဖြစ်အံ့။

၆၂။ သွေးပေါက်ယိုမက်သော်လည်းကောင်း၊ ခြေလက်ပြတ်မက်သော်လည်းကောင်း ဘုန်းကြီးအံ့။

၆၃။ အရှူးလှည့်ပတ်သည်ကိုမြင်မက်သော်လည်းကောင်း၊ စောင်းတီးမက်သော်လည်းကောင်း သွားလေရာ လာဘ်ရအံ့။

www.burmeseclassic.com

www.burmeseclassic.com



၆၄။ နွားဖမ်းမက်သော်လည်း သူကြီးဖြစ်အံ့။

၆၅။ မိကျောင်းဖမ်းမက်သော် ဆုလာဘ်ရအံ့။

၆၆။ နေအိမ်၊ လအိမ်ဖွဲ့သည်ကိုမြင်မက်သော် သားကောင်း သမီးကောင်း ဖွားမြင်အံ့။

၆၇။ သစ်သီးလွယ်ပိုက်မက်သော် ကောင်းလေစွ။

၆၈။ တရားဟောမက်သော် သူနှင့် မျက်လိုကြအံ့။

၆၉။ ဆံပြေသည်ကိုမက်သော်လည်းကောင်း၊ စားကြူးသည်ကို မက်သော်လည်းကောင်း ဉစ္စာရွှေငွေလျှောအံ့။ ဖျားလည်း ဖျားနာ တတ်၏။

၇၀။ အိမ်ကိုဆူးရံမက်သော်လည်းကောင်း၊ ဆူးစူးသည်ကို မက်သော်လည်းကောင်း သူခိုးနှိပ်စက်အံ့။

၇၁။ ပုဆိုးသစ်မြင်မက်သော် ဘုန်းကျက်သရေတက်အံ့။

၇၂။ ဓာတ်တော်ရမြင်မက်သော် ဘုန်းကျက်သရေတက်အံ့။

၇၃။ နွားမ ရ မက်သော် စည်းစိမ်ချမ်းသာများအံ့။

၇၄။ လက်ယာလက်ရုံးပြုတ်မက်သော်လည်းကောင်း၊ မြွေခဲ မက်သော်လည်းကောင်း ချမ်းသာအံ့။

၇၅။ ခရီးသွားမက်သော် ကြံသမျှမြောက်အံ့။

၇၆။ ဘုရားရုပ်တု၊ ဆင်းတုကိုမြင်မက်သော် ကျက်သရေတိုးအံ့။

၇၇။ ခရုသင်းကိုမြင်မက်သော် ဘေးပျောက်အံ့။

၇၈။ ဆင်၊ မြင်းဝိုလ်ပါ မြင်မက်သော် ချမ်းသာရာ၏။

၇၉။ အိမ်သစ်တက်၍ စောင်းတီးသည်ကို မြင်မက်သော်လည်း ကောင်း၊ အိမ်မိုးခေါင်တက်၍ ရေသောက်သည်ကို မြင်မက်သော် လည်းကောင်း မင်းဖြစ်အံ့။



၈၀။ မြေဇာပန်းပန်မက်သော်လည်းကောင်း၊ ပတ် စည် တီးမက် သော်လည်းကောင်း မင်းဆရာဖြစ်ရာ၏။

၈၁။ လည်တိုမက်သော်လည်းကောင်း၊ သျှောင်ဆံထုံးလှီးမက် သော်လည်းကောင်း ဖျားနာရာ၏။

၈၂။ လိပ် ငါးဖမ်းသည်ကိုမြင်မက်သော် ဆန်စပါးရရာ၏။

၈၃။ မျောက်ကိုမြင်မက်သော် မကောင်း။ (ရွှေငွေရရာ၏လည်း ဟူ၏။)

၈၄။ ကျွဲနွားကို ခြံသွင်းမက်သော် အများသခင်ဖြစ်ရာ၏။

၈၅။ ချောင်းရေ၊ ကန်ရေကိုမြင်မက်သော် သူကြီးဖြစ်ရာ၏။

၈၆။ လောက်ဖမ်းမက်သော် အစားဆန်ရေ များရာ၏။

၈၇။ ဆံရှည်မက်သော် အဆွေအမျိုးရောက်ရာ၏။ (ပြန့်ပွား ရာ၏လည်း ဟူ၏။)

၈၈။ ဥယျာဉ်မြေမြင်မက်သော် လာဘ်ကြီးရရာ၏။

၈၉။ ဆင်ဖြူကို ချွန်းတင်သည်မြင်မက်သော် သူကောင်းဖြစ် ရာ၏။

၉၀။ အိမ်၌ထင်းပေါက်သည်ကို မြင်မက်သော် မိုးကြိုးကျရာ၏။

၉၁။ အိမ်ကိုမီးလောင်သည်ကို မြင်မက်သော် မကောင်းစွ။

၉၂။ ရဟန်းအိမ်၌နေမက်သော် ချမ်းသာအံ့။

၉၃။ ကောင်းကင်ပျံတက်သည်ကို မြင်မက်သော်လည်းကောင်း၊ တံခွန်လှူမက်သော်လည်းကောင်း ထင်ရှား၏။

၉၄။ အိမ်၌နေကြသည်ကို မြင်မက်သော် အိမ်ရှေ့မင်း ဖြစ်ရာ၏။

၉၅။ ကိုယ်လက်ယားယံသည်မက်သော်လည်းကောင်း၊ အပုပ်ကို မြင်မက်သော်လည်းကောင်း လာဘ်ကြီးရရာ၏။

www.burmeseclassic.com

www.burmeseclassic.com



၉၆။ အိုးလည်ပြုတ်သည်ကို မြင်မက်သော် မကောင်း။

၉၇။ ငိုကြွေးမက်သော် စည်းစိမ်ချမ်းသာများရာ၏။

၉၈။ ဦးထုပ်ဆောင်းမက်သော်လည်းကောင်း၊ ဆံရှည်သည်ကို မြင်မက်သော်လည်းကောင်း၊ လိင်ရှည်သည်ဟူ၍ မြင်မက်သော်လည်းကောင်း၊ မိန်းမအမွေးရှည်သည်ဟူ၍ မြင်မက်သော်လည်းကောင်း၊ မိန်းမတကာကို စွဲမက်သော်လည်းကောင်း ချမ်းသာရာရ၏။

၉၉။ ကြာသွတ်အိုးနှင့် ရေချိုးမက်သော်လည်းကောင်း၊ နွားခေါင်းသွေးထွက်မက်သော်လည်းကောင်း သူတကာတို့ မှီခိုရာဖြစ်၏။

၁၀၀။ သူ့မျက်စိ သူ့ဦးခေါင်းထုတ်မက်သော်၊ လှီးမက်သော်၊ ရိတ်မက်သော် စည်းစိမ်ဥစ္စာများရာ၏။

၁၀၁။ နို့ညစ်မက်သော် ကြွယ်ဝရာ၏။

၁၀၂။ ကျွဲခတ်သည်ကို မြင်မက်သော် ဘေးတွေ့အံ့။

၁၀၃။ စပါးကိုမြင်မက်သော် စကားဖြစ်ရာ၏။

၁၀၄။ ကြက်ခွပ်သည်ကိုမြင်မက်သော် တရားတပေါင် ဖြစ်ရာ၏။

၁၀၅။ ဝက်ပက်သည်ကိုမြင်မက်သော် ခိုက်ရန်ဖြစ်ရာ၏။

၁၀၆။ အထက်ရှေ့သွားကျိုးနေသည်ကိုမြင်မက်သော် သား၌ ဥပဒ်ရောက်ရာ၏။

၁၀၇။ အောက်ရှေ့သွားကျိုးသည်ကိုမြင်မက်သော် သမီး၌ ဥပဒ်ရောက်ရာ၏။

၁၀၈။ အံသွားကျိုးသည်ကို မြင်မက်သော် အဆွေအမျိုးကြီးသူတို့ ဥပဒ်ရောက်ရာ၏။



၁၀၉။ လက်ကတုံးတိုင်လဲသည်ကို မြင်မက်သော် ကိုးကွယ်ရာ လူတို့သေရာ၏။

၁၁၀။ လက်ကသည်းတိုင်လဲသည်ကို မြင်မက်သော် မယား သေ၏။

၁၁၁။ တိုင်မ လဲသည်ကိုမြင်မက်သော် မိမိသေရာ၏။

၁၁၂။ မီးတငွေ့ငွေ့ မြင်မက်မူ နှလုံးပူပန်ရာ၏။

၁၁၃။ မီးပုံကိုမြင်မက်သော် အလွန်ပူစာရာ၏။ (ဘုန်းကန်ခိုး တိုးရာ၏လည်းဟူ၏။)

၁၁၄။ လေ့စီးလျက်နစ်မက်သော် မကောင်း။

၁၁၅။ ရွှံ့ကို ချင်းနင်းသည်မက်သော် အသရေညှိုး၏။

၁၁၆။ အဝတ်အစားကို ရွှံ့စင်မက်သော် မကောင်းသောသတင်း ဖြစ်ရာ၏။

၁၁၇။ လဲသည်ဟူ၍မက်သော် တရားရှုံးရာ၏။

၁၁၈။ လက်စွပ်ဝတ်မက်သော် သူစွပ်စွဲလာရာ၏။ ရသော ကျွန်ကြောင့် ဗျာပါရှိအံ့။

၁၁၉။ လူသေကိုမြင်မက်သော် အပြီးအစီးသို့ရောက်၏။

၁၂၀။ သေသူယလာသည်ကို မြင်မက်သော် စကားဟောင်း ပေါ်လာရာ၏။

၁၂၁။ တောင်ထက် ထက်ဝယ်ဖွဲ့၍နေမက်သော် မင်းဖြစ်၏။

၁၂၂။ တောင်ထက်၌နေမက်သော် အမတ်စစ်သူကြီး ဖြစ်ရာ၏။

၁၂၃။ မုန့်တိုင်း လေပွေထမက်သော် စိုးရိမ်ကြောင့်ကြများရာ၏။

၁၂၄။ ပိတုန်းတုပ်မက်သော် သူချစ်များရာ၏။

၁၂၅။ ဂုံညင်းကစားမက်သော် မင်းဖြစ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၂၆။ ခြေတိုမက်သော်လည်းကောင်း၊ ကိုယ်မွေးရှည်မက်သော်လည်းကောင်း တန်ခိုးကြီးရာ၏။

၁၂၇။ သူ့ကို အုတ်ခဲပစ်မက်သော် ဥစ္စာကျရာ၏။

၁၂၈။ ကိုယ့်ကို အုတ်ခဲပစ်ခံရမက်သော် ဥစ္စာရအံ့။

၁၂၉။ ငှက်တော်ကိုဖမ်းမက်သော် အမတ်ဖြစ်ရာ၏။

၁၃၀။ ငှက်ပျောပင်များကို မြင်မက်သော် ရွာပြောင်းရရာ။

၁၃၁။ လေးမျက်နှာမှလာသော သူခိုးကိုဖမ်းမက်သော် ချမ်းသာရာ၏။

၁၃၂။ ကျောက်ဖျာကို အိမ်မိုးမိုးမက်သော် ကျွန်များသခင်ဖြစ်ရာ၏။

၁၃၃။ ခြေသည်းလက်သည်း အိမ်ခြေစသည်တို့ကို ရေတွက်မက်သော် အသက်ရှည်ရာ၏။

၁၃၄။ ငါးဟူသမျှ ဖမ်းမက်သော်လည်းကောင်း၊ မိန်းမတို့နှင့်အတူ အိမ်မက်သော်လည်းကောင်း လာဘ်ရရာ၏။

၁၃၅။ ဆားလျက်မက်သော် သူတကာတို့၏ ကိုးကွယ်ရာဖြစ်ရာ၏။

၁၃၆။ မြွေပွေး၊ မြွေဟောက်ကိုမက်သော် ရန်ခပ်သိမ်းပျောက်ရာ၏။

၁၃၇။ မိန်းမတို့ နားထွင်းမက်သော် ရွှေ ငွေ ရရာ၏။

၁၃၈။ တောင်ပို့ထက်၌ ခေါင်းဖီးမက်မူ သူတကာတို့၏ ကိုးကွယ်ရာဖြစ်၏။

၁၃၉။ ဥဗျိုင်းတို့သည် ကိုယ်၏အပေါ်း ဝန်းကျင်ရန်မက်သော် အိမ်ရှေ့မင်း ဖြစ်ရာ၏။

၁၄၀။ ဘုရားရှိခိုးမက်သော် ချမ်းသာရရာ၏။



၁၄၁။ ကုန်းပြင်သို့တက်ပြီးမှ ကြည်းသို့သက်၍ ခေါင်းဆေးမက်သော် မင်းဖြစ်ရာ၏။

၁၄၂။ ခင်ပုပ်ငှက်မြည်သံကို ကြားမက်သော် အနာကြီးသင့်ရာ၏။

၁၄၃။ အိမ်ဝတွင် မှိုပေါက်သည်ကိုမြင်မက်သော် မိုးကြိုးကျရာ၏။

၁၄၄။ ဥဒေါင်းမြည်သံကြားမက်သော် နှလုံးသာရာ၏။

၁၄၅။ စန္ဒကူးလိမ်းကျံမက်သော်လည်းကောင်း၊ ပန်းပန်မက်သော်လည်းကောင်း ဖျားနာရာ၏။

၁၄၆။ ဆင်ပေါက်ကိုမြင်မက်သော် သူတကာတို့ ရှိခိုးခြင်းကို ခံရရာ၏။

၁၄၇။ ကြာပွင့်ကို ပန်မက်သော် ဖျားနာရာ၏။

၁၄၈။ ကျောက်ဖျာထက်နေမက်သော် ကောင်း၏။

၁၄၉။ သာယာသောအသံကို ကြားမက်သော် သတင်းကောင်းကြားရာ၏။

၁၅၀။ သူဦးခေါင်းပြတ်သည်ကို မြင်မက်သော် ရန်ခပ်သိမ်းပျောက်ရာ၏။

၁၅၁။ စိုးရိမ်ကြောင့်ကြသည်ဟု မြင်မက်သော် ဆိုလေရာရာအောင်ရာရာ။

၁၅၂။ ရွှေး၊ သွေးထွက်မက်သော် ဘုန်းကြီးရာ၏။

၁၅၃။ နွားကျောင်းသည်ကို မြင်မက်သော် သူတကာတို့၏ အကြီးဖြစ်ရာ၏။

၁၅၄။ လက်ကောက်၊ နားဍောင်း၊ ဆံကျင်ဝတ်မက်သော် ဥစ္စာရှိသော မိန်းမကိုရရာ၏။

၁၅၅။ မြေကြီးကို ဖျာကဲ့သို့လိပ်မက်သော်လည်းကောင်း၊ ခိုငှက်ဖမ်း မက်သော်လည်းကောင်း လူတို့သခင်ဖြစ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၅၆။ မန်ကျည်းသီးဆွတ်မက်သော် မင်းစေသူကောင်းဖြစ်ရာ၏။

၁၅၇။ မြင်းမိုရ်တောင်ကိုပတ်ပတ်လည်မက်သော် စစ်သူကြီးဖြစ်ရာ၏။

၁၅၈။ ရယ်မှုရယ်စားပြုမက်သော် ဝမ်းမြောက်ဝမ်းသာကိစ္စဖြစ်ရာ၏။

၁၅၉။ မကာရ်ဖမ်းမက်သော်လည်းကောင်း၊ အိမ်ရာထောင်မက်သော်လည်းကောင်း လာဘ်ရရာ၏။

၁၆၀။ ရွှေလက်ကောက်ဝတ်မက်သော် သူကြီးတို့ချီးမွမ်းသည်ကိုခံရအံ့။

၁၆၁။ ရေနောက်ကိုမြင်မက်သော် ရန်ကြီးစွာဖြစ်အံ့။

၁၆၂။ ရေကြည်ကိုမြင်မက်သော် ရန်ငြိမ်းအံ့။

၁၆၃။ ဓား၊ လှံအရောင်တောက်သည်ကို မြင်မက်သော် ဘုန်းကျက်သရေတက်အံ့။

၁၆၄။ ထမင်းနှင့်တကွ သပိတ်ကိုလွယ်မက်သော် လာဘ်ကြီးရအံ့။အိပ်မက်မက်ခြင်းမည်သည် အကြောင်းခုနစ်ပါးရှိသည်ဖြစ်၍ အဆိုးမက်သည်ဖြစ်စေ၊ အကောင်းမက်သည်ဖြစ်စေ မက်တိုင်း အကျိုးပေးလိမ့်မည်ဟူ၍ မထင်မှတ်ထိုက်၊ အကျိုးမပေးဟူ၍လည်း မအောက်မေ့ရာ၊ ဉာဏ်ဖြင့်ဆင်ခြင်၍ စိုးရိမ်ခြင်း၊ ဝမ်းမြောက်ခြင်းကိုဖြစ်စေရာ၏။

အိပ်မက်တိတ္ထုံအပေါ်ပြီး၏။

# အသားလှုပ်ကျမ်း

လူတို့ကိုယ်ကာယ အင်္ဂါကြီး, ငယ် အစိတ်အပိုင်းတို့၌ လှုပ်ခြင်းသည် သွေး၊ လေ ဥပဒ်ကြောင်လည်း လှုပ်၏။ ဖြစ်လိုပျက်လိုသောနိမိတ်ကြောင့်လည်း လှုပ်၏။ ထိုလှုပ်ခြင်း ၂ ပါးတို့တွင် သွေး၊ လေ ဥပဒ်ကြောင့် လှုပ်ခြင်းကိုပယ်၍ ဖြစ်လိုပျက်လိုသောနိမိတ်ကြောင့်လှုပ်ခြင်းကို စိတ်နှလုံးမှတ်ပိုက်ပြီးလျှင် ယှဉ်သင့်၊ ကြဉ်သင့်သည့်အတိုင်း ယှဉ်၊ ကြဉ်ခြင်းကို ပြုပါက မုချလောက၌ဖြစ်သော အကျိုးကျေးဇူးကို ခံစံရလိမ့်မည်ဟု ပညာရှိတို့ ဆိုကြကုန်၏။

၁။ ထိပ်လှုပ်မူ မင်းပူဇော်ခံရအံ့။ ချစ်သောအဆွေခင်ပွန်းနှင့်လည်း တွေ့ကြုံအံ့။

၂။ လက်ဝဲဦးကင်းလှုပ်မူ သတင်းကောင်းကြားရအံ့။ အကြံအစည် ထမြောက်အောင်မြင်အံ့။

၃။ လက်ယာဦးကင်းလှုပ်မူ လာဘ်ရအံ့။

၄။ လက်ယာအထက် မျက်ခုံးလှုပ်မူ လာဘ်ရအံ့။ အဆွေခင်ပွန်းကောင်းနှင့် တွေ့ကြုံရအံ့လည်းဟူ၏။

၅။ လက်ဝဲအထက် မျက်ခုံးလှုပ်မူ အကြံအစည်အောင်အံ့။ ခင်ပွန်းကောင်း တွေ့ကြုံရအံ့လည်းဟူ၏။

၆။ လက်ယာအောက်မျက်ရည်ခံလှုပ်မူ သူတစ်ပါးတို့နှင့်ခိုက်ရန်၊ အမျက်ဒေါသရှိအံ့၊ ချစ်သူနှင့် တွေ့ကြုံရတုန်းမယားရအံ့လည်းဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ လက်ဝဲအောက် မျက်ရည်ခံလှုပ်မူ ငိုယိုရအံ့။ ဆင်းရဲအံ့လည်းဟူ၏။

၈။ လက်ယာနားလှုပ်မူ ချမ်းသာသုခရအံ့။

၉။ လက်ဝဲနားလှုပ်မူ သူတစ်ပါးနှင့် ခိုက်ရန်ဒေါသဖြစ်အံ့။ ဥစ္စာ ရအံ့လည်းဟူ၏။

၁၀။ လက်ယာနှာခေါင်းလှုပ်မူ ချစ်သူခင်သူများအံ့။ ခင်ပွန်းကောင်း ရအံ့လည်းဟူ၏။

၁၁။ လက်ဝဲဘက်နှာခေါင်းလှုပ်မူ ချမ်းသာသုခကိုရအံ့။

၁၂။ ဦးခေါင်းလှုပ်မူ ငယ်ပျိုသူလည်း မိန်းမရတနာကိုရအံ့၊ သူကြီးမှာလည်း လာဘ်ရအံ့။

၁၃။ လက်ယာအောက်နှုတ်ခမ်းလှုပ်မူ မကောင်းစကားဆိုအံ့။ ခိုက်ရန်ဖြစ်အံ့လည်းဟူ၏။

၁၄။ လက်ဝဲအောက်နှုတ်ခမ်းလှုပ်မူ အဝေးဆောင်ပါးစကား ကြားရအံ့။

၁၅။ လက်ယာအထက်နှုတ်ခမ်းလှုပ်မူ ချစ်သောသူနှင့် စကားဆို ရအံ့။

၁၆။ လက်ဝဲအထက်နှုတ်ခမ်းလှုပ်မူ သူတစ်ပါးတို့နှင့် ခိုက်ရန် အမျက်ဒေါသပွားရအံ့။

၁၇။ မေးလှုပ်မူ စကားကြောင့်အမှုဖြစ်အံ့၊ ဆင်ခြင်လေ။

၁၈။ လည်လှုပ်မူ အဝတ်တန်ဆာဆင်ယင်ရအံ့၊ ရွှေငွေရအံ့၊ သူပူဇော်ခြင်းကို ခံရအံ့။

၁၉။ လက်ယာပခုံးလှုပ်မူ မယားကောင်းရအံ့၊ ဆင်မြင်းရအံ့၊ မိန်းမနှင့် ခိုက်ရန်ဖြစ်အံ့လည်း ဟူ၏။



၂၀။ လက်ဝဲပခုံးလှုပ်မူ ဥစ္စာလာဘ်ရအံ့၊ သူနှင့်ရန်ဖြစ်အံ့လည်း ဟူ၏။

၂၁။ လက်ယာဘက်ဆီးစပ်လှုပ်မူ ထင်ရှားကျော်စောအံ့။

၂၂။ လက်ဝဲဘက်ဆီးစပ်လှုပ်မူ လူလိမ်နှင့်တွေ့၍ ပျက်စီးအံ့၊ ဥပဒ်ဖြစ်အံ့လည်းဟူ၏။

၂၃။ ကျောလှုပ်မူ အဝတ်အစားရအံ့။

၂၄။ လက်ယာဘက်လက်ရုံးလှုပ်မူ ခင်ပွန်းရအံ့၊ အမြိန်အရသာ စားရအံ့၊ ချစ်သောသူ ဥစ္စာပေးလာအံ့။

၂၅။ လက်ဝဲလက်ရုံးလှုပ်မူ သူတစ်ပါး ဥစ္စာပေးလာအံ့၊ ချစ်သူ၏ ဥစ္စာကိုရအံ့။

၂၆။ လက်ယာလက်ဖဝါးလှုပ်မူ အမြိန်အရသာစားရအံ့။

၂၇။ လက်ဝဲလက်ဖဝါးလှုပ်မူ မကောင်း၊ ဦးခေါင်းဆေးပါ။

၂၈။ လက်ယာရင်ဘတ်လှုပ်မူ ဆိုဖွယ်ရာမရှိ ကောင်းအံ့။

၂၉။ လက်ဝဲဘက် ရင်ဘတ်လှုပ်မူ စိတ်နှလုံးတွေဝေအံ့။

၃၀။ ချက်လှုပ်မူ ဥစ္စာရအံ့၊ ကောင်းသောခင်ပွန်းရအံ့။

၃၁။ လက်ယာဝမ်းပြင်းလှုပ်မူ အမြိန်အရသာကောင်း စားရအံ့။

၃၂။ လက်ဝဲ ဝမ်းပြင်းလှုပ်မူ လာဘ်ရအံ့။

၃၃။ နှလုံးသားလှုပ်မူ ခင်ပွန်းကောင်းသော်လည်းကောင်း၊ ဥစ္စာ သော်လည်းကောင်းရအံ့။

၃၄။ လက်ယာပါးပြင်လှုပ်မူ အမြိန်အရသာကောင်း စားရအံ့။

၃၅။ လက်ဝဲပါးပြင်လှုပ်မူ သူနှင့်ပြောဟောရအံ့။

၃၆။ လက်ယာနဖူးလှုပ်မူ အခြံအရံများအံ့။

www.burmeseclassic.com

www.burmeseclassic.com



၃၇။ လက်ဝဲနဖူးလှုပ်မှု သူနှင့်အမျက်ဒေါသဖြစ်ပွားအံ့။
၃၈။ ကြွခြေလှုပ်မှု မယားကောင်းရအံ့၊ သူတစ်ပါးတို့နှင့် စကားဆိုရအံ့လည်း ဟူ၏။
၃၉။ အင်္ဂါဇာတ်လှုပ်မှု ဥစ္စာပျောက်ရအံ့။
၄၀။ လက်ယာဘက်လည်ကုပ်လှုပ်မှု ရွှေ ငွေဥစ္စာတိုးအံ့။
၄၁။ လက်ဝဲလည်ကုပ်လှုပ်မှု ဥစ္စာပျောက်ရအံ့။
၄၂။ လက်ယာနှာခေါင်းလှုပ်မှု သူဥစ္စာပေးလာအံ့။
၄၃။ လက်ဝဲနှာခေါင်းလှုပ်မှု အစိုးရသူကို ပူဇော်ခြင်းကိုခံရအံ့။
၄၄။ လက်ယာတင်သားလှုပ်မှု ဆင် မြင်းစီးရအံ့၊ သူတစ်ပါးတို့ရန်ပြုလာအံ့လည်းဟူ၏။
၄၅။ လက်ဝဲတင်သားလှုပ်မှု ချမ်းသာစွာနေရအံ့၊ မိန်းမကြောင့်ဥပဒ်ဖြစ်အံ့လည်းဟူ၏။
၄၆။ ခါးလှုပ်မှု ဥစ္စာပျောက်အံ့။
၄၇။ လက်ယာပေါင်လှုပ်မှု အကျိုးကျေးဇူးပေးအံ့။
၄၈။ လက်ဝဲပေါင်လှုပ်မှု ချစ်သောသူနှင့် စကားဆိုရအံ့။
၄၉။ လက်ယာပုဆစ်လှုပ်မှု ကောင်းသောလာဘ်ရအံ့။
၅၀။ လက်ဝဲပုဆစ်လှုပ်မှု ခိုက်ရန်ဖြစ်အံ့၊ ရှောင်လေ။
၅၁။ လက်ယာခြေသလုံးလှုပ်မှု ကောင်း၏။ မြတ်သောလာဘ်ရအံ့။
၅၂။ လက်ဝဲခြေသလုံးလှုပ်မှု မိန်းမနှင့်မျက်လိုကြအံ့။ မိန်းမဥပဒ် မှုလာအံ့။
၅၃။ လက်ယာမြင်းခေါင်းလှုပ်မှု ကောင်း၏။



၅၄။ လက်ဝဲမြင်းခေါင်းလှုပ်မှု ကျွန်ရအံ့၊ သူဖျက်လာအံ့။
၅၅။ လက်ယာခြေဖဝါးလှုပ်မှု ကောင်း၏။ အဆွေခင်ပွန်းဆီသို့သွားရအံ့။ ခရီးမရှိသောဆီသို့သွားရအံ့။
၅၆။ လက်ဝဲခြေဖဝါးလှုပ်မှု ကြီးသောသူတို့အတွက် စိုးရိမ်ကြောင့်ကြရအံ့။
၅၇။ လက်ယာခြေလှုပ်မှု ထဘီဝတ် ရန်ပြုလာအံ့။
၅၈။ လက်ယာခြေလှုပ်မှု မယားနှင့် မျက်လိုကြအံ့။
၅၉။ လက်ယာသားမြတ်လှုပ်မှု အိမ်တွင်ရှိသော ဥစ္စာပျောက်အံ့။
၆၀။ လက်ဝဲသားမြတ်လှုပ်မှု ကောင်းသောဥစ္စာရအံ့။
၆၁။ လက်ယာလက်လှုပ်မှု မင်းပူဇော်ခံရအံ့။
၆၂။ လက်ဝဲလက်လှုပ်မှု ဥစ္စာလာဘ်ရအံ့။

အသားလှုပ်ကျမ်းပြီး၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## လူတို့ဦးခေါင်းထား၍ အိပ်ရာ စားရာ အရပ်ကိုပြခြင်း

လူတို့သည် အရှေ့အရပ်၊ တောင်အရပ်ကိုဦးခေါင်းထား၍ အိပ်ရာ၏။ မြောက်အရပ်၊ အနောက်အရပ်တို့ကို ဦးခေါင်းထား၍ မအိပ်အပ်၊ အိပ်မိလျှင်ဆင်းရဲဒုက္ခတွေ့အံ့၊ စည်းစိမ်ဥစ္စာပျက်စီးအံ့။

ထမင်း၊ အာဟာရကိုစားသောအခါ၌လည်း တောင်အရပ်၊ အနောက်အရပ်၊ အရှေ့အရပ်တို့ကိုမျက်နှာမူ၍စားအပ်၏။ မြောက်အရပ်ကိုမျက်နှာမူ၍ မစားအပ်၊ စားမိလျှင် အထက်အိပ်နည်းအတူ ပျက်စီးတတ်၏။ ဤသည်လျှင် ရှေးလူဟောင်းတို့ အယူတစ်မျိုးတည်း။

## နေ့စွဲယတြာပြုနည်း

တနင်္ဂနွေ ဖျားနာတွေ့မူ၊ ယူလေဆန်မှုန့်၊ နှုတ်သီးစုန့်နှင့်၊ ဂဠုန် အဆင်း၊ ရုပ်လုပ်လျဉ်းမှ၊ ထမင်းမုန့်ပဲ၊ နို့ခဲသြဇာ၊ ရသာ့မြိန်ယှက်၊ ငှက်ပျောခွက်ဝယ်၊ ဟင်းရွက်ဟင်းသီး၊ ရှာမှီးမကျန်၊ ပန်းမန်ဟူသည်၊ ခုနစ်မည်နှင့်၊ အညီထည့်ပြီး၊ ထီးလေးမျက်နှာ၊ ထောင့်ကြက်လျှာနှင့်၊ နံ့သာဝေါက်ပေါက်၊ ကြဲမြောက်ဆွတ်ဖျန်း၊ ထုံမွှမ်းကြိုင်ကြိုင်၊ မီးတိုင်တင့်မော၊ ပြောင်ပြောင်နှောမှ၊ ဦးနမော ဗုဒ္ဓရက္ခာ၊ ဓမ္မရက္ခာ၊ သံဃရက္ခာ၊ သွာဟာ၊ ခုနစ်ခါလျှင်၊ မန်းမှုတ်နှင့်မှ၊ မိန်းမထ၍၊ နှိပ်ချလေးသွယ် သုံးကြိမ်သွယ်လျက်၊ ပါယင်ချက်သို့



ဆောင်ယူပို့သော်၊ မချို့ရောဂါ၊ စန့်ကျန်းမာ၍၊ တေဇာဖြိုးမြ တက်စေသောဝ်။

တနင်္လာမည် ဖျားနာတည်မူ၊ ကျား၏ရုပ်သွင်၊ ပြီစွာဆင်မှ၊ သည့်ပြင်သဗ္ဗ၊ ကြွင်းသမျှကား၊ ရှေ့ကနည်းတူ၊ လုံးစုံယူလျက်၊ လူလူလျှံညီ၊ မီးတိုင်ညို၍၊ ဦးယက္ခနိ၊ ယက္ခနိ သွာဟာ၊ ဟယ်ဘိလူးမ၊ နင်ထွက်၍သွားလေတော့၊ မ်မေ့မန္တာန်၊ ခုနစ်တန်သည်၊ မန်းလိုက်ဘိမှ၊ ရှေးကနည်းတူ၊ သွယ့်ကာယူလျက်၊ တူရှုပြုဗ္ဗာ၊ ဆောင်ယူပါသော်၊ ဝေဒနာဆင်းရဲ၊ ဖျားနာရှု၍ ရှင်မြဲစဉ်ဆက် မပျက်သောဝ်။

အင်္ဂါမည်နေ့ ဖျား၍တွေ့မူ၊ ခြင်္သေ့ရုပ်ပုံ၊ လုပ်ပြီးတုံမှ၊ လုံးစုံစီရင်၊ ရှေးနည်းဆင်၍၊ ရောင်တင်ထွန်းပ၊ မီးတိုင်ပြလျက်၊ ဦးယက္ခ ယက္ခသစ္စိသွာဟာ၊ ခုနစ်ခါရေ၊ မန်းလိုက်လေမှ၊ ရှေးပေနည်းဖြင့်၊ သွယ်ယူမြင့်၍၊ ရန်ဆင့် နရတိ၊ ပို့ဆောင်ဘိလျှော့၊ ဗျာခ်ပျောက်ကြွေ၊ ရှင်းရှင်းပြု၍ သမ်းဝေမငဲ့ကွက်စေသောဝ်။

ဗုဒ္ဓဟူးနေ့တွင် ဖျားနာချင်မူ၊ ဆင်ရုပ်အတု၊ ပြီစွာပြု၍၊ ရှေးမူ စုံညီ၊ နည်းကိုမှီလျက်၊ ရောင်ညီတင့်မော၊ မီးတိုင်နှော၍၊ ဦးနမောတိ သွာဟာ၊ ခုနစ်ခါလျှင်၊ မန်းမှုတ်ထင်မှ၊ ရှေးသွင်မဗျ၊ သွယ့်ကာ ဆွဲလျက်၊ မလွဲဥတ္တရာ၊ ဆောင်ပို့ပါသော်၊ ရောဂါကင်းပြေ၊ ရှင်းရှင်းလွတ်၍ ဥပဒ္ဒဝေါ သက်စေသောဝ်။

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးရက် ဖျားနာဖက်မူ၊ ကြွက်ချေး၏သဏ္ဍာန်၊ လုပ်တုံပြန်မှု၊ ထည့်ရန်စေ့ရေ၊ ရွှေးနည်းဖွေလျက်၊ ဝေဝေလျှံဝါ၊ မီးတိုင်ဖြာ၍၊ဦးသုတိယာ ကရောတိရာ၊ ကရောတိ၊ သွာဟာ၊ ခုနစ်တန်၊ မန်းမှုတ်ပြန်မှ၊ ရွှေးဟန်မထူး၊ သွယ့်တုံဦးလျက်၊ စူးစူးတောင်ခွင်၊ ပို့သတင်သော်၊ ကင်းစင်ဝေဒနာ၊ ဘေးရောဂါသည်၊ လွတ်ကာခဏ၊ ပျောက်စေသောဝ်။

သောကြာနေ့ဝယ် . . . ဖျားနာတွယ်မူး အကယ်ပူးရုပ်၊ ပြီးစွာလုပ်မှု၊ ပေါင်းချုပ်ယှဉ်ပြိုင်၊ ရွှေးနည်းဆိုင်လျက်၊ မီးတိုင်ရောင်ဝါ၊ ထွန်းလင်းဖြာ၍၊ ဦးဝိသာယာ သွာဟာ၊ ခုနစ်ခါကြိုက်၊ မန်းမှုတ်လိုက်မူ၊ ရွှေး၌နည်းမှီး၊ သွယ့်တုံပြီးမှ၊ တသီးနောက်ပါး၊ ဆောင်ယူသွားသော်၊ နာဖျားပျောက်ဆုတ်၊ စက်နှင့်ခုတ်သို့၊ မယုတ်ဥပဒ်ကင်းရာသောဝ်။

စနေနေ့ကား ဖျားနာငြားမ၊ နဂါးရုပ်သွင်၊ ဖန်စီရင်၍၊ ထို့ပြင်နည်းတံ၊ ရွှေးကပုံလျှင်၊ ရောင်ဟုန်တိုင်ချော၊ မီးလျှံနှော၍၊ ဦးနမောမဟာယက္ခ၊ သဗ္ဗယက္ခာ၊ ပလာယန္တိ၊ မန်းဘိခုနစ်ကြိမ်၊ မန္တာန်ရှိမ်မှ၊ မွေ့သိမ့်ရှေ့တုံ၊ သွယ့်မှုတ်ပြုလျက်၊ ရပ်မွအဂ္ဂိ၊ ပို့သည်ရှိသော်၊ ဗျာဓိဥပဒ်၊ ကြွင်းမဲ့ပြတ်၍၊ နတ်နှယ်ဘုန်းထွန်း၊ တက်စေသောဝ်။

ဗုဒ္ဓဟူးနေ့ရက်အပြုတွင်၊ ရဟုအဝင်၊ မွန်းယွန်းတွင်၌၊ ဖျားနာခိုက်မူ၊ ထိုလိုက်မသွင်း၊ သိန်းရုပ်သွင်းမှ၊ ရွှေးခင်းသောထွေ၊ စီရင်စေလျက်၊ ရောင်ထွေပြန်ပြော၊ မီးတိုင်နှော၍၊ ဦးနမောတိ သွာဟာ၊ ခုနစ်ခါမန်း၊ မန္တာန်မွန်းမှ၊ ရွှေးညွှန်းသောထူ၊ သွယ့်မှုတ်ယူလျက်၊



တူရူဇကန်၊ ပို့ပိမ့်မှန်သော်၊ နာဒဏ်ပြတ်မြဲ၊ ရှိန်ပူစဲသည်၊ ခွရဲရောဂါ၊ ကင်းစေသောဝ်။

## ဂြိုဟ်ဒသာညံ့သူ ယတြာပြုနည်း

ဂြိုဟ်စီးဒသာ၊ ညံ့သောခါ၊ ရောဂါဘေးရန်များ။
သက်စေ့နံ့တူ၊ ပန်းကိုယူ၊ လှူစေမြတ်ဘုရား။
နံ့စေ့မီးတိုင်၊ ညီးညီးပြိုင်၊ ဆိုင်ရာထွန်းညှိထား။
ဤသို့ယတြာ၊ ပြုသောခါ၊ ရောဂါရန်ပျက်ပြား။

## အသက်ရှည်အောင် ယတြာဘုရားထု၍ ကိုးကွယ်နည်း

မွေးနံ့သစ်သား၊ ကိုယ်တော်စား၊ ဘုရားထုပြီးမှ။
မြင့်မြတ်ရာမှာ၊ ထားပြီးခါ၊ ကောင်းစွာပူဇော်ကြ။

အသက်ရှည်ကြောင်း၊ ယတြာလောင်း၊ ထုံးဟောင်းဖော်ထုတ်ပြ။

| | | |
|---|---|---|
| တနင်္ဂနွေနေ့သား | - | အင်။ |
| တနင်္လာနေ့သား | - | ကံ့ကော်။ |
| အင်္ဂါနေ့သား | - | ဩောင်။ |
| ဗုဒ္ဓဟူးနေ့သား | - | လွန်။ |
| ကြာသပတေးနေ့သား- | | ပေါက်။ |

www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့သား - သီး။

စနေနေ့သား - ထိန်။

ဤမွေးနံ့သင့်အသားတို့ကို ဘုရားထု၍ ကိုးကွယ်လျှင် အသက်ရှည်၏ဟု ဆိုလိုသည်။ ယခုအခါ သားငယ်၊ သမီးငယ်၊ အသေအပျောက်များသောသူတို့မှာ ၎င်းနည်းအတိုင်း သား၊ သမီးတို့ နံသင့်သစ်သားကို ဘုရားထု၍ ကိုးကွယ်မူ သူငယ်တို့ အသက်ရှည်ရာ၏။

## စီးပွားများအောင် ယတြာဘုရားထု၍ ကိုးကွယ်နည်း

ကိုယ့်မွေးနေ့မှ၊ ရေတွက်ဆသော်၊ သုံးကျလေငြား၊ နံအသားကို၊ ဘုရားကိုယ်တော်တု။

ဝန္ဒနာမာန၊ သက္ကာရ၊ နိစ္စအမြဲပြု။

စီးပွားဥစ္စာ၊ ရတနာ၊ များစွာ တော်င်နှယ်စု။

တနင်္ဂနွေနေ့သား - ညောင်။

တနင်္လာနေ့သား - လွှန်။

အင်္ဂါနေ့သား - ပေါက်။

ဗုဒ္ဓဟူးနေ့သား - သီး။

ကြာသပတေးနေ့သား- ထိန်။

သောကြာနေ့သား - အင်

စနေနေ့သား - ကျွန်း။

ဤတြိရန်းနံ သစ်သားကို ဘုရားထု၍ ကိုးကွယ်ရမည်ဆိုလို ပါသည်။



## မြဲမြံတည်တံ့အောင် ယတြာဘုရားထု၍ ကိုးကွယ်နည်း

ကိုယ့်မွေးနေ့မှ၊ ရှေ့နောက်ကျသည့်၊ နှစ်ဝန်များ၊ ထိုသစ်သားကို၊ ဘုရားထုလေသင့်။

တည်ကြည်မြဲမြံ၊ ချမ်းသုခံ၊ ဝင်လျှံစန်းနှယ်ပွင့်။

တနင်္ဂနွေနေ့သား - ထန်းကျင့်။

တနင်္လာနေ့သား - ဩဇာ။

အင်္ဂါနေ့သား - ကလိန်။

ဗုဒ္ဓဟူးနေ့သား - စိန်ပန်း။

ကြာသပတေးနေ့သား- ဝါးသဲ့။

သောကြာနေ့သား - ပိတောက်။

စနေနေ့သား - သစ်အယ်။

ဤနံသင့်အသားတို့ကို ဘုရားထု၍ ကိုးကွယ်မူ တည်တံ့ မြဲမြံ၏ဟုဆိုလိုသည်။

## လင်းတ၊ ဗျိုင်းနား ယတြာပြုနည်း

အိမ်ပေါ်၌ လင်းတနားရင်က စကားတတ်ကျေးကိုတင်၊ နဝရတ်ရေစင်ဖျန်းတယ်၊ ချမ်းသာလိမ့်ထင်။

ဗျိုင်းနားလျှင်၊ တိတ္ထုံတြွင်အဟော၊ ဆီခွက်ကို တင်ကာထားရ၊ စီးပွားပြန့်ပြော။

www.burmeseclassic.com

www.burmeseclassic.com



## ငှက်နားခြင်းနှင့်တကွ ပြုရသောယတြာများ

စွန်၊ မြင်းဝံငှက်၊ ရေကြက်၊ ကြိုးကြာငှက်၊ ဇီဝဇိုးငှက်၊ ဝံလိုငှက်၊ အောက်ချင်းငှက်၊ ထောက်ရှာငှက်၊ တိန်ညင်၊ ဘုမ္မတီးငှက်၊ ဇီးကွက်၊ ငှက်ဆိုး၊ လင်းဝက်ငှက်၊ ၎င်းဖော်ပြထားသော ငှက်အပေါင်းတို့တွင် လူတို့နေသော အိမ်ခေါင်မိုးပေါ်သို့ တစ်ကောင်ကောင် တက်နားခဲ့လျှင် ကြီးစွာဘေးအန္တရာယ်မှစ၍ ဥစ္စာစည်းစိမ်တို့သည် လျော့ပါးခြင်းကို ဖြစ်တတ်သော အနိဋ္ဌာရုံတို့ကို ပျောက်ပျက်ခြင်း အလို့ငှာ အိုးသစ်ထဲ၌ သပြေပန်း၊ မြေဇာပန်း၊ ထိန်ပန်း၊ ဆယ့်နှစ်ရာသီပန်းတို့ကို စိုက်ထားပြီးမှ တုသီလ ပုဂ္ဂိုလ်ကျော် ရဟန်းတော်တို့ကို ပင့်ဖိတ်ပြီးလျှင် ဘုရားဒေသနာ ကမ္မဝါစာ ရွတ်ဖတ်ခြင်းတို့မှစ၍ ပရိတ်မွန်းခြင်း၊ မေတ္တာတော်ရေကို သွန်းဖျန်းခြင်းတို့ကို ပြုလုပ်ပြီးမှ ယခင်ငှက်နားသောနေရာကို တက်ပြီးလျှင် ပရိတ်တော်ရေကို ပက်လေ။ ၎င်းပန်းတို့ကိုလည်း အိမ်လေးထောင့်စိုက်ခြင်း၊ ထိုးထားခြင်းတို့ကို လုပ်ပါလေ။ ကောင်းသော အနိဋ္ဌာရုံဖြစ်၍ ကျောက်သံပတ္တမြား၊ စပါး၊ ဆန်၊ ရေ၊ ရွှေ၊ ငွေ၊ ကျွဲ၊ နွား၊ ကျွန်ကျေးများနှင့် ပြည့်စုံခြင်းတို့ ဖြစ်လိမ့်မည်။ အသက်လည်းရှည်တတ်၏။ သူခပ်သိမ်းတို့လည်း ချစ်ခင်စုံမက်တတ်သည်။



## တောင်ပို့ပေါက်ခြင်းနှင့် ပြုအပ်သောယတြာ

တောင်ပို့ အိမ်အောက်ကရှိသော် အာယုခက်၊ အင်းအဌ မုခ်အင်းနှင့် ခေါင်းဆေးလေ။ အိမ်ဦးအောက်ရှိသော် နဝဂ္ဂါရအင်းနှင့် ခေါင်းဆေးလေ။ ရေအိမ်အောက်ရှိသော် နဝတောင်းအင်းနှင့် ခေါင်းဆေးလေ။ ကြမ်းပြင်အောက်ရှိသော် တမ္ဗဒီပအင်းနှင့် ခေါင်းဆေးလေ။ အိမ်စသည်တို့ကိုစွန့်၍ ဘူမိနက်သန့်ရှိ၍ ကောင်းသောလက်ဖမိုးနှင့် တူသောမြေမှာနေလေ။

အိမ်ရှေ့မှာရှိမူ ရန်ခပ်သိမ်းကင်းအံ့။

တောင်ကရှိမူ ချမ်းသာအံ့။

အနောက်ကရှိမူ သား, မြေး, ကျေးကျွန်နာအံ့။

အနောက်မြောက်ထောင့်ကရှိမူ ခိုးသူဝင်ဖန်များအံ့။ပယ်ဘိ။

မြောက်ကရှိမူ စပါးများအံ့။

အရှေ့တောင်ထောင့်ကရှိမူ သူ ပူဇော်ခံရအံ့။

## အိပ်မက်၌ယတြာပြုနည်း

အကုံရ ရသေ့ တိတ္ထိုကျမ်းအဆိုမကောင်းသောအိပ်မက်တို့ကို မြင်မက်ခဲ့လျှင် ရတနာသုံးပါး၊ မိဘတို့အား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီတင်း စောင့်ခြင်းတို့ကို ပြုလုပ်လျှင် မကောင်းကျိုး ပျောက်၍ ကောင်းကျိုးရောက်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောအိပ်မက်တို့ကို မြင်မက်ခဲ့မူ ပေါ့ပေါ့ဆဆ မနေရာ၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စောင့်စည်း၍ ရတနာသုံးပါးကို ဆည်းကပ်ခြင်း၊ ဆရာမိဘတို့အား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီတင်း စောင့်သုံးခြင်းတို့ကိုပြုမူ အကျိုးပေတတ်လေသည်။

## ငှက်နားယတြာပြုနည်း

လင်း၊ ဝံလို၊ ထိုထိုငှက်များ အိမ်မှာနား ဖျက်ပြားဘေးဒဏ်ရ။
ရေပြည့်အိုးမှာ၊ သခြေဝါ၊ နေဇာထည့်ပြီးမှ။
ပရိတ်ရွတ်ကာ၊ ရေနှင့်သာ၊ နားရာဆေးကြောကြ။
ပန်းကိုတစ်ဖန်၊ လှူစေ့ဖန်၊ ဘေးရန်ကွယ်ရှင်းပ။

## ကျက်သရေတိုးအောင် ယတြာပြုနည်း

ကျက်သရေတိုးရန်၊ ခွန်းမိတ်ပြန်၊ မြဲမြဲမှတ်သိထား။
သီရိရပ်မှာ နေ့လိုက်သာ ပြုရာကုသိုလ်များ။
ဖွား-တနင်္ဂနွေ၊ ဖြစ်ခဲ့ပေ၊ ပြုလေစေတီများ။
နေ့တနင်္လာ၊ ထိုသူမှာ၊ ပြုရာလှူကန်အား။
အင်္ဂါသားမှာ၊ တံခွန်သာ၊ စိုက်ပါမှန်မမှား။
ဗုဒ္ဓဟူးဖွားလတ်၊ ကျောင်းဇရပ်၊ ပြုအင် ဂူ၊ လိုဏ်များ။



တန်ဆောင်း၊ ဇရပ်၊ ပြုလတ်ရေတွင်း၊ တံတားခင်း၊ ဖွားခြင်းဂုရုသား။

သောကြာတန်ဆောင်၊ စိုက်တည်ထောင်၊ ထွန်းဖ်ပြောင် သီရိဖွား။

တံခွန်ကြီးစွာ၊ စိုက်သင့်ပါ၊ နေ့မှာစနေသား။

ထွန်းကျက်သရေ၊ ရွှန်းလျက်ဝေ၊ တက်နေပုံအလား။

မိမိမွေးနံ့အရပ်ကစ၍၊ ပရိဝါရ၊ အာယု၊ နာဂရ၊ ဘုမိဂဟာပတိ၊ တေဇ၊ ဌာန၊ သီရိဟူ ရှစ်မျက်နှာရေတွက်ပြီးလျှင် သီရိကျအရပ်၌၊ နေ့သားအလိုက်ပြုလေ၊ ကျက်သရေတိုးတက်အံ့ဟူ၏။

## သက်ရောက်ဂြိုဟ်စား ယတြာပြုနည်း

ဗေဒင်သက်ရောက်ယတြာအဟော ရှစ်ပုဒ်နှင့် ဂြိုဟ်စီး ဂြိုဟ်နင်း၊ ဂြိုဟ်စာကျွေးနည်း၊ ဂြိုဟ်ခေါ်နည်း၊ ဆုတောင်းနည်းတို့ကို ဗေဒင်ဟောသောဆရာများ တတ်သိနားလည်ထိုက်သည် အားလျော်စွာ ဖော်ပြလိုက်ပါအံ့။

## တနင်္ဂနွေသက်ရောက် ယတြာအဟောလက်ာ

အဖျားအနာ၊ ရှိသောခါမူ၊ စင်စွာသန့်ရှင်း၊ ခေါ်ဝယ်ကျင်း၍၊ ထမင်းဖြူထွား၊ ငါးနှင့်သစ်သီး၊ ဆီမီးတံခွန်၊ ပန်းမွှန်ဝါနီ၊ ခုနစ်လျှင်၊ တောင်ချိဝဲသုန်၊ ဂဠုန်အပြောက်၊ အမောက်ကြွားကြွား နဂါးအညီ၊

www.burmeseclassic.com

www.burmeseclassic.com



လူကိုအဖြူ၊ ကြွက်မူအနီ၊ စီစဉ်ထူးဆန်း၊ မကောင်းရှေ့သား၊
အရုပ်ငါးနှင့် ကိုယ်အားခုနစ်ပတ်၊ သွယ်ဝယ်လတ်၍ အမှတ်မယွင်း၊
တနင်္ဂနွေ ထိန်ဝေရောင်လျှံ၊ နေထွက်မှန်ကို၊ ဧကန်ရပ်သို့၊
ပူဇော်ပို့လော့၊ ထိုမြို့မချွတ်၊ နာလွတ်ထုံချင်၊ နံပင်ဘုရား၊
ရှင်စောများကို၊ တင်ပြားဆွမ်းပန်း၊ ရှေ့ယွန်းမြှောက်ပါး၊
ရွာသူအားလည်း၊ မုန့်ငါးကြော်ကာ၊ ပို့လေပါလော့၊ ရသာမြိန်မြတ်၊
လိပ်ဖွတ်ဥက၊ စသည်ထိုထို၊ ဆိမ့်မျိုးကိုလည်း၊ လွတ်လိုသောသူ၊
ရှောင်လေဟူ၏၊ လွယ်ကူပျောက်လိမ့် ရောဂါတည်း။

## တနင်္လာသက်ရောက် ယတြာအဟောလင်္ကာ

မအိမသာ၊ သူငယ်နာ၍၊ ချမ်းသာရာဆေး၊ လာ၍ပေးမူ၊
ဘထွေး၊ ဘကြီး၊ ဝရီးချစ်ခင်၊ ဆင်သည့်ဥစ္စာ၊ သူ့တန်ဆာကို၊
ကိုယ်မှာမရှိ၊ ချွတ်ရသည်ကား၊ ညွှန့်သားလူလူ၊ စုတ်လာဘ်ထူ၏။
အဖြူအပြောက်၊ ခွင့်ရောက်ခင်းကျင်း၊ တနင်္လာသား၊ တည်ပြား
ကွမ်းနှီး၊ ရှေ့ကနေ၍၊ ပေးဝေဆက်ဆက်၊ ဆယ့်ငါးရက်နှင့်၊
ခြောက်ရက်တိုင်က၊ သက်သာရလိမ့်၊ ခြေမှာလက်မှား၊ ယားယံစွာ၍၊
အနာတရ၊ ပေါက်တတ်လှ၏။ ဖြစ်ကပြလို၊ ငှက်ညိုခွေးနီ၊
စုံစီခြယ်လှယ်၊ စားဖွယ်ထူးလည်၊ ခုနစ်မည်နှင့်၊ တလီမြောက်ချောင်၊
အရှေ့တောင်သို့၊ ရောက်အောင်ပို့သ၊ သုံးပန်းလှအား၊ ယုယ
သွယ်လယ်၊ ရှည်ကိုးကွယ်က၊ အလွယ်ဆက်ဆက်၊ ရှေ့သုံးရက်နှင့်၊
လေးရက်တိုင်က၊ ချမ်းသာရလိမ့်၊ ထိုမှခပ်သိမ်း၊ အနာတည်း။



## အင်္ဂါသက်ရောက် ယတြာအဟောလင်္ကာ

ကိုယ်လုံးကိုက်ခဲ၊ လှိုက်လှဲကြင်နာ၊ ဝမ်းထဲမှာလည်း၊
ရောဂါပိတ်ထွေး၊ အနာပေးလိမ့်၊ နီးဝေးမြေပြင်၊ ရှေ့တောင်ခွင်သို့၊
မရွှင်မပျ၊ သွားရာကလျှင်၊ ထိတ်လှသောထွေ၊ လဲပြိုလေ၏၊
တမ္ဘွေနတ်ဆိုး၊ ရက္ခစိုးလည်း၊ မျက်ငြိုးဝေလောင်၊ ထိုတောင်အရှေ့၊
သစ်ပင်ကွေ့က၊ တွေ့လေအခိုက်၊ ဖမ်းစားလိုက်၏။ ခေါ်ခြင်းလျက်၊
ငှက်ပျောရွက်နှင့်၊ မချက် မဖုတ်၊ ကြက်ပြုတ်ထမင်း၊ ညိုငင်း
ထွန်းပြောင်၊ တန်ဆောင်းတံခွန်၊ ပန်းမွန်သစ်သီး၊ ဖြစ်ညည်းရှေ့ရှူ
ခုနစ်ခုမလွဲ၊ ယှဉ်မှီတွဲလျက်၊ ရေအနက်လည်း၊ ဆွတ်ပက်ဖျန်း၍၊
မကားရံရွေထူး လူမူတလီ၊ ခြသေ့်နီနှင့်၊ စုံစီကြံသား၊ နွားကားအညို၊
ကိုယ်ကိုရစ်ပတ်၊ ခုနစ်ထပ်တည့်၊ လှည့်၍ပြီးလျှင်၊ အရှေ့တောင်
ခွင်သို့၊ ပို့လျက်ဆက်ဆက်၊ ရှေ့သုံးရက်နှင့်၊ လေးရက်တိုင်ခါ၊
လွတ်ချမ်းသာလိမ့်၊ အင်္ဂါရပ်က၊ အားရနှစ်ထောင်း၊ ပေးပါ
တောင်း၍၊ စားကောင်းသောက်လျာ၊ မပေးရာတွင်၊ ရွာသူဖမ်းစား၊
အငြိုးထား၏။ နွားသားရှာ၍၊ အင်္ဂါနေ့ကို၊ အရှေ့တောင်ခွင်၊
ပို့စေချင်သည်၊ အောင်မြင်လွတ်မြောက် အခါတည်း။

## ဗုဒ္ဓဟူးသက်ရောက် ယတြာအဟောလင်္ကာ

အနာအဖျား၊ ရှိငြားပူစပ်၊ ရောဂါကပ်၍၊ စုတ်လာဘ်
ထွေထွေ၊ လိုပလေ၍၊ အခြေနှစ်ချောင်း၊ ပေးမှကောင်း၏၊
ဘေးတောင်ကုမ၊ မသင့်ကမူ၊ ဒက္ခိဏာဒိသာ၊ တောင်မျက်နှာက၊

www.burmeseclassic.com

www.burmeseclassic.com



မသာမျက်ငြိုး၊ ရက္ခစိုးနှင့် နတ်ဆိုးတစ္ဆေ၊ ဖမ်းစားလေ၏၊ လွတ်စေချင်၊ ခေါတွင် သန့်ရှင်း၊ ကြာဖက်ခင်း၍၊ ထမင်းနှင့်ငါး၊ ပန်းကားသုံးလီ၊ ဖြူ နီ အဝါ၊ လျှံဖြာဝင်းပြောင်၊ တန်ဆောင်ဆီမီး၊ ခြားသီးသွယ်လစ်၊ ခုနစ်စီစု၊ နှစ်ခုရုပ်သွင်၊ လုပ်ဆောင်လျှင်မူ၊ ရွှေစင်နှုန်းတမ်း၊ မကာရ်းနဂါး၊ အနီသားနှင့်၊ ဝက်သားအမည်း၊ ရုံးစီစဉ်ယာ၊ တောင်လက်ယာသို့၊ လူးလာသွားငြား၊ ရေကန်ပါးဝယ်၊ နားမိလိမ့်မည်၊ ယင်းရန်ဆံထိုး၊ ပို့လေအမြဲ၊ တကွဲထိုရွှေ၊ ဗုဒ္ဓနေ့တွင်၊ ရွှေ့ကရောင်ဖြူ၊ နေထွက်ပြုက၊ ဥရုတိုင်ရစ်၊ ပါးကျစ်ကျစ်တွင်၊ ဖြူသစ်ပုဆိုး၊ ကောင်းမျိုးသန့်ရှင်း၊ သင်ဖြူးခင်း၍ ထမင်းမှာမူ၊ ဆန်ဖြူဆွတ်ဆွတ်၊ သုံးထပ်ဖွတ်၍၊ ပြည့်လက်အိုးသစ်၊ စလောင်းသစ်နှင့်၊ တူးခြစ်မဲငြား၊ ချက်ပြီးထားမှ၊ မုန့်ငါးကြော်ချက်၊ လက်ဖက်အုန်းရော၊ ကွမ်းငှက်ပျောလည်း၊ သဘောမျှညီ၊ ခုနစ်စီလျှင်၊ ဖြူနီနံ့သာ၊ စမ္ပာကရမက်၊ မွှေးရည်ဘက်၍၊ နေထွက်ကတင်၊ နေမင်းဝင်၍၊ အိမ်တွင်လူသာ၊ စားပါလော၊ ညခါလေးချက်၊ ခက်ပြီးနက်၍၊ ဆက်ဆက်မသင့်၊ ဆန်ကောနှင့်လျှင်၊ မြှောင်မြင့်ချီလွှား၊ ရွာသူအားကို၊ စီးပွားခန့်တွက်၊ ပေးဝေဆက်က၊ ခြောက်ရက် တိုင်လျှင်၊ ချမ်းသာမြင်လိမ့်၊ ကိုယ်ပူရှိန်၊ လွတ်ကင်းတည်း။

## စနေသက်ရောက် ယတြာအဟောလင်္ကာ

စုန်း ဖုတ် ပြိတ္တာ၊ နတ်မိစ္ဆာကြောင့်၊ ဖျားနာလည်းရှိ၊ သွေးပြည့် ကျ၏၊ ဒေါသဆင့်လောင်း၊ ရှင်ကြောင်းမတည်၊ မအီမသာ၊ ခြေပါဒရက်၊ တက်သည်ပူဆာ၊ ဝမ်းနာပေက၊



ဝေးစေနွားသား၊ နှမ်းဆီများကို၊ မစားစေလို၊ ရှောင်လေဆိုပေ့ဟော့၊ သူအိုသူငယ်၊ သေလွယ်တတ်စွ၊ ဆန်ကောလှဝယ်၊ ဖြူခွသန့်ရှင်း၊ ထမင်းခြောက် ထုပ်၊ ချုပ်ချုပ်နွေးနွေး၊ မီးသွေးသုံးခဲ၊ အမဲခြောက်တစ်၊ ခုနစ်ပတ် တွယ်၊ ရှုဘွဲ့သူရူ၊ စနေဟူသား၊ ရွှေ့ဖြူဖြောင့်ဖြောင့်၊ နောက်တောင် ထောင့်သို့၊ မှောင့်ရောင်ရန်ပ၊ ချမ်းသာရအောင်၊ ပို့သလေပါ၊ ရွာသူမှာလည်း၊ ညခါစည်ကြီး၊ လေးချက်တီးက၊ ပြီးလျှင်အသင့်၊ ယခင်ထောင့်စပ်၊ စနေရပ်သို့၊ ပို့အပ်လှစွာ ပို့ပေတမူ ထဲပမငြိမ်၊ စိုးရိမ်လောင်းအပ်၊ ပူပါသရွေ့၊ ချမ်းသာတွေ့လိမ့်၊ မရွေ့နှလုံး သာယာတည်း။

## ကြာသပတေးသက်ရောက် ယတြာအဟောလင်္ကာ

အပျိုအရွယ်၊ နှမ်းနယ်စိတ်ညစ်၊ နာတုံလစ်မှု၊ ခြေနှစ်ချောင်းဖြင့်၊ ပေးမှသင့်၏၊ မရင့်နုစွာ၊ သူငယ်မှာကား၊ မာတာပိတ၊ မိဘဘိုးဘွား၊ ဆွေဝါး မျိုးနီး၊ ဘကြီးဘထွေး၊ ခမည်းပေးသား၊ မြတ်လေးရတနာ၊ ဥစ္စာဖိုးတည့်၊ ပျောက်ရှရှိလျှင်၊ အမိ အဘ၊ လှပစေချင်၊ ဆင်သည့် ရွှေငွေ၊ ချွတ်မသွေသည်၊ ပေးဝေမမှား၊ နဂါးအညီ၊ ခြေကိုအနီ၊ စုံစီရောပြီး၊ သစ်သီးခုနစ်မည်၊ ပန်းငါးလီနှင့်၊ နို့ရည်ထောပတ်၊ ဖြူဆွတ်ပေါက်ပေါက်၊ ညိုဆောက်ထွန်းပြောင်၊ တန်ဆောင်ငါးတိုင်၊ ယှဉ်မြိုင်နီးဝေး၊ ဦးခေါင်းဆေး၍၊ ချင့်တွေးမျှော်ကြည့်၊ နေမွန်းတည့်ကို၊ သွယ်လှည့်ပတ်ကာ၊ ပစ်လေပါက၊ ပူဆာပျက်ပျောက်၊ ရှေ့နှစ် ရက်ကို၊ သက်သက်ကျန်းမာလိမ့်၊ တောင်ညာ မြောက်ကျ၊

www.burmeseclassic.com

www.burmeseclassic.com



တောင်ရပ် ကလည်း၊ ဖြူစွာ့မာတင်၊ ငါးစိရှင်နှင့်၊ နောက်ခွင်ပိုင်စား၊ မိဖုရားတို့၊ ဖမ်းစား၍သာ၊ ဘေးရောက်လာရှင့်၊ ကြာသပတေး၊ မြင်းဘေး ချမ်းမြေ့၊ ထိနေ့မယွင်း၊ နွားရိုင်းသွင်းကို၊ ခင်းကျင်းစီရင်၊ ဖက်စိမ်းတွင်း ၌၊ ပစ်တင်လေပါ၊ အနောက်မှာလည်း၊ ရွာသူအားချ၊ ပါယပ်ကတုံ၊ ဒေါသစွန်းငြိ၊ သားရဲရှိ၏။ ဗျာဓိလွတ်စေ၊ ပစ်ပါလေလော့၊ နေ့ရေ ခန့်တွက်၊ ရှေ့ငါးရက်နှင့် ခြောက်ရက်ရှိက၊ သက်သာရလိမ့်၊ ဆန်းလ တက်နေ၊ ပမာတည်း။

## ရဟုသက်ရောက် ယတြာအဟောလင်္ကာ

သုသာန် သချိုင်း၊ လုပ်တိုင်းရပ်မြေ၊ သွားမိလေ၍၊ အနေမသာ၊ ဝမ်းတွင်းမှာလည်း၊ လောင်ဆာပူလတ်၊ ရှိတတ်မမှား၊ ဝက်အသားကို၊ ရှောင်ရှားမရှိ စားလတ်မိ၍၊ မချိပြင်းပြ၊ အနာရ၏၊ နောက်ကထင်ရှား၊ မိဖုရားအား၊ စားဖွယ်ရိုသေ၊ ပူဇော်လေလော့၊ အနေမြဲစွာ၊ ပါယမ်ဘဲဝယ်၊ လဲပြိုလေ၏၊ ထိုမြေဘုတ်အား၊ အစားပေးမှ၊ ချမ်းသာသင့်တည်း။ သခင်အရပ်၊ နောက်မြောက်စပ်၌၊ လန့်ဖျပ်မူးဝေ၊ လဲပြိုလေ၏။ ထိုမြေဘုတ်အား၊ အစားပေးမှ၊ ချမ်းသာရအံ့၊ ဖရိုဖရဲ ဝက်သားကိုလျှင်၊ နှစ်လိုတိမ်းပါး၊ မစားစေလို၊ ရှောင်လေဆိုလော့။ သူအို သူငယ်၊ သေလွယ်တတ်လှ၊ မရဏကို၊ လောကသုံးဆိုင်၊ ထွန့်ဘုန်းနိုင်လျှင်၊ မပိုင်ချေဘဲ၊ သို့ကတဲ့တည်း။ ရှောင်လွဲကပ်ခက်၊ သည်ဂြိုဟ်ထက်ဝယ်၊ အသက်ကျခါ၊ ဂြိုဟ်တကာထက်၊ ရောဂါထွေထွေ၊ ဖြစ်တတ်ချေသည်၊ မြဲစေသုံးဝ၊ ရတနာတည်း။



## သောကြာသက်ရောက်အဟောလင်္ကာ

သူအို သူငယ်၊ ဖျားနာဖွယ်မူ၊ ညာဘယ်မဆန်း၊ မြောက်ရပ်ဌာန်က၊ ရေကန်စောင့်နတ်၊ ရုက္ခနတ်နှင့်၊ တစ်ရပ်ဟောခန်း၊ တစ္ဆေဖမ်း၏၊ ငြိမ်းချမ်းလွယ်ကူ၊ လွတ်လိုမူကား၊ နွားဖြူ ခွေးနီ၊ စုံစီဖြိုးမောက်၊ ပေါက်ပေါက်တစ်ဆင့်၊ သင့်အောင်ခင်းကျင်း၊ ထမင်းငါးကြော်၊ မွှေးလော်နံ့သာ၊ ပန်းနီ ဝါနှင့်၊ ကြက်လျှာတံခွန်၊ ခုနစ်တန်းစီ၊ စုံညီမယွင်း၊ ခေါ်ဝယ်ကျင်းမှ၊ ထုပ်ခင်းစီရင်၊ တောင်မှစတင်၍၊ ရေစင်အရက်၊ ပြည့်နှက်မိုမောက်၊ ဝါးကျည်တောက်နှင့်၊ လွှေ့လောက်စီးပွား၊ ဆန်စပါးလည်း၊ မပြားစေဘိ၊ တစ်ဆုပ်ထည့်၍၊ မွှန်းတည့်မတ်စွာ၊ နေ့သောကြာ၊ သွားရာရပ်သို့၊ ပို့လေဆက်ဆက်၊ ရေငါးနှင့်၊ ခြောက်ရက်တိုင်လျှင်၊ ချမ်းသာဝင်လိမ့်၊ ဖြူစင်ဥစ္စာ၊ မြင်းမှာ ဖြူမည်း၊ နွားဆိတ်ကျွဲလည်း၊ ၎င်းနည်းဖြင့်၊ ခမည်းလျှင်လျှင်၊ ပေးစေချင်သည်၊ ဖြိုးနှင့်ဥပဒ်၊ ကင်းရာတည်း။

## တံခွန်လုပ်နည်းလင်္ကာ

တနင်္ဂနွေဂြိုဟ်မင်း ရှိခြင်းတျာတျာ၊ စန္ဒာကျားမင်း၊ ဖြူခြင်းလွလွ၊ ဘောမခြသေ့်၊ ဘုန်းငွေရွှေတူ၊ ဆင်မူအစိမ်း၊ အေးငြိမ်းရေးသား၊ နဂါးအနက်၊ ကြွက်ကအဝါ၊ ဟိုင်းမှာအပြောက်၊ ထိုနေ့ကပ်ပူးမှာ၊ ဂြိုဟ်သောကြာမူ၊ အပြာစင်စစ်၊ ကိုယ်လျှင်ဖြစ်သည်၊ ပူညစ်

www.burmeseclassic.com

www.burmeseclassic.com



ကင်းဝေ၊ ရန်ဘေးမလာ၊ တစ်ရာသက်ရှည်၊ တည်အံ့မှန်သည်၊ တံခွန်လုပ်ရိုးကျမ်းလာတည်း။

## ဂြိုဟ်စာခွက်လုပ်နည်းလင်္ကာ

တနင်္ဂနွေဂြိုဟ်မင်း၊ ဝန်းခြင်းစက်ဝေ့၊ အရှေ့တနင်္လာ၊ အင်္ဂါသုံးထောင့်၊ အဖြောင့်ဗုဒ္ဓ၊ သန်လျက်ပြ၏။ ဇီဝဂြိုဟ်မင်း၊ လေးထောင့် ခင်းလေ၊ စနေမှာမူ လပြည့်ဟူ၍၊ မှတ်ယူသောကြာ၊ ဂြိုဟ်မင်းမှာ ကား၊ ငါးထောင့်ထားလေ့၊ ဆင်အားသန်မာ၊ တေဇာကြီးမား၊ ဟိုင်းနတ်သားမူ၊ ပုံတူမိုးက၊ တစ်ခြမ်းလတည်း၊ လုပ်ထကျမ်းရိုး ပမာတည်း။

## ဂြိုဟ်ပင့်ရမည့်အချိန်အခါ

တနင်္ဂနွေ အင်္ဂါ၊ သောကြာဂြိုဟ်သည် ကျီးမနိုးခင် စား၍ ရင်းအချိန်မှာ ပင့်ရသည်။

တနင်္လာဂြိုဟ်သည် ရောင်နီလာမှစားသည်။

ကြာသပတေးဂြိုဟ်သည် နေဝန်းမြင့်မှစားသည်။

စနေဂြိုဟ်သည် မွန်းလတ် ၉ နာရီ၊ ၁၀ နာရီအချိန်မှ စား၏။

ဗုဒ္ဓဟူးဂြိုဟ်သည် နည်းတူ။

ရာဟုဂြိုဟ်သည် နေမွန်းတည့်မှစားသည်။

ထိုဂြိုဟ်မင်းတို့သည် အချိန်မရောက်မီ ပြင်ဆင်၍ ထားပြီးလျှင် အချိန်ကျမှ ဂြိုဟ်များကို ပင့်ရမည်။



## ဂြိုဟ်ခေါ် ဂြိုဟ်ပင့်လင်္ကာ

ဩောင်း-နမောသဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩောင်း-နမောသဗ္ဗ ဓမ္မာနုဘာဝေန၊ ဩောင်း-နမောသဗ္ဗသံဃာ နုဘာဝေန၊ အရှေ့မြောက်ထောင့်၊ ဆောင့်သည်မသွေ၊ အမြဲနေသည်၊ တနင်္ဂနွေ မည်ခြင်း၊ ရှင်နတ်မင်း(မည်သည့်နေ့သား)၊ သဒ္ဓါပွား၍၊ စိတ်ထား ကြည်ဖြူ ဆွမ်းလှူပါသည်၊ ဩဇာပျံ့မွှေး၊ သလေးထမင်း၊ ဖက်စိမ်းခင်း၍၊ ကျင်းကာစီရင်၊ အသင့်ယှဉ်မှ၊ အစဉ်သင့်ဖွာ၊ ရှေးဆရာတို့ မိန့်မှာသောတိုင်း၊ ထုံးပိုင်းမကျန်၊ တံခွန်ဆီမီး၊ ညီးညီးဝင်းဝါ၊ ကွမ်းယာလက်ဖက်၊ ညှံ့သက်မွှေးကြူ ပန်းဖြူ ပန်းနီ၊ စုံစီသစ်သီး၊ အုန်းသီးယိုနှင့်၊ ထို့ပြင်တစ်ချက်၊ ငှက်ပျောချိုလျော်၊ ဤစားတော်ကို စားတော်ခေါ်လျှင်း၊ ရှင်ဂြိုဟ်မင်းသည်၊ ရွှင်ရွှင်ပပ၊ မမဝရုံ၊ ဘောဇန်ကို၊ ကြွဒံ ဘုံဆွာဟိ ဧဟိ ဧဟိ ဘုဥ္စာဟိ။

မှတ်ချက်. . . မည်သည့်နေ့သား၊ သဒ္ဓါပွား၍၊ ဆိုသောနေရာမှာ ပြုလုပ်သူ ကာယကံရှင်နေ့ကို ထည့်သွင်းရွတ်ရမည်။

## တနင်္ဂနွေဂြိုဟ် ဆုတောင်း

အရှေ့မြောက်ဆန်၊ ရပ်ဇသန်ဝယ်၊ ရောင်လျှံညီးညီး ဂဠုန်စီး၍၊ ဘုန်းထီးဝေဝေ၊ ခြောက်နှစ်နေသား၊ ရန်တွေရှင်းလင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပါပမင်းဟု၊ တနင်္ဂနွေ၊ ဘုန်းရောင်ဝေနှင့်၊ တိမ်ခြေလှစ်ဖို့၊ ရဝိဂြိုဟ်၊ မလိုမုန်းထား၊ ရန်သူများနှင့်၊ ရှစ်ပါးဒေါသ၊ ဒဏ္ဍာတစ်ဆယ်၊ နှိပ်နယ်သက်ခက်၊ ဥပဒ်ဆယ့်ခြောက်၊ လန့်ကြောက်တုန်အေး၊ ဘေးတစ်ဆယ့်ငါး၊ အများဆက်ဆံ၊ ကံသုံးဆယ်နှင့်၊ စိစစ်ထွေလာ၊ နာကိုးဆယ့်ခြောက်၊ ကယောက်ကယက်၊ အိပ်မက်တစ်ပေါင်၊ နားထောင်စနည်း၊ ကမ္ဘည်းအတိတ်၊ နိမိတ်နမက်၊ အချက်မကင်း၊ ယိုယွင်းကြမ္မာ၊ ဒသာလှည့်ဖောက်၊ သက်ရောက်ပါပ၊ စန်းကျလည်းနည်း၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဂြိုဟ်တွင်း ဂြိုဟ်သွား၊ ဂြိုဟ်စား ဂြိုဟ်ပျက်၊ ဂြိုဟ်ထွက် ဂြိုဟ်ဝင်၊ ထို့မယွင်း၊ တြင်း နှုံဝင်းပျက်ခြင်းမရှိ၊ စက်ဘီးပြိုင်နွဲ၊ ယှဉ်လွှဲကူးသန်း၊ စန်းလွန်းပြတ်သံတ်၊ နက္ခတ်ယိမ်းယိုင်၊ သုံးပင်တိုင်လည်း၊ မခိုင်သောအား၊ အတိုးပွား၍၊ အသွားချွတ်ယွင်း၊ ပူပြင်းသောက၊ ဗျာပါဒနှင့်၊ ဒုက္ခစွန်းငြိ၊ ရောက်ရှိစစ်လည်း၊ ဆန်ခြည်မြူခြမ်း၊ မျှမသမ်းအောင်၊ ဘေးဘျမ်းဆီးတား၊ ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်း မစေသောဝ်။

## အင်္ဂါဂြိုဟ် ဆုတောင်း

အင်္ဂါချမ်းမြေ့၊ ရှေ့တောင်ကွေ့ဝယ်၊ ခြသေ့်စီးလျက်၊ ရှစ်နှစ်သက်ဖြင့်၊ မပျက်စဉ်လာ၊ ထင်ရှားစွာတည့်၊ အင်္ဂါခေါ်ဆို၊ ဘောမဂြိုဟ်၊ မလိုမုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ(လ)၊ ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မစေသောဝ်။



## စနေဂြိုဟ် ဆုတောင်း

နရတိချောင်၊ အနောက်တောင်ဝယ်၊ ရန်မှောင်ပယ်လင်း၊ နဂါးမင်းထက်၊ စီးလျှင်းတုံလစ်၊ သက်ဆယ်နှစ်ဖြင့်၊ ဖန်လစ်မသွေ၊ တန်းခိုးချွေသည်၊ စနေခေါ်ဆို၊ ပါပဂြိုဟ်။ မလိုမုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ (လ)ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်း သည်၊ ဂြိုဟ်မင်းမစေသောဝ်။

## ရာဟုဂြိုဟ် ဆုတောင်း

အရှေ့မြောက်တွင်၊ ပါပခွင်က၊ ဟိုင်းဆင်ပေါက်ကြီး၊ စွယ်မဲ့စီးလျက်၊ ခိုင်ဖြိုးအယ်လစ်၊ တစ်ဆယ့်နှစ်လျှင်၊ ရန်ပြစ်သာမှု၊ နေမှုတ်ပြုသည်၊ ရာဟုခေါ်ဆို၊ မြတ်သောဂြိုဟ်။ မလိုမုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ (လ)ကျွန်ုပ်အားကို၊ သနားလွှန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်းမစေသောဝ်။

## တနင်္လာဂြိုဟ် ဆုတောင်း

အရှေ့ပြဗ္ဗာ၊ ဝိဒေဟာဝယ်၊ တိမ်လွှာနှင့်နီး၊ ကျားထက်စီး၍၊ ရေမီးတွက်စစ်၊ ဆယ့်ငါးနှစ်ကိုင်၊ ခွင်ရပ်ပိုင်သည်၊ ဘုန်းလှိုင်နဂိုရ်၊ စန္ဒဂြိုဟ်၊ ဆိုလေရာရာ၊ အသင့်သာလျှင်၊ သကာလိုလို၊ သူ့နားချိုလျက်၊ ထိုထိုရှေ့နောက်၊ တောင်မြောက်ခရီး၊ ဝေးနီးဘယ်ညာ၊ သွားရာရာတည်း၊ ချမ်းသာလှပ၊ လဘ်ကောင်းရ၍၊ လုံ့လအားသန်၊ သုံးပါးကံဖြင့်၊ ကြံတိုင်လည်းအောင်၊ ဆောင်တိုင်းလည်းမြောက်၊ လွှေ့လောက်စီးပွား၊ စပါးဆန်ရေ၊ ရွှေငွေကျောက်သံ၊ ကိုယ့်ထံ

www.burmeseclassic.com

www.burmeseclassic.com



တွင်မြဲ၊ နွားကျွဲခြေရွေ၊ မိုးမြေလယ်ယာ၊ ပဒေသာသို့၊ ဣန္ဒာသယ၊ တ,တိုင်းခိုင်ဖြိုး၊ ရည်တိုင်းပြီးသည်၊ မငြိုးမငွေ့၊ တစ်နေ့မပျက်၊ ချရေစက်နှင့်၊ လက်မလွတ်ကင်း၊ ကျင့်သီတင်းလည်း၊ မယွန်းထိန်ညီး၊ သူတော်နည်းဖြင့်၊ စောင့်စည်းကိုယ်နှုတ်၊ အားထုတ်လုံ့လ၊ ထကြွ လျှမ်းလျှမ်း၊ နိုးချမ်းပေါ့ပါး၊ သူအားမျှကား၊ ချမ်းသာပေးနိုင်၊ ကြံ့ခိုင်လက်ရုံး၊ နှလုံးမမြင့်၊ ရွှေကြာပွင့်သို့၊ သူနှင့်ရောပြွမ်း၊ သူ့စိတ်ဝမ်းကို၊ ခွဲခြားသိမြင်၊ ပညာရှင်နှင့်၊ ဘယ်တွင်မရွေ့၊ နေ့တိုင်းတွေ့လျက်၊ ညဉ့်နေ့အုပ်ထွေ၊ ခြေရွေ သန့်ရှင်း၊ သတင်းပျံ့မွှေး၊ နီးဝေးထင်ပေါ်၊ ကြားကျော်အောင်ထက်၊ ကြောက်ရှက်ချုပ်စောင့်၊ တော်ဖြောင့်မှန်လှ၊ အာယုစသား၊ ဗလငါးဆိုင်၊ ကောင်းဆုံးတိုင်အောင်၊ တုပြိုင်မဲ့ငြား၊ ကျွန်ုပ်အားကို၊ သနားလွန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မစေသောဝ်။

## ဗုဒ္ဓဟူးဂြိုဟ် ဆုတောင်း

တောင်ဒက္ခိဏာ၊ ရပ်လက်ယာဝယ်၊ ယဉ်သာပေါက်ကြီး၊ ဆင်ထက်စီးလျက်၊ ရန်မီးပယ်လစ်၊ ဆယ့်ခုနစ်လျှင်၊ စင်စစ်တွက်ရေ၊ စောင့်မြဲနေသား၊ မြုတေကျေးဌား၊ ဂုဏ်အထူးနှင့်၊ ဗုဒ္ဓဟူးခေါ်ဆို၊ ဗုဒ္ဓဟူးဂြိုဟ်။ ။(လ) ကျွန်ုပ်အားကို၊ သနားလွန်ပြင်း၊ ကြည့်ဖန်ဆင်းသည့်၊ ဂြိုဟ်မင်း မစေသောဝ်။

## ကြာသပတေးဂြိုဟ် ဆုတောင်း

အနောက်မျက်နှာ၊ မဇ္ဈိမာဝယ်၊ လျှံဝါရွှန်းစက်၊ ကြွက်ယာဉ်ထက်ဝယ်၊ တက်လျက်စီးလစ်၊ ဆယ့်ကိုးနှစ်တည့်၊ ရန်မြစ်ပစ်ခွာ၊



စောင့်ရှောက်လာသည့်၊ ကြာသပတေး၊ မင်းဘေးလွတ်ခို၊ ဂုရုဂြိုဟ်။ (လ) ကျွန်ုပ်အားကို၊ သနားလွန်ပြင်း၊ ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မစေသောဝ်။

## သောကြာဂြိုဟ် ဆုတောင်း

မြောက်ဥတ္တရာ ရပ်ခန်းသာဝယ်၊ ချမ်းသာစံစံ၊ ပူးယာဉ်ပျံထက်၊ စိုးစံတုံလစ်၊ နှစ်ဆယ့်တစ်လျှင်၊ မည်ဖြစ်သည္မှာ၊ ရပ်သောကြာဝယ်၊ တေဇာညွန့်လူ၊ ဘာရဂူဟု၊ ဘုန်းကြူညွှတ်စို၊ သောကြာဂြိုဟ်။ ။ (လ) ကျွန်ုပ်အားကို၊ သနားလွန်ပြင်း၊ ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်း မ,စသောဝ်။

## သစ်လဲကြွန် လက်ာရကန်

ဝိဝဋ္ဋဌာယ၊ ကပ်အစဉ်၊ ပါပဗာဟိ၊ တပသီဟု၊ လောကီချာန်သခင်၊ သစ်သီးစားဆွတ်၊ ထမင်းမွတ်၍၊ ကိုယ်ဝတ်လျှော်တေ၊ မြူသစ်ရေနှင့်၊ ဆူးပလွေသီး၊ စိပ်ပုတီးကို၊ နွယ်ကြိုးလျှို့ဖောက်၊ လည်ဝယ်ရောက်သည်၊ ခလောက်ကျွဲမှာဆင်သို့၊ တောင်ဝှေးလက်တွင်၊ ကိုင်ထက်ကြပ်၊ လွယ်အိတ်လိုလို၊ ဆောင်ပုန်းလိုနှင့်၊ နွားမအိုရေမွေးထုံတေကော်ကို၊ လန်ပေပေလုပ်၊ ပါးချုပ်ချုပ်သည်၊ ဦးထုပ်ထောက်ချာစွပ်၊ သူ့ပါးစပ်က၊ မလပ်တဖွာဖွာ၊ တီးထုတ်ကြွေးကြော်၊ ကြက်ကတော်သို့၊ အဟောဝတ၊ အနိစ္စဟု၊ သမထ ဝိပဿိ၊ တဘွတ်

www.burmeseclassic.com

www.burmeseclassic.com



တွတ်လျှင်၊ အံ့ရွှတ်ဘာဝနာဖြင့်၊ ဝိညာဉ်သဋ္ဌာ သမာပတ်၊ ကသိုဏ်း တန်ခိုး၊ ကောင်းကင်မိုးမှာ၊ လမ်းတိုးဆင်ရန်၊ တုံ့ခေါက်ပြန်သည်၊ ဘုန်းလျှံရသေ့မြတ်တို့။ တိုက်လောကဓာတ်၊ ဤလူ့ပြည်၊ မန္တပညာ၊ သတ္တဝါကို၊ ကရုဏာရှေ့ညွှန်၊ သစ်လဲကြွန်ဟု၊ ဝေဒလ္လငြမ်း၊ အိမ်အောက်ကျမ်းကို၊ ခွဲခြမ်းမိခဲ့သည်ကား -

နေ့ခုနစ်မည်ရှိအနက်၊ တနင်္ဂနွေ၊ အိမ်အောက်ခြေမူ၊ ဖြိုးဝေ မြိုင်မြိုင်၊ ဦးရှုတိုင်၏၊ ဖူးခိုင်ညွှန်သြောက်၊ စရှေးအောက်မှာ၊ ထွာလောက်ရပ်ကွက်၊ ထိုအချက်တွင်၊ ခေါင်းသက်မျက်လေ၊ ရှိမြဲပေဟု၊ ထုတ်ဖွေကျမ်းက မြွက်၏။ ။ စည်းစိမ်အသက်အန္တရာယ်၊ ပယ်လော့ချင့်ကို၊ မပယ်လိုလည်း၊ ထိုဦးရှုအား၊ ရှေ့မြောက်ပါးက၊ ထားသည့်သစ်၌၊ လဲလှယ်စိုက်မူ၊ ဖိုးထိုက်ရတနာ၊ လာဘ်ဖြူစွာနှင့်၊ ချမ်းသာဖြိုးမောက်၊ ကြွယ်ဝလိမ့်။

တနင်္လာဝယ်၊ အိမ်ဆောက်မိ...တိုင်အနောက်မြောက်၊ ယက်မအောက်တွင်၊ ကြောက်ဖွယ်မျက်ဆွေး၊ အပြစ်ပေး၍ သား,မြေးသေစစ်ရှိ၏။ ပယ်လိုက်ဘိက၊ ပယ်ပါလေ၊ မပယ်ချင် လည်း၊ သို့စင်ပါပ၊ တိုင်နှယ်မျှကို၊ ဒေါသထုတ်ခါ၊ ယတြာဖြင့်၊ ကောင်းစွာလုပ်ဆောင်၊ အရှေ့တောင်က၊ စိုက်ထောင်သန့်ရှင်း၊ သစ်မင်းများနှင့်၊ တိုင်ချင်းလဲပြောင်း၊ စိုက်တုံ့ရှောင်းက၊ ခြေ လေးချောင်းမြွတ်၊ ရ မချွတ်သည်၊ ဥပဒ်ပျောက်ပျက်လေသည်။

ဘောမဝါရေအင်္ဂါနေ့ ...မြောက်သစ်စည်က၊ ဝေမဋ္ဌိ၌၊ ယက်မအောက်နား၊ မထင်ရှားဘူး၊ ပိုးမွှားပုရွက်၊ ဝင်ထွက်လောက်ရုံ၊



မှေးမှုန်မှုန်သည်၊ အမြုံခေါင်သက်တွေ့လိမ့်၊ ငယ်သည်ဟူ၍ မပေါ့နှင့်၊ နွားကျွဲဆင်မြင်း၊ သေပျောက်ယွင်းလိမ့်။ ချက်ချင်း ပယ်ဖြုတ်၊ သို့မဟုတ်ဘဲ၊ မနုတ်ဆိုက်လို၊ ပြန်သည်ဆိုမူ၊ ထိုအိမ်ဝယ် သာ၊ တောင် မျက်နှာက၊ စဉ်ကာစိုက်လစ်၊ အလယ်သစ်နှင့်၊ လှည့်ရန်ပြန်ခေါက်၊ လဲတုံ့မြောက်က၊ နတ်အောက်မဆွယ်၊ ကညာမယ်ကို၊ ရဖွယ် ကိန်းခန်းသင့်၏။

ဆင်မင်းနံသော် ဗုဒ္ဓဟူး ... ကျောင်း အိမ်ထိုရနေ့၊ ဆောက် သရွေ့ကား၊ အရှေ့မြောက်နေ၊ တိုင်အောက်ခြေက၊ မြေနှင့်နီးပါး၊ တစ်တောင်ခြားတွင်၊ ထင်ရှားအမျက်၊ ရှိအံ့ထွက်သည်၊ ဆက်ဆက် မလွဲဘူးတည့်။ ။ သား မြေးအထူး၊ ချစ်သတိုက္ခုန်၊ ထိုအမျက်ကြောင့်၊ သေပျောက်တတ်စွ၊ နူတ်ပစ်ချလော့၊ ပယောဂဉာဏ်၊ ကူလိုပြန်မူ၊ ရပ်ဌာန်ဘူမိ၊ နရတိဝယ်၊ ရှိသည်တိုင်နှင့်၊ လဲသဖြန်ကား၊ ယခင် ချစ်သူ၊ မသေမူ၍၊ အဖြူစုတ်ဝင်ပြန်အံ့။

ဂုရုရက်မှန် အိမ်ယာဆောက် ...အရှေ့စွန်းက၊ ထောက် ရှည်ခွတွင်၊ ဒေါသပြစ်ဆာ၊ အခေါင်းပါ၊ ဝမ်းနာ ဝမ်းဖော၊ ပဒ္ဒဝေါနှင့်၊ စိတ်သောကကြီးရောက်အံ့။ လျှင်လျှင်ပယ်ဖျောက်၊ ထိုတိုင်ကို၊ ဗေဒင်သတ္တိ၊ ရှိ မရှိကို၊ သိလိုသောထွေ၊ မပယ်နေလည်း၊ ရှိစေတော့ လော၊ အလယ်ကြောက၊ ရှည်မြောကြံ့ခိုင်၊ ခွခေါင်တိုင်နှင့်၊ ယိမ်းယိုင်းမငိုက်၊ လဲ၍စိုက်မူ၊ ကိုယ်ဒ်ရောဂါ၊ ကင်းကွာဝေးလံ၊ ခြွေရွှေရံသည်၊ ဘုန်းကံမောက်၍မိုးမိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ပူးမင်းနံ့ဂြိုဟ်သောကြာကြိုက် . . . ကျောင်း အိမ် ကြီးငယ်၊ ဆောက်ရာဝယ်၌၊ အလယ်ထောက်မ၊ ခွကစ၍၊ ထွာမျှပိုင်းခြား၊ အောက်ဆီနားတွင်၊ စဥ်းစား၍ရှာ၊ အခေါင်းပါသည်၊ ရောဂါရင်ဝယ် ထိုက်လိမ့်၊ ပယ်လိုပယ်လိုက်၊ နေလိုနေ၊ ယတြာကြောင်း အဆင် ကောင်း၍၊ မင်းလောင်းပျောက်ဘိ၊ ထုံးစံရှိပြီး၊ မန္တိမန္တ၊ ခေါင်ထောက်မနှင့်၊ ဌာနလည်လှည့်၊ လဲ၍ထည့်မူ၊ စွဲသည်ဝမ်းရင်၊ ရောဂါစင်လျက်၊ ပေါင်းဖျဉ်ကိုယ်ဝတ်၊ တန်ဆာမြတ်ကို၊ မချွတ်ရပါချေဘဲ့။

သောရီ စနေနေ့၊ ကိုးကား . . . နောက်တောင်မြင့်ဖြူး၊ တိုင်ထိပ်ဖူး၌၊ ရှုဦးစေ့စေ့၊ ကြည့်မှတွေ့သည်၊ စန္ဒေ့အောက်မှာ၊ မျက်သေးပါ၏၊ ဂေဟာမိန်းမ၊ ပုရိသလျှင် ခဏာသေဆုံးပါလိမ့်။

ကံတရားလည်း ဟုတ်စေတော့၊ သို့ဆိုကတည်း၊ လုံ့လ သည်း၍၊ ပေါင်းစည်းခုခံ၊ ဥပါဒါန်ကြောင့်၊ ကြံစည်တိုင်းမြောက်၊ ချမ်းသာရောက်သည် လန့်ကြောက် အားမလျှော့နှင့်၊ ယုတ်မာသွမ်းသော့၊ ထိုသည့်တိုင်၊ နောက်မြောက်ရပ်ပျော်၊ တိုင်သူတော်နှင့်၊ နှုတ်ဖော်လဲလှယ်၊ ပရိယာယ်ကြောင့်၊ အန္တရာယ် ရှင်း၊ သေဘေးကင်း၍၊ ဆင် မြင်း နွား ကျွဲ၊ သောက်သောက်လဲမျှ၊ လဘ်ပွဲလှိုင်ကြီး လှိုင်လိမ့်။ ။ ပဒေသာ၊ ခိုင်ညဏ်ပဂေး၊ လောကလူ့ဘုံ၊ သုံးမကုန် အောင်၊ ရပ်မြို့ခက်လက်၊ ဉာဏ်သီးရွက်က၊ ပြည့်နှုတ်ဆွတ်ချွေ ပေးသည် . . . ကံကြွေးပါရမီတည့်လေး။



## မြေခံလက်ာရကန်

ရေလည်းခန်းစ၊ ရွံ့ပွပွနှင့်၊ ဘဒ္ဒကပ်ဦး၊ ပကတူးက၊ ကွန့်မြူးဈာန်သမာ၊ သစ်သီးစားလေ့၊ ဆားမတွေ့သည်၊ ရသေ့ထူးဇရာတို့၊ နာဂတ်နောင်လာ၊ လူအဝှန်း၊ ကျေးဇူးနက်သံ၊ ရှိကြောင်းကြံသည်၊ မြေခံကျမ်းမော်ယန်းကို ဥဒါန်းချုပ်၍ လုပ်ခဲမည်။ ။ လဆန်း တစ်ရက်၊ ကျော်နှစ်ရက်၌၊ ဆက်ဆက်ကျွားခံသည်တည့်။ ။ ဆုတ်သုံး လှည့်လည်၊ လဆန်းနှစ်၊ ဆုတ်တစ်ရက်မှ၊ နတ်မယ်လျှမူ၊ မြေက စံမြဲဖြစ်၏။ ။ ဆန်းသစ်သုံးရက်၊ ကျော်လေးထွေး၊ ဥသဘနွား၊ မြေပပ်ကြားတွင်၊ အလျားဝပ်၍နေ၏။ ။ ဆန်းဇောဆဌေ၊ ဆုတ်ပဉ္စ၊ နှားပဲ့မြီးတို၊ မှန်စီးယိုသည်၊ ဆင်အိုခံလှည့်ကျ၏။ ငါးမက်ဆန်းစ၊ ခြောက်ရက်ကျော်၊ လကွယ်လကုန်၊ ငှက်ဂဠုန်မူ၊ ဝဟန်မြေထဲ ပျော်၏။ ဆန်းခုနစ်ဖော်၊ ကျော်ရှစ်ရက်၊ သိုးကြောင်နတ်မြင်း၊ တစေ့ကြွင်းလျှင်၊ မယွင်းခံမြဲဘက်တည်း။ ဆန်းအဌလက်တွက်သတ္တာ၊ ခမောက်ခေါင်းဝယ်၊ အိတ်ကြီးလွယ်သည်၊ ကာပယ်ဒွန်းစဏ္ဍား လျှင်ထည့်။ လဆန်းကိုးပါး၊ ဆုတ်ဆယ်လီ၊ သွားပါကျဲစဲ၊ ဗိုက်ရွဲရွဲနှင့်၊ မျက်ပြူးဘီလူးရှင့်၊ ဆန်းဒသမ္မိ လဆုတ်ကိုး၊ နှလုံးမငြိမ် လူကိုလိမ်သည်၊ ရေစိမ်ပုဏ္ဏားမျိုးတည်း။ ဆယ့်တစ်တိုး၍ ဆန်းတုံ့ပြန် လဆုတ်ဒွါဒ၊ နတ်မာယလျှင်၊ မုချခံမြဲမှန်၏။ ဆန်းဆယ့်နှစ်တန်၊ ရောက်တုံ့လျှင်၊ လပြည့်ကျော်ထွက်၊ ဆယ့်တစ်ရက်ဝယ်၊ ခွေးနက်ခံ မငြင်ဘူး။ ဆယ့်ငါးရက်တွင်း လဆန်းမူ၊ ကျော်ဆယ့်လေးရက်၊ ထိုနေ့မြတ်ကို၊ မိုးနတ်ပြဟ္မာယူလော့။ စုဒ္ဒသဟူဆန်းတုံ့မြောက်၊ ထိုသည့်ရက်တွင်၊

www.burmeseclassic.com

www.burmeseclassic.com



နတ်လုလင်သည်၊ မြေတွင်ခံလှည့်ရောက်၏။ တိထိမိုမောက် ဆန်းဆုပ်ကိုး၊ တေရသမိ၊ ဆယ့်သုံးလီဝယ်၊ မြေဆီဝက်မင်းခို့ရှင့်။

ကျိုးပြစ်ထိုထိုဟောပေအံ့၊ နတ်ဒွန်းစဏ္ဍား၊ ခွေး ဝက် ကျားကား၊ ဆုံးပါးပျက်စီး ရောက်လတ္တံ့တည့်။ နုနယ်ထွားညံ့လှ ရုပ်သွင်၊ ဒေဝီဖြာဝင်း၊ သိန္ဓောမြင်းမ၊ အခင်းပြီးအောင်လိမ့်။ ဘီလူးနှင့် ဆင်မရဏ၊ ဂဠုန်သိကြား၊ ချမ်းသာပွား၊ ပုဏ္ဏား ပူဇော်ရအံ့။ ဗြဟ္မာ၊ နွားလှ၊ လာဘ်ကြီးစွာ၊ ဘုရား, ဂူကျောင်း၊ တန်ဆောင်းဇရပ်၊ မဏ္ဍပ်, ကန္တား၊" အိမ်ဆောက်များကို၊ စီးပွား ဖြစ်စိမ့်မှာသည်။ ဤစာမြေခံ ကျမ်းတည့်လေး။

## နဂါးလှည့်အဟော လင်္ကာ

အာဒိကပ္ပ၊ ကမ္ဘာစ၍၊ ဗြဟ္မာ့ထိမ်းမှတ်၊ မတရဒ္ဒဲဟု၊ ရေနတ်ဦးခေါင်းတော်၊ တပေါင်းရှစ်ကြွေ၊ တန်ခူးနွေနှင့် ညောင်ရေအမွှန် မင်းလွှင်မှုန်သည်၊ ကဆုန်လ သုံးဖော်ဌ။ အနောက် ခေါင်းမော်၊ ဝမ်းကားမြောက်၊ တောင်ကိုကျောထား၊ ညွှန့်သားသား သည် မြီးဖျားအရှေ့ရောက်၏။

ပဋ္ဌာန်ဖြိုးဖြောက် မိုးရာသီ၊ နယုန်, ဝါဆို၊ ဝါခေါင်ကိုမူ၊ မြင်းမိုရ် မြောက်စောင်း၊ လှည့်ဦးခေါင်းသည်၊ မြီးညောင်းတောင်သို့ချီရှင့်။ အနောက်ကျောမှီ၊ ဝမ်းအရှေ့ မျက်စောင်းစက်ရှိန်၊ ဝင်းဝင်းထိန် သည်၊ နာဂိန်နေမလေ့တည့်။



သုံးလစေ့က ရွှေမြပစ်၊ ယင်းမာကြိုင်သင်း၊ တော်သလင်းနှင့်၊ သီတင်းကျွတ်စ၊ တန်ဆောင်လဟု၊ မာသသုံးပါးတွင်ကား၊ ဦးခေါင်း ရှေ့ခွင်၊ မြောက်ကိုကျော၊ အမြီးအနောက်၊ ဝမ်းတောက် ရောက်သည်၊ မဖောက်မှန်သဘောဖြင့်။

သဇင်နွော၏ တောလုံးကြိုင်၊ နတ်တော်, ပြာသို၊ နုပျို ပေါက်လဲ၊ တပို့တွဲဟု၊ ဆောင်းစဲနွေစပ်တိုင်သော်။ ရေနတ်ဘုန်းလှိုင်၊ ဥပပတ်၊ ဦးခေါင်းရတနာ၊ တောင်သို့လာသည်၊ မြောက်မှာ အမြီး မှတ်လော့၊ ရွှေလောကဓာတ်၊ ကျောကုန်းနေ၊ အနောက်တည့်တည့်၊ ဝမ်းကို လှည့်သည်၊ ပတ်၏ ဆယ့်နှစ်ခွေတည့်။

လေးသွယ်ဗိုလ်ခြေ နှလုံးသွင်း၊ ခရီးပြောင်းလဲ၊ ကောက်မျိုးကြဲ သော်၊ ရှောင်လွှဲအာခံတွင်းသို့၊ မဝင်လျှဉ်းနှင့် လွှတ်ကင်းစေ၊ အမြီးကလျှောက်၊ ခေါင်းကိုရောက်အောင်၊ ထုတ်ချောက်မသွားလေ နှင့်။ ဝမ်းကိုမွေ၍ ကျောကဖောက်၊ လာဘ်သပ်ပကာ၊ မိုးသို့ရွာသည်၊ လိုရာ ပြီးစီးမြောက်လိမ့်။

အိမ်ဆောက်၊ ကျောင်းဆောက်၊ ဘုရားတည်၊ ဦးခေါင်း တသုန်၊ ဖိန့်ဖိန့်တုန်အောင်၊ ဂဠုန်သုတ်ရမည်တည့်။ ဆဒ္ဒန်ဇာနည်၊ အမြီးဖျား၊ ဝမ်းကိုကြွက်ဆုတ်၊ ကျောကြောင် ခုတ်သည်။ မယုံထိုနေ့သားကို။ ရှာထောက်ထား၍ ထူးအံ့စွာ၊ ထိုလေးရပ်တွင်၊ ကြွက်နံ့ရှင်ကို၊ အရင်တူးစေရာ၏။ သဗ္ဗဘယာဝိနသာန်း၊ တန်ခိုးကျက်သရေ၊ တက်သစ်နေသို့၊ ဝေဝေလွှန့် ပွင့်ဘန်းလိမ့်၊

www.burmeseclassic.com

www.burmeseclassic.com



လက်ယာတောင်စခန်း ကျွန်းဇမ္ဗူ၊ သူတော်တကာ၊ မှတ်စိမ့်ငှာဟု၊ ကဗျာ မော်ကွန်းထူသည်၊ ပုံ့ကြူတန်ခိုး၊ နံ့မညှိုးသည် . . . နတ်မျိုး သရက္ခန်တည့်လေး။

## အဋ္ဌလက်အဟော လက်ာရကန်

ရှားနှစ်သံချောင်း၊ ကိန်းဟောစဉ်၊ ကဗျာရတု၊ ခြံ၍ စုလိုက်သည်၊ ပုပုကလေးယာဉ်စိမ့်။ ။ သမ္ဘဇဉ်ယှဉ်၍လေ့လာကြ၊ ဆယ်ရေးတစ်ရေး၊ လာ၍မေးလျှင်၊ ကြေးအစိုတ်စိ၊ သုံးဆယ်စီနှင့်၊ ငွေနီတာတွေး၊ တစ်မူးလောက် ပေးတာတ်သည်၊ သူဌေးဖြစ်အောင် ရလိမ့်၊ ဂူကြီးဝမှာ တစ်ငုတ်ငုတ်၊ ရုပ်ပုံစီစဉ် သင်ပုန်းပြင်၍၊ ဗေဒင် ဆရာ၊ လုပ်ကြရှာသည်၊ နှီးဖျာအနားစုတ်နှင့်၊ မှိတ်တုတ်ပြုံးစိစိ၊ မေးလာမည့်သူ၊ လမ်းတူရူကို၊ မျက်ဖြူစိုက်အောင်ကြည့်၍၊ အလှည့် အပတ် သင့်သောအခါ၊ မေးလာသရွေ့၊ စိတ်နှင့်တွေ့အောင်၊ သူမွေ့လိုက်သည်မှာကား။ ။ ရှစ်ကွက်ရှစ်ဖြာ၊ ဂြိုဟ်အိမ်သား၊ ရှား,နှစ်,သံချောင်း၊ မြင်း,ဇောင်း,အလှ၊ ရွှေ့မြောက်ကလျှင်၊ စ၍ ဂဏန်းသွားမှ၊ သက်တည်ရှစ်စား၊ ကြွင်းသချာ၊ နံကရှစ်ခွေ၊ လက်ယာ ရေသည်၊ တနင်္ဂနွေရှိရာသို့၊ ရောက်သောအခါ၊ ဆရာနတ်မျက်စိ၊ အတွင်းတခို၊ ရာဟုဂြိုဟ်ကြောင့်၊ ထိုသူမယား၊ ကိုယ်ဝန်ဖွားမူ၊ ယောကျ်ားဟောရန်ရှိ၏။

ကြတ္တိမုရိပြာအိုညိုညက်စင်၊ စုတ်လဘ်ကြီးမား၊ ဝိ(ဝိ) စားစားသည်၊ တျားတျားယခုဝင်အံ့။ ။ မရချေလျှင် ညှပ်ဒ်ကျိန်း၊



သောကရောဂါ၊ ကိုယ်မကျွာသည်၊ ကျင်နာတဖိမ့်ဖိမ့်နှင့်၊ ကလိန် ကလက် စိတ်မငြိမ်၊ ဆွေမှုမျိုးမှု၊ သားမြေးမှုကြောင့်၊ ရင်ထုလက်သီး၊ ဗျာပါကြီးသည်၊ ပူမီးငိုပွဲကြိမ်ချည့်။ ။ ပျောက်ပျက်မြုပ်တိမ်၊ ကျွန်,ကျွဲ, နွား နေအိမ်မကောင်း၊ ယာယီပြောင်းလော။ ၎င်းအိမ်မှာ၊ မသက် သာသည့်၊ သူနာရှိတုတ်ငြားဓ၏။ ။ နောက်မြောက်ပါး သော်လည်းဆို ရောဂါပျောက်ကြောင်း၊ ပါးရပ်စောင်းတွင်၊ မြစ်ချောင်းနဒီ၊ ရှိရာဆီ၌၊ စေတီပြုစေလို၏။

စန်းဂြိုဟ်ကြယ်မြတ်၊ တနင်္လာ၊ ဆောက်ရွက်သမျှ၊ ကိစ္စသီးသီး၊ အမှုပြီး၍၊ လူကြီးဖြစ်လျှင်၊ လျှကျိန်းမြင်သည်။ ငယ်လျှင်သသူ၊ တို့မှာမူကား၊ အပြုစုလဘ်၊ မဆက်ကပ်က၊ နှိပ်ကွပ် ဘေးရောက် လာအံ့။ ။ အဖျားအနာ၊ ရှိလေက၊ ဗိန္ဓောဆေးဓာတ်၊ ပေးမလွှတ် သည်၊ ရှေးဝဋ်စိတ်သာချလော့၊ စတုပ္ပါဒ ဒွိပါဒ, စုတ်ကောင်း, လဘ်ကောင်း, ခြေနှစ်ချောင်းလည်း, စုပေါင်းရောက်ဝင်၊ ထိုအိမ်တွင်၌၊ နတ်သွင်ရုပ်ပုံ၊ လှမျိုးစုံတို့၊ နှုတ်ငုံဖွားမြဲ၊ မီးဖိုထဲက၊ အိုးဘယ့်ကျွတ်ကျွတ်ညံ့လိမ့်။

ရွှေဂူပျော်စံ ခြသေ့်လိုမင်း၊ မွေးမိဘခင်၊ သူကြီးရှင်တို့၊ ပြစ်တင်ရုံသာ၊ မထောင်းတာသည်၊ ချမ်းသာကို မကင်းဘူး။ ကျွဲ,နွား,ဆင်, မြင်း,လူ,ရွှေ,ငွေ, စင်စစ်လည်းရှိ၊ တောင်ဒက္ခိနှင့်၊ ပစ္ဆိ, ဥတ္တရေက။ လုပ်ဆောင်လယ်မြေ လွန်စီးပွား၊ သမီးအပျို, သားအပျိုတို့, အိုမည် မုချ, မိတ္တောစသည့် ဒွါရအသင့်ထားလော့။

သာခွာငွေသား ပြောင်ဆဒ္ဒန်, သမီးနှင့်သား, ကျွန် ပျက်ပြား၍ မယားနှင့်လင်, ကွာကျိန်းမြင်သည်, မရွှင်စိတ်ပူပန်လိမ့်။

www.burmeseclassic.com



တောင်မြောက်ရပ်ရွာ နှစ်ဌာန၊ အခြေလေးခု၊ ဝင်လာမှုကြောင့်၊ အလု အပြိုင်၊ တရားဆိုင်၍၊ ဗျာလှိုင်ဝိတက်၊ မငြိမ်သက်သည်၊ လျော်ထွက် ငွေကြေးကျလိမ့်၊ သမီးလှလှ ရှိသည့်သူ၊ သမက်လောင်းတွေ့၊ ရှုပ်၍ပွဲအောင်၊ ခြေမချသာ၊ လင်မိုးရွာလိမ့်၊ ကြိုက်ရာ ရွေးယူ၊ ယူလော့။ သားဖြစ်မှုလည်း၊ ထို့တူစုတ်ပင်ဟော၊ ချေးမလဲညို၊ နတ်လိုလိုတို့၊ ဈေးချိုလယ်ချက်၊ ရောင်းမည်ထွက်သည်၊ ဘူးရွက်စည်းနှယ်ပေါလိမ့်။ ဟောသည့်အတိုင်း မဝင်မူ၊ ဒေသာကြောင့်လော၊ ကြမ္မာလောဟု၊ ဒွေးရောစပ်ရှက်၊ အတွေးခက်သည်၊ ဝိတက်ဖျားနာထူအံ့။ ထိုသူ တို့၏ရောဂါကို၊ ရွှေကောင်းငွေကောင်း၊ ခြေနှစ်ချောင်းကို၊ လျှင်ကြောင်းမနှေး၊ ဝယ်၍ပေးမှ၊ ချမ်းအေးလိမ့်မည်ဆို၏။

ဂုရုဗြိုဟ်တိုင် သက်ပိုင်းကြုံ၊ ဗျပါထပ်ပွေ၊ လယ်ယာမြေကြောင့်၊ ဆင်ခြေလည်းယှက်၊ တရားဆက်လည်း ရှုံးဘက်ကသာ၊ လည်ကုပ်နာနှင့်၊ ခေါင်းနာထပ်လောင်း၊ ခြေလေးချောင်းကြောင့်၊ မကောင်းမှု ပြစ်ဆုံအံ့။ ကာမအာရုံ၊ ကိလေစိတ်၊ တစ်ခုလပ်ကြီး၊ မုန်ယို စီး၍၊ ရောက်ရီးရောက်ရက်၊ နောက်ပိုးတက်သေကြောင့်၊ အရှက်လည်းရ၊ ငွေလည်းကျတတ်သည်၊ လောဘစေတသိက်ကြောင့်၊ ခွေး၊ မြွေ အဟိတ်ကိုက်ခဲမည်၊ နောက်တောင်နရတီ၊ ရပ်ဘုမ္မိဝယ်၊ ခွာဘိ ရှောင်လွှဲ၊ အတင့်ရဲလျှင်၊ ရန်ပွဲဥပဒ်စည်လိမ့်။ စိတ်လက်မကြည်၊ ဖျားနာရောက်၊ ယခင်ဆိုအပ်၊ နောက်တောင်ရပ်တွင်၊ ရေစပ်နားဆီ၊ သဲစေတီကို၊ မြောက်ချီပြုပြင်၊ ကိုးကွယ်တင်မှ၊ ကိုယ်တွင်ဘေးမျိုး ပျောက်အံ့။ ထိုနောက်တစ်နည်းယတြာ၊



သူငယ်ဇကန်၊ နာသည် မှန်မူ၊ သုသာန်ဌာနေ၊ သချိုင်းမြေကို၊ ယူစေတမတ်၊ ဖြူအဝတ်နှင့်၊ ထုတ်ပယ်ပြီးသောအခါမှ။ နေ့မြတ်ဗိုဝါ ထိုရက်သား၊ မိန်းမနာဖျား ဖြစ်တုံငြားမူ၊ ယောက်ျားပေးစေ၊ တထွေပုရိ၊ နာသည်ရှိသော်၊ ဣတ္ထိပေးအပ်၊ ဘေးမစပ်သည်၊ ပညတ်အစဉ်ထား၏။

ပူးမင်းပျော်ပါး သည့်ရပ်ဌာနီ၊ ခရီးယာယီ၊ ပြောင်းချီဝေးစွ၊ ပြေးရှာရ၍၊ နှုတ်ကလက်ရောက်၊ အမှုပေါက်သည်၊ ကျမြောက်လျော်ကျိန်းမှန်၏။ အိမ်တွင်လက်ခံ ခေါင်တိုင်ဆိုး၊ အမျက်ကောက်လိမ်၊ ခြပုန်းအိမ်နှင့်၊ မငြိမ်ယိမ့်ယိုင် ကျိုးလိမ့်။ အစားထိုး၍၊ တိုင်သစ်လဲ၊ နာဘေးဖျားဘေး ခပ်သိမ်းဘေးမှ၊ ကင်းဝေစိမ့်ငှာ၊ ရွှေဘုံသာကို၊ သဒ္ဒါလှလှ၊ ကိုးကွယ်ပြုမှ၊ ထိုသူအိမ်ပေါ်၊ သံဃာတော်ကို၊ ပင့်ခေါ်ဆွမ်းကျွေး၊ ကုသိုလ်ရေးနှင့်၊ အဝေးမြောက်စောင်း၊ ယာယီပြောင်းမူ ဘေးပေါင်း လွတ်လေမြဲတည့်။

ရေနတ်ရစ်ဝဲ သူ့စက်ဝယ် ကညာရွက်သစ် လှော်ရွှေနှစ်လျှင် သည်ခေတ်တွင်မှ လင်သားရလိမ့်၊ ဘဝမမြဲ သေရှင်ကွဲဖြင့် ဖောက်လဲ ပျက်ဆုံး လင်ကုန်ရှုံးသည် ပိန်ချုံးစိတ်ညှိုးငယ်လိမ့်။ ဝမ်းဝယ်သန္ဓေ ရှိစေဦး လင်ပူ၊ လင်မွဲ သူ့ကြောင့်စွဲသည် ရွှေခဲသန္ဓေ ထုံးနှယ်ကြေ၍ မအေးသူ့စိတ် ဝိပရိတ်ဖြင့် စင်တိတ်သေမှုးမှုးတည့်၊ မျက်စိစူး၍ သဒ္ဒါလံ မန္တာန်ဆေးဝါး ကုပါငြားလည်း လားလားမကောင်း မပျောက်ရှောင်းသည် ဖြုတ်ပေါင်းညီလာခံအံ့။ ယားယံဝဲနာ ကပ်ငြိတွယ် ဖျောက်၍မစဲ သွေးရဲရဲသည် အမဲဖျက်သောနှယ်တည့်။ မေးသူအိမ်ဝယ် နောက်တောင်စောင်း တောင်ပို့ကုန်းမူ ရှိမြဲဟူသည် စုန်းသူနဒီဝင်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်း၍ မုန်တလျှောင်းလျှောင်း ဟိုင်းဆင်ပျံ သက်စစ် ပိုင်းခြား သူနှင့်ငြားက အသားမဖြူ ရန်သူတိုးဝေ့ တရားလည်းတွေ့ ရမည် အောင့်၍ ကြပ်ကြပ်ခံလော။ အာသိဝိသံ မြွေနှင့်ကင်း အစွယ် အသွား တုတ်၊ လှံ၊ ဓားနှင့် ကြီးမားသသူ ကလူညှဥ်းဆဲ ဝမ်းထဲ ဓာတ်ပျက် ကိုယ်လက်လည်းရောင် ချိုဆိမ်ရှောင်မှ ပူလောင်ရောဂါ ရှင်းအံ့။ ယင်းမှ တစ်ပါး ဟောဆိုရန် ရုပ်တုသရီ သဲစေတီကို မြှောက်ချီပြုပြင် နံ့ရှင်ပင်မှာ ဆွမ်းတင်လက်အုပ် ရှိုးညွှတ်တုပ်သည် တည်လုပ်ရပ်သေန်၌။ ဆုယူပန်၍ လိုရာတောင်း ပျောက်ကြောင်း စစ်စစ် သို့တည်းဖြစ်က သစ်သစ်ချမ်းသာ ရဖို့ရာသည် . . . ကျမ်းရှေးထုံးဟောင်းတည့်လေ။

## ဖက်နိမိတ် အဟော

ရင်းပြတ်လျှင် မရဏ၊ ဖျားပြတ်က ပျောက်ဥစ္စာ။ ပေါက်ပါလျှင် ခိုက်ရန်ပွားတယ် ဘေးများလှပါ။ ရွက်လှမှာ ချမ်းသာ၍ ကျော်စော။ လဘ်ပေါင်းအထွေထွေနှင့် ဥဒကေ ရေယဉ်ပေါင်းသို့ ကောင်းသည်ဖက်ဟော။

အဓိပ္ပာယ်မှာ . . . အကြင် ခုနစ်ရက်သားသမီးတို့သည် အကြောင်းကိစ္စ တစ်စုံတစ်ရာ မေးမြန်းလာသော် ဟောလိုသော ဆရာတို့က မေးမြန်းလာသော သူကိုလည်းကောင်း၊ သည်မှတစ်ပါး အခြားသင့်လျော်သောသူ တစ်ယောက်ယောက်ကိုသော်



လည်းကောင်း တစ်စုံတစ်ခုသော သစ်ရွက်တစ်ခုခုကို ဆောလျင်စွာ ခူးစေရမည်။ ၎င်းသစ်ရွက်ကို ကြည့်ရှု၍ ဟောလိုသောဆရာက ဟောရမည်မှာ . . .

၎င်းသစ်ရွက်၌ အရင်းက အပြတ်ပါသည်ကို တွေ့လျှင် သူနာမေးသော် အသေအပျောက်ရှိမည်။ ချမ်းသာခဲမည်ဟူ၍ ဟောရာ၏။ ဥစ္စာပျောက်မေးမူကား မရပြီဟူ၍ဟောရာ၏။

၎င်းသစ်ရွက်တွင် အဖျားကပြတ်သည်ကိုတွေ့လျှင် သူနာမေးသော် အတော်တာရှည်မည် စသည်ဖြင့်ဟောရမည်။ ဥစ္စာပျောက် မေးမူကား မရပြီဟူ၍ ဟောရမည်။

၎င်းသစ်ရွက်၌ အပေါက်ပါခဲ့လျှင် သူနာမေးသော် အသေအပျောက်မမြင်။ ရောဂါတာရှည်ခိုးမည်ဟု ဟောရမည်။ ဥစ္စာပျောက်မေးမူကား မရပြီဟု ဟောရမည်။ ၎င်းသူနာပျောက်သော ဥစ္စာ ‘တို့ကြောင့် ခိုက်ရန်ဖြစ်ပွားတတ်သည်ဟု ဟောရမည်။

၎င်းသစ်ရွက်၌ အပေါက်၊ အပြတ်၊ အနာ၊ အဆာ လွတ်သည်ကိုတွေ့လျှင် သူနာမေးမူ ဆောလျင်စွာ ချမ်းသာရအံ့။ ဥစ္စာပျောက်မေးမူကား နှစ်ရက်၊ သုံးရက်အတွင်း၌ သတင်းသော်လည်း ကြားရအံ့၊ ဥစ္စာသော်လည်းရအံ့ဟူ၍ ဟောပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ခေါင်မိုး ခွေးတက်အဟော

အကြြင်ခွေးတို့သည် အိမ်မိုးခေါင်သို့ တောင်ကတက်၍ မြောက်ကဆင်းမူ ချစ်လှသောမယားနှင့် ကွေကွင်းအံ့။ မြောက်ကတက်၍ တောင်ကဆင်းမူ ရတနာ ရွှေငွေဥစ္စာရအံ့။ အရှေ့ကတက်၍ အနောက်သို့ဆင်းမူ ချစ်ခင်သော မယားတို့နှင့် ကွေ့ကင်းရအံ့။ ရွှေရည်၊ ငွေရည်၊ တရော်ကင်ပွန်း စသည့်တို့နှင့် မိမိမွေးနံဖြစ်သော ပရိဝါရအရပ်မှ ဦးခေါင်းဆေးလျှော်ရမည်။ အနောက်ကတက်၍ အရှေ့သို့ဆင်းပြန်မူ ဥစ္စာရတနာတိုးတက်အံ့။ ချမ်းသာအံ့ဟူပေ။

## အိမ်မြှောင်စုတ်ထိုး နိမိတ်အဟော

လူတို့နေရာ အိမ်ဂေဟာ၌ သတ္တဝါအိမ်မြှောင် ရှောင်တခင်တည့် မြည်လာဘိသော် သတိထားရာ နိမိတ်မှာကား မှန်စွာမုချမှေ့ရပ်ကလျှင် မြည်ထစူးစူး အိမ်မြှောင်ကျူးသော် အထူးလာဘရွှေငွေစသည် ရအံ့မလွဲ သူဆင်းရဲပင် ဖြစ်လေလျှင်လည်း လူတွင်ထင်ပေါ် မင်းပူဇော်၍ အဟောဝတ ချီးမြှောက်ပအံ့။

ထိုမှမရွေ့ အရှေ့တောင်က မြည်ကျလာရောက် ကျွန်ပျောက်နွားပြေး ရွှေငွေကြေးလည်း ရန်ဘေးမတုံး ပျက်ပြုန်းတတ်စွာ ဟောပါ လေလော့။

တဖြာဒုက္ခ တောင်တည့်တည့်က မြည်ဘိလေရာ ကညာစစ်ပြီကုမ္မာရီဟု မဒီနုပျောင်း ခြေနှစ်ချောင်းလျှင် စုတ်ကောင်းဝင်မည်ဟောအပ်သည်တည့်။



တစ်လီနောက်တောင် အရပ်ချောင်က အိမ်မြှောင်မြည်ငြားနွားနှင့်ဒေါသ ပြေးပျောက်ရအံ့။

ထိုမှအထူး နောက်စူးစူးကား မြည်ငြားပေလာ ရတနာရွှေငွေခြေရွှေ, ကျွန်ကျေး မနှေးရမည် လာဘ်မျိုးစည်လိမ့်။

တစ်လီနောက်မြောက် မဲဖောက်ဒေသ အသံပြုမူ စုနေစုတ်လာဘ် ဝင်မည်မှတ်လော့။

မြောက်ရပ်စူးစူး အထူးသဒ္ဒ နိမိတ်ပြုသော် ရာဇပူဇော်ချွတ်ချော်မလွဲ ခံရမြဲပင်၊ ရင်းပြင်လည်း ဝင်မည်လာဘရွှေငွေစသည် မုချဟောလေ။

တစ်ထွေမှတ်ကြောင်း ဦးခေါင်းထက်က မြည်၍ပြုမူ လာဘဖုံးလွှမ်း ငွေယုန်စမ်းသို့ အေးချမ်းသုခ ခနဖြာဖြာ လာဘ်မိုးရွာသည်ဟောပါနိမိတ်စကားတည်း။

## ကြွက်မြည် နိမိတ်အဟော

ကြွက်သည် အိမ်၏အလယ်၌ တစ်စုံတစ်ခုသော အစာကိုချီလိုက် စိုက်စိုက်မြည်မူကား အိမ်ကိုမီးသင့်လောင်အံ့။

ကြွက်သည် တစ်စုံတစ်ခုသောအစာကို အိမ်တွင်းသို့သွင်းမူလည်းကောင်း၊ ကြောင်စားသောကြွက်၏ အရည်စသည် ကျလတ်မူလည်းကောင်း ရွှေငွေရတနာ လာဘ်လာဘဥစ္စာရအံ့။

www.burmeseclassic.com

www.burmeseclassic.com



ကြွက်သည် သန်းခေါင်အခါတွင် စိုက်စိုက်မြည်မူကား မိမိနေသောအိမ်မှ ကွေကွင်းအံ့။ သူဌေး သူကြွယ်ပင်ဖြစ်သော်လည်း ဆင်းရဲပြြင်အံ့။

ကိုယ့်ထက်မြင့်အောင် ကြွက်သည် ခုန်လတ်မူကား ချစ်ခင်သော မယားနာအံ့။ သောကဖြစ်အံ့လည်းဟူ၏။

ကြွက်သည် အရှေ့အရပ်က စိုက်စိုက်မြည်မူကား အိမ်ကျက်သရေတိုးအံ့။

ကြွက်သည် အနီးအနား ကြျတ်ကြျတ် စက်စက်မြည်လတ်မူကား ၎င်းအိမ်စ ကွေကွင်းအံ့။ မီးသော်လည်းလောင်အံ့။

ကြွက်သည် အနီးအနား တုတ်တုတ်မြည်လတ်မူကား ခိုက်ရန်ဖြစ်အံ့။ (ငြင်းခုံလည်းဟူ၏။)

ကြွက်သည် အနီးအနား အောက်အောက် အသံမြည်လတ်မူကား သူတစ်ပါးကို မြတ်နိုးအံ့။ (ကျက်သရေ တက်အံ့လည်းဟူ၏)

ကြွက်သည် အနီးအနား တက်တက်မြည်လတ်မူကား လာဘ်သပ်ပကာရအံ့။

တိတ်တိတ်မြည်လတ်မူကား သူတစ်ပါးနှင့် ခိုက်ရန်ဖြစ်အံ့။

စိုက်စိုက်မြည်လတ်မူကား သူတစ်ပါးတို့ ချစ်ခင်မြတ်နိုးအံ့။

သက်သက်မြည်လတ်မူကား အနာရောဂါရောက်အံ့။

မြက်မြက် မြည်လတ်မူကား မင်းဘေးမင်းဒဏ်သင့်အံ့။

ကြွက်ကြွက်မြည်လတ်မူကား ဥစ္စာရွှေငွေ ပျောက်ပျက်အံ့။ (ထုံးမြတ်သော ခဲဖွယ် ဘောဇဉ်ကို စားရအံ့လည်းဟူ၏။)



## တောင်ပို့ပေါက်နိမိတ်အဟော

လူ့ရွာလောက ဘုံဌာနဒ္ဓ သိကြစေကောင်း နိမိတ်ကြောင်းမူ မှတ်နာယူလော့၊ သူတို့ဂေဟာ ရှေ့ဌာနဒ္ဓ ရောက်ထတောင်ပို့ ရှိခဲ့တို့လျှင် အကြြင်အိမ်လူ ခပ်သိမ်းသူတို့ ဆာပူမရှိ ဘေးမထိဘဲ မဏိရတနာ ဥစ္စာရွှေငွေ ရတို့ပေအံ့။

တထွေမကွာ ရပ်ပစ္ဆာက ပေါက်လာတုံက မိတ္တကလျာ သူတော်စွာကို သေချာမုချ ရအံ့ဟောပါ။

ဒက္ခိဏာက ရောက်လာလေငြား မယားကွဋ္ဌိ ကညာမိကို ရမည်ဆို၏။

ထိုမှတဖြာ ဥတ္တရာဟု မြောက်မျက်နှာက ပေါက်ဆလေရာ ဥစ္စာစပါး ရွှေငွေပွားအံ့၊ မှတ်သားဇကန် ရှေ့မြောက်ပံမှ ရောက်ထ တောင်ပို့ မချို့ထင်ရှား သူတစ်ပါးသော် လာဘ်ပူဇော်အံ့။

ထိုရော်တစီရပ်အဂ္ဂိတွင် ပေါက်လေလျှင်ကား အိမ်ရာများကို မမှားမှန်ဘိ မီးဘေးထိအံ့။

မိတ်သိုလေဆောင် အနောက်တောင်တွင် ရှိလေလျှင်ကာ မြင်း နွား အသဿ ရလိမ့်ဟောလေ တထွေမှတ်လော အတပ်ဟောရာ ကျမ်းဒ္ဓမှာသည် . . . လက်ာညွှန်ပြ အကျဉ်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မစိုက်ရာသော သစ်ပင်များ

ကျမ်းမြတ်အဆီ၊ မိန့်ခွန်းချီ၍၊ တန္တိမှတ်ပိုက်၊ မစိုက်ရာဖြား၊ သစ်ပင်များကို၊ စကားချိုမြ၊ စီကာပြပိမ့်၊ ဌာနတည်ရာ၊ ရှေ့မျက်နှာ၌၊ မည်သာကျော်ခေါင်၊ ညောင်နှင့်သပြေ၊ မစိုက်လေနှင့်၊ စိုက်လေသော် ဖြား၊ စီးပွားယုတ်နွဲ့၊ အကျိုးမဲ့လိမ့်၊ မှတ်ဖွဲ့မသွေ၊ တောင်နေသျှစ်ရှား၊ ဖီးခြမ်းငှက်ပျော၊ သင်းသော အမှန်၊ အနောက်ယံက၊ လက်ပံနှင့်ထိန်၊ ပြင်းရှိန်မှန်စွာ၊ မြောက်မျက်နှာဟု၊ ဥတ္တရာရပ်၊ မှတ်လေမကွာ၊ သညာ ထူးဆန်း၊ သဖန်းသျှစ်ရှား၊ မစိုက်ဖြားနှင့်၊ ကြေထွားပျက်စီး၊ ပြုန်းတီး တတ်သည်၊ မျိုးလေးမည်တို့၊ သာကြည်ဝစနေ၊ ရှောင်ဖွယ် ပြသည့် ့ လောကတန်ဆောင် ဉာဏ်ကြီးတည်း။

## စိုက်ရာသော သစ်ပင်များ

လောကဝေါဟာ၊ လူတို့ရွာတွင်၊ ပေါ်ရာခလေ့၊ အရှေ့မျက်နှာ၊ စိုက်ဖွယ်ရာကား၊ နိုင်းရာမြလား၊ ကြခတ်ဝါးနှင့်၊ ညွှန့်ထွားသဖန်း၊ ခေါ်မြန်းရှေ့ဆောင်၊ ရွှေရောင်သရဖီ၊ တောင်ဆီပုန်းညက်၊ တစ်ဖက်မဲ့ဆောင်၊ အနောက်တောင်မှာ၊ အုန်းသားစိုက်ဖြား၊ အနောက်များနှင့်၊ တောင်ကားကံ့ကော်၊ မြောက်သော်ကားသီး၊ ကျော်ချီးအံ့လောက်၊ အရှေ့မြောက်က၊ ဥသျှစ်စသည်၊ ရုက္ခသညာ၊ ကျမ်းမှာအလိုက်၊ စိုက်ကြကုန်ပါ၊ မျိုးလေးဖြာတို့၊ ပြည်ရွာကအစ၊ ထိုမှတစ်ဖြာ၊ အိမ်ရာကျောင်းကန်၊ ကောင်းမွန်သုခ၊ လာဘများထွေ၊



လက်ယက်ရေသို့၊ တစ္ဆေဖုတ်, ပြိတ်, မနှိပ်စက်ရာ၊ ရှစ်မျက်နှာက၊ လာသည့်ဘေးရန်၊ မြူဆံမထိ၊ မငြိဥပဒ်၊ ပျောက်ပ၊က်တတ်သည် ကျမ်းမြတ်အဆီ မိန့်ခွန်းတည်း။

## လှေအမျက် ရွေးနည်း

ခုနစ်ရက်သား၊ မျိုးလေးပါးတို့၊ မှတ်သားစိမ့်ငှာ၊ ထားခဲ့မှာအံ့၊ ရက်မှာကြာသပတေး၊ လာ၍မေးမူ၊ မတွေးကျမ်းလာ၊ သစ်လှည်းခါမူ၊ ပြုဗ္ဗာရှေ့ရပ်၊ လည်း၏မှတ်လော့။ ကောင်းမြတ်သင့်လှ၊ ပထမတွင်၊ ဒွိသွင်ခနောက်၊ သုံးလုံးဆောက်၏၊ ထို့နောက်တစ်ဖြာ၊ ဦးမှာမလွဲ၊ ရွေးခ[illegible]ဆွဲလျှင်၊ ပါမြဲမှတ်လေ၊ တထွေပုံပြင်၊ မင်းထိုင်ထွင်၍၊ မျက်ရှင်မျက်ကြား၊ ပါတုံဖြားလိမ့်၊ စီးပွားချမ်းသာ၊ တိုးတက်လာ ဥစ္စာခနေ၊ လိုတိုင်းရအံ့၊ ကောင်းလှညီနှံ့လှ၊ ဝယ်ယူကြလော့၊ ရှေ့သူအမှာ၊ မလွဲရာတည့်။

သောကြာနေ့ကား၊ လှည်းဖြားမြောက်ခွင်၊ ဦးတွင်ပထမ၊ မျက်လှင်ါးသွယ်၊ ဆိုဖွယ်တခြား၊ ပတ္တမြားခနောက်၊ မောက်လျှံ ဖြာဖြာ၊ ခြောက်ပိုင်းမှာမူ၊ ကြာ၏ဖမာ၊ မျက်ကောင်းပါလိမ့်၊ တဖြာထို့ပြင်၊ ပဲ့တွင်မလွဲ၊ ရွေးချူဆွဲလျှင်၊ ပါမြဲပင်တည့်၊ ကောင်းကင် တက်တိုး၊ ပြည့်စုံဖြိုး၍၊ မညှိုးသုခ၊ လူတိုင်းရအံ့။

ထိုမှတထွေ၊ နေ့စနေကား၊ လှည်းလေဆယ်ပင်၊ နောင်ဆောင် ခွင်တည့်၊ ကျမ်းလျှင်အလာ၊ ဦးမှပထမ၊ တတိယနှင့်၊ ဇဋ္ဌပိုင်းမှာ၊

www.burmeseclassic.com

www.burmeseclassic.com



ယက္ခစွယ်ပြူ၊ ဘီလူးခေါင်းနှ၊ တထွေထိုမှ၊ ပဥ္စမနှုင့်၊ ဆဋ္ဌပိုင်းမှာ၊ မျက်ကွယ်ပါလိမ့်၊ လေးမှာငါးရှစ်၊ ပါလစ်ခွံ့ဗှက်၊ တစ်ချက်ဆိုရေး၊ လိပ်ချေးတက်ကြိတ်၊ ...ကျမ်းလာ၊ ပါမြဲမှာ၏။ ရှောင်ပါ ကုန်ချေ၊ မဝယ်လေနှင့်၊ ထိုလေ့သည်ကား၊ လူကြိုက်များလိမ့်၊ မှတ်သားစေချင်၊ လင်္ကာဆင်သည်၊ ထိုတွင်ရှေးမူ မလွဲတည်း။

(တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့ကို အဝယ်အခြမ်းမှာ ရှောင်ကြဉ်ရာသောနေ့စုဖြစ်၍ မဆိုပြီ။)

## မောင်းဆင်နည်းကို ပြဆိုချက်

လောကီလူများ၊ မျိုးလေးပါးတို့၊ မှတ်သားကြည်ညို၊ မောင်းဆင်လိုမူ၊ မပိုမသာ၊ ခေါင်းမှာတစ်ချက်၊ နားရွက်ထက်၌၊ ပတ်လျက်သေချာ၊ တိုင်းပြီးကာမှ၊ ကောင်းစွာစီမံ၊ တစ်ပြန် ခေါင်းထာ၊ သုံးပြန်ခါတည့်၊ မှတ်သားပြီးနောက်၊ နောက်မြီးနှင့်ပြန်၊ အမှန်ဆင်ပါ၊ ညင်သာသာနှင့်၊ ထောင်းခါလည်းညက်၊ ဆန်ကောင်း ထွက်၏။ တစ်ချက်စီရင်၊ မြေပြင်ဆုံတယ်၊ ကျွန်းခေါက်နွယ်တည့်၊ အုံ့ဖွယ်ကောင်းဆုံး၊ မောင်းတုံးနဘဲ၊ လွန်ကဲထူးလှ၊ ပျဉ်မခါးတိုင်၊ မြဲခိုင်သေသပ်၊ လည်ညှပ်ရုံးသား၊ စိုက်ထားပြီးမှတ်၊ သံသတ် ကျည်ပွေ့၊ သုံးစွဲလေ့မူ၊ တစ်နေ့တစ်ခြား၊ မောင်းသံကြားက၊ စီးပွား ချမ်းသာ၊ ရတို့ရာ၏။ ရောဂါလည်းကင်း၊ အပင်းလည်းကျ၊ မောင်းသုခသည်၊ မှတ်ကြအများ လူရှင်တည်း။



## မောင်းဆင်နည်း လင်္ကာသံပေါက်

မောင်းတုံးရှည်စွာ၊ ဆယ့်လေးထွာ၊ ထွင်းကာစတု၊ ခါးလျှင်ပြု။
ရှစ်ထွာမှာကား၊ လည်ညှပ်ထား၊ မှတ်သား မယွင်းမူ။
ဆယ့်တစ်ထွာတွင်၊ ကျည်ပွေ့ပင် ဦးလျှင်ကျန်သုံးစု။

၎င်းလင်္ကာ သံပေါက်လာသည့်အတိုင်း မောင်းဆင်၍ ထားရလျှင် ၎င်းမောင်းထောင်းသော အသံကြားရာအရပ်က သူခိုး၊ ခားပြတို့ မချဉ်းကပ်ဝံ့ပြီ။ အန္တရာယ်ကင်းစေတတ်၏။ ခေါင်းညှပ်တိုင်၊ ကျည်ပွေ့တို့မှာ ရှေ့လင်္ကာပြဆိုသည့်အတိုင်းယူ၍ ဆင့်ရမည်။ ၎င်းအရပ်မှ တစ်ပါးသောအရပ်တို့၌ ဆင်၍ ထားသော်လည်း အပြစ် မရှိ၊ သင့်လျော်သည်ပင် မှတ်ရာ၏။

## ကုန်အပေါ အရှားတွက်နည်း

ကောဇာတည်ထုတ်၊ ဆယ်ခုနုတ်၊ စားကုပ်ခုနစ်သာ။
ကြွင်းငြားတစ်ခု၊ စပါးပြု၊ နှစ်ခုပုဆိုးသာ။
သုံးခုဝါးမျို၊ လေးခုဖြိုး၊ ရှားရိုးငြုတ်မှာ။
ငါးခုအရေ၊ မပေါတွေ၊ ခြောက်နေအရွက်သာ။
သဉ်းလေထုံပြန်၊ အသီးမှန်၊ ဧကန်ရှားပါးရာ။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကား သိလိုသော ကောဇာသက္ကရာဇ်ကိုတည် ၁၀ နုတ်၊ အကြွင်းကို ၇ နှင့်စား၊ ၁ ခုကြွင်းလျှင် ထိုနှစ်စပါးရှားမည်။ ၂ ခုကြွင်းလျှင် ပုဆိုးအဝတ် ရှားမည်။ ၃ ခုကြွင်းလျှင် ငါးမျိုးရှားမည်။ ၄ ခုကြွင်းလျှင် ရေတ်ကုန်ရှားပါးမည်။ ၅ ခုကြွင်းလျှင် အရေနှင့်စပ်ဆိုင် သော ကုန်များရှားပါးမည်။ ၆ ခုကြွင်းလျှင် အရွက်နှင့် စပ်ဆိုင်သော ကုန်များရှားပါးမည်။ အကြွင်းမရှိ သုဉ်းလျှင် အသီးနှင့်စပ်ဆိုင်သော ကုန်များရှားပါးမည်။ ဤသို့ သိမှတ်ရာသတည်း။

## ရောင်းဝယ်ရေး သင့် မသင့် တွက်နည်း

ရောက်သက်ကတဲ့၊ တည်တို့ပါ။ ရောင်းလိုရာ ကုန်နံ နှောတယ်၊ တော-ဘုဋ္ဌိတာ။ ။ဒွေး ပဉ္စာ၊ မမြတ်ကယ်ပါသေး။ တစ်သုံး ဆင်နံတို့ ကြွင်းပြန်လျှင် ဇကန်မြတ်ပါလိမ့် မှတ်ရော့ သူဌေး။

အဓိပ္ပာယ်ကား . . . ကုန်ရောင်းလိုသောသူ၏ အသက်ကို တည်၊ ရောင်းလိုရာကုန်၏ နံနှင့်ပေါင်း၊ ၎င်းကို ၆ ခုနှင့်စား။ ၂ ခု၊ ၅ ခုကြွင်းလျှင် မမြတ်ရှုံးတတ်၏။ ၁ ခု၊ ၃ ခု၊ ၄ ခုကြွင်းလျှင် အမြတ်အစွန်းများတတ်သည်။ ၎င်းကုန်ကို ကူးသန်းရောင်းဝယ်ခြင်း ပြုပါလေ။



## အဝတ်၊ ပုဆိုး ချုပ်ရာနေ့

လဆန်း ၁ ရက်နေ့ အဝတ်၊ ပုဆိုး ချုပ်မူ အမျိုး ခုနစ်ဆက် ပြတ်အံ့။

လဆန်း ၂ ရက်နေ့ ချုပ်မူ လာဘ်အံ့။

လဆန်း ၃ ရက်နေ့ ချုပ်မူ အလိုခပ်သိမ်း ပြည့်စုံအံ့။

လဆန်း ၄ ရက်နေ့ ချုပ်မူ ဘေးတွေ့အံ့။

လဆန်း ၅ ရက်နေ့ ချုပ်မူ ဥစ္စာ၊ ရတနာရအံ့။

လဆန်း ၆ ရက်နေ့ ချုပ်မူ ဖျားနာအံ့။

လဆန်း ၇ ရက်နေ့ ချုပ်မူ နှလုံးမသာရှိအံ့။

လဆန်း ၈ ရက်နေ့ ချုပ်မူ ဘေးသင့်အံ့။

လဆန်း ၉ ရက်နေ့ ချုပ်မူ ရန်များအံ့။

လဆန်း ၁၀ ရက်နေ့ ချုပ်မူ နှလုံးမသာရှိအံ့။

လဆန်း ၁၁ ရက်နေ့ ချုပ်မူ ၎င်းနည်းရှိအံ့။

လဆန်း ၁၂ ရက်နေ့ ချုပ်မူ ဥစ္စာ၊ ရတနာများရအံ့။

လဆန်း ၁၃ ရက်နေ့ ချုပ်မူ ဥစ္စာနှင့် ပြည့်ဝအံ့။

လဆန်း ၁၄ ရက်နေ့ ချုပ်မူ အစား၊ ဆန်ရေပေါများအံ့။

လဆန်း ၁၅ ရက်နေ့ ချုပ်မူ အစား၊ ဆန်ရေပေါများအံ့။

(လဆန်းအဖို့ပြီး၏။)

www.burmeseclassic.com

www.burmeseclassic.com



လဆုတ် ၁ ရက်နေ့ အဝတ်၊ ပုဆိုး ချုပ်မှု အဖျားအနာ ရောက်အံ့။

လဆုတ် ၂ ရက်နေ့ ချုပ်မှု သေအံ့။ အနာရောဂါကြီးသော် လည်း ရောက်အံ့။

လဆုတ် ၃ ရက်နေ့ ချုပ်မှု သူတစ်ပါးတို့ နှိပ်စက်အံ့။

လဆုတ် ၄ ရက်နေ့ ချုပ်မှု အဆွေအမျိုးခင်အံ့။

လဆုတ် ၅ ရက်နေ့ ချုပ်မှု မြတ်သောဥစ္စာရအံ့။

လဆုတ် ၆ ရက်နေ့ ချုပ်မှု အပြစ်သန့်အံ့။

လဆုတ် ၇ ရက်နေ့ ချုပ်မှု အဆွေအမျိုး ဥစ္စာရအံ့။

လဆုတ် ၈ ရက်နေ့ ချုပ်မှု ကျွန်ပြေးအံ့။

လဆုတ် ၉ ရက်နေ့ ချုပ်မှု ဥစ္စာ ရတနာရအံ့။

လဆုတ် ၁၀ ရက်နေ့ ချုပ်မှု အပြစ်သင့်အံ့။

လဆုတ် ၁၁ ရက်နေ့ ချုပ်မှု ဥစ္စာရအံ့။

လဆုတ် ၁၂ ရက်နေ့ ချုပ်မှု ဥစ္စာပစ္စည်း ပျက်စီးအံ့။

လဆုတ် ၁၃ ရက်နေ့ ချုပ်မှု ပြည့်စုံကြွယ်ဝအံ့။

လဆုတ် ၁၄ ရက်နေ့ ချုပ်မှု စပါးဆန်ရေများအံ့။

လဆုတ် ၁၅ ရက်နေ့ ချုပ်မှု ပြည့်စုံကြွယ်ဝအံ့။

(လဆုတ်အဖို့ပြီး၏။)



## မဝယ်အပ်သည့်အခါ

အကြင်သူသည် အိမ်တွင် အတူတကွ လက်ဆုံစားသော မယား၊ သမီး၊ ချွေးမ၊ တူမ တို့၌ နူတ်ပိုက် ကိုယ်ဝန်ရှိသည့်အခါ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လှေ၊ လှည်း စသည်တို့ကို မဝယ်ယူအပ်။ ဝယ်ယူမိချေသော် ထိုဥစ္စာတို့သည် သေပျောက်ပျက်စီးရာ၏။ ကိုယ်ဝန်ဆောင်မိန်းမသော်လည်း ပျက်စီးရာ၏။ ထိုဥစ္စာရှင်သည် လည်း အသက်မရှည်ရာ၊ ရှောင်ကြဉ်ရာ၏။ အပင်ပန်း ကြီးလှသော် ကား၊ ညီသား နောင်မယ် သမီးယောက်ဖ အဆွေအမျိုးတို့ကို ဝယ်စေရာ၏။ ဝယ်ပြီးနောက် ထိုသူများထံ ရက်လည်အောင် သိမ်းမြန်းထားစေရာ၏။ ရက်လည်ပြီးသော်ကား သိမ်း၍ယူအပ်၏။ သည်မှတစ်ပါး ဆင်၊ မြင်း၊ ကျွဲ၊ နွား တို့ကို နှစ်အစုံတွင် မဝယ် ကောင်း။ သေပျောက် ပျက်စီးတတ်၏။ တာမရှည်ရာ ရှောင်ကြဉ် အပ်၏။

## အတတ်ပညာ သင်ရာသည့်နေ့

ရာသီမြတ်ဘိ၊ ပြစ်မရှိတွင်၊ ရဝိဇီဝါ၊ သောကြာထွန်းတက်၊ ဤသုံးရက်ဝယ်၊ သုနက္ခတ္တာ၊ ဆောင်အပ်လှသည့်၊ ဖုသျှဟာသဒ၊ အဒြသည်၊ မိဂသီ,စိတြ၊ အဿလိဿနှင့်၊ မူလထင်ရှား၊ ခုနစ်ပါး မြတ်၊ အကောင်းထွတ်၌၊ အတတ်တကာ၊ သင်ကုန်ရာဟု၊ ကျမ်းလာ ဖော်ပြ၊ ဤပုညကြောင့် ဝဋ်သုံးပါး အောင်သူများထက် ထွတ်ဖျား အကြီး မူစေသောဝ်။

အဓိပ္ပာယ်ကား . . . မြတ်သောရာသီတွင် တနင်္ဂနွေ ကြာသပတေး၊ သောကြာ ဤသုံးနေ့တွင် တစ်နေ့နေ့ပြုစေ။ နက္ခတ်မှာတည်း ဖုသျှ၊ ဟာသဒ၊ အဒြ၊ မိဂသီ၊ စိတြ၊ အဿလိဿ၊

www.burmeseclassic.com



မူလ ၎င်းနက္ခတ် ခုနစ်ပါးလည်း တစ်ပါးပါးကြုံစေ၊ ဤသို့ မင်္ဂလာအခါကောင်းတွင် အတတ်တကာတို့ကို သင်ကြားရသော် ကောင်းလှ၏ ဟူလိုသည်။

## ထီပေါက် မပေါက်တွက်နည်း

မူလ, ကောဇာ ႔ သက္ကရာ၊ နှစ်ဖြာပေါင်း၍ရော။
မွေးနံဂြိုဟ်သက်၊ ကိုယ့်အသက်၊ ရောစွက်တစ်ဖန်နှော။
ဗျည်း, သိုး, ဆ, ဒွါ၊ ကျခဲ့ရာ၊ ထီသာပေါက်မည်ဟော။

အခိပ္ပာယ်ကား . . . ယခုနှစ်အဖို့၊ ထီပေါက် မပေါက်ကို သိလိုလျှင် ထိုပုဂ္ဂိုလ်၏ မူလသက္ကရာဇ်နှင့် ယခုရောက်သော ကောဇာသက္ကရာဇ် ရောရမည်။ ၎င်းနောက် မွေးနံဂြိုဟ် သက်ရောက်ရာနှင့် ရောက်ရှိသောအသက်ကို ထပ်မံ၍ရောနှောရမည်။ ရောနှော၍ အားလုံးဂဏန်းမှာ ၂၆၀၅ ဖြစ်လျှင် ဤနှစ်အဖို့ ထီပေါက်ကိန်းရှိသည်ဟု ဟောရမည်။

ဥပမာ . . . သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်မွေးဖွားသော အင်္ဂါသားမှာ ယခုနှစ် ထီပေါက် မပေါက်သိလိုလျှင် တွက်နည်းကား မူလသက္ကရာဇ် ၁၂၆၀ နှင့် ယခုကောဇာသက္ကရာဇ် ၁၂၉၉ ပေါင်း ၂၅၅၉ ရ၏။ ၎င်းတွင်အသက် ၃၉ နှစ်နှင့် အင်္ဂါဂြိုဟ်သက် ၈ ကိုရော၊ ၂၆၀၅ (ဗျည်းသုဉ်းဆဒွါ) ဖြစ်၏။ ၎င်းပုဂ္ဂိုလ်မှာ ယခုနှစ် ထီပေါက် ကိန်းရှိသည်ဟု ဟောရမည်။



## အမျိုးသားများ၏မှဲ့အကြောင်းသိကောင်းစရာ

ညာဘက်နှုတ်ခမ်း အောက်တွင်မှဲ့ရှိလျှင် မျက်နှာပွင့်ပြီး ချစ်ခင်သူပေါများ၏။ ညာဘက်ပါးတွင် စပါးတင်မှဲ့ရှိလျှင် တရားဓမ္မနှင့် လောကကြီးပိုရှုမြင်တတ်သည်။ အသက်အရွယ် ကြီးလျှင် ရသေ့ ရဟန်း ပြုတတ်သည်။ ဘယ်ဘက်ပါးတွင် မှဲ့ရှိလျှင် မိန်းမများ၏ ချစ်ခင်မှုကိုခံရတတ်သည်။ ဘယ်ဘက်ပါးပြင် အောက်နားမှဲ့ရှိလျှင် ချမ်းသာကြွယ်ဝပြီး၊ မေးစေ့အောက် တည့်တည့်ရှိလျှင် ကြီးပွားချမ်းသာတတ်သည်။ မျက်ရည်စီးကျသော လမ်းတည့်တည့် (ဝဲ-ယာ)မှဲ့ရှိလျှင် မယားဆုံးပါးတတ်သည်။ ရင်ဘတ် (သို့) ညာဘက်တွင် တစ်လုံး ရင်တည့်တည့်တစ်လုံး၊ ခါးနားတွင် တစ်လုံးပါခြင်းကို (မှဲ့စလွယ်)ဟုခေါ်၏။ ရှေးလူကြီး များ၏အဆိုအရ ဘဝဟောင်းက (မင်း)ဖြစ်ခဲ့ဖူးသည် အဆိုရှိ၏။ ယောက်ျားတန်ဆာ ထိပ်နားတွင် မှဲ့ရှိလျှင် မိန်းမတို့၏ ချစ်ခင် စွဲလန်းခြင်းကိုခံရ၏။ ရှေးဆရာကြီးများအဆိုအရ နှစ်လုံးအထက်များလျှင် အိမ်ထောင်ဆက်များတတ်သည်။ နဖူးဗဟိုတည့်တည့်တွင် ထင်ရှားစွာရှိလျှင် ငွေကြေးရှင်ဟု စွပ်စွဲခံရတတ်သည်။

မျက်လုံးနှစ်လုံးကြားမှဲ့ရှိလျှင် ကျော်စောသူဖြစ်သလို ရက်စက်ကြမ်းကြုတ်တတ်ခြင်းရှိသည်။ ညာဘက်နာထင်၊ မျက်ခုံး အဆုံးနားရှိလျှင် အကြီးအမှူးဖြစ်သည်။ ညာဘက်နှာခေါင်းတွင် "မျက်ရည်ခံ"ဟုခေါ်လျှင် ဇနီးမယားဘေးတွေ့ရ၏။ မေးစေ့အလယ် တည့်တည့်အောက် နှုတ်ခမ်းအောက်တွင်ရှိလျှင် အိမ်ထောင်ဆက် များ၏။ ရင်တည့်တည့်တွင် ထင်ရှားစွာမှဲ့ရှိလျှင် (ရတနာရွှေအိုး)ဟု ခေါ်သည်။ ကြွယ်ဝချမ်းသာမည်။ လက်ယာဘက်မေးစေ့တွင် မှဲ့ရှိလျှင် မယားရပြီးမကြာခင်သေဆုံးတတ်၏။ ဘယ်ဘက်မျက်ခုံး ပေါ်တွင်မှဲ့ရှိလျှင် အရက်သမား၊ ကြက်သမား၊ ကစားသမားများ ဖြစ်တတ်၏။ လောင်းကစားကို မယားထက်ချစ်ခင် စုံမက်စွဲလမ်းတတ်ပါသည်။

www.burmeseclassic.com



## အမျိုးသမီးများ၏မှဲ့အကြောင်းသိကောင်းစရာ

နဖူးပြင်ညာဘက်မှဲ့ရှိလျှင် ဘုန်းကံကြီးသော ခင်ပွန်းကောင်းရပြီး၊ အသက်ရှည်၍ ချမ်းသာစွာနေတတ်သည်။ နဖူးပြင် ဘယ်ဘက်တွင် မှဲ့ရှိလျှင် လင်ယောကျ်ားကောင်းရပြီး သားကောင်းသမီးကောင်း ထွန်းကားမည်။ နဖူးပြင်ဗဟိုအလယ်တည့်တည့်ရှိလျှင် (ရတနာဆံကျစ်)ခေါ်၏။ လင်ယောကျ်ားကောင်း သားကောင်းရ၏။ ညာဘက် (သို့) ဘယ်ဘက် မျက်ရည်စီးကြောင်းတည့်တည့် မှဲ့ရှိလျှင်ယောကျ်ားသေဆုံးတတ်ပါသည်။ ညာဘက်ပါးပြင် ပါးစပ်နားတွင်မှဲ့ရှိလျှင် (ရေပိတုန်းစွပ်)ဟုခေါ်၏။ လင်ယောကျ်ား အကျိုးကျေးဇူးခံစားရတတ်သည်။ ဘယ်ဘက်ပါးပြင် ပါးစပ်နားတွင် မှဲ့ရှိလျှင် (နှုတ်တံဆိပ်)ဟုခေါ်၍၊ နှုတ်ချိုသာပြီး ပရိယာယ် ကြွယ်ဝတတ်၏။ ဘယ်ဘက်သားမြတ်တွင် မှဲ့ရှိလျှင် သမီးကောင်းရပြီး အကျိုးကျေးဇူးခံစားရမည်။ မိန်မယောနိ (ညာ)အထက်နားတွင် မှဲ့ရှိလျှင် လင်ယောကျ်ားကို သေကြောင်းကြံတတ်သည်။ မိန်းမယောနိအထက် နားတွင် မှဲ့ရှိလျှင် မီးယပ်ရောဂါနှင့် သေဆုံးတတ်သည်။ လင်သုံးလေးဦး သေဆုံးပြီးမှ ရပ်တန့်၏။ ယူခဲ့သမျှသော လင်ယောကျ်ားတို့၏ ချစ်ခင် စွဲလန်းနှစ်သက်ခံရ၏။ ညာဘက်ပေါင်တွင် မှဲ့ရှိလျှင် ယောကျ်ားယူလျှင် သေဆုံးတတ်၏။ ဒုတိယယူသောယောကျ်ားနှင့်မြဲတတ်သည်။ ဘယ်ဘက် ပေါင်တွင်မှဲ့ရှိလျှင် မူယာမာယာများတတ်၏။ လင်ကြီးရှိလျှင် လင်ငယ် နေပြီး အညာလွယ်သောသဘောရှိ၏။ ချက်၏အထက်နားတွင် မှဲ့ရှိလျှင် လင်ယောကျ်ားအမှုအခင်းဖြစ်ပြီး ဘေးဒုက္ခရတတ်၏။ မိန်းမယောနိတွင် ထင်ထင်ရှားရှားမှဲ့ရှိလျှင် ရမ္မက်ကျူးတတ်ပြီး လင်ယောကျ်ားအပေါ် လော်လီတတ်၏။ ပရိယာယ်များ၏။ ယောကျ်ားချစ်ခင်စွဲလန်းခြင်းကို ခံရတတ်သည်။

ဤတွင် လောကီပညာညွှန့်ပေါင်းကျမ်း ပြီးပြီ။

BURMESE CLASSIC .com

www.burmeseclassic.com